



# ကျွန်တော့်
# အိမ်နီးချင်းတို့
# ဒေသ
# အမေရိက

# America is my Neighborhood

## Willard Scott

မောင်လှစိုး
ဘာသာပြန်သည်

ပထမအကြိမ်
၁၉၉၂ ခုနှစ်
မေတ္တာလက်ဆောင်
အုပ်ရေ ၅,၀၀၀

ပုံနှိပ်သူနှင့် ထုတ်ဝေသူ
မစ္စတာ ဝီလျံ ကျေ ဝိုင်းဟိုး
ပုံနှိပ်သူမှတ်ပုံတင်အမှတ် - ၀၂၈၇၂
ထုတ်ဝေသူမှတ်ပုံတင်အမှတ် - ၀၃၀၇၄
အမေရိကန်ပြန်ကြားရေးဌာန
အမေရိကန်သံရုံး
၅၈၁ - ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Copyright © 1987 by Mariah Enterprises. All rights reserved. Translated and published with permission of William Morris Agency, Inc., 1350 Avenue of the Americas, New York, NY 10019, U.S.A.

## မာတိကာ

| | | |
|---|---|---|
| ၁။ | အလွန်ကောင်းတဲ့ဘဝ | ၁ |
| ၂။ | အမေရိကန်တို့၏ အပျော်လုပ်ငန်းများ | ၅ |
| | ညာသံပေးကြသူများ | ၇ |
| | မိုးပေါ်ကရှုခြင်း | ၁၂ |
| | တကယ်တော့ ကမ္ဘာကလေးပါပဲ | ၁၈ |
| | ဘင်တီးဖို့ စီစဉ်ခြင်း | ၂၃ |
| ၃။ | လုပ်သားသူရဲကောင်းများ | ၂၉ |
| | မီးဖိုပြင်ဆရာကြီး | ၃၂ |
| | သူမ သိတ်ကြိုးစားတယ်ဆိုတာ ယုံစေချင်တယ် | ၃၈ |
| | ကျွန်တော်က သားဟာ နွားနို့ရောင်းသမားနဲ့ တူတယ်လို့ အမြဲထင်ပါတယ် | ၄၄ |

| | | |
|---|---|---|
| ၄။ | ဆေးအတူ ပူအမျှ | ၄၉ |
| | အိမ်ထောင်သည်သစ်တို့ဘဝ | ၅၃ |
| | ကလေးက ဆယ့်ငါးယောက်၊ တွေးကြည့်ပေတော့ | ၅၈ |
| ၅။ | အစက်အစဲတွေကို ရင်ဆိုင်လျက် | ၆၅ |
| | တစ်ယောက်ယောက်က ကျွန်မအတွက် စိမ်ကိန်းကြီး ရှိမှာပါ | ၆၇ |
| | လူ့ဘဝမှာ နေထိုင်မှု အတတ်ပညာ | ၇၃ |
| | ပြန်လည်ထူထောင်ခြင်း | ၇၉ |
| | ကယ်လီဖိုးနီးယားရေ --- သူလာနေပြီ | ၈၅ |
| ၆။ | ရေချမ်းတော်ပွဲတော်နဲ့ အဘော်ကြီးကို တွေ့လာပါပြီ | ၉၁ |
| | ဆောင်းညကို မီးထွန်းထားခြင်း | ၉၃ |
| | ဆောက်သပ်ဟိုးလ်မှာ သစ်ပင်တစ်ပင်ပေါက်နေတယ် | ၉၉ |
| | ဒီအိမ်ဟာ တခြားတစ်ယောက်ရဲ့အိမ်ပါပဲ | ၁၀၂ |
| ၇။ | အမေရိကန်အသံတွေ | ၁၀၉ |
| | အလုပ်တော်ဆက်လူငယ်တစ်ဦး | ၁၁၃ |
| | "ဒီလူ ဘာလို့ ပြုံးနေတာလဲ" | ၁၁၈ |
| | ရော့ယို စေတ်စားချိန် | ၁၂၂ |
| | ကျွန်မတို့ စကားမပြည် ပြောနိုင်ပါသလား | ၁၂၇ |
| ၈။ | ကြောက်စိတ်ရိုက်စော်တယ် | ၁၃၄ |
| | ရှုးမတတ်ပြစ်ရာမှ | ၁၃၈ |
| | ကြောက်စိတ်မှ ကြောက်စိတ်ပါပဲ | ၁၄၄ |
| | တံတားတွေဆိုတာ ခုက္ခ | ၁၄၉ |
| ၉။ | လျှောက်ပြီး နောက်ပြောင်နေတာ | ၁၅၄ |
| | ကျွန်တော့်မိတ်ဆောင်း ဗိုနီ | ၁၆၀ |
| | လူပြက်ရဲ့ရာဇဝင် | ၁၆၅ |
| | မြူးမျက်နှာ ထားလိုက်စမ်းပါ | ၁၇၁ |
| ၁၀။ | အမေရိကန်နိုင်ငံတစ်ဝန်း စေတနာရှင်များ | ၁၇၆ |
| | မေတ္တာတရားကလေးဟာ ဘယ်လောက် ထိရောက်တယ်ဆိုတာ အံ့စရာပါ | ၁၇၈ |
| | မေတ္တာတရားနဲ့ ဆောက်လုပ်သောအိမ် | ၁၈၄ |
| | မိတ်ဆွေတွေဆီက အကူအညီနည်းနည်းယူရင်းနဲ့ပဲ | ၁၉၀ |
| | မလုပ်ဘူးလို့ ပြောသာပြော | ၁၉၄ |
| ၁၁။ | လူမျိုးစုတို့ပေါင်းစည်းတဲ့နေရာ | ၁၉၉ |
| | မိသားစု အိတ်ကလုံ ချက်နည်းပြုတ်နည်း | ၂၀၁ |
| | ကိုနောင်မြို့မှ မေတ္တာနှင်တကွ | ၂၀၉ |
| ၁၂။ | ခေါင်းဆောင်များကို အလေးပြု | |
| | အချိန်ပိုင်းလခရတဲ့ အချိန်ပြည့်မြို့ဝန် | ၂၁၇ |
| | မြင့်မြတ်တဲ့ တလီးဒိုးမြို့ | ၂၁၉ |
| | ဘတ်ဖလိုးမြို့သို့ သွားရောက်ခြင်း | ၂၂၅ |
| | အများရဲ့ တောင်းဆိုချက်အရ | ၂၃၀ |
| | | ၂၃၄ |
| ၁၃။ | ရာပြည့်ရာကျော်တို့ရဲ့ အဖွဲ့ | ၂၄၀ |
| | မြေမြှေးပြု | ၂၅၀ |
| | ဟိုဘက်အိမ်က ကောင်လေး | ၂၅၄ |
| | ဒီကေးတားမြို့က နာယက ရှေ့နေကြီး | ၂၅၉ |
| | ပြီးတော့ မောဒ် ဖစ်ရှားပါပဲ | ၂၆၇ |
| ၁၄။ | အဲဒီအတွေးကလေးကို ထိန်းထားကြပါ | ၂၇၄ |


## ၁။ အလွန်ကောင်းတဲ့ဘဝ

ဂျူလိုင်လ ။ ။ အချိန်က နံနက် ၆း၃၅။ ကျွန်တော်တို့ရဲ့ နိုင်ငံအတွင်းရှိ လူတွေ အိပ်မောကျနေပြီး ပင်လယ်ကမ်းခြေမှာ တစ်နေ့တာ ပျော်နေတယ်လို့ အိပ်မက် မက်နေချိန်မှာ ကျွန်တော်ဟာ ပေ တစ်သောင်း နှစ်ထောင်နီးပါးမြင့်သော နှင်းတောထဲမှာ ရပ်နေပါတယ်။ ခနီးဘတ် အမည်ရှိ နှင်းလျှောစီးစခန်းနဲ့ မဝေးလှတဲ့ ဆော့လ်လိတ်မြို့ကလေး အပြင်ဘက်က ဝေါ်ဆက်ချ် တောင်တန်းပေါ်မှာပေါ့။ အယူဒီဂရီ သုံးဆယ့်ရှစ်သာရှိတဲ့ ထိုနေရာမှာ ကျွန်တော်နဲ့အတူ ယူတာပြည်နယ်အုပ်ချုပ်ရေးမှူး၊ အဲဒီနယ်က နိုင်ငံရေးသမားအချို့၊ ကုန်သည်ကြီးများအသင်းက အသင်းဝင်အချို့တို့လည်း ရှိနေကြပါတယ်။ သူတို့တစ်တွေအပြင် အခြားသူတွေလည်း အများအပြား ရှိပါသေးတယ်။ အားလုံး လူဦးရေ နှစ်ရာနီးပါးရှိတဲ့ သူတို့တစ်တွေဟာ ချမ်းအေးတာရော၊ ပင်ပန်းနွမ်းနယ်တာရော ခံစားနေရပြီး စိတ်မသက်သာစရာပါပဲ။ အဲသည်အထဲမှာ ကျွန်တော်တစ်ယောက်တော့ မပါပါ။ ကျွန်တော်လည်း သူတို့လို အအေးဒဏ် ခံရတာကိုတော့ ဝန်ခံပါတယ်။ ဒါပေမယ့် အေးတဲ့ကြားက ကုန်းရုန်းထပြီး အလုပ်လုပ်နေရပါပြီ။

အလုပ်သမား အများစုဟာ နံနက်လေးနာရီကတည်းက အလုပ်ခွင်ရောက်နေကြပြီ။ ဆော့လ်လိတ်မြို့ကလေး၏ အဲန်ဘီစီရယ် ကျွန်တော်တို့နှင့် ပေါင်းထားသော ကေအိုင်အဲန်အက်စ် ရုပ်မြင်သံကြားအဖွဲ့ဟာ ထုတ်လွှင့်မှုပစ္စည်းကိရိယာ အစုံအလင်နှင့် အိပ်ပျော်နေတဲ့ ဆော့လ်လိတ်မြို့ကလေးမှ တောင်များပေါ်ကို ကောင်းကင်ဓာတ်ရထားနဲ့ အားလုံးကို သယ်ဆောင်ခဲ့ကြရပါတယ်။ ကေအိုင်အဲန်အက်စ် ရုပ်မြင်သံကြားအဖွဲ့က တစ်နေ့တာလုပ်ငန်းသိမ်းချိန်နီးပြီ ဖြစ်ပေမယ့် အလုပ်အသီးသီးကို လုပ်နေကြပြီး ကျွန်တော့်ဘက်ကို လှည့်ထားတဲ့ ရုပ်မြင်သံကြားကင်မရာများ၊ အဓေးရိုက်ချက်များကို ရိုက်ဖို့ ပြုပြင်တုန်းက ထုတ်လွှင့်တဲ့စနစ်တို့ သူ့နေရာနဲ့သူ အဆင်သင့် ဖြစ်နေကြပြီ။ လူတွေ မကြိုက်ဆုံး၊ မလုပ်ချင်ဆုံး နေရာပဲဖြစ်ပါတယ်။ ကျွန်တော်

ကတော့ ထိုင်စောင့်ရုံပါပဲ။ ပြိုဟ်တုဇမ်းစက်နေရာအထက်သို့ မိုင်နှစ်သောင်းနှစ်ထောင်၊ တစ်ဖန် နယူးယောက်မြို့ ရောက်ဖဲလားစခန်းတာရှိ စေ့ဒိုရို "ဘီ" လိမ်းချွမ်စန်းအထိ မိုင်နှစ်သောင်းနှစ်ထောင်ကို ကျွန်တော့်ရဲ့အသံ ဖြတ်သန်းသွားပါမယ်။ အဲဒီကတစ်ဖန် ပြည်ထောင်စုကြီး၏အရပ်ရပ်ရှိ ဆယ်သန်းနီးနီး လူထုပရိသတ်ကြီးဆီ ရောက်ဖို့နဲ့ ဒီနေရာက တစ်ဆင့် စစ်တပ် ရုပ်မြင်သံကြား ကနေ ကနေဒါ၊ ဩစတြေးလျ၊ အနောက်ဂျာမနီနဲ့ နေရာနဲ့အောင် လွှင့်ထုတ်ပေးရပါတယ်။

နယူးယောက်မှ စကားအလာကို စောင့်နေတဲ့ ကျွန်တော်တို့ရဲ့ ယူနစ်မန်နေဂျာက လက်ညှိုးနဲ့ အချက်ပြလိုက်တာနဲ့ ကျွန်တော့်လုပ်ငန်း စလိုက်ရပါတယ်။ ကျွန်တော့်လက်ထဲက ဆပ်ပြာတစ်တုံးကို ကိုင်ပြီး ခုလို ကြော်ငြာလိုက်တယ်။ "ဆေးဖ်ဂတ်ဒ် ဆပ်ပြာအကြောင်း ပြောပြီးနောက် 'ဒီကနေ့' ရှိုးအစီအစဉ်ဆီ ပြန်လာရပါမယ်။ ဟောဒီ အနံ့မျှော်ဟဲ့ဆပ်ပြာကတော့ တခြားဆပ်ပြာတွေထက် အမြှုပ်လည်း ပိုထွက်ပါတယ်။ ကောင်းသလားလို့ မမေးနဲ့—"

ဝေါ်ဆက်ချ် တောင်ကြားကတော့ လှပပြီး မြေဆီဩဇာ ထက်သန်လှပါတယ်။ ဒီလို နေရာမျိုးကတော့ ကျွန်တော် နေ့စဉ် အလုပ်လုပ်နေစဉ် မြင်တွေ့နေရတဲ့ဟာတွေပါပဲ။ ဒီလောကထဲမှာပဲ ကျွန်တော် နေထိုင်ပါတယ်။ အလုပ်လုပ်ပါတယ်။ အမေရိကဟာ ကျွန်တော့်ဒေသပါ။

အမေရိကန်ပြည်ထောင်စုဟာ ကျွန်တော့် အလုပ်ခန်း ဖြစ်သလို အလုပ်လုပ်ဖို့လည်း အလွန်ကောင်းတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ခုနစ်နှစ်ကစပြီး အမေရိကန်နိုင်ငံရဲ့ ရာသီဥတုအခြေအနေတွေ ဘယ်လိုရှိကြောင်း မြင်တွေ့သမျှ နံနက်ပိုင်း အဲန်ဘီစီကနေပြီး သန်းပေါင်းများစွာသော ရုပ်မြင်သံကြားပရိသတ်များကို ဖောက်သယ်ချရပါတယ်။ သတင်းနှင့်ပြန်ကြားရေး ထုတ်လွှင့်ချက်များကို ပျမ်းမျှ တစ်ပတ်မှာ တစ်ကြိမ်လောက် လွှင့်ပါတယ်။ လွှင့်ရတဲ့ နေရာများကတော့ အစုံပဲ။ ရောကဖဲလား ဗဟိုစတူဒီယို အပြင်က ဖြစ်စေ၊ တစ်ခါတစ်ရံ နယူးယောက်မြို့ လမ်းမကြီးတွေပေါ်ကဖြစ်စေ၊ နိုင်ငံရဲ့ ဒေသတစ်နေရာရာကပဲ ဖြစ်စေ၊ လွှင့်ရပါတယ်။ ရုပ်မြင်သံကြား လုပ်ငန်း



အပေါ်အပေါ်အရ ဒေသတစ်ခုခုမှ ထုတ်လွှင့်ချက်ကို အဝေးမှ ထုတ်လွှင့်ချက်လို့ ခေါ်ပါတယ်။ "ဒီကနေ့" ဆိုတဲ့ ရုပ်မြင်သံကြားအစီအစဉ်မှာ ပါဝင်ကတည်းက ဒီလို ထုတ်လွှင့်မှုတွေ ရာနဲ့ချီ လုပ်ခဲ့ရပါတယ်။

အတတ်ပညာပိုင်းဆိုင်ရာ အဖွဲ့အကူအညီနဲ့ အမေရိကန်နိုင်ငံကြီးရဲ့ အရပ်ရပ်ရှုခင်းတွေကို အရုပ်ရော၊ အသံတွေနဲ့ပါ အမေရိကန်တို့ရဲ့ နေအိမ်ဧည့်ခန်းထဲအရောက် ပို့ခဲ့ပါတယ်။ တစ်ခါတစ်ရံ နံနက်ပိုင်း လွှင့်ထုတ်ချက်များဆိုရင် အိပ်ခန်းထဲများတိုင်အောင် ရောက်ခဲ့တယ်။ ရာသီဥတု ထုတ်လွှင့်ချက်များကို အင်ဒီးယန်းလူမျိုးများက မဟာတောင်မကြီးလို့ ခေါ်ကြတဲ့ အလားစကားပြည်နယ်ရှိ မက်ကင်းလေးတောင်ရဲ့ သန်းခေါင်ယံမှာ သာတဲ့ နေရောင်အောက်မှ ထုတ်လွှင့်ခဲ့ဖူးပါတယ်။

ယခုလို အဲန်ဘီစီမှ ရာသီဥတုခန့်မှန်းချက်များကို လွှင့်ထုတ်တဲ့ အလုပ်သာမက မရေမတွက်နိုင်တဲ့ ပွဲလမ်းသဘင်တွေမှာလည်း ကျွန်တော် မပါ မပြီးခဲ့ပါ။ ချီတက်ပွဲတော်များမှာလည်း ဖိတ်ကြားခံရတာပဲ။ အလွန်ချောင်ကျသည်ဆိုတဲ့ နေရာကလေးတွေမှာ လုပ်တဲ့ စတိုးဆိုင်ဖွင့်ပွဲလို၊ ညစာစားပွဲတွေလို နေရာတွေမှာ တက်ပြီး စကားပြောပေးဖို့ ဖိတ်ကြားခံရသူကလည်း ကျွန်တော် ဝီးလ်လဒ် စကော့ပါပဲ။ ကျွန်တော် အလုပ်လုပ်ရင်း အလုပ်နဲ့ပတ်သက်ပြီး ရောက်ခဲ့ရသော မြို့ကလေးများဟာ တစ်ထောင်နီးပါး ရှိခဲ့တယ်။ ရောက်ဖူးခဲ့သော နေရာတိုင်းဟာ ကြည်နူးစရာအပြည့်။ ဆဲန်တာဖေးတို့၊ ဆော်ရီဗွန် ထရေးလ်တို့ကိုလည်း ရောက်ခဲ့သလို ကဲန်ဆာတ်စ်ပြည်နယ် ဒေါ့ချ် စီးတီးရှိ လောင်းဘရန့်ချ်ခန်းမှာ ကမာကောင်စားသလို အီရားရီး ကန်တော်ကြီးက ငါးသလောက်တွေလည်း စားဖူးပါတယ်။ "အိမ်ဖြူတော်" မှာ စိန့်တာကလော့ဘိုးဘိုးကြီးအဖြစ် ကိုယ်တိုင် ဝင်နွှဲခဲ့သလို ဖလော်ရီဒါပြည်နယ်ရှိ ဇင်းနစ်မြို့မှာ ဆပ်ကပ် လူရွှင်တော်အဖြစ်လည်း လုပ်ခဲ့ရပြန်တာပဲ။ အယ်ရီဇိုးနားပြည်နယ်၊ ဖီးနစ်မြို့ အပြင်ဘက် သဲကန္တာရမှာ ကျင်းပတဲ့ အီးစတာပွဲကို တက်ခဲ့တာလည်း ကျွန်တော်ပါပဲ။ တစ်ခါကလည်း ပင်တဂွန် (ကာကွယ်ရေးဌာနချုပ်)ရှေ့မှာရပ်ပြီး "ယူအက်စ် ငွေစုလက်မှတ်များ ဝယ်ကြပါ" ဆိုတဲ့ စာတန်းပါ တီရှပ်တစ်ထည်ကို ကာကွယ်ရေးဝန်ကြီး ကက်စပါ



ဝိုင်းဘာဂါကို ကျွန်တော် တိုက်တွန်းခဲ့တာ အမှတ်ရပါတယ်။ တကယ့် ပျော်စရာကောင်းတဲ့ ဘဝပါ။

နေရာစုံအောင် ကျွန်တော် ရောက်ခဲ့ရတာတွေ၊ အမြဲ စားသောက်ရ၊ ခရီးသွားခဲ့ရတာတွေ အားလုံးရဲ့ ရလဒ်ကတော့ တွေ့ကြုံခဲ့ရတဲ့ လူတွေပါပဲ။ ပြောင်းလဲတဲ့၊ ဆန်းပြားတဲ့၊ ထူးတွေတဲ့ အတွေ့အကြုံတွေအပြည့်ရှိပါတယ်။ သူတို့ရဲ့ မျက်နှာပေါင်းစုံတွေရဲ့ နောက်ကွယ်မှာ တွေ့ရမှာကတော့ တစ်မျိုးတစ်ဘာသာစီခေါ်ရမယ့် အမေရိကန်လူမျိုးတို့ရဲ့ ဘဝအတွေတွေပါပဲ။ ကျွန်တော်ဟာ ပြင်ပလောကကို စိတ်ဝင်စားသူ တစ်ယောက်မို့ သူတို့ရဲ့ဘဝတွေကို စိတ်ဝင်စားပါတယ်။ တချို့ ကျွန်တော့်ကိစ္စများကို ကြည်ညိုစရာကောင်းတဲ့ ပုဂ္ဂိုလ်အချို့နဲ့ လုပ်ကိုင်ဖို့ အခွင့်အလမ်း ရစေခဲ့သလို သူတို့ဟာ ကျွန်တော့်ဘဝကို ကြွယ်ဝပြည့်စုံမှုကိုပါ ပေးခဲ့ပါတယ်။ သူတို့ကြောင့် ပြည်ထောင်စုရဲ့ အင်အားဟာ မိမိနိုင်ငံအတွင်း နေထိုင်ကြသော ပြည်သူလူထုတွေဆီမှာသာ ရှိကြောင်းကို ကျွန်တော် သဘောပေါက်လာခဲ့ပါတယ်။ သူတို့ တစ်ဦးချင်းစီရဲ့ ဘဝဟာ ကျွန်တော့်ဘဝမှာ အရေးပါတဲ့ကဏ္ဍမှာ ပါဝင်ခဲ့သလို ကျွန်တော်နှင့်အတူ သူတို့နဲ့ တွေ့ဆုံခဲ့တဲ့ စာရှုသူအဖို့လည်း အရေးပါတဲ့ နေရာမှာရှိမှာ မလွဲပါဘူး။

ကဲ သူတို့နဲ့ တွေ့ကြရအောင်လား။

## ၂။ အမေရိကန်တို့၏ အပျော်လုပ်ငန်းများ

အချို့သော ကျွန်တော့်အိမ်နီးချင်းများက အသေးအဖွဲ အပျော်တမ်း အလုပ်ကလေးများကို လုပ်ကြပါတယ်။ သူတို့ဟာ ပြည်တွင်းစစ်က ကျန်ခဲ့တဲ့ ပစ္စည်းများ၊ ရထားတွဲဟောင်းကြီးများ၊ လက်ချောင်းလေးခုပါတဲ့ ဆော့စ်တော လက်အိတ်များ စသဖြင့် စုဆောင်းကြပါတယ်။ ကျွန်တော် ခရီးထွက်တိုင်း အဲဒီမိတ်ဆွေများက သူတို့ ဝါသနာအလျောက် စုဆောင်းထားတာတွေကို ထုတ်ဖော်ကြွားတတ်ကြတယ်။ ထူးခြားဆန်းပြားတဲ့ ပစ္စည်းလေးများကို ပြသပြောဆိုကြတယ်။ သူတို့လုပ်ထားတဲ့၊ စုထားတဲ့ အချို့ပစ္စည်းလေးများကို မြင်ရင် သူတို့ရဲ့ ကြိုးကြိုးဖန်ဖန် လုပ်တတ်ပုံကလေးများကြောင့် ကျွန်တော်မှာ မျက်လုံးပြူးမတတ် တအံ့တဩဖြစ်ရပါတယ်။

သူတို့လို ဝါသနာအရ ပျော်မြေမှု ရှာသူတွေမှာ သူတို့ရဲ့စိတ်ရော ကိုယ်ပါ ဝါသနာပါရာ အလုပ်ကလေးများထဲမှာ မြုပ်နှံထားတဲ့အတွက် သူတို့ တစ်ရပ်တည်းနေ လူတွေကို ကောင်းကျိုးချမ်းသာ ပေးသလို ဒီနိုင်ငံကြီးကိုလည်း နေချင့်စဖွယ်ဖြစ်အောင် ဖန်တီးပေးနိုင်ကြပါတယ်။

ကျွန်တော့်အဖို့တော့ အားတဲ့ အချိန်တွေမှာ အတိုအထွာလေးများ စုဆောင်းတတ်ပါတယ်။ မိသားစု၊ မိတ်ဆွေများနဲ့ အချိန်ဖြုန်းဖို့ တကျီးနီးယား လယ်တောထဲ အလုပ်ဆင်း၊ ရုပ်ရှင်ကားဟောင်းတွေကြည့်၊ အရက်ကလေး တစ်ကျိုက်လောက် စုပ်သောက်ပြီး ဝင်လုဆဲ နေလုံးကြီးကိုကြည့် ဘယ်လောက်ကောင်းတဲ့ ဘဝလဲ။

ဒါပေမယ့် ကျွန်တော့်မိတ်ဆွေများရဲ့ အစွမ်းနဲ့ ဖြစ်ပေါ်လာတဲ့ ကြည်နူးနှစ်မြို့စရာကလေးတွေကတော့ စိတ်လှုပ်ရှားစရာပါပဲ။ ခေါင်းဆောင်ပြီး ဩဘာပေး (ညာသံပေး) သူတွေနဲ့ ဘင်ခရာတီးဝိုင်းတွေကတော့ စိတ်လှုပ်ရှားစရာ ကောင်းတဲ့နေရာမှာ ပြိုင်စံမမီတဲ့ အဖွဲ့တွေ ဖြစ်ပါတယ်။ ကျွန်တော်သေလို့ အသုဘချရင်တောင် အခမ်းအနားမှာ သူတို့အဖွဲ့

တစ်ဖွဲ့စီ ပါကြမယ်ဆိုရင် ကျွန်တော် ပျော်ပျော်ကြီး သေနိုင်မယ်ထင်ပါတယ်။ စိတ်အားတက်ကြွစရာ ကောင်းလွန်းလို့ပါ။

တကယ်ပဲ ကျွန်တော်ဟာ ဒီလို ကိစ္စတွေမှာ သိပ်စိတ်ဝင်စားပြီး အမေရိကန်ပီသတဲ့ အမေရိကန်တွေနဲ့ တွေ့ချင်တဲ့ဆန္ဒကြောင့် ဒီပညာတွေမှာ ရှေ့ဆောင်ရှေ့ရွက် လုပ်နိုင်ဖို့ တီထွင်ကြံဆတတ်တဲ့ နိုင်ငံသိ ညာသံပေး ခေါင်းဆောင်များနဲ့ စစ်ချီဘင်ခရာတပ်ဖွဲ့ဒါရိုက်တာနဲ့ တွေ့ဆုံ သိကျွမ်းခွင့် ရတာဟာ ကျွန်တော် ကံကောင်းတာပါပဲ။ ယခု သူတို့နဲ့ စာဖတ်သူ တွေ့ဆုံ ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ရဟတ်ယာဉ်တစ်စင်းနဲ့ အသက်ကယ်ပြီး အိမ်နောက်ဖေးမှာ အဖိုးတန် မြင်းများကို သင်းဖွဲ့မွေးမြူထားတဲ့ မိတ်ဆွေကောင်း တစ်ယောက်နဲ့ အလွန် သေးကွေးတဲ့ ကစားစရာလေးတွေကို စုဆောင်း တတ်တဲ့ ခင်မင်ဖွယ် အမျိုးသမီးကြီးနှစ်ယောက်နဲ့ပါ တွေ့ဆုံရမှာ ဖြစ်ပါတယ်။

ဒီလို ထူးချွန်တဲ့ လူမျိုးတွေ ဖြစ်လာစေခဲ့တဲ့ သူတို့ရဲ့ စိတ်ဓာတ်၊ သူတို့ရဲ့ အသိုက်အဝန်းမှာ အများနဲ့ ကွဲပြားခြားနားလှတဲ့ သူတို့ရဲ့ စိတ်ဓာတ်ကို လေ့လာကြည့်ကြစမ်းပါ။ သူတို့လို လူမျိုးတွေဟာ ဒီနိုင်ငံကြီးကို ထင်ထင်ရှားရှား ဖြစ်စေပါတယ်။

---

## ညာသံပေးကြသူများ

**ပဲမ်မလာ အာဂွတ် အက်ဂ်နယူး**

ဝီးလ်ခ်စ်ဘားရေး၊ ပဲန်ဆယ်ဗေးနီးယား

ခင်ဗျားတို့တော့ မပြောတတ်ဘူး။ ကျွန်တော့်အဖို့တော့ ညာသံပေးတဲ့ ခေါင်းဆောင်များကိုတွေ့ရင် စိတ်လှုပ်ရှားရတာပဲ။ ကိုယ်ရောစိတ်ပါ လှုပ်ရှားမိတာပါ။ ဖွတ်ပြီးထိုးဆံပင်လေးတွေနဲ့ ပန်းဖွားလေးတွေတွေ့ရင် ကိုယ့်နိုင်ငံကို ချစ်စိတ်တွေဟာ ကျွန်တော့်ကျောထဲမှာ စိမ့်တက်လာတာပဲဗျ။ ဒီလို ညာသံပေးနေတဲ့ ခေါင်းဆောင်လေးတွေကို အပြင်မှာပဲ ဖြစ်စေ၊ ရုပ်မြင်သံကြား ထဲမှာပဲဖြစ်စေ မြင်ရရင် ကျွန်တော့်ကိုယ်ကျွန်တော် ငယ်သွား သလားလို့ အောက်မေ့ရတယ်။ တကယ်တော်တဲ့ တကယ့်ကို ကမ္ဘာ့စံချိန်မီတဲ့ ညာသံပေးခေါင်းဆောင်အကြောင်း အခု ပြောပြရဦးမယ်။

သူကတော့ ပဲမ်မလာ အာဂွတ် အက်ဂ်နယူးတဲ့။ ပဲန်ဆယ် ဗေးနီးယားနယ်၊ ဝီးလ်ခ်စ်ဘားရေး အတွင်းမှာရော၊ အနီးပတ်ဝန်းကျင်မှာရော သူ့ညာသံပေးခေါင်းဆောင်မှုဟာ လူတွေကို စိတ်တက်ကြွလှုပ်ရှားစေတာ အမှန်ပါပဲ။ လွန်ခဲ့တဲ့ နှစ်နှစ်ကဆိုရင် သူက ဝီးလ်ခ်စ် ဘားရေးမှာရှိတဲ့ အထက်တန်းကျောင်း၊ တစ်ဆယ့်နှစ်ကျောင်းမှာ လေ့ကျင့်ပေးခဲ့တာ တံခွန်စိုက် ဖလားရခဲ့တယ်လေ။ အမေရိကန်ပြည်ထောင်စုရဲ့ ညာသံပေး ခေါင်းဆောင် အသင်းအဖွဲ့ အမျိုးသားတံခွန်စိုက်ဘွဲ့ပေါ့။ အဲဒါ မီရှီဂန်ပြည်နယ်၊ လဲန်ဆင်းန် မှာပါ။ ဒီနှစ်လည်း သူ့တပည့် မိန်းကလေးတွေဟာ နိုင်ငံတကာ တံခွန်စိုက် ဖြစ်ကြဦးမှာ။ အမျိုးသားဂုဏ်ထူးဆောင်တွေ ဖြစ်လာကြဦးမှာ ပါပဲ။

ဒီ မိန်းကလေးတွေကို သူတို့ ဘာတွေ လုပ်တယ်ဆိုတာ သဘောပေါက် နှစ်ခြိုက်မိကြမယ် မဟုတ်ဘူး။ ဒါပေမယ့် သူတို့တစ်တွေ အတိုင်အဖောက်ညီညီနဲ့ ညာသံပေး အော်ဟစ်ကြတယ်ဆိုရင်ဖြင့် သူတို့ကို ဂရုမပြုဘဲ မနေနိုင်ကြပါဘူး။ ကျွန်တော် နောက်ဆုံးအခေါက် ရောက်ခဲ့တုန်း



ကတောင် ကာရန် နဘောတွေနဲ့ သီးသန့်သံပြိုင်ဆိုခဲ့ကြသေးတယ်။

ပဲမ်နဲ့ သူ့ကောင်မလေးတွေက ခုန်ပေါက်သီဆိုနေလိုက်ကြတာ ကျွန်တော့်လို အဘိုးကြီးတောင် တအံ့တသြ အားကျမိတယ်။ သူတို့အဖွဲ့ လေးက ဒီလို တညီတညာတည်း ဟစ်ကြွေးနိုင်ကြတာဟာ စာနဲ့ရေးပြရုံနဲ့ သိသာမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီလိုနေရာမှာ အရည်အသွေးကောင်း တွေ ရှိနေတယ်ဆိုတာတော့ မငြင်းနိုင်ပါဘူး။ ဒါဟာလည်း ပဲမ်မလာ အာဂွတ် အက်ဂ်နယူးကြောင့်ပါ။

ပဲမ်ဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကပင် ဟဲန်နီးဗား ဟောကီအဖွဲ့မှာ ညာသံပေးသူ ဖြစ်ခဲ့ပါတယ်။ အဖွဲ့ကို လေ့ကျင့်သင်ကြားပေးခဲ့တာ သူ အထက်တန်းကျောင်းဆင်းစကတည်းကပါပဲ။ "ညာသံပေးတဲ့အလုပ်ဟာ ဒီမှာ ဆိုလောက်အောင် မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်မတို့ အောင်မြင်မှုရတာဟာ လူတွေရဲ့ စိတ်ဝင်စားမှုကြောင့်လည်း ပါပါတယ်။ လူတွေအားလုံး ထွက် လာပြီး အားပေးကြတာတွေကလည်း အမျိုးသားတံခွန်စိုက်ဆုတွေ ရခဲ့တာ ကြောင့် ဖြစ်ပါတယ်။ ဒီလို ညာသံပေးရတဲ့အလုပ်မှာ တက်ကြွတဲ့ လှုပ်ရှား မှုလေးတွေ ထည့်ပေးရဦးမယ် ထင်ပါတယ်။ လူတွေကလည်း သူတို့ပါဝင် ပျော်ရွှင်ရလို့၊ နှစ်သက်ကြလို့ အခုလို အားပေးကြတာ ဖြစ်ပါတယ်" လို့ ရုပ်မြင်သံကြားက တွေ့ဆုံတဲ့အခါမှာ ပြောခဲ့ပါတယ်။

တကယ်တော့ ဟဲန်နီးဗားအဖွဲ့က မိန်းကလေးတွေဟာ ချီးမွမ်း ခံထိုက်သူကလေးတွေပါပဲ။ ပဲမ်ဟာလည်း သူ့မိန်းကလေးတွေကို တကယ့်ကို လေ့ကျင့်ပေးထားတဲ့ အဖွဲ့ဖြစ်အောင် ကြိုးပမ်းကားသေးတယ် မဟုတ်လား။ မိန်းကလေးတွေဟာ နေ့စဉ် လေးနာရီက ခြောက်နာရီအတွင်း လေ့ကျင့် ကြပါတယ်။ နွေရာသီစခန်းမှာလည်း ဩဂုတ်လ အမျိုးသားတံခွန်စိုက် ပွဲတွေမှာ ယှဉ်ပြိုင်ဖို့အတွက် လေ့ကျင့်ရပြန်တယ်။ ဒီလိုနဲ့ ဟော်ကီ၊ ဘောလုံး၊ ဘတ်စကက်ဘော၊ နပန်းပွဲတွေအတွက် တပြည်းပြည်း ရာသီ အလိုက် ပါဝင်လာကြရပါတယ်။ နားဖို့အချိန်ဆိုတာ မရှိပါဘူး။ ပဲမ်ရဲ့ အဆင့်အတန်းကို မီအောင် လိုက်နိုင်ဖို့အတွက် တကယ်တော့ မလွယ်လှပါဘူး။

"မိန်းကလေးတွေဟာ စိတ်သဘောထား ကောင်းဖို့လိုပါတယ်။ လုပ်နိုင်တဲ့စွမ်းရည်ဆိုတာက သင်ယူလို့ရတယ်။ စိတ်ကောင်းရှိဖို့ သင်လို့ မရပါဘူး" လို့ ပဲမ်က ပြောပြပါတယ်။ ဒီလို သူ့မိန်းကလေးတွေကို ရွေးချယ်ထားခဲ့တာပါ။ ကြပ်ကြပ်တည်းတည်းပဲ ရွေးခဲ့တာပါ။ အရက်သေစာ သောက်စားတာတို့၊ ဆေးစွဲတာတို့ မရှိရပါဘူး။ စီးကရက်သောက်တာ မြင်ရင် တောင် အသင်းက ကန်ထုတ်ပစ်မယ်တဲ့။ "ညာသံပေးတဲ့သူတွေဟာ ကျောင်းက ကျန်တဲ့ ကျောင်းသူလေးတွေအတွက် စံပြသာ ဖြစ်ရမယ်" လို့ ဆိုပါတယ်။ ပဲမ်က သူ့မိန်းကလေးတွေကို တူညီဝတ်စုံ ဝတ်လို့ပဲဖြစ်စေ၊ မဝတ်တဲ့အခါပဲဖြစ်စေ၊ စီးကရက်သောက်တာကို လက်မခံပါ။ ပြင်းထန် တယ်၊ တင်းကျပ်တယ်လို့ပဲဆိုဆို၊ စီးကရက်သောက်တဲ့အကျင့်ဟာ ကလေး တွေအတွက် ကောင်းကျိုး မပေးပါ။ ဒါကြောင့် ဒီလို တားဆီးရတာဟာ သူ့ရဲ့ အလုပ်တစ်ခု ဖြစ်တယ်လို့လည်းဆိုပါတယ်။ ဒီလို ပဲမ်ရဲ့ ခေါင်းဆောင်မှု တွေနဲ့ သူ့စွမ်းရည်တွေကြောင့် ဆယ်နှစ်အတွင်းမှာ သူ့အဖွဲ့က မိန်းကလေး တစ်ယောက်မှ သူ့စည်းကမ်းကို သွေဖည်တယ်လို့ မရှိခဲ့ပါဘူး။ ဒီလိုပဲ သူ့ခေါင်းဆောင်မှုနောက်ကို လိုက်ပြီး ကျွန်တော်တို့ လူငယ်ကလေးတွေ ကိုလည်း ပြုပြင်ပေးကြဖို့ကောင်းပါတယ်။

ယူနိုက်တက်ဆေးက ပုဂ္ဂိုလ်များက ပဲမ်ရဲ့အဖွဲ့ကို မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် ပါဝင်ကူညီဖို့ တောင်းပန်တာနဲ့ အထက်တန်းကျောင်းက ခေါင်းဆောင်များကို ခေါ်ယူပြီး တိုက်စစ်ဆင်ရေး ညာသံပေး တေးကဗျာ များကို သင်ကြားပေးပါတယ်။ ဒီလို လုပ်ပေးတာဟာ ကလေးတွေကို မူးယစ်ဆေး မသုံးစွဲဖို့ ထိန်းချုပ်ပေးရာမှာ အရိုးဆုံးနဲ့အထိရောက်ဆုံး ဖြစ်လိမ့် မယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒီလို ဆေးစွဲတဲ့အကျင့်ဟာ အိမ်ထောင်စု တွေထဲမှာ ပထမ စတာပါ။ ကလေးတွေကပဲ စကြတာပါ။ အရင်းအမြစ် ကတော့ အိမ်တွေက အစပါပဲ။ သူတို့ သံပြိုင်ဆိုကြတာကတော့—

ရှောင်ကြဝေးဝေး မူးယစ်ဆေး
နောက်ဆုံးကျတော့ ဒုက္ခပေး
မူးယစ်ဆေးကို သောက်သုံးကြည့်
ဘာမှ အဓိပ္ပါယ်မရှိ။

မှုးယစ်ဆေးနဲ့ ကင်းဝေးမှ
လူတော်လူကောင်း ဖြစ်မည်ပ။

"လူတွေကတော့ ထင်မှာပဲ။ ဒီလို သံပြိုင်သီဆိုနေတာတွေဟာ အလကားဖြစ်မှာပဲလို့။ တချို့လူတွေဆိုရင် ကျွန်မတို့လုပ်တာတွေကို ရယ်ကြမလားမသိဘူး။ ဒါပေမယ့် အရာရာဟာ ပြောင်းလဲနေပါတယ်။ ကျွန်မတို့က လူတွေကို အားလုံး စုစည်းမိစေပြီး လူ့အသိုက်အဝန်းအတွက် အများကြီး လုပ်ပေးခဲ့ပြီ။ လူတွေကလည်း ဒါကို နှစ်သက်လာကြလိမ့်မယ် ထင်ပါတယ်။ ဉာသံပေး ခေါင်းဆောင်တွေဆိုရင် ကျွန်မတို့အဆင့်မှာ ဆိုပါတော့– ဒီလူတွေဟာ ကမ္ဘာ့အဆင့်မီ ပြေးခုန်ပစ် ကစားသမားတွေပါ။ ဒါကို လူတွေက သဘောပေါက်စပြုနေပြီလို့ ထင်မိပါတယ်" လို့ ပဲမ်က ပြောပါတယ်။

ပဲမ်ဟာ သူတို့တစ်တွေဟာ ကမ္ဘာ့အဆင့်မီတဲ့ အားကစားသမားတွေဖြစ်ကြောင်းကို နောက်ပြောင်ကျီစယ် ပြောဆိုတာ မဟုတ်ပါဘူး။ သူတို့ကို ကမ္ဘာ့အဆင့်မီ အားကစားသမားများ အဖြစ်သာ ယူဆသင့်ကြောင်း ဆိုလိုတာပါ။ ပဲမ်က ဆိုပါတယ်။ သူ့တပည့် မိန်းကလေးတွေထဲက ကိုးတန်းကျောင်းသူ ရှယ်နန်နန်ဆိုတဲ့ ကလေးမဟာ မနှစ်က အမျိုးသားတံခွန်စိုက် ပြိုင်ပွဲအတွက် လေ့ကျင့်နေတုန်းမှာ ခြေမျက်စိ ကွဲသွားပါတယ်။ ကမ္ဘာ့အဆင့်မီရမယ်ဆိုတဲ့ ဒါပေမယ့် သူက အားကစားစိတ်ဓာတ်၊ ရည်မှန်းချက်အမိဋ္ဌာန် ရှိခဲ့လို့ ပြီးဆုံးတဲ့အထိ ဆက်ကစားနိုင်ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့တာပဲ မဟုတ်လား။

"မိန်းကလေးတွေ ဉာသံပေး သီဆိုရတာကို သိပ်ဂရုထားကြတယ်။ ဒီမှာပဲ အချိန် သိပ်ပေးကြတယ်။ ကျွန်မ အထက်တန်းကျောင်းကထွက်လာတော့ သံပြိုင်ဆိုရတာတွေနဲ့ ဝေးခဲ့ရတယ်။ ဒါပေမယ့် ပြန်ပြီးဆိုချင်နေတာပဲ" လို့ ဟဲန်နီးဗားကျောင်းက ကျောင်းအုပ်ကြီးရုံးခန်းထဲမှာ အတွင်းရေးမှူး လုပ်နေစဉ်က ဒီလို တမ်းတမ်းတတ ဆိုခဲ့ပါတယ်။ အတွင်းရေးမှူး ရေးမှူး လုပ်နေစဉ်က ဒီလို တမ်းတမ်းတတ ဆိုခဲ့ပါတယ်။ အတွင်းရေးမှူးအလုပ်ထက် ဉာသံပေးအဖွဲ့ကို လေ့ကျင့်တဲ့အလုပ်ကို ပိုအရေးထားကြောင်း ကျောင်းအုပ်ကြီး မသိစေချင်ရင် ပြောပြပါတယ်။ ဒါနဲ့ ဒီအကြောင်းကို ကျောင်းအုပ်ကြီး မသိစေချင်ရင်



မပြောပါဘူးလို့ ကျွန်တော် သူ့ကို ပြောခဲ့ရပါတယ်။

"တချို့မိန်းကလေးတွေဟာ ကျောင်းပြီးသွားတဲ့အခါ ဒီလို ဉာသံပေး သီဆိုမှုတွေဟာ ပါသွားကြပါပြီ။ ဒါပေမယ့် ဟိုတုန်းက စိတ်ကောင်းစိတ်မြတ်တွေ ဖြစ်လာအောင် သူတို့ကို သင်ပေးခဲ့ရတာတွေလည်း တစ်ပါတည်း ကပ်ပါသွားကြမှာပဲလို့ မျှော်လင့်မိပါတယ်။ တကယ်လက်တွေ့ဘဝမှာတော့ ဒီလို သီဆိုမှုမျိုးတွေနဲ့ ကြုံရတော့မယ် မဟုတ်ပါဘူး။ ဒါပေမယ့် စိတ်ကောင်းစိတ်မြတ်ဆိုတာကတော့ အမြဲပဲ အရေးကြီးနေတာပဲ မဟုတ်ပါလားရှင်" တဲ့။

ဉာသံပေး သံပြိုင်သီဆိုမှုကိစ္စနဲ့ပတ်သက်ရင်တော့ အဲဒီ ပဲမ်မလာအာဂွတ် အက်ဂ်နယူးကတော့ ဆိုစရာ မရှိအောင်ပါပဲ။ မှန်ကန်တဲ့စိတ်သဘောထား၊ ကောင်းမြတ်တဲ့ ဉာသံပေးမှုမျိုး အမြဲရှိနေတဲ့ ပုဂ္ဂိုလ်မျိုးပါပဲ။

---



# မိုးပေါ်က ရှုခင်း

## ဂျယ်ရီ ဖေါ်စတာ

### ကော့စ်စရို၊ အယ်ရီဇိုးနား

ဂျယ်ရီ ဖေါ်စတာဆိုတာ သူ့ရဟတ်ယာဉ်ပေါ်မှာ အမြဲ အလုပ်လုပ်နေရတဲ့လူတစ်ယောက်ပါ။ ဂျယ်ရီ့အကြောင်းပြောရင် လေထဲကအကြောင်းတွေကိုပဲ ပြောရမှာဖြစ်တယ်။

ကျွန်တော် သိသလောက် ဂျယ်ရီဟာ သူ့ရဟတ်ယာဉ် စတူဒီယိုကနေပြီး ရုပ်မြင်သံကြားကတစ်ဆင့် သတင်းများ၊ မိုးလေဝသခန့်မှန်းချက်များကို အချိန်ပြည့် တိုက်ရိုက် ထုတ်လွှင့်ပေးရသူပါပဲ။ တစ်နေ့ကို နှစ်ကြိမ်၊ တစ်ပတ်ကို ငါးရက် လွှင့်ပေးရတယ်။ တစ်နေ့ သူနဲ့တွေ့ရုံမှာ ကျွန်တော်က ဖီးနစ်ပတ်ဝန်းကျင်ကို ရောက်တော့ အဲန်ဘီစီနဲ့ ပူးတွဲထားတဲ့ ကေပီအဲန်အိတ်စ် ရုပ်မြင်လိုင်းခွဲ ၁၂ လုပ်ငန်းကို ကျွန်တော့်ကို လိုက်ပြခဲ့တယ်။ သူပြရင် အပေါ်ယံ မဟုတ်ဘဲ တကယ်ပြတာဗျ။ အဲဒီအချိန်က စပြီး သူနဲ့ကျွန်တော် မိတ်ဆွေရင်းချာတွေ ဖြစ်လာကြတယ်လေ။ အလုပ်နဲ့မဆိုင်တဲ့ အချိန်တွေမှာလည်း တစ်တွဲတွဲ ရှိခဲ့ကြတယ်။

ဂျယ်ရီရဲ့အလုပ်က အများနဲ့မတူ ကျွန်တော် တစ်ခါမှ မတွေ့ဖူး၊ မကြားဖူးတဲ့အလုပ်မျိုး။ မွန်းတည့်ချိန်နဲ့ ညနေ ငါးနာရီမှာ ထုတ်လွှင့်ပေးရတဲ့ သတင်းထုတ်ပြန်ရေး၊ မိုးလေဝသ ခန့်မှန်းရေးအပြင် မာရီကိုပါ ခရိုင်ဝန်းဋ္ဌာနအတွက် ထက်ကောင်းကင် ပေဟင်ရဟတ်ကနေပြီး လိုအပ်ရင် မြေပြင်ကို စောင့်ကြည့်ပေးရတဲ့အလုပ်၊ ကယ်ဆယ်ရေး အလုပ်တွေကိုပါ စေတနာအလျောက် လုပ်ပေးရတယ်။ ဖီးနစ်ဒေသတစ်ဝိုက် မြို့နယ်အတွင်း လူနေအိမ်ခြေများ များခြင်းအတွက် ဒီခရိုင်ဟာ နဝမမြောက် အကြီးဆုံး ခရိုင်နယ် ဖြစ်လာရတယ်။ ဆန်းတာက ဒီလို နယ်မြေကြီးပေမယ့် ခရိုင်ဝန်ရုံးခန်းမှာ ရဟတ်ယာဉ်အပိုင် မရှိရှာဘူး။ ဒါကြောင့် လိုအပ်တဲ့အခါ ဂျယ်ရီကို



လှမ်းအကြောင်းကြား ခေါ်ယူရတယ်။ ဂျယ်ရီကလည်း စေတနာအလျောက်သာမက တကယ် ဝန်ထမ်းတစ်ယောက်လို တာဝန်သိသိ လုပ်ပေးတတ်တာပါပဲ။ ကျောက်ဆောင်းဆင်ခြေလျှောတွေပေါ်မှာ ဒုက္ခရောက်နေတဲ့ တောင်တက်သမားများ၊ တောင်ကတုံးတွေပေါ်မှာ လမ်းပျောက်၊ အစာရေစာငတ်နေသူများကို လိုက်လံ ကယ်ဆယ်ရတယ်။ ရည်ရွယ်ချက်ကောင်းတွေနဲ့ထွက်လာကြတဲ့ ဒီလူတွေဟာ ဒီတိုင်းပြည်မှာ ခရီးလမ်းက ဘယ်လောက်ကြမ်းသလဲဆိုတာ သူတို့ ထည့်မတွက်မိကြဘူး ထင်ပါရဲ့။ ပြီးတော့မှ တခြားလူတွေရဲ့ အကူအညီ လိုအပ်လာတော့တယ်။

၁၉၈၄ ခုနှစ် ဒီရေ အလွန်တက်ခဲ့တဲ့အချိန်က ဂျယ်ရီရဲ့ အသက်ကယ်ခဲ့ရပုံကတော့ အမှတ်ထင်ထင်ပါပဲ။ နံနက်စောစော နာရီပြန်နှစ်ချက်လောက်က ဂျယ်ရီ့ဆီ လှမ်းပြီး အကူအညီ တောင်းခံကြတယ်။ ဒီရေတွေ တရိပ်ရိပ် တက်လာတဲ့ မြစ်ရေထဲမှာ သုံးနှစ်အရွယ် ကလေးတစ်ယောက်ဟာ သူ့ဖခင်နဲ့အတူ ရောက်နေကြောင်း အကြောင်းကြားလို့ အထိတ်တလန့်ဖြစ်ရပါသေးတယ်။ သူတို့သားအဖစီးတဲ့ကားဟာ လမ်းတားကို ကျသွားရင်းက အခုလို ဒီရေတက်ချိန်နဲ့ တိုးတာပါ။ ဒီရေက တက်ဆဲမို့ ကားအမိုးပေါ်ကို သားအဖနှစ်ယောက် ရုန်းကန်ပြီး တက်ကြရတယ်။

"အခုလို ပြောရင်းတောင် ကျွန်တော်ဖြင့် စိတ်လှုပ်ရှားလိုက်တာ။ သူတို့သားအဖနှစ်ယောက်လုံး မြစ်လယ်ကိုရောက်နေကြပြီ။ ကျွန်တော်တို့ရောက်တဲ့အချိန်မှာ သူတို့ဟာ ကားခေါင်မိုးပေါ်မှာ ခြေဖျားလေးတွေ ထောက်လို့။ နှစ်မိနစ်လောက်သာ ကျွန်တော်တို့ အရောက်နောက်ကျရင် သူတို့ အသက်ကို ကယ်နိုင်ဖို့ မလွယ်တော့ဘူး။ သူတစ်ပါး အသက်ကို ကယ်ရတာလောက် ပီတိဖြစ်တာမျိုး ကမ္ဘာမှာ ရှိမယ် မထင်ပါဘူးဗျာ" လို့ ဂျယ်ရီက ပြောပြပါတယ်။

သူရဲကောင်းနဲ့တူတဲ့ သူ့ရဲ့ ကြိုးပမ်းချက်တွေဟာ သူ့အဖို့ အချည်းနှီး မဖြစ်စေခဲ့ပါ။ လွန်ခဲ့တဲ့နှစ်များက ဂျယ်ရီကို သမ္မတကြီးရေဂင်က လေယာဉ်မောင်းသမားများကို ချီးမြှင့်တဲ့ဆုထဲမှာ အမြင့်ဆုံးဖြစ်တဲ့ ဟာမန်ဆုကို ချီးမြှင့်ခဲ့ပါတယ်။ ဒီလိုဆုမျိုးကို ယခင်က ဟားဝဒ် ဟူးစ်နဲ့

ချားလ် လင်းဘတ်တို့ကိုလည်း ချီးမြှင့်ခဲ့ဖူးတယ်။ ဂျယ်ရီဟာ မာရီကိုပါနဲ့ ဝီနယ်လ်စရိုင်များမှာ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ကြိုးပမ်းအားထုတ်ခဲ့တဲ့အတွက် ဆုရခြင်းဖြစ်ပါတယ်။ "ကျွန်တော်တော့ ဗီတိုတွေ ဖြစ်ခဲ့ရတယ်ဗျာ" လို့ ပြုံးစနဲ့ သူ့ဘဝမှာ စိတ်လှုပ်ရှားခဲ့ရပုံကို ပြောပြပါတယ်။

"လေယာဉ်မောင်းချင်တဲ့ ဝါသနာကတော့ ကျွန်တော် ငယ်ငယ်လေးကတည်းကပဲဗျ။ ပြည်ထောင်စုရဲ့ အနောက်တောင်ပိုင်း၊ ချောင်ကျကျ ခန်းကင်မြို့မှာ ကျွန်တော် ခုနစ်တန်းတုန်းကပေါ့။ ကျောင်းတက်နေတုန်း ရဟတ်ယာဉ်တစ်စင်းဟာ ကျောင်းပေါ်မှာ ဝဲနေတာကို ပြတင်းပေါက်က လှမ်းမြင်လိုက်ရတယ်။ အဲဒီ ရဟတ်ယာဉ် ပျံသွားတဲ့ဆီကို ကျွန်တော် လိုက်ကြည့်မိတယ်။ ရဟတ်ယာဉ်မောင်းသမားတစ်ယောက် ဖြစ်ချင်တဲ့စိတ်တွေလည်း တဖွားဖွား ပေါ်လာတာပဲဗျို့"

လေယာဉ်မောင်းအလုပ်ကိုတော့ ဂျယ်ရီ အမြဲမလုပ်ပါ။ ဒေသတွင်း အသံလွှင့်ဌာနက လေယာဉ်မောင်းရင်း အစီရင်ခံချက်တွေ လွှင့်ထုတ်ပေးရင် စရိတ်အကုန်အကျ သက်သာမယ်ဆိုပြီး ဆုံးဖြတ်တာကြောင့် ခုလို ဂျယ်ရီက ရဟတ်ယာဉ်မောင်းပြီး အသံလွှင့်လုပ်ငန်း လုပ်ရတာ ဖြစ်ပါတယ် လို့ ပြောပါတယ်။

"နောက်ပိုင်းမှာ သတင်းဇာတ်လမ်းတွေ ပေါ်လာတာပေါ့ဗျာ။ ကျွန်တော်လုပ်တဲ့ အသက်ကယ်လုပ်ငန်းက ရလာတဲ့ အကျိုးအမြတ်ဆိုလည်း မများဘူး။ ကင်မရာ မပါဘဲ လေထဲမှာ မြင်တွေ့နေရတဲ့ ရုပ်ပုံတွေကို သက်သက်ကြည့်ရုံကတော့ အဓိပ္ပါယ် မရှိလှဘူးလို့ ဌာနမန်နေဂျာကို ကျွန်တော် ပြောသေးတယ်။ သူကလည်း ဒါကို လက်ခံပါတယ်"

ဂျယ်ရီနဲ့ သူ့အပေါင်းအပါ ၁၂ ယောက်အဖွဲ့က အောင်မြင်မှု ဘာကြောင့် ရသလဲဆိုရင် အလွန်တိုတောင်းတဲ့ အချိန်အတွင်းမှာ သိသိချင်း ကယ်တင်နိုင်ဖို့ အမြဲ အဆင်သင့် ရှိနေခြင်းကြောင့်ပါပဲ။ ဂျယ်ရီကတော့ အမြဲတမ်း အဆင်သင့် ဖြစ်နေမြဲပါ။

"ကျွန်တော်တို့ ကောင်းကြလွန်းလို့၊ ဖျတ်လတ်ကြလွန်းလို့



ဒီအလုပ်ကို လုပ်ရတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ အမြဲ အဆင်သင့် ဖြစ်နေလို့သာ ဒီအလုပ်ကို လုပ်ကိုင်နိုင်တာပါ။ အဆင်သင့်ဖြစ်အောင် စီစဉ်ကြ – ဆိုတဲ့ ကင်းထောက်အဖွဲ့ရဲ့ ဆောင်ပုဒ်လိုပေါ့။ အရေးကြုံလာတာနဲ့ မိနစ်နှစ်ဆယ်အတွင်း ကျွန်တော်တို့ရဲ့ လေယာဉ်ဟာ လေထဲရောက်နေပြီလေ။ ကျွန်တော်တို့ဘက်ကတော့ ပျံသန်းဖို့ အမြဲ အဆင်သင့်ပဲ"

အသက်မွေးဝမ်းကျောင်း အလုပ်ရယ်၊ အပျင်းပြေအလုပ်ရယ်လို့ ဂျယ်ရီ့အဖို့ ခွဲခြားမှုမရှိ။ သူ့ဒေသရှိ လူတွေအပေါ်မှာ သူ့တာဝန်ကို ပိုင်ပိုင်ကြီး ကျေပွန်ခဲ့ပေမယ့် ကိုယ်ရေးကိုယ်တာ ကိစ္စမှာတော့ ထိနိုက်ခံခဲ့ရတယ်။ မိသားစု အတွင်းမှာပဲ ပြဿနာ တက်ခဲ့ပြန်တယ်။

"ကျွန်တော့်ပထမဇနီးက ကျွန်တော့်ကို 'ဂျယ်ရီ ကျွန်မနဲ့ ဒီရဟတ်ယာဉ် ဘယ်ဟာက ပိုအရေးကြီးသလဲ' တဲ့။ ဒီလို အမေးခံခဲ့ရတယ်။ လေယာဉ်မောင်းတာဟာ ကျွန်တော့်ဘဝရဲ့ အနှစ်ခြိုက်ဆုံး အလုပ် မဟုတ်လား။ ကျွန်တော့်အဖို့ တခြားရွေးစရာလမ်း မရှိပါဘူး"

(အိမ်ထောင်သက် ခြောက်နှစ်မျှရှိပြီဖြစ်တဲ့ သူ့ရဲ့ ဒုတိယအိမ်ထောင်ဖက် ဇနီးကတော့ ဂျယ်ရီ့လေယာဉ်မောင်းအလုပ်ကို အားပေးခဲ့တာ တွေ့ခဲ့ရပါတယ်။ ဒါ့မှမက ရေငုပ်ခြင်းကိုပါ နှစ်ယောက်စလုံး အကြိုက်တူကြတယ်လေ။ သူတို့နှစ်ယောက်လုံး ရဲဌာနအတွက် သက်သေကူရှာပေးတာတို့၊ တစ်ခါတလေ မြစ်ချောင်းအင်းအိုင်တွေမှာ အမှုအတွက် အလောင်းရှာဖွေပေးတာတို့ကို ကူညီလုပ်ကိုင်ပေးလိုက်ကြသေးရဲ့။)

ဂျယ်ရီရဲ့ ပြောပြချက်တွေထဲမှာ သူချစ်ခင်တဲ့ ပုဂ္ဂိုလ်တွေနဲ့ သူချစ်တဲ့ အလုပ်ကြားမှာ ဗျာများနေရမှန်း ကျွန်တော် ရိပ်စားမိလိုက်ပါတယ်။

နောက်ပိုင်းမှာ ဂျယ်ရီဟာ ရဟတ်ယာဉ်နဲ့ အသက်ကယ်တဲ့အလုပ်အပြင် ဝါသနာအရ တခြားအလုပ်တစ်ခုကိုလည်း လုပ်လိုက်သေးတယ်ဗျာ။ ချန်ပီယန် ပီရူးဗီးယမ်း မြင်းများနဲ့ စပိန်မြင်းနက်များကို မွေးမြူတဲ့ လုပ်ငန်းပါပဲ။ စပိန်ဘာသာနဲ့ ဘုရင်တကာ့ဘုရင်လို့ အမည်ရှိတဲ့ ဂျယ်ရီရဲ့ ပထမဆုံး မွေးထားတဲ့ မြင်းကြီးဟာ သန်မာထွားကျိုင်းလှပြီး လည်ပင်းမှာ ကြွက်သား အပြိုင်းပြိုင်းထလို့ သိပ်လှပြီး သိပ်တောက်ပတဲ့ အမွေးများရှိတဲ့ မြင်းချော



ကြီးပါပဲ။ "မြင်းတွေကများ သူတို့ ဘယ်လောက်လှကြောင်း ပြောတတ်ရင် ခင်ဗျားတော့ တစ်နေ့လုံး သူတို့နဲ့ပဲ ဖုန်းဆက် ပြောနေမှာထင်ပါရဲ့" လို့ ဂျယ်ရီက ရယ်စရာ ပြောသေးတယ်။

ပီရူးဗီးယမ်းပါဆိုမြင်းတွေကို မွေးရခြင်းကတော့ ဒီလိုပါ။ ဂျယ်ရီ အလုပ်လုပ်တဲ့ ကေပီ အဲန်အိတ်စ် ရုပ်မြင်သံကြားမှာ အလုပ်ရဲ့ အဆွယ်အပွားအဖြစ် ဂျယ်ရီကို အလှပြပွဲများ၊ အခမ်းအနားကျင်းပတဲ့ ပွဲများမှာ ပါဝင်စေပါတယ်။

"ဒီလို ချီတက်ရတဲ့ ပြပွဲတွေမှာ ကျွန်တော်ပါတိုင်း သူတို့က ကျွန်တော့်ကို မြင်းစီးဖို့ ပြောကြတယ်လေ တခြားလူတွေ ပိုင်တဲ့မြင်းကို စီးတော့လည်း ဒုက္ခရောက်ပြန်ရော။ ဒါနဲ့ တစ်ကောင် မွေးဖြစ်သွားတယ်"

ယခုအခါ ဂျယ်ရီဟာ သူ့မြင်းဇောင်းမှာ ပီရူးဗီးယမ်းပါဆိုမြင်း ခုနစ်ကောင်ကို မွေးထားပါတယ်။ သူ့မြင်းအလှတွေကို ဂုဏ်ယူပြီး ပြတတ်ပြီး ချီးမွမ်းတတ်ပါတယ်။

ကျွန်တော့်မိတ်ဆွေ ဂျယ်ရီရဲ့ ဘဝကတော့ ကောင်းလိုက်တဲ့ဘဝပါပဲ။ ကျွန်တော်သိသမျှ လွတ်လပ်မှုအရှိဆုံး ပုဂ္ဂိုလ်ပါ။ လူ့ဘဝမှာ ချုပ်ချယ်ထားမှုများ ကင်းခြင်းကို ဆိုလိုပါတယ်။ အနှောင်အဖွဲ့ကင်းတဲ့ငှက်လိုပဲ ဆန္ဒရှိရာ သွားနိုင်လာနိုင်ပြီး အချိန်အခါမရွေး ထသွားနိုင်တဲ့ ဘဝမျိုးကို ပိုင်ဆိုင်ပါတယ်။ သူ့အိမ်နောက်ဖေးမှာရှိတဲ့ ဒေါ်လာ သန်းချီတန်တဲ့ ရဟတ်ယာဉ်ကလေးက ငှက်ကလေးတစ်ကောင်လို သူပျံသန်းချင်တဲ့ဆီကို ပျံသန်းပေးဖို့ အဆင်သင့်ရှိနေပါတယ်။ လှပတဲ့ အယ်ရီဇိုးနားတောင်တန်း တောပိုင်းဒေသတွေဟာ သူ့နောက်ဖေးလမ်းကြားလို သူသွားခဲ့ဖူးတဲ့နေရာတွေချည်း ဖြစ်လို့နေပါတယ်။ ဂျယ်ရီက သူ့ရဟတ်ယာဉ် ရပ်နားဖို့ နေရာကျယ်ကြီးများကို ဆရာဝန်တစ်ဦးနဲ့ သွားနိုက်ဆရာဝန်တစ်ဦးတို့ပိုင်တဲ့ မြေကွက်များမှာ တွေ့ခဲ့ရတယ်လို့ဆိုပါတယ်။ အဲဒီအရပ်ဒေသအတွင်းရှိ ဈေးကြီးတွေရဲ့ အမိုးတွေမှာ ရပ်နိုင်မယ့် နေရာတွေကိုလည်း သူမှတ်မိအောင် လုပ်ထားပါသေးတယ်။ ယုတ်စွအဆုံး သူ့သမီး နှစ်ယောက်ကို ကျောင်းလိုက်ပို့ရာမှာ တောင်မှ ရဟတ်ယာဉ်နဲ့ပဲ ပို့ပါတယ်။



"ကျွန်တော်ကတော့ သွားချင်တဲ့နေရာကို သွားချင်တဲ့အချိန်မှာ ဒီရဟတ်ယာဉ်ကလေးနဲ့ပဲ သွားတာပဲ" ဟု ဂျယ်ရီက ဆိုပါတယ်။

တစ်ခါက ကျွန်တော့်ကို ကိုလိုရာဒိုမြစ်ရဲ့ နက်ရှိုင်းတဲ့ တောင်ကြားထဲမှာ အထီးတည်း တည်ရှိနေပြီး လူသူမပေါက်တဲ့ နေရာကလေးတစ်ခုဆီကို သူခေါ်သွားခဲ့ဖူးပါတယ်။ ဝဲပတ်လည်က တောင်နံရံကြီးတွေက အပေါ်ကို လှမ်းမမြင်နိုင်အောင် မြင့်မားလွန်းလှပါတယ်။ ဟိုတစ်ချိန်က အင်ဒီးယန်း လူမျိုးတွေ သီးသန့် နေထိုင်ခဲ့တဲ့ နေရာဖြစ်ပြီး ကိုလိုရာဒိုကလေးလို့ ဂျယ်ရီက ခေါ်ပါတယ်။ ဟိုပီအင်ဒီးယန်းတို့က ဒီဆန်းကြယ်တဲ့ နေရာကလေးကိုကြည့်ပြီး ဘဝအားလုံး ဒီနေရာမှာပဲ စခဲ့တယ်လို့ ဆိုပါတယ်။ ဆန်းဆန်းကြယ်ကြယ် နေရာလေးမို့ သူတို့ဆိုခဲ့တာဖြစ်ပါလိမ့်မယ်။ သာမန် ခရီးသွားလေယာဉ်နဲ့ ဘယ်လိုမှ မရောက်နိုင်တဲ့ စိတ်ကူးထဲက နေရာလေးပေါ့။

ဂျယ်ရီ ခေါ်တောအတွက်တော့ လှပတဲ့ ကမ္ဘာလောကသစ်ကြီးဟာ တံခါးဖွင့်ထားလျက်ပါပဲ။ အသက်ရှူမှားမတတ် ဖြစ်ရတဲ့ ရှေးက မရောက်ဖူးခဲ့တဲ့ စုံတောမြိုင်တွေဟာ ဂျယ်ရီတို့လို လူမျိုးတွေအတွက်ပဲ ဖြစ်ပါတယ်။ ဝေးလွန်းသီခေါင် လူသူမနီး တောကြီးမျက်မည်းတွေကို ဂျယ်ရီတို့မိသားစု သက်သောင့်သက်သာ ခရီးဆန့်နိုင်ကြပါတယ်။ ဂျယ်ရီကတော့ ဘဝကိုဘယ်လိုနေသွားရမယ်ဆိုတာ သိနားလည်တဲ့ လူတစ်ယောက် ပါပဲခင်ဗျ။

## တကယ်တော့ ကမ္ဘာကလေးပါပဲ

**မေရီ ဟဲရစ္စ ဇရန်စစ်နှင့် ဘာဘရာ မာရှယ်**

**ကဲန်ဆတ်စ်စီးတီး၊ မစ်ဇူးရီး**

ကြီးကြီးကျယ်ကျယ်ကိုမှ ကြဲစည်စိတ်ကူးလေ့ရှိသော ဘာဘရာ မာရှယ်နဲ့ မေရီ ဟဲရစ္စတို့က သေးကွေးတာကိုလည်း ကြဲစည်စိတ်ကူးတတ်သူများ ဖြစ်နေပါလိမ့်မယ်။

သူတို့က ကစားစရာကလေးများနဲ့ ပုံတူပစ္စည်းကလေးများကို စုဆောင်းကြသတဲ့။ သူတို့နှစ်ယောက်ပေါင်းပြီး ကဲန်ဆတ်စ်စီးတီးက ရိုးမှမ်းယူရတဲ့ ပြတိုက်ကို ဖွင့်ပြီး စုဆောင်းထားတာလေးတွေ ပြသကြတယ်။ သူတို့ စုဆောင်းထားတဲ့ တိုလီမိုလီ သေးသေးကွေးကွေး ပစ္စည်းတွေကလည်း များလိုက်တာမှ လွန်ရောပဲ။

"ကျွန်မမှာ ပစ္စည်းလေးတွေ ထားစရာနေရာ မရှိတာ အမှန်ပါပဲရှင်" ဟု ဘာဘီ (ဘာဘရာ၏ အတိုကောက်) ကပြောပြပါတယ်။

ပြတိုက်ဖွင့်ပြီး လေးနှစ်အတွင်း ပြသဖို့ထားတဲ့ ပစ္စည်းတွေက များသည်ထက် များလာပါတယ်။ သူတို့ပစ္စည်းတွေက အသေးအဖွဲလေးတွေ ဖြစ်ပေမယ့် တန်ဖိုးအလွန်ကြီးပြီး ဂုဏ်ရှိတဲ့ ပစ္စည်းလေးတွေပါပဲ။ ရှေးရှေးက အရုပ်အိမ်ကလေးများ၊ လက်နဲ့လုပ်ထားတဲ့ ပုံတူပစ္စည်းလေးများ၊ အရုပ်သေးသေးလေးများကို သူတို့က ဂုဏ်ယူဝံ့ကြွားစွာနဲ့ ပြသထားတယ်။ သူတို့ကို ကိုယ်ချင်းစာနာကြတဲ့သူတွေက ကဲန်ဆတ်စ်စီးတီးမှာရှိတဲ့ မစ်ဇူးရီးတက္ကသိုလ်က ဖြစ်ကြပြီး သူတို့အတွက် ရာစုနှစ်အစက အဆောက်အအုံကြီးမှ အခန်း ၁၃ ခန်းငှားပြီး ပြတိုက်လုပ်ပေးထားကြတယ်။ နေရာကလည်းကောင်း၊ ပစ္စည်းလေးတွေမှာ နောက်ခံကောင်းကောင်းနဲ့ခင်းကျင်းပြသနိုင်တဲ့ ဒီလိုနေရာမျိုးမှာ ကျွန်တော့်လို ကလေးကြီးအဖို့ တမေ့တမော အချိန်ဖြုန်းမိပါတယ်– ပြောရဦးမယ်။



ငယ်စဉ် ကလေးဘဝကတည်းက သူငယ်ချင်းဖြစ်ခဲ့ကြတဲ့ ဘာဘီနဲ့ မေရီ ဟဲရစ္စတို့ဟာ လန်ဒန်မှာ ပြန်ဆုံကြတော့မှ ဒီလို ပြတိုက်ဖွင့်ဖို့ စိတ်ကူးရတော့တယ်။ "ကျွန်မတို့ဟာ ငယ်ငယ်ကတည်းက တစ်ယောက်ကိုတစ်ယောက် သိနေခဲ့ကြတာလေ။ ဒီလို စိမ်းချက်တွေရပြီး လုပ်ဖို့အတွက် အင်္ဂလန်ကို တကူးတက စီးထွက်လာရတာ ရယ်စရာတော့ ကောင်းသား" လို့ မေရီ ဟဲရစ္စက ပြောပြပါတယ်။

သူတို့ အမေရိကကို ပြန်ရောက်လာတဲ့အခါ သူတို့လုပ်ငန်းကို စိတ်အားထက်သန်စွာ အစပျိုးလိုက်ကြတယ်။ မေရီ ဟဲရစ္စက "ကျွန်မတို့တော့ လုပ်ငန်းစ,စချင်း အညာက စ,ကိုင်ရတာပဲ။ မြို့တော်ဝန်နဲ့တွေ့၊ ကုန်သည်ကြီးများအသင်းနဲ့တွေ့၊ ပြီးတော့ ကျွန်မတို့ကို ကူညီနိုင်မယ်လို့ ထင်ရသူတိုင်းကို လိုက်တွေ့ရတာပါပဲ။ ကျွန်မတို့ အရပ်ကတော့ ကျွန်မတို့အကြောင်း သိပြီးသားပေါ့ရှင်။ ဒါပေမယ့် ကျွန်မကလည်း သူများကိုမှီပြီး စနေတတ်တဲ့ လူဆိုတော့ 'ကျွန်မတို့ကို ဘာများ လုပ်ပေးနိုင်မလဲ' လို့ လူတွေကို လိုက်ပြီး မေးမနေချင်ဘူး။ ရှေးဟောင်း ကစားစရာနဲ့ ပုံစံတူ ပစ္စည်းလေးတွေကို ပြတိုက်ဖွင့်ပြချင်လို့ ပြောရင် 'ဘာ ရယ်' လို့ ပြန်မေးကြတယ်လေ။ ကျွန်မတို့ လုပ်ချင်တာကို သူတို့ နားမလည်ကြဘူး"

ဘာဘရာ (ဘာဘီ) နဲ့ မေရီ ဟဲရစ္စတို့ကို နောက်ဆုံးမှာ မစ်ဇူးရီး တက္ကသိုလ်အဓိပတိက အားပေးကူညီခဲ့တယ်။ နှစ်ယောက်သား လုပ်ငန်းစကြမယ်ဆိုပြီး သူတို့အတွက် အကောင်းဆုံးနေရာကို ရှာလည်း ရှာနိုင်ကြတဲ့ သူတွေပါပဲ။ မရ ရအောင် ရှာတတ်ကြလွန်းလို့ ကျွန်တော်တော့ သူတို့ကို ချီးမွမ်းမိတာပါပဲ။

"ကျွန်မတို့ကတော့ ရတဲ့နေရာကို ကောင်းအောင် အသုံးပြုချင်တာပါ။ ဒီလို ကြီးမားတဲ့ ပြတိုက်ကြီးမှာ ကျွန်မတို့ စုဆောင်းပစ္စည်းလေးတွေ ပြဖို့ရန်အတွက် ရင်းနှီးမှုနဲ့ အခွင့်အရေး ပိုမယူမိအောင် ဂရုပြုရပါတယ်" လို့ ဘာဘီက ပြောပါတယ်။

ဒီလိုနဲ့ ပြတိုက်ကို ပြောင်းခဲ့ကြတယ်။ သူတို့ပြတဲ့အထဲမှာ အိမ်အပြစ် ပြည့်ပြည့်စုံစုံ ပါဝင်တဲ့ အရုပ်အိမ်ကလေး ၅၅ စ်ဆယ်ကျော် ပါပါ



တယ်။ တစ်ခုကတော့ လန်ဒန်တံတားချော်စင်ကြီးကို ဒီနိုင်းထုတ်လုပ်မှု သူရဲ့ သမီးကလေးပိုင်တဲ့ အရုပ်အိမ်ကလေးပါ။ အဲဒီမိန်းကလေးက လော့ဟိုရေးရှား ဂျူးတဲ့။ အိမ်ကလေးမှာ မူလကပါတဲ့ ပရိဘောဂကလေးတွေကအစုံပါတယ်။ ဒါ့အပြင် အဲဒီမိန်းကလေးကိုယ်တိုင် လက်နဲ့ ချုပ်ထားတဲ့ ကြမ်းခင်း ကော်ဇောကလေးပါ ပါတယ်။ နောက် ရောင်စုံချယ်ထားတဲ့ ပြတင်းပေါက် မှန်တံခါးတွေ၊ ပင့်ကူအိမ်ကလေးတွေ ယှက်သန်းနေတဲ့ အထပ်ခိုးလေး၊ ပြတင်းပေါင်ပေါ်မှာ အေးအေး တင်ထားတဲ့ ချယ်ရီ ဌာပနာမုန့်ကလေး တစ်ခု – စသဖြင့် အသေးစိတ်ပါတဲ့ အိမ်ကလေးလည်း ပါသေးတယ်။

အဲဒီ ပြတိုက်ထဲမှာပဲ ဇစ်တိုးရီးယားခေတ် နောက်ပိုင်း ၁၉ ရာစု မီးဖိုချောင်သုံး ပစ္စည်းလေးတွေ ပြသထားတဲ့ အခန်းလည်း ပါဝင်ပါတယ်။ အဲဒီ မီးဖိုချောင်သုံး ပစ္စည်းကလေးတွေက ဂျာမနီနိုင်ငံ နျူရင်ဘတ်မြို့က မိန်းကလေးတွေကို မီးဖိုချောင်တွင်း အသုံးပြုတတ်အောင် သင်ကြားတဲ့ ပစ္စည်းလေးတွေသာဖြစ်ကြပါတယ်။ ဒီမှာ မကာသေးဘဲ တရုတ်မင်္ဂလာဆောင် သရုပ်ဖော်ပြချက်ကလည်း အရောင်အသွေးကို ခုံနေတာပါပဲ။ ရှေးခေတ်က လက်ခြေ လှုပ်နိုင်ဘဲ အေးခဲ တောင့်တင်းနေတဲ့ ရှေးကျတဲ့ ရှားလော့အရုပ်တွေလည်း အများကြီး ရှိပါသေးတယ်။ ဘာဘီနဲ့ မေရီတို့ ပြောပြချက်အရ ရှားလော့အရုပ်များလို့ ခေါ်ရတဲ့ အကြောင်းရှိပါတယ်တဲ့။ နယူးအင်္ဂလန် ဒေသ္မာရီတစ်ခုမှာ မိခင်တစ်ဦးက ရှားလော့အမည်ရှိ သူ့သမီးကလေးကို အဆောင်းဘက် စံနိုင်ဖို့ အလွန်အေးတဲ့ တစ်ညနေမှာ အပြင်ထွက်တဲ့အခါ အပေါ်အင်္ကျီ ဝတ်သွားနိုင်းတယ်။ ဒီသတိပေးချက်ကို သမီး ရှားလော့က အလေးမထားဘူး။ ဒါနဲ့ အေးခဲတဲ့ ရှားလော့အရုပ်ကလေးတွေ ဖြစ်ပေါ်လာရတာပါ။ ဒါနဲ့ အေးခဲတဲ့ ရှားလော့အရုပ်ကလေးတွေ ဖြစ်ပေါ်လာရ နားမထောင်ဘူး။ ဒါနဲ့ အေးခဲတဲ့ ရှားလော့အရုပ်ကလေးတွေ



ကလေးဆိုရင် ၄,၅နိုင်ရမယ်။ တံခါးသော့ကလေးဆိုရင် ဖတ်နိုင်ရမယ်။ ဒါပေမယ့် ဒီပစ္စည်းကလေးတွေနဲ့တော့ ထစကို မဖြစ်နိုင်ဘူး။ သိပ်နုနယ်ပြီး ကွဲရှလွယ်တယ်။ ဒါပေမယ့် ဒီလို အသေးစိတ်နိုင်မှုလည်း ဖြစ်မှာ။ ဒီ ပုံစံတူပစ္စည်းလေးတွေအပေါ်မှာ လူတွေ ဘယ်လောက် စိတ်ဝင်စားမှု ရှိရမယ်ဆိုတာ သိရရင် အံ့သြမယ်။ လူ့ဘဝကြီးမှာ စိတ်ရှုပ်စရာတွေ ကြုံလာရင် ဒီလို ကိုယ်ပိုင်ကမ္ဘာ သေးသေးလေးတွေ ဖန်တီးပြီး နေနိုင်တယ်လေ။ စိတ်အပမ်းပြေသလို အလွန်ကောင်းတဲ့ ထွက်ပေါက်ပဲ ပေါ့" လို့ ဘာဘီက သူ့ရဲ့ စုဆောင်းပစ္စည်းလေးတွေနဲ့ပတ်သက်ပြီး ရှင်းပြပါတယ်။

"ကျွန်မရဲ့ ပစ္စည်းလေးတွေကတော့ ဘာဘီ့ပစ္စည်းတွေလောက် အသေးမစိတ်ဘူး။ ကောင်းဆိုတာ သိတ်အရေးမကြီးဘူး။ ကစားစရာလေးတွေနဲ့ ကစားချင်တိုင်း ကစားနိုင်ဖို့ပဲလိုတယ်။ ကျွန်မကလေးတွေ ကြီးပြင်းလာတော့လည်း ဒီပစ္စည်းလေးတွေကိုကြည့်ပြီး ဓလေ့မတ်ပုံတော်အတွက် သူတို့ ဘာလိုချင်တယ်ဆိုတာ ခွဲခြားနိုင်တာပေါ့။ ကစားစရာဆိုင်တွေမှာလည်း ကျွန်မ အဖိုးအကြီးကြီး ဖြန့်ပေးနိုင်တယ်" လို့ မေရီက တစ်ခါ သူ့ပစ္စည်းလေးတွေအကြောင်း ပြောပြပါတယ်။

ဒီ ချစ်စရာကောင်းတဲ့ မိန်းမကြီးနှစ်ဦးကို 'တချို့ကတော့ ဖြစ်ရပ်မှန်နဲ့ ကင်းကွာနေတဲ့သူတွေပဲ'လို့ ပြောချင်ပြောကြမှာပါ။ ပြီးတော့ သူတို့ရဲ့ ဘဝတစ်လျှောက်မှာ ရှိခဲ့တဲ့ ပြင်းထန်တဲ့ ဝေဒနာတွေကလည်း ကလေးဆန်သလို ဖြစ်ကောင်းဖြစ်ပေမယ်။ ဒါပေမယ့် မေရီ ဟဲရစ္စက အောက်ပါအတိုင်း ပြောပါတယ်။

"ကျွန်မတို့က လူကြီးဘဝကို ရောက်နေကြတဲ့ လူ ၅၀ ကို မေးရပါမယ်။ သူတို့ငယ်စဉ်က ကစားခဲ့တဲ့ ဖော်ဝံအရုပ်ကလေးတွေ ရှိသေးရဲ့လား လို့။ ဒီအထဲက လူ ၃၀ ကတော့ ရှိတယ်လို့ ပြောကြမှာပဲ" လို့ မေရီက ဟောကိန်းထုတ်ပါတယ်။ "လူတွေဟာ ဒီလို ကစားစရာလေးတွေအပေါ်မှာ ထင်တာထက်ပိုပြီး သံယောဇဉ် ဖြစ်တတ်ကြပါတယ်လေ"

ဘယ်လိုပဲဖြစ်စေ၊ ဘာဘီနဲ့ မေရီတို့ကတော့ သူတို့ဆန္ဒအတိုင်း လုပ်ပြနိုင်ကြပါပြီ။ တကယ်တော့ သူတို့နှစ်ယောက်လုံးဟာ သာကြီးသမီး

ကြီးတွေ ရှိကြတဲ့ မီးခင်ကြီးတွေပါ။ မေရီ ဟဲရစ္စက သူ့အိမ်ကို ဧည့်သည် တွေလာရင် သူ့သားသမီးတွေကို "မင်းတို့အမေ ရှာတိုက်မလေးရော"လို့ မေးရင် "မေမေ ကစားနေတယ်" လို့ဖြေကြသတဲ့။ တစ်ခါတလေ ပြတိုက် ကို သွားခါနီး "ငါအလုပ် သွားတော့မယ်" လို့ပြောရင် တစ်အိမ်လုံး ငိုင်းရယ် လိုရယ်ကြတာ" လို့ မေရီက သတိတရ ပြောပြပါတယ်။

"ကျွန်မ သမီးကလေး သုံးယောက်ကတော့ ကျွန်မ စုထားတဲ့ ကစားစရာလေး တွေကို ကြိုက်ကြတယ်တဲ့။ အခုတော့ သူတို့အိမ်ကို သူတို့ ပြုပြုပြင်ပြင် လုပ်တတ်လာကြပါပြီ။ ဒါပေမယ့် သူတို့ ငယ်ငယ် ကတော့ အိမ်ထဲက ပရိဘောဂတွေ အနားကို သူတို့ကို အကပ်မခံခဲ့ဘူး၊ အမေ့ပစ္စည်းတွေနဲ့ မကစားရဘူး" လို့ ဘာဘီက ပြောပြပါတယ်။

"ပင်ပန်းရတာတွေများပေမယ့် ပြန်ဝေးစားလိုက်ရင် ပီတိဖြစ်ရတာ က များတယ်။ ဒီလို ပြတိုက်မျိုးကို စလုပ်ရတာ တကယ် စွန့်စားခန်းပဲ။ ဒါပေမယ့် ကျွန်မတို့ မိန်းမ နှစ်ယောက်တည်းနဲ့ အောင်မြင်အောင် လုပ်နိုင်ခဲ့ တယ်။ ဒါကို သိတ်ပြီး ဂုဏ်ယူမိပါတယ်ရှင်"လို့ မေရီ ဟဲရစ္စက ဆိုပါတယ်။ ဘာဘီကလည်း သူလည်း ဒီလိုပဲလို့ ထောက်ခံပါတယ်။

"ဒီနေရာ ရောက်တဲ့လူတိုင်း ပျော်သွားကြတာပဲရှင်။ ခစ်စနေလင်း ကိုရောက်ရင် ရတဲ့ ခံစားမှုမျိုးကို တစ်ခုသောအတိုင်းအတာအထိ ရနိုင်အောင် ကြိုးစားထားတယ်။ ပြတိုက်ထဲ ဝင်လာလိုက်တာနဲ့ တခြားကမ္ဘာတစ်ခုကို ရောက်သွားရသလို ခံစားကြယ်တဲ့ ခံစားမှုမျိုး ရမှာ မလွဲပါဘူး။ သီးသန့် နေရာလေးတစ်ခုပဲဆိုတာ သဘောပေါက်မှာပါ"

တစေတစ်နဲ့ များပြားလာတဲ့ ပစ္စည်းလေးတွေနဲ့ ပတ်သက်ပြီး မေရီ ဟဲရစ္စက သူ့ဒဿနကို တင်ပြခဲ့တယ်။ "ကစားစရာဆိုတာ တကယ် အရာဝတ္ထုတွေရဲ့ ရောင်ပြန်ဟပ်မှုပါပဲ။ စိတ်ကူးဉာဏ် ကွန့်မြူးစေတယ်။ ပုံစံငယ် ပစ္စည်းလေးတွေကတော့ တကယ့်အရှိ ပစ္စည်းလေးတွေကို ချုံ့ပြ ထားတာမျိုးပါ"

ဒီအမျိုးသမီး နှစ်ယောက်ကတော့ အံ့ဩစရာပါပဲဗျာ။ ကြုံရင် သူတို့ပြတိုက်ကလေးဆီကို ဝင်ခဲ့ပါလား။



## ဘင်တီးဝို့ စီစဉ်ခြင်း

ဒေါက်တာ ဝီလျံ ဝီ ပေါ်စတော

တာလာဟက်စီ၊ ဖလော်ရီဒါ

အမေရိကရဲ့ အထက်တန်းကျောင်း ဩဘာသံပေးအဖွဲ့ ဆရာတွေနဲ့ ကျွန်တော်တို့ တွေ့ခဲ့ပြီးတဲ့နောက် ထင်ရှားတဲ့ အမေရိကန်အဖွဲ့အစည်း တစ်ခုက ထင်ရှားသူတစ်ဦးနဲ့ တွေ့ပေးရင် ကောင်းမယ်ထင်ပါတယ်။ အဲဒီ အဖွဲ့အစည်းကတော့ ကျောင်းတွင်း ဘင်ခရာအဖွဲ့ဖြစ်ပါတယ်။ အဲဒီအဖွဲ့မှာ ထင်ရှားသူကတော့ ဒေါက်တာ ဝီလျံ ဝီ ပေါ်စတောတဲ့။ သူ့အဖွဲ့မှာတော့ သူက အတော်ဆုံးလူတစ်ယောက်ပေါ့။

စစ်ချီ ဘင်ခရာအဖွဲ့မှာ ဘီလ် ပေါ်စတောဟာ ဘင်အမျိုးမျိုး တီး မှုတ်နဲ့အညီ ချီတက်ခဲ့သူပါပဲ။ လွန်ခဲ့တဲ့ လေးဆယ့်တစ်နှစ်က ဘင်ခရာအဖွဲ့ များရဲ့ ညွှန်ကြားရေးမှူးအဖြစ် ဖလော်ရီဒါ အေနဲ့ အယ်မ်းတက္ကသိုလ်မှာ သူတာဝန် ထမ်းဆောင်ခဲ့ဖူးပါတယ်။ "လွန်ခဲ့တဲ့ နှစ်လေးဆယ်ကဆိုတော့ စစ်ချီဘင်ခရာ တီးဝိုင်းဟာ ထောင်စကာလေးပဲ ရှိသေးတယ်။ ဒီတုန်းက သီချင်းတစ်ပုဒ်စ နှစ်ပုဒ်လောက်ပဲ တီးကြရတယ်။ ရွှန့်စားတဲ့အနေနဲ့ကတော့ စာလုံးဖော်တာမျိုး လုပ်ပါတယ်။ ဒီကနေ့လို ရည်ရွယ်ချက် အကြီးကြီး ထားတာမျိုးတော့ မဟုတ်ဘူး။ ခေတ်ဆန်းချိန်ကိုတော့ မြင်ကြရပြီပေါ့"။

၁၉၄၆ ခုနှစ်မှာ ဖလော်ရီဒါ အေနဲ့ အယ်မ်မှာ ပထမဆုံးဘင်ခရာအဖွဲ့ ကို ဖွဲ့ခဲ့ပါတယ်။ အဖွဲ့ဝင်က ၄၅ ဦးပဲရှိတယ်။ ဒီနေ့တော့ ထပ်ပြည့်တာနဲ့ လူ ၂၅၀ လောက် ရှိပါပြီ။

"ကျုပ်ကတော့ လူတစ်ရာဆို အလုပ်ဖြစ်ပြီထင်တာ။ ဒါပေမယ့် နှစ်နှစ်လောက်ပဲ ကြာတယ်။ တိုးလာလိုက်တဲ့ လူတွေ" လို့ ဘီလ်က ပြောပြပါတယ်။ "ဘင်ခရာအဖွဲ့ကို 'ချီတက်တဲ့ တစ်ရာအဖွဲ့' လို့တောင်



နာမည်ပြောင်းခဲ့ရ သေးတယ်"တဲ့။ ဘီလ်ကတော့ ဒါကို အခေါ်မှားသတဲ့။ "ရှေးတုန်းက ဒီလိုပဲ ခေါ်ခဲ့ကြတာနဲ့ ဒီနာမည် တွင်သွားတာ။ ပြောင်းပစ်ဖို့ ကျုပ်တို့ မကြိုးစားကြတော့ဘူးလေ"

ဒီလူက အနုပညာမြောက်အောင် လုပ်တတ်တဲ့လူပါပဲဗျာ။ ပန်းချီ ဆရာတစ်ယောက်လိုပဲ။ အမေရိကန် ဘောလုံးကွင်းကြီးတွေကတော့ သူ့ရဲ့ ပုံဆွဲတဲ့ အောက်ခံ ကားချပ်ကြီးတွေ ဆိုပါတော့။ ဂီတနဲ့လှုပ်ရှားမှုကို ဟန်ချက် ညီညီ ပေါင်းစပ်ပေးနိုင်သူပါ။ သူ့ညွှန်ကြားမှုအောက်က ရှိတဲ့ ကစား ကွင်းဆင်း ဖျော်ဖြေမှုများဖြစ်တဲ့ ဖလော်ရီဒါ အေနဲ့ အယ်မ်း ဘင်ခရာအဖွဲ့ကို "အမေရိကရဲ့ အချိန်ဝက်ပြပွဲကြီးများ" လို့ ခေါ်ကြတယ်။ သူတို့အဖွဲ့ကို အမည် အမျိုးမျိုး တပ်ကြတယ်လေ။ "ချီတက်တဲ့ တစ်ရာအဖွဲ့" ကို "ဘင်ခရာ စစ်ချီအဖွဲ့ရဲ့ နော်တာ ဒယ်မ်" (စီဘီအက်စ်ရဲ့ မိနစ် ၆၀ ကဏ္ဍ)၊ "ဘင်ခရာအဖွဲ့ရဲ့ လီနာ ဟွန်း" (ဝေါစထရိဂျာနယ် မှခေါ်)၊ "ဘင်ခရာအဖွဲ့ရဲ့ အီးအက်ဖ် ဟတ်တန်" (တာလာဟက်စီ ဒီမိုကရက် မှခေါ် ) စသဖြင့် အမျိုးမျိုး အမည်ရခဲ့တယ်။

ဘယ်အထက်တန်းကျောင်းပဲဖြစ်ဖြစ်၊ ကောလိပ်ကျောင်း ဘင်ခရာ အဖွဲ့မှန်ရင်၊ ဘီလ်ရဲ့ ဩဇာ မကင်းကြ။ ဘီလ်ရဲ့ လွှမ်းမိုးမှုအောက်မှာ ရှိဝင် ကြတယ်။ ချီတက်ရာမှာ သူ့ရဲ့ တီထွင်ချက်တွေကလည်း အများသားပါပဲ။ ချီတက်တဲ့ ခြေလှမ်းတွေမှာ အချိန်ကို နှစ်ဆသုံးခြင်း (ဘင်တစ်ချက်ထု–ခြေ လှမ်း လေးလှမ်းလှမ်း)၊ သုံးဆသုံးခြင်း (ဘင်တစ်ချက်ထု–ခြေလှမ်းခြောက် လှမ်းလှမ်း)၊ ဒူးအမြောက်နဲ့ ဘင်ကိရိယာသုံးခြင်း အညာမညာ ဖြစ်မှုနဲ့ သုံးဖက်မြင် လှုပ်ရှားမှု ပုံသဏ္ဌာန်ရအောင် လုပ်ခြင်းတို့ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော် သဘောအကျဆုံးကတော့ ခရာကြီးနဲ့ ဆက်ဆိုဖုန်း မှုတ်တဲ့သူတွေဟာ သူတို့မှုတ်တဲ့ကိရိယာတွေနဲ့အတူ လေထဲကို ခုန်လိုက်ကြပြီး မြေအစုံ ခွဲလျက်သား ပြန်ကျလာကြတဲ့ ပုံစံပါပဲ။ "တစ်ခါတလေ ဒီသူငယ်တွေ သူတို့ကိုင်ထားတဲ့ ကိရိယာကြီးတွေနဲ့အတူ လေထဲကို ဘယ်လိုမြောက်အောင် လုပ်နိုင်ကြပါလိမ့်မယ်လို့ တွေးမိရသေးတယ်။ ဒီနှစ်ထဲမှာမှ လူငယ်ငယ် လေးတွေ တူရိယာပစ္စည်းအကြီးကြီးတွေ သုံးတာကို ကျွန်တော်တို့ တွေ့ရ



ပါတယ်" လို့ ဘီလ်က ပြောပြပါတယ်။

၁၉၆၂ ခုနှစ်မှာ ချီတက်ရာမှာ သီဆိုတီးမှုတ်နိုင်တဲ့ သီချင်းတွေထဲ ကို ပေါင်းနေပြီဖြစ်တဲ့ နှစ်ဖက်မြင်လှုပ်ရှားမှုရိုးရိုးကို ထည့်လိုက်ခြင်းဖြင့် ပုံစံတစ်မျိုးကို ဘီလ်က ရအောင် လုပ်လိုက်ပါတယ်။ တော်လှန်ပစ်လိုက်တဲ့ သဘောပါပဲ။ ဘီလ်ရဲ့ညွှန်ကြားမှုအောက်မှာ ဘင်ခရာအဖွဲ့ သမားတချို့က ဘောလုံးကစားသမားတစ်ယောက်ပုံ ဖော်ပြီး ကျန်အဖွဲ့ဝင်တွေ အားလုံးက ဘောလုံး တစ်လုံးပုံ ဖော်ပြပါတယ်။ အလားတူ ဘားစကက်ဘော၊ ဘေ့စ်ဘော ကစားသမားပုံတွေကိုလည်း ဒီလိုပဲ ဖော်ပြပါတယ်။ တီးမှုတ်တဲ့ သီချင်းတွေက "ဆွိုကျော်ကျိုယာဘာရောင်း"နဲ့ "ဘောလုံးကစားပွဲကိုခေါ်ပါ" တို့ ဖြစ်ကြပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်အထိ ဒီလို ကြီးကျယ်တဲ့ လုပ်ငန်းစဉ်တွေကို စားပွဲပေါ်မှာ ကစားကွင်းများအဖြစ် မြေပုံဆွဲချ အစီအစဉ်လုပ်၊ အကွက်ချ၊ ဘင်ခရာအဖွဲ့သားတွေကို ရုပ်တုငယ်လေးတွေနဲ့ ပုံစံပြပြီး လုပ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ဘီလ်နဲ့ သူ့ရဲ့ အချိန်ပြည့် လုပ်ဖော်ကိုင်ဖက်တွေက အခုအချိန် မှာတော့ စက်မှုအထောက်အပံ့ ဗိုရနိုင်ရေးအတွက် ကွန်ပျူတာဘက် လှည့်ခဲ့ကြတယ်။

ယုံချင်ယုံ၊ မယုံချင်နေ။ ဘီလ်ကတော့ သူ့ရဲ့ ပါရဂူဘွဲ့အတွက် ဘင်ခရာအဖွဲ့ အခမ်းအနားပွဲအကြောင်းကိုပဲ ကျမ်းပြုစုခဲ့ပါတယ်။ ကိုလံဘီယာ တက္ကသိုလ်ဆရာများကောလိပ်ကနေပြီး ပညာရေးဆိုင်ရာ ပါရဂူ ဒေါက်တာဘွဲ့ ကို သူရခဲ့တယ်လေ။ သူ့ကျမ်းဖြစ်တဲ့ "ဘင်ခရာအဖွဲ့ အခမ်းအနားပွဲများ အကြောင်း" ဆိုတဲ့ ကျမ်းကတော့ စစ်ချီဘင်ခရာတီးဝိုင်းအဖွဲ့ ညွှန်ကြားချက် အတွက် သမ္မာကျမ်းစာတစ်စောင်လို မှတ်ကျောက်တင်ရစ်တဲ့စာမျိုးလို့ မှတ် ယူထားကြပါတယ်။ "အချိန်ဝက် ပြပွဲတွေမှာ ရည်ရွယ်ချက် သုံးခုထားရှိတယ်။ အဲဒါတွေကတော့ သမိုင်းဖြစ်ရပ်၊ လူ့ဥပဒေရုပ်နဲ့ လတ်တလောဖြစ်ရပ်တွေ ပါပဲ" တဲ့။

ဘီလ်ဟာ ပြောသလို လုပ်တတ်တဲ့ အပြောအဟောနဲ့ ညီသူ တစ်ယောက်ပါ။ ပထမဆုံး လကမ္ဘာပေါ်မှာ လူသားတို့ ခြေချခဲ့တဲ့အချိန် ရက်သတ္တပတ်အဆုံးမှာ "ချီတက်တဲ့တစ်ရာ" အဖွဲ့က လပေါ် ဆင်းခဲ့ကဲ့

"အဝိုလို" ခုံးပျံ့ပုံစံတူအောင် ပုံဖော်ပြီး သရုပ်ပြခဲ့ကြတယ်။ "လပေါ်မှာ လမ်းလျှောက်ခြင်း" ကတော့ ကျော်ကြားပြီး နှစ်အတော်ကြာမှ (မိုက်ကယ် ဂျက်ဆင်ကလည်း နာမည်ကျော်အောင် လုပ်ခဲ့တာကိုး) ဒီအထိမ်းအမှတ်အဖြစ် "ဟစ်" ဖြစ်ကျန်ခဲ့မယ့် သီချင်းနဲ့ ဘရိတ်ဒန့် (အက) ကို ရောထားတဲ့ ဂီတဟာ ခေတ်စားခဲ့တယ်။ "ဂီတနဲ့ အကကို ညီညွတ်အောင် ဖန်တီးပြီး ခေတ်နဲ့အပြိုင် ဖြစ်စေရမယ်" လို့ သူက ပြောတယ်။

သူ့ရဲ့ အစက်ခဲဆုံး အလုပ်တစ်ခုကတော့ ၁၉၆၉ ခုနှစ် ဇန်နဝါရီလ မှာ ကျင်းပတဲ့ ဆူပါဘိုးလ်(၃) ဘောလုံးပွဲလုပ်ပွဲ ဖြစ်ပါတယ်။ "ရောမ နဲ့ ကြီးတွေထဲက ထွက်လာပြီး တီးမှုတ်ရတာပါ။ "သူတို့က ကျွန်တော်တို့ကို တီးမှုတ်ရင်း ချီတက်စေချင်ကြတာ။ ဒီမှာတင် တီးမှုတ်တဲ့အသံရယ်၊ ပွဲတင်သံ ရယ်မှာ ပြဿနာရှိလာတယ်။ ဒါပေမယ့် ဒီပြဿနာကို ကျော်လွှားနိုင်ခဲ့ ပါတယ်။ နည်းနည်းတော့ ခက်တာပေါ့။ ရောမ နဲ့ကြီးတွေကို ရင်ပေါ်တန်း မှုတ်ရင်း ချီတက်လာကြတယ်။ အသံကြီးတွေက တကယ်ကို ဟိန်းပြီး စုံညားတာပဲ"၊

ကျွန်တော် ဘီလ်ကိုသိတာ နှစ်အတော်ကြာပါပြီ။ သူမက်ဒေါနယ် အမေရိကန် နိုင်ငံလုံးဆိုင်ရာ အထက်တန်းကျောင်း ဘင်ခရာအဖွဲ့ကို ဦးစီး ဦးရွက် လုပ်ကိုင်နေတဲ့ နေရာဖြစ်တဲ့ ရေခဲလျှောစီး ရေခဲပြင်ရှိရာ ရောကဲ လားစဲန်ဟားကို နှစ်စဉ် လာရောက်ရာက တစ်စတစ်စနဲ့ သူနဲ့ကျွန်တော်တို့မှာ ခင်မင်မှု ကြီးထွားလာခဲ့ရတယ်။ ရေခဲပြင်ပေါ်မှာတော့ သူ့အဖွဲ့က မချီတက်နိုင် ပါဘူး။ ဒါပေမယ့် သီချင်းတွေကတော့ တစ်ပုဒ်ပြီးတစ်ပုဒ် တီးပါလိမ့်မယ်။ ကျွန်တော်လည်း ရေခဲပြင် ဘေးဘက်နားမှာ ရပ်ပြီး ဘီလ် လုပ်သမျှတွေကို ကြည့်နေမိပါတယ်။ သူ့ရွှမ်းရည်၊ စစ်မှန်ပြီး ရိုးသားတဲ့ သူ့စိတ်အား ထက်သန်မှုကို ကျွန်တော် အံ့အားသင့်မိပါတယ်ဗျာ။ ဂီတက သူ့ကို လှုပ်ရှားစေပြီး ကြည့်ရတဲ့သူလည်း ကြည်နူးရတာပဲ။ သူ့ကိုကြည့်ပြီး ရေခဲပြင် ပေါ်မှာ ရပ်နေရပေမယ့်ကျွန်တော့်မှာ နွေးထွေးမှုကို ခံစားနေရတယ်။

မက်ဒေါနယ်ဘင်ခရာအဖွဲ့က ကိုလံဘီယာဒီစတြိတ်နဲ့ ပြည်နယ် အထက်တန်းကျောင်းသား နှစ်ယောက်ကို ခေါ်ခဲ့တယ်။ တစ်ယောက်က



ကို "ယနေ့" ရုပ်မြင်သံကြားပြပွဲကနေ နယူးယောက်မြို့မှာ ဘုရားသခင်ဂုဏ်တော် ချီးကျူးပွဲ စီတန်းလမ်းလျှောက်ပွဲမှာ ပါဝင်ပြီး ဘင်ခရာ တီးနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ မက်ဒေါနယ်ဘင်ခရာအဖွဲ့ကလည်း အမေရိကန် နိုင်ငံလုံးအဖွဲ့ နှစ်စဉ် ပူးပေါင်းပြီး ဗီရက်စ်တာဘိုးလ်နဲ့ နှင်းဆီအလှပြပွဲ တွေမှာ ပါပါတယ်။

ဘီလ်ဟာ အမေရိကန်လေတပ် ဘင်ခရာတီးဝိုင်း၊ ဂျပန်နိုင်ငံ ဂါမေကိုရီမြူနီစီပယ်ဘင်ခရာအဖွဲ့၊ အမျိုးသားကောလိပ်ဘင်ခရာအဖွဲ့၊ အမေရိကန်ပြည်ထောင်စု စစ်တပ်ဘင်ခရာအဖွဲ့၊ ဖလော်ရီဒါ အေနဲ့ အယ်မ်း ယူနီဗာစီတီ (အက်ဖ်အေအယ်မ်းယူ) ဘင်ခရာအဖွဲ့တို့ရဲ့ ခေါင်းဆောင်လည်း ဖြစ်ပါတယ်။ ပြီးတော့ လူမည်း ဂီတအသင်းကြီးရဲ့ နာယကလည်း ဖြစ်ပါတယ်။ အက်ဖ် အေအယ်မ်းယူ စစ်ချီ ဘင်ခရာအဖွဲ့ဟာ ၁၉၈၆ ခုနှစ် အောက်တိုဘာလမှာ ကောလိပ်ပေါင်းစုံ စစ်ချီဘင်ခရာအဖွဲ့ဆုကို ရထားတဲ့အဖွဲ့ပါ။

ဒီလို ဆုတံဆိပ်တွေရ၊ ဂုဏ်သတင်းတွေ ကျော်ကြားခြင်း ရှိပေ မယ့် စစ်ချီဘင်ခရာအဖွဲ့များကို စိန်းသစ်လာအောင် ပြုစုပျိုးထောင်ပေးရသူ အဖြစ် ဘီလ်ဟာ ဘယ်တော့မှ ဘဝင်မမြင့်ပါဘူး။

"ရုပ်မြင်သံကြားဆိုတာ ဘင်ခရာတီးဝိုင်း လှုပ်ရှားမှုတွေအတွက် အများကြီး လွှမ်းမိုးမှုရှိတယ်။ ထုတ်လွှင့်တဲ့အခါ၊ အဝတ်အစား အဆင်အပြင် တွေရယ်၊ စီကာပတ်ကုံး ပြောပြတာတွေရယ်၊ စည်းဝါးညီညွတ်တဲ့ ဂီတတွေ ရယ်ပါ။ တချို့ ကြီးကြီးကျယ်ကျယ် ထုတ်လွှင့်မှုတွေအတွက်ဆိုရင် ဒီလို ပြပွဲတွေဟာ ကစားကွင်းထဲမှာတင်မကဘဲ အိမ်ထဲမှာရှိကြတဲ့လူတွေအတွက်ပါ စီစဉ် ပြင်ဆင်ထားတာပါ။ ကျွန်တော်တို့ရဲ့ ဖျော်ဖြေမှု အစီအစဉ်တွေကို ရုပ်မြင်သံကြားက ပြောင်းလဲစေပါတယ်"

ဒါပေမယ့် ဘီလ်ရဲ့ ကြိုးပမ်းမှုတွေကို ရုပ်မြင်သံကြားဖန်သားပြင် မှာရော၊ ဝါသနာအိုးတွေ စုပြုံနေတဲ့ ဘောလုံးကစားကွင်းမှာရော၊ သူကတော့ အနုပညာပါပါနဲ့ စိတ်တက်ကြွစရာတွေချည်းဖို့ ကောင်းသွားရတာချည်းပါပဲ။

ကျွန်တော် ဘယ်ကိုပဲသွားသွား၊ ကိုယ့်ပတ်ဝန်းကျင်ကို ကောင်း ဆောင် ဘဝတစ်သက်လုံး ပြင်းထန်တဲ့ဆန္ဒတွေနဲ့ ကြိုးစားနေကြသူတွေ



ဆောင် ဘဝတစ်သက်လုံး ပြင်းထန်တဲ့ဆန္ဒတွေနဲ့ ကြိုးစားနေကြသူတွေ
ဆိုရင် ဂျယ်ရီ ပေါ်စတာ ဒါမှမဟုတ် ပဲမ်မလာ အာဂွတ် အက်ဂ်နယူးတို့လို လူမျိုးတွေနဲ့ တွေ့နေရတာပါပဲ။ မေရီ ဟဲရစ္စနဲ့ ဘာဘရာ မာရှယ်တို့ရဲ့ အလုပ်က အသေးအဖွဲ အလုပ်ကလေးတွေလို့ ထင်ရပေမယ့် နှစ်သက်တဲ့ သူတွေရဲ့ ကျေးဇူးဆိုမှုတော့ ရှိနေပြီပါပဲ။ ဘီလ် ပေါ်စတာလို စိတ်ကူးနဲ့ အတွေးသမားတွေကတော့ လမ်းသစ်ကို ရှာနိုင်တဲ့သူတွေပါ။ သူတို့တစ်တွေ ကတော့ ကျွန်တော့်ရဲ့ အမေရိကန် အိမ်နီးချင်းတွေထဲမှာ ပါဝင်လာခဲ့တဲ့ သူတွေပေါ့။ သူတို့တစ်တွေ ရှိတာဟာ ကျွန်တော်တို့အတွက် သိပ်ကို ကံကောင်းတာပဲလို့ ဆိုချင်ပါတယ်။



## ၃။ လုပ်သားသူရဲကောင်းများ

"အလုပ်တစ်ခုကို စမိရင် ဆုံးအောင် လုပ်စေချင်၊ ကြီးသည် ငယ်သည် မရွေးချယ်၊ ကောင်းအောင်လုပ်ရမယ်" ဆိုတဲ့ သီချင်းလေးကို ကျွန်တော့်အဘိုးက ကျွန်တော့်ကို ဆိုပြလေ့ရှိခဲ့ပါတယ်။

သီချင်းလေးက ကာရံ နဘောတွေနဲ့ နှစ်သက်ချင်စရာလေးပဲ။ ဒီအခန်းမှာ အစုဖော်ပြမယ့် လူတွေအကြောင်းကို စဉ်းစားမိတာနဲ့ အဲဒီသီချင်း လေးကို သွားပြီးသတိရမိတယ်။ မီးဖိုပြင်သမားတစ်ဦး၊ နို့ညှစ်သမားတစ်ဦး၊ အငှားကားမောင်းတစ်ဦး။ ဒီသုံးယောက်ကတော့ အလုပ်ကို မှန်မှန်ကောင်း ကောင်းနဲ့ အလုပ်ကို ကျင့်ဝတ်နဲ့အညီ လုပ်တတ်တဲ့ အမေရိကန်တို့ရဲ့ အမူ အကျင့်အတိုင်း လုပ်ကြသူတွေပါပဲ။ အလုပ်နဲ့ပတ်သက်လာရင် အာမခံနိုင် လောက်တဲ့ လူတွေပါ။ ကျွန်တော်ပြောတဲ့ ကျွန်တော်တို့ဝန်းကျင်က လူတွေ အကြောင်း သိမှာပါ။ အလုပ်ကို လျင်မြန်ချောမွေ့စေအောင် လုပ်နိုင်တဲ့ ဆရာ ဆရာမတွေ၊ မီးသတ်တွေ၊ ချောစာပို့သမားတွေ၊ လမ်းထောင့်က ကုန်စုံဆိုင်စာရေးတွေ။

ကျွန်တော့်ဘဝတစ်လျှောက်မှာ ကြင်နာထောက်ထားတတ်တဲ့လူ တွေကို အမှီသဟဲပြု ခဲ့ရတာတွေကတော့ ကျွန်တော် ကံကောင်းတယ် ဆိုရမှာပါပဲ။ ကျွန်တော်တို့ရဲ့ နွားနို့ပို့သမား အဘိုးကြီးကို သတိရနေ သေးတော့တယ်။ နွေနေပူပူအောက်မှာ သူ့နို့ကားကိုမောင်းရင်း အိမ်နီးချင်း ကလေးတွေကို ရေခဲတုံးတွေနဲ့ အေးနေတဲ့ နို့ကို ပို့ပေးတယ်။ ဒီလိုမှ မလုပ်ရင် ပူလိုက်မယ့်ဖြစ်ခြင်း။ နွားနို့ကားပေါ်က ရေခဲတုံးကြီးရဲ့ အေးတဲ့ အရသာက ဘာနဲ့မှ မတူပါလေ။

တနင်္ဂနွေ ဘုရားကျောင်းက ဆရာဆရာမကိုလည်း ကျွန်တော် သတိရနေသေးတယ်။ သူတို့နာမည်က မစ္စစ်ဒရေပါနဲ့ မစ္စတာ ရိနိုတဲ့။ သူတို့သင်ပြခဲ့တာတွေ ကြားယောင်နေသလို အရုပ်မြင်မြင် ပိန်ပိန်ပါးပါးနဲ့

မွန်ဂိုမာရီဝဒ်မှာ ၃.၉၅ ဒေါ်လာနဲ့ ဝယ်လို့ရတဲ့ ပန်းပွင့်အင်္ကျီကို ဝတ်လေ့ရှိတဲ့ မစ္စစ်ဒရေပါကိုလည်း မြင်ယောင်နေမိပါတယ်။ ကျွန်တော် ဆယ့်နှစ်နှစ်တဲ့ မစ္စစ်ဒရေပါကိုလည်း ... ဆယ့်သုံးနှစ်သား ဘာမဟုတ်တဲ့အရွယ်ကတည်းက သွန်သင်ခဲ့တဲ့ မစ္စတာရိုနီရဲ့ဩဇာကလည်း အမြဲပဲ ကျွန်တော့်အပေါ် လွှမ်းမိုးခဲ့ပါတယ်။

နောက်ပြီး အခု ကျွန်တော်တို့ဘဝမှာ အဖိုးထားရမယ့်လူတစ်ယောက် ရှိသေးတယ်။ ကာနယ်ဘရွတ်တဲ့။ သူက ကျွန်တော်တို့လင်မယားအတွက် ဇာကျိုးနီးယား ယာတောကို ဦးစီးလုပ်ကိုင်ပေးနေတဲ့သူပါ။ အမှန်အတိုင်းပြောရရင် သူမရှိလို့ ကျွန်တော်တို့ဘဝမှာ မဖြစ်နိုင်ပါ။ သူက တကယ့် စစ်ဗိုလ်မှူးကြီးတစ်ယောက် မဟုတ်ပေမယ့် ကျွန်တော်တို့ကတော့ သူ့ကို ကာနယ်လို့ပဲ ခေါ်ကြပါတယ်။ သူ့မျိုးရိုးအဆက်ကို လိုက်ကြည့်ရင် ဂျော့ ဝါရှင်တန်တို့ခေတ်က သူ့ဘိုးဘေးတွေဟာ ဝါရှင်တန်ရဲ့ စိုက်ပျိုးမြေပေါ်မှာ ကျွန်တွေအဖြစ် လုပ်ကိုင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ သူ့အပြောအရ သူလုပ်နေတဲ့ ရေပေးရေးစနစ်ဟာ ဝါရှင်တန်ရဲ့ စနစ်ကို မှီးပြီး လုပ်ထားတယ်လို့ ဆိုပါတယ်။ ရေကို သန့်စင်အောင် ကျောက်မီးသွေးနဲ့ ကျောက်တုံးတွေကြားမှာ ဖြတ်စီးစေပါတယ်။ သမိုင်းစာအုပ်ထဲမှာ မတွေ့ရမယ့် အကြောင်းတွေကို ကာနယ်ကြီးက နေ့စဉ် အလုပ်လုပ်ရင်း ဟိုတစ်စ ဒီတစ်စ တောက်တိုမယ်ရလေးတွေ ပြောပြတတ်တယ်။

ခုအခါမှာ သူလုပ်တဲ့အလုပ်ကတော့ ဝင်းခြံရှုခင်းပြုပြင်ခြင်းအလုပ်ပါပဲ။ တနင်္ဂနွေ ဘောလုံးပွဲတွေမှာ ကြော်ငြာတဲ့အမျိုးသားမြက်ခင်းထိန်းသိမ်းမှု ကုမ္ပဏီတွေက လုပ်တဲ့အလုပ်မျိုးတော့ မဟုတ်ဘူး။ သူ့အလုပ်က ဒါတွေထက်စာရင် သူ့စိတ်တိုင်းကျ လုပ်တာမျိုးပါပဲ။ ပိုပြီး အားစိုက်ကြိုးပမ်းလုပ်ရတာပါ။ ဒါကို အပြုံးမပျက် သူလုပ်လေ့ရှိပါတယ်။

ဒီလိုပဲ အပြုံးမပျက် အားသွန်ခွန်စိုက် လုပ်တတ်တဲ့ လူတွေ ရှိပါသေးတယ်။ "စကစ်" ဆိုတဲ့ အိမ်နေရာ၊ ပြတင်းတံခါးတွေကို သန့်ရှင်းရေးလုပ်တဲ့ သန့်ရှင်းရေးသမားကြီးရယ်၊ ဘတ်ကီ ဟိုလ်စင်ကာ ဆိုတဲ့ ကျွန်တော်တို့ရဲ့ လက်သမားဆရာကြီးရယ်မှာလည်း ဒီလိုပဲ အပြုံးမပျက် လုပ်တတ်ကြတဲ့သဘော ရှိပါတယ်။ ဒါ့အပြင် ကျွန်တော့်ထွန်စက်ကို ရောင်းပေးတဲ့



ဈေး ကင့်ဘဲလ် ကမ်းနစ်ဆိုတဲ့ အဘိုးကြီးလည်း ဒီလိုပါပဲ။ လူတွေ အများအပြားဟာ အပြုံးမပျက် အလုပ်လုပ်နိုင်ကြပေမယ့် အတော်များများမှာလည်း ဒီလို မဟုတ်ကြတာ တွေ့ရတတ်ပါတယ်။ ဒီနေ့ တွေ့နေရသူတွေကတော့ ဟို အစဉ်အဆက်က လူတွေလို မဟုတ်ဘဲ ကြီးပွားလိုစိတ်တွေကများ၊ အတင်းရော အဓမ္မသမားတွေ များနေတာပါပဲ။ သူတို့နှလုံးသားထဲမှာ တစ်ခုခု လိုနေသလိုပါပဲလား။ ဒီတိုင်းပြည်ကြီးကို အပေးအယူမျှမျှနဲ့ တည်ဆောက်ထားကြပေမယ့် လောဘရှေ့နောက်ကို တိမ်းသွားမှာတော့ ကြောက်စရာပဲ။

ကျွန်တော် တရားဟောနေတာ မဟုတ်ပါဘူး။ ဒီအခန်းမှာ စာဖတ်သူတို့ တွေ့ကြရမယ့် ပုဂ္ဂိုလ်တွေဆီကို သွားရောက်လည်ပတ်ရင်း အကယ်၍ သူတို့သာ ဒီလောကကနေ ဖယ်ချန်ထားရင် ဘယ်လိုနေမလဲလို့ တွေးမိပါတယ်။ သူတို့ဟာ ငွေနဲ့ တန်ဖိုးဖြတ်နိုင်တဲ့သူတွေ မဟုတ်ပါဘူး။ သူတို့ဟာ တကယ့်အမျိုးသား သူရဲကောင်းကြီးတွေဖြစ်ကြောင်း ၊သူတို့ရဲ့ လုပ်ရပ်တွေက ညွှန်းဆိုနေကြလေရဲ့။

---



## မီးဖိုပြင်ဆရာကြီး

လီယို ဟော့မဲန်း

အရွတ်ကလင်၊ နယူးယောက်

လီယို ဟော့မဲန်းဟာ နာမည်ကျော် မီးဖိုပြင်သမားတစ်ယောက် ဖြစ်ပါတယ်။ မီးပေါင်းအိုးတွေ၊ မီးဖိုစင်တွေကို ပြုပြင်သူ အတတ်ပညာရှင်တစ်ယောက်ပဲဖြစ်ပါတယ်။ မကြာသေးမီ နှစ်အနည်းငယ်က နယူးယောက်တား မဂ္ဂဇင်းက စာရေးဆရာတစ်ဦးက သူ့အိမ်က မီးဖိုမှာအတော်များများ ပြုပြင်ပေးဖို့ သူ့ကို ခေါ်ဖူးပါတယ်။ အဲဒီ စာရေးဆရာက လီယိုရဲ့ စိတ်နေသဘောထားနဲ့ ကျွမ်းကျင်မှု၊ ကျင်လည်မှုကို သဘောကျလွန်းလို့ ဒီလိုလူမျိုးကို စာဖတ်ပရိသတ်နဲ့ မိတ်ဆက်ပေးဖို့ စိတ်အကြံ ဖြစ်ခဲ့ပါတယ်။ အဲဒီလိုနဲ့ လီယိုရဲ့ အကြောင်းအရာ အတ္ထုပ္ပတ္တိအကျဉ်းဟာ အဲဒီတုန်းက စာစောင်မှာ ပါလာခဲ့ပါတယ်။ ဒီနောက်တော့ နိုင်ငံအနှံ့ စာစောင်ငယ်တွေမှာလည်း ပါလာခဲ့ပါတယ်။ နောက်ဆုံး အဆုံးစွန် အဝနဲ့ "ဒေးဗစ် လက်တားမဲန်းနဲ့ ညဉ့်နက်ကာလ တွေ့ဆုံခန်း" (Late Night with David Letterman) အစီအစဉ်မှာ လီယို ပါလာတဲ့အထိပါပဲ။

လီယိုဟာ အလွန်ထူးချွန်ပြောင်မြောက်တဲ့သူပါ။ ဒါကြောင့် အခု ဒီစာမျက်နှာတွေမှာ ကျွန်တော်က သူ့ကို အမှန်းတင်ရပါလိမ့်မယ်။

"ကျွန်တော် မပြင်နိုင်တဲ့ မီးဖိုကိုယ်တည်း၊ မီးဖိုစင်ရယ်လို့ မတွေ့ဖူးသေးပါဘူး" လို့ သူက ဖုံဖုံကြွားကြွား ပြောပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ကျွန်တော် ဘာမှ မငြင်းလိုပါဘူး။

"ကျွန်တော်လုပ်တဲ့အလုပ်ကို ကျွန်တော် လုပ်နဲ့သလောက် ငင်ဖျားကုန်နိုင် ဘယ်လိုဆိုတာ သိမှာပါ။ ကျွန်တော့်အလုပ်ကို ကျွန်တော် သိပါတယ်ဗျာ" လို့လည်း လီယိုက ပြောပြပါသေးတယ်။ သူသိသင့်တာပေါ့။ တကယ်ပဲ သူသိသင့်ပါတယ်။

လီယိုဟာ "ဝဲလ်ဝစ်လ်ဗ်" ဆိုတဲ့ နာမည်ကျော် အိမ်သုံးကိရိယာ



ကိုယ်ထည်တွေကို တပ်ဆင်ပေးနေပါတယ်။ လီယိုလို အလုပ်တစ်မျိုးတည်းမှာ နှစ်ပေါင်းများစွာ နှံ့ပြီး (ကုမ္ပဏီတစ်ခုတည်းမှာ ဆိုတာကို အသားထားဦး) လုပ်နိုင်တဲ့ လူများများ ရှိမှာမဟုတ်ပါဘူး။ လီယိုကတော့ အဲဒီမှာ အလုပ်လုပ်တုန်းပါ။ အလုပ်ရပ်ပစ်လိုက်မယ့်ပုံ မရှိပါဘူး။

လီယိုက အထောက်အထားပြုတဲ့ကြိုးဖြစ်တဲ့ ဝဲလ်ဝစ်လ်ဗ် မီးဖို ဟောင်းကြီးထဲမှာ ခေါင်းဝင်နေပြီး သူ့လက်ကလည်း မီးဖိုစင်ပေါ်မှာရှိတဲ့ လက်သုံးကိရိယာ တစ်ခုကို မရှိတရှာလှမ်းယင်း ဒီလို ပြောပြပါတယ်။

"ပြောရမှာတောင် ခက်ပါတယ်ဗျာ။ ကျွန်တော် အလုပ်စလုပ်တုန်းကပေါ့၊ ပထမဦးဆုံးရတဲ့လုပ်ခက ၉၈ ဒေါ်လာ၊ ဟုတ်ရှင်မှ ဟုတ်ပေါ့ဗျာ။ အဲဒါ ရက်သတ္တတစ်ပတ်လုံးအတွက်ပဲ ပေါ့"

လီယို အလုပ်လုပ်နေတာကိုကြည့်နေရင် သူဟာ အလုပ်စလုပ်တုန်းက တစ်ပတ်ကို ၉၈ ဒေါ်လာ ရတုန်းကလိုပဲ လုပ်နေတယ်ဆိုတာ သိသာမှာပါ။ ဒါပေမယ့် အခုတော့ ဘဝအခြေအနေကတော့ ပြောင်းနေပါပြီ။ ချမ်းချမ်းနဲ့ ပူပန်စရာ အရွယ်ရောက် သားသမီး လေးယောက်နဲ့ဖြစ်နေပါပြီ။ လီယို အလုပ်လုပ်နေတာကိုကြည့်နေရရင် ဒီအတိုင်း နေနိုင်တော့တဲ့ အကြံထက်ကို ပင်ပြီးတော့ သူနဲ့အတူ ထက်အပေါ်ပြီး ဖိုင်းထုပ်ချင်စိတ်ပေါ်လာမှာ ဖြစ်ပါတယ်။ လီယိုနဲ့ပတ်သက်လို့ သူ့အသက်ရှူဝစ်ကျောင်းတုန်းကနဲ့ ပတ်သက်လို့ ကြည့်ချိုက်ယင် အရွယ်နဲ့ တွေ့ရမှာပါ။ သူဟာ ကော်ပြင် ဆရာတစ်ယောက်လိုပါပဲ။ မီးဖိုတွေကို ကျွမ်းကျွမ်းကျင်ကျင် ပြုပြင်ထားနေသူ တစ်ယောက်ပေါ့။ သူဟာ ဖုကွကွ လူတစ်ယောက်ပါပဲ။ မီးဖိုတွေကိုပြင်ဖို့ အနေတော် ကိုယ်နေဟန် အရွယ်အစားပဲပေါ့။ သူ့ထိပ်ဟာ ပြောင်လှနေတတ် ဖြစ်နေပါပြီ။ မျက်နှာက ဖိုင်းဖိုင်းနဲ့ ပျော်ပျော်နေတတ်တဲ့ မျက်နှာထားနဲ့ပါ။ အဲဒီမျက်နှာအပေါ် ဦးခေါင်းထက်မှာကတော့ ဝဲလ်ဝစ်လ်ဗ် ကုမ္ပဏီနာမည် ရေးထားတဲ့ ဘေ့စ်ဘောဦးထုပ် ရှိနေပါတယ်။

အဲဒီဦးထုပ်နဲ့ပတ်သက်လို့ မေးမိ၊ မေးဖို့အခွင့်မှာပဲ သူက ဒီလို ပြောပြပါတယ်။

"ဒီဦးထုပ်ကို ဘာကြောင့် ဆောင်းထားရသလဲလို့ မေးကြမယ်။

F-3

အကြောင်းကတော့ မီးဖိုအခေါင်းပေါက်တွေထဲကို ကျွန်တော့်ခေါင်းကို အမြဲ ထည့်ထားရလို့ပါပဲ။ အဲဒါတွေက ညစ်ပတ်နေကြတာပဲ။ အများအားဖြင့်ပေါ့ဗျာ။ ဒါနဲ့ အဲဒီ အညစ်အပတ်တွေ ကျွန်တော့်ထိပ်နဲ့ မွှတ်မိမှာ စိုးလို့ပါ။ နောက်ပြီးတော့ ခေါင်းမှာ ဆောင်းစရာ မရှိဘဲ အမဲဆီတွေ ပေကျံ နံနေတာမျိုးနဲ့ အိမ်ပြန်သွားရတာ အတော် မကောင်းတာပါပဲ။ သဘောပေါက်မှာပါဗျာ” လို့ ပြောပြပါတယ်။

သူပြောတာကို ကြားရတော့ သဘောပေါက်ပြီး ကျွန်တော့်ဆံပင်တွေကိုတောင် ဆွဲနုတ်နိုင်ရင် ဆွဲနုတ်ပြီးတော့ ရေအင်တုံထဲမှာ စိမ်ပြီး ဆေးကြောပစ်ချင်စိတ် ပေါ်လာတာပါပဲ။

လီယို ဟော့စ်မဲန်းဟာ သူ့အလုပ်မှာ အတော်လေး ပျော်ရွှင်ပုံ ရပါတယ်။ သူဟာ မီးဖိုချောင် အခန်းတွေထဲဆီကို ခုန်ပေါက် ပြေးဝင်သွားတော့ပြီး အိမ်သူအိမ်သားတွေနဲ့ ရောနှောပြောဆိုနေတတ်ပါတယ်။ ပြီးတော့ မီးဖိုမှာ ချွတ်ယွင်းချက်တွေ ပြဿနာတွေကို ရှာဖွေပြီး ပြင်တော့တာပါပဲ။ ပြီးတော့ ဘောင်ချာကို တစ်ပုံစံတည်းသာ ရေးတတ်ပါတယ်။ လီယိုဟာ ကော်ဖီ အလွန်ကြိုက်ပါတယ်။ မီးဖိုပြင်ဖို့ သူ့ကိုခေါ်ရင် ကော်ဖီတစ်ခွက်တော့ အသင့်ပြင်ထားဖို့ သူက ကြိုတင်ပြောထားတတ်ပါတယ်။ ကော်ဖီပေါ့ပေါ့၊ အကြီးကြီး တစ်ခွက်ပါပဲ။

“တစ်ခါတစ်ရံ လူတွေက ကျွန်တော် ဘယ်တော့ အလုပ်က အနားယူမလဲလို့ မေးကြပါတယ်။ ကျွန်တော် ဘာအတွက် အနားယူရမှာလဲ။ ကျွန်တော် တခြားဘာလုပ်ရမှာလဲ။ ကျွန်တော် ဒီအလုပ်ကို သဘောကျပါတယ်။ ဒါ ကျွန်တော့် အလုပ်ပါပဲ” လို့ အခု အသက် ခုနစ်ဆယ်ရှိနေပြီ ဖြစ်တဲ့ လီယို ဟော့စ်မဲန်းက ပြောပြပါတယ်။

ကျွန်တော် နယူးယောက်မှာ နှစ်အတော်ကြာ နေခဲ့ပါတယ်။ လီယိုဟာ နယူးယောက်မြို့အား ဝိသေသကို ကျွန်တော် တွေ့ရပါတယ်။ သူဟာ အတော် အသိအမြင် နဲ့စပ်ပါတယ်။ မြို့နဲ့ နိုင်ငံရေးဆိုလည်း သူသိတာပဲ။ ဘေ့စ်ဘောကစားသမားတွေကိုလည်း သူသိတာပဲ။ အယ်ကော်ဟောက်တွေ ဆေးနဲ့တဲ့ အကောင်တွေ ဥယျာဉ်တော်ထဲကတွေ အားလုံးကိုလည်း သူသိတာပါပဲ။



လီယိုဟာ စကားအတော်ပြောတဲ့သူဖြစ်တယ်။ သူ မီးဖိုသွားပြင်ရင် အဲဒီနေရာမှာ ဇာတ်လမ်းတွေ၊ အကြောင်းအရာတွေကို ပြောတော့တာပါပဲ။ မီးဖိုကို ပြင်ယင်း ပြောနေတာပဲပေါ့။ အဲဒီလို ပြောတဲ့အခါမှာ သူက အတိုချုံး ပြောမယ်ဆိုပြီး ပြောတော့တာပါပဲ။ သူ အတိုချုံးပုံ ပြောနေတာကို အဆုံးမသတ်တဲ့ အတိုချုံးပုံ ရှုံးနည်းပါပဲ။ အဆုံးမသတ်ဘဲ နောက်တစ်နေ့ကို ဆက်ပြန်ပါရော။ ဒီလိုနဲ့ပဲ လီယိုဟာ မီးဖိုပြင်ပြီးတဲ့အခါမှာ အဆုံးမသတ်တဲ့ ပုံပြင်ဇာတ်လမ်းတွေ အတော် များများကို ထားရစ်ခဲ့တော့တာပါပဲ။

လီယိုဟာ ပုဂ္ဂိုလ်ကြီးတွေ၊ နာမည်ကျော် ပုဂ္ဂိုလ်တွေ ဆီမှာလည်း မီးဖိုပြုပြင်ခြင်း၊ တပ်ဆင်ခြင်း ပြုလုပ်ဖူးပါတယ်။ ဥပမာဆိုရရင် အမေရိကန်ပြည်ထောင်စုဆိုင်ရာ အစုရေးသံအမတ်ကြီးဆီမှာ၊ ရုပ်ရှင်သရုပ်ဆောင် ဒယ်ရင်မော်ဂင်ဆီမှာ မီးဖိုတပ်ဆင် ပြုပြင်ဖူးပါတယ်။ လီယိုဟာ စကားပြောပြည် ပြောဆိုနေတဲ့အခါတွေမှာ နောက်ဆုံးပြောလေ့ရှိတာကတော့ ထက်တာသမ်းနဲ့ တွေ့ဆုံခန်းကို သွားတုန်းက အကြောင်းပါပဲ။

“ကျွန်တော့်ဇနီး ဇီလီက ဒီလှတဲ့ဝတ်စုံကို ဝယ်လာပေးတယ်။ ဒီ မာဇီယာဝတ်စုံပါပဲ။ အဲဒီကိုသွားတော့ သူတို့က ကျွန်တော့်ဆီကို ဟွန်းဘဲ လီမိုဇင်းကားကြီး လွှတ်လိုက်ပါတယ်။ အဲဒီကားကိုစီးပြီးတော့ ကျွန်တော့်ရယ်၊ ကျွန်တော့်မိန်းမရယ်၊ ကလေးတွေရယ်၊ ယောက္ခမ အမကြီးရယ်၊ မြေးကလေးရယ် အားလုံး ပါပါတယ်။ အဲဒီ ဟွန်းဘဲ လီမိုဇင်းကားကြီးမှာလည်း အစုံပါပါတယ်။ အရက်ဘားကလေးရယ်၊ တယ်လီဖုန်းရယ်၊ ရုပ်မြင်သံကြားရယ် အစုံပါတာပဲ။ အံ့လို့မဆုံးပါဘူး” လို့ လီယိုက ပြောပြပါတယ်။

အဲဒီပွဲက အပြန်မှာ လီယို ဟော့စ်မဲန်းက လီမိုဇင်းကားကြီးရဲ့ တယ်လီဖုန်းနဲ့ မိတ်ဆွေတွေရယ်၊ မိသားစုတွေရယ်ဆီကို ဖုန်းဆက်ပြီး ပြောပါတယ်။ အဲဒီပွဲကို ညမှာ ရေဒီယိုက လွှင့်မှာဖြစ်လို့ နားထောင်ကြဖို့ကိုလည်း အသိပေးပြောကြားပါတယ်။ သူ အဲဒီလို ဖုန်းဆက်သူတွေထဲမှာ တစ်ယောက်ကတော့ ဖလော်ရီဒါမှာနေတဲ့ သူ့အမေပဲ ဖြစ်ပါတယ်။

လီယိုရဲ့ နေ့စဉ်ဘဝကတော့ မီးဖိုချောင်တွေနဲ့ ပတ်သက်နေတာ



ပါပဲ။ သူဟာ နယူးယောက်မြို့လို မြို့ကြီးပြကြီးမှာ မီးဖိုတွေကို လိုက်ပြီး ပြင်နေရတော့ ကျွန်တော်တို့အတော်များများရဲ့ အနေအထိုင်နဲ့ (မီးဖိုအသုံးပြုပုံ) ကို ဖော်ပြနေရာရောက်ပါတယ်။ လီယိုဟာ အဲဒီလို မီးဖိုအများအပြားကို ပြင်ရတော့ အိမ်အတော်များများကို ရောက်ဖူးပါတယ်။ အားလုံးကို မြင်ဖူးနေတာပါပဲ။ လီယိုဟာ မန်ဟက်တန်ရပ်ကွက်မှာရှိတဲ့ တိုက်ခန်းအားလုံးကို မီးဖိုပြင်ဖို့ ရောက်ဖူးနေပါပြီ။ သူ့အတွေ့အကြုံနဲ့ အတွေးအမြင်ကို လီယိုက ဒီလို ဖွင့်ဟပြောကြားပါတယ်။

“လူအတော်များများဟာ ဝက်တွေလိုပါပဲ။ တကယ်ပါပဲဗျာ။ သူတို့ဟာ သူတို့ရဲ့ မီးဖိုတွေကို ဘယ်လို သန့်စင်ရမယ်၊ ဂရုစိုက်ရမယ်ဆိုတာကို မသိကြဘူးခင်ဗျ။ ကျွန်တော်က သူတို့ကိုပြောပြရတာပါပဲ။ သူတို့က သူတို့ရဲ့မီးဖိုကို ဂရုတစိုက် မထားရင် ကျွန်တော်ကတော့ ပြောပစ်လိုက်တာပါပဲ။ ကျွန်တော်တွေ့ရတဲ့ ပြဿနာအတော်များများကတော့ လူတွေဟာ သူတို့ရဲ့ မီးဖိုကိုယ်ထည်စင်တွေကို မဆေးကြော၊ မသန့်စင်တာပါပဲ။ အဲဒီမီးဖိုစင်တွေ၊ ကိုယ်ထည်တွေကို ဖွင့်တဲ့အခါတွေမှာ ကြွက်တွေ၊ အမဲဆီတွေကို ကျွန်တော်တွေ့ရပါတယ်။ သူတို့ဟာ အနေအထိုင် ညစ်ပတ်ကြတယ်၊ ပက်စက်ကြတယ်ဗျ။ ဒီမြို့က လူတွေပေါ့။ ကြည့်ရတာကတော့ သူတို့ဟာ အဲဒီမီးဖိုတွေကို ဝယ်လာပြီး တပ်ဆင်ကတည်းက တစ်ခါမှ မဆေးကြော၊ မသန့်စင်ဘူးနဲ့ တူပါရဲ့ဗျာ။ အဲဒီတော့ ကျွန်တော့်ကို ခေါ်ရတာပေါ့။ ဘာကြောင့် မီးဖိုပျက်ရတယ်ဆိုတာ သူတို့ မသိကြဘူး။ အံ့သြနေကြပါတယ်။ တစ်ခါတစ်ရံ သူတို့ဟာ မီးဖိုကို ဘယ်လို အသုံးပြုရမယ်ဆိုတာတောင် မသိကြပါဘူး။ မီးဖိုပျက်ရင် သူတို့ အံ့သြကြတယ်။ ပျက်မှာပေါ့၊ ခင်ဗျားတို့ ဖျက်ပစ်ကြတာပေါ့၊ ခင်ဗျားတို့က ဂရုမစိုက်ဘဲ ပစ်ထားကြတာကိုး၊ ကျွန်တော် ဖျက်ပစ်တာလည်း မဟုတ်ဘူး။ ကုမ္ပဏီက ဖျက်တာလည်း မဟုတ်ဘူး။ ခင်ဗျားတို့က ဖျက်ပစ်တာ” လီယိုက အဲဒီလို ပြောပြပါတယ်။

လီယိုဟာ ညစ်ပတ်လှတဲ့ မီးဖိုပိုင်ရှင်တွေကို မီးဖိုသန့်စင်ရေးနဲ့ ပတ်သက်လို့ အကြံဉာဏ်များ ပေးလေ့ရှိပါတယ်။ မီးဖိုဆေးကြောသန့်စင်ဖို့ ဆပ်ပြာရည်နဲ့ အမိုးနီးယားကို အသုံးပြုဖို့၊ မီးဖိုကိုယ်ထည်မှာရှိတဲ့ တံခါး



ပတ္တာတွေအတွက် ဒဗလျူဒီ – ၄၀ ဝက်ဆီ (WD – 40 oil) ကို သုံးဖို့ တိုက်တွန်းပြောကြားလေ့ရှိပါတယ်။

လီယို ဟော့စ်မဲန်းဟာ ဒဿနလေးသံနဲ့ ကျွန်တော့်ကို ဒီလို ပြောပြပါတယ်။

“ကျွန်တော်ဟာ ဆရာဝန်လိုပါပဲဗျ။ မီးဖိုနဲ့ပတ်သက်လို့ ပြဿနာရှိရင် ကျွန်တော့်ကို ခေါ်တာပါပဲ။ တစ်ခုခု မှားယွင်းနေပြီ၊ ချွတ်ယွင်းနေပြီ၊ ပြင်ဖို့လိုလာပြီဆိုရင် ကျွန်တော့်ကို ခေါ်တော့တာပါပဲ။ ပြင်ပေးဖို့ပါပဲ။ လူတွေဟာ ဆရာဝန်ကို စောင့်နေသလို ကျွန်တော့်ကို စောင့်နေကြပါတယ်။ မီးဖိုပျက်နေတာကို ပြင်စေချင်လို့ပါပဲ။ အဲဒါဟာ သူတို့ဘာသာ မတတ်နိုင်တဲ့ ပြဿနာပဲပေါ့။ *ကျွမ်းကျင်သူ လိုအပ်နေတဲ့အခါပေါ့။ အဲဒီမှာ ကျွန်တော်က* ကျွမ်းကျင်သူပါ။ တကယ်လို့ ကျွန်တော် ပြင်မပေးနိုင်ဘူးဆိုရင် သူတို့ဟာ ဝင်ဒီရဲ့စားသောက်ဆိုင်မှာ သွားစားကြရတော့မှာပဲပေါ့ဗျာ”

မီးဖိုပြင်သမား လီယို ဟော့စ်မဲန်းရဲ့ အကြောင်းကတော့ အတိုချုံးရင် ဒီလောက်ပါပဲ။

## သူမ သိတ်ကြိုးစားတယ်ဆိုတာ ယုံစေချင်တယ်

**အဲလစ်ဇဘက် ကစ်ဝဲလ်**

**ဘားမင်ဟမ်၊ အယ်လာဘားမား**

တကယ်လို့ ခင်ဗျားဟာ လူအတော်များများလိုသာဆိုရင် ကား အငှားကိုယ်စားလှယ်အကြောင်းကို ထပ်ပြီးစဉ်းစားဖို့ အချိန်ပေးမှာ မဟုတ်ပါဘူး။ ဒါပေမယ့် လူအတော်များများလိုသာဆိုရင် အယ်လီဇဘက် ကစ်ဝဲလ်ဆီက အငှားကားကို ငှားဖူးမှာ မဟုတ်ပါဘူး။ လစ်ဇ်ဟာ အေဗစ် အငှားကား ကုမ္ပဏီမှာ ၂၃ နှစ်နီးပါး အလုပ်လုပ်ခဲ့သူ ဖြစ်ပါတယ်။ အဲဒီအလုပ်ဟာ ခက်ခဲပင်ပန်းလှပါတယ်လို့ သူမက ပြောပါတယ်။ လစ်ဇ်လို အလုပ်မျိုး လုပ်နေသူတွေကို ကျွန်တော်က အထူးဂရုစိုက် လေးစားဆက်ဆံဖို့ အမြဲပဲ ကြိုးစားပါတယ်။ ဒါပေမယ့် လစ်ဇ်နဲ့ တွေ့ကတည်းက အဲဒီထက် ပိုပြီး လေးစားဖို့ ကြိုးစားအားထုတ်ပါတော့တယ်။

"ကျွန်မ ပြောလေ့ရှိပါတယ်။ လူတွေဟာ တချို့လူစားတွေကို ကြည့်ပြီးတော့ 'မင်းတို့ဟာ အိမ်ထောင်ပရိဘောဂရဲ့ အစိတ်အပိုင်းပဲ'လို့ ယူဆတတ်ကြပါတယ်" အဲဒီလို အဲလစ်ဇဘက် ကစ်ဝဲလ်က တောင်ပိုင်းသား လေသံမျိုးနဲ့ ပြောပြပါတယ်။

"သူတို့ဟာ ရှင့်ကို တည့်တည့် ကြည့်နေကြပြီးတော့ နေပေမယ့် လို့ သူတို့ဟာ တခြားတစ်နေရာရာကို ကြည့်နေသလိုပါပဲ။ ကျွန်မဟာ အဲဒီလို လူစားလို့ လူတွေက ထင်နေတဲ့အလုပ်မျိုးမှာ လုပ်ကိုင်နေရပါတယ်။ ကျွန်မကတော့ တစ်ယောက်ယောက်ရဲ့ အင်္ကျီကော်လာကို လှမ်းဆွဲပြီးတော့ 'ကျွန်မ ပြောတာကို ကျေးဇူးပြုပြီးတော့ နားစိုက်ပါ' လို့ပြောချင်ပါတယ်။ တစ်ခါတစ်ရံဆိုရင် ဟိုမှာ ဒီမှာ ကျွန်မ ဟစ်အော် ပြောဆိုချင်ပါတယ်။ ပြောဆိုနေတာကို နားမထောင်နေကြသူတွေ၊ စိုက်ကြည့်နေသူတွေကို အော်ဟစ်ပြောဆိုချင်တာ ဖြစ်ပါတယ်" လို့ အဲလစ်ဇဘက် ကစ်ဝဲလ်က



ပြောပြပါတယ်။

ဒါပေမယ်လို့ ထူးခြားထက်မြက်တဲ့ ဒီမိန်းမကြီးဟာ အော်ဟစ် ပြောဆိုခြင်း မပြုပါဘူး။ အဲဒီလို လုပ်မယ့်အစား သူမက ပြုံးပြပါတယ်။ လူဆန်ဆန် ပြောဆိုဆက်ဆံပါတယ်။

"တကယ်ပါပဲ၊ လူထုနဲ့ ဆက်ဆံရတာ မနှောင့်ရှေ့စရာကောင်းလှပါတယ်။ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီးတော့ လူတွေကို ကူညီ လမ်းညွှန်မှုပေးရတာကို လုပ်နိုင်ပါတယ်။ ဆိုးတာကတော့ ကိုယ်ကတွေ့ဆုံ ပြောဆိုနေရသူတစ်ဦးက (ဂရုတစိုက် မရှိဘဲ) ခင်ဗျား ဘာပြောလိုက်တယ်လို့ မေးတာမျိုးပါပဲ။ အဲဒီလို ဂရုမစိုက်တာမျိုးကို ပြန်ပြီးတော့ ဆောရီးပါပဲ ခင်ဗျား မကြားလိုက်လို့ဖြစ်မှာပါ လို့လည်း ပြန်ပြောလို့ မရပါဘူး။ တစ်ခါတစ်ရံ တကယ့်ကို ခက်ပါတယ်" လို့ သူမက ပြောပြပါတယ်။

လစ်ဇ်ဟာ "ကျွန်ုပ်တို့ အစွမ်းကုန် ကြိုးစားနေတယ်" ဆိုတဲ့ ဆောင်ပုဒ်ရှိတဲ့ ကုမ္ပဏီမှာ အလုပ်လုပ်နေပေမယ်လို့ သူမဟာ ဆောင်ပုဒ်ထက် ပိုပြီးတော့ ကြိုးကြိုးပမ်းပမ်း အလုပ်လုပ်ပါတယ်။

သူမဟာ ပုံမှန်လာနေကျ ဖောက်သည်တွေအတွက် ကိတ်မုန့်တွေ၊ မုန့်ကြွတ်တွေကို ဖုတ်လုပ်ပေးလေ့ရှိပါတယ်။ လုပ်ငန်းရှင်တစ်ယောက် မြို့ထဲမှာ လုပ်ငန်းကိစ္စ အချိန်အချက်နဲ့ သွားရောက်နေရင် သူ့ရဲ့အဝတ်တွေ အခြောက်လျှော်ဖို့ကို သူမက တာဝန်ယူ အကူအညီပေးပါတယ်။ သူမဟာ အရက်ဘားတွေ၊ အရက်ရောင်းဆိုင်တွေ ပိတ်တဲ့ တနင်္ဂနွေနေ့ညမှာဆိုယင် သူမရဲ့အိမ်ဆီကို အပြေးအလွှားသွားပြီးတော့ လေယာဉ်စီးစဉ်ကြား အချိန် ကြာကြာစောင့်နေရတဲ့ဖောက်သည်တွေအတွက် အရက်စပ်ပေးတတ်ပါတယ်။ နောက်ပြီးတော့ ဖောက်သည်တစ်ယောက် အပြန်နောက်ကျရင် သူ့အထုပ်အပိုးတွေကို သူမက သိမ်းထားတတ်ပါတယ်။ တကယ်လို့ အထုပ်အပိုးတွေဟာ လာလမ်းအတိုင်း ပြန်ပါသွားမယ်ဆိုရင် သူမက စုံစမ်းပေးပါတယ်။ တကယ်လို့ ဖောက်သည်ကိုယ်တိုင် ဟိုတယ်ခန်းမရဘဲ ယောင်လည်လည် ဖြစ်နေယင် သူဟာ လစ်ဇ်ရဲ့ နေအိမ်မှာ တည်းခိုနိုင်ပါတယ်။ ဒါတွေဟာ အသက်မွေးဝမ်းကျောင်းအတွက် လစ်ဇ်လုပ်နေတဲ့ အလုပ်တွေပါပဲ။



"ကျွန်မ လုပ်သမျှ အလုပ်တွေမှာ အပိုအားထုတ်ပြီးတော့ လုပ်ဖို့ နိုင်မြဲစွာ ယုံကြည်နေပါတယ်။ အဲဒါဟာ ကျွန်မရဲ့ ကိုယ်ပိုင်သတ္တိပါပဲ။ အေဗစ် ကုမ္ပဏီ အတွက် ကျွန်မ လုပ်နေတာ မဟုတ်ပါဘူး။ ဖောက်သည်ရဲ့ ကုမ္ပဏီအတွက် လုပ်နေတာလည်း မဟုတ်ပါဘူး။ ဖောက်သည်တွေအတွက် လုပ်ပေးနေတာပါ။ ကျွန်မအလုပ်က ကျွန်မနဲ့ ဖောက်သည်တို့အတွက်ပါပဲ။ တကယ်တော့ အေဗစ် ကုမ္ပဏီက မြတ်တာပါ။ တခြားကုမ္ပဏီလည်း မြတ် နေတာပါ။ ဒါက အကြောင်းမဟုတ်ပါဘူး။ ကျွန်မကတော့ ကျွန်မနဲ့ကျွန်မ ဖောက်သည်အတွက်ပဲ စဉ်းစားပါတယ်။ ကျွန်မ ဖောက်သည်တွေဟာ မိသားစုလိုပါပဲ။ ဒါကြောင့် သူတို့ကိစ္စ သူတို့ဘဝမှာ ကျွန်မ ပါဝင်နေရတာ ပေါ့။ သူတို့နဲ့ကျွန်မ ခင်မင်ရင်းနှီးပါတယ်။ သူတို့ကို အိပ်မက်တောင်မှ မက်ပါတယ်။ ကျွန်မ ဖောက်သည်တွေဟာ ကျွန်မအတွက်ဆိုရင် အထူး စပယ်ရှယ်ပါပဲ။ သူတို့အတွက် ကျွန်မ ဆောင်ရွက်ပေးနေပါတယ်"

ဒီအလုပ်ကိုစလုပ်တုန်းကဆိုရင် လစ်ဇ်ဟာ သူမ ဘယ်လိုလောက ကို ရောက်နေတယ်ဆိုတာ မသိခဲ့ပါဘူး။ "ဟိုတုန်းကဆိုရင် အနိမ့်ဆုံးလုပ်ခ က တစ်နာရီကို ၁.၂၅ ဒေါ်လာ ဖြစ်ပါတယ်။ ကျွန်မ အလုပ်ဝင်စက အဲဒီ လောက်ပဲ ရပါတယ်။ အဲဒါဟာ ကမ္ဘာပေါ်မှာ လုပ်ခအကောင်းဆုံးရတဲ့ အလုပ်မဟုတ်ပါဘူး။ ဒါပေမယ့် အဲဒီလုပ်ခနဲ့ လုပ်ချိန်ကောင်းလို့ ကျွန်မ လက်ခံအလုပ်လုပ်ခဲ့တာပါပဲ"လို့ လစ်ဇ်က ပြောပြပါတယ်။ အခုတော့ အဲဒီ အလုပ်ဟာ သူမဘဝရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်နေပြီးတော့ အဲဒီအလုပ်က တစ်နေ့နေ့မှာ ထွက်မယ်လို့ သူမက ဟာသလုပ် ပြောပေမယ်လို့ သူမ ထွက်မှာ မဟုတ်ဘူးလို့ ကျွန်တော် သိနေပါတယ်။ လွန်ခဲ့တဲ့နှစ်တွေတုန်းက သူမဟာ တခြားအလုပ်တွေကိုလည်းလုပ်ခဲ့ပါသေးတယ်။ ကလေးသုံးယောက် တစ်ကိုယ်ရေမိခင်အနေနဲ့ တွက်ခြေကိုက်အောင်ပါပဲ။ ဒါပေမယ့် ဒီအလုပ်ကပဲ သူမရဲ့ဘဝမှာ ပုံသေလို ဖြစ်နေတာပါပဲ။ ကျွန်တော်တို့ အတော်များများဟာ ကိုယ့်အလုပ်ကိုကိုယ် ငြီးငွေ့တတ်ကြတယ်။ ဒါပေမယ့် လစ်ဇ်ကတော့ အဲဒီအလုပ်နဲ့ပဲ ရှင်သန် ပျော်မွေ့နေတာပါပဲ။

"လူတစ်ယောက်ဟာ အတွေ့အကြုံ ရင့်ကျက်နေတဲ့အခါမှာ



သူလုပ်တဲ့အလုပ်ဟာ အလုပ်လို့တောင်မထင်နိုင်ပါဘူး။ အမှန်ကို ပြောရရင် သူတို့ ဒီမှာငှားထားတဲ့ မိန်းကလေးတချို့ကိုကြည့်ပြီးတော့ ချောဖို့၊ အမှုကြွယ် ဖို့သာ လိုအပ်လိမ့်မယ်လို့ ထင်ကြလိမ့်မယ်။ ဒါပေမယ့် ဖောက်သည်တွေက သူတို့တကယ်လိုချင်တာကို ဘယ်မှာ သွားရှာရမယ်ဆိုတာ သိကြပါတယ်။ ကျွန်မဆံပင်တွေ ဖြူနေပါပြီ။ ကျွန်မအသက် ၄၉ နှစ် ရှိပါပြီ။ ဒါပေမယ့် ကျွန်မမှာ သူတို့အတွက် ဆောင်ရွက်ပေးစရာတွေ အများကြီး ရှိပါတယ်။ ပြဿနာ ကြုံတွေ့နေရတဲ့လူတွေဟာ ဆံပင်ဖြူနေတဲ့ မိန်းမကြီးဆီမှာ တန်းစီနေကြပါတယ်။ သူတို့ကို ကျွန်မက ဂရုစိုက် ကူညီဆောင်ရွက်ပေး မယ်ဆိုတာ သူတို့ သိကြပါတယ်" လို့ အဲလစ်ဇဘက် ကစ်ဝဲလ်က ဖွင့်ဟ ပြောကြားပါတယ်။

အခုဆိုရင် လစ်ဇ်ဟာ တစ်နာရီမှာ လုပ်ခ ဒေါ်လာ ၇.၆၀ ရတဲ့ အမြင့်ဆုံးအဆင့်ကို ရောက်နေပါပြီ။ ဒါပေမယ့် တစ်ဖက်မှာ သူမရဲ့လုပ်ခ ထက် ပိုရနေပါတယ်။ သူမ အိမ်ပြန်တဲ့အခါမှာ အလုပ်အောင်မြင်ပြီးမြောက် လို့ ဖြစ်ပေါ်လာတဲ့ ပီတိတွေကို သယ်ဆောင်သွားလေ့ရှိပါတယ်။ မိတ်သစ် ဆွေသစ်တွေလည်း ရသွားပါတယ်။ ဒီနိုင်ငံကြီးရဲ့ နေရာစုံက မိတ်ဆွေတွေ ပဲပေါ့။ သူမဟာ အခန်းထဲမှာ ပြထားနိုင်တာထက် ပိုပြီးတော့ ရေရှည်မှတ် ကတ်ပြားတွေ ရပါတယ်။ နောက်ပြီးတော့ စွဲမြဲခင်မင်နေတဲ့ ဖောက်သည် တစ်ဦးဆီက မွေးနေ့ဆုတောင်းကတ်ပြားရတာ နှစ် ၂၀ ကျော်သွားပါပြီ။

လစ်ဇ်က အဲဒီ ဖောက်သည်အကြောင်းကို ပြောပြပါတယ်။ "ခင်မင် နှစ်သက်စရာကောင်းတဲ့၊ ရည်မွန်တဲ့ လူတစ်ယောက်ပေါ့။ အဲဒီလူက ရော့ခ်ဝဲလ်ကုမ္ပဏီမှာ အမှုဆောင်အဖြစ် အလုပ်လုပ်နေသူပါ" အဲဒီလုပ်ငန်းက သူမရဲ့ နယ်မြေထဲမှာ ရုံးချုပ် လုပ်ထားပါတယ်။ "သူဟာ သုံးလေးလတစ်ခါ လောက် လာတတ်ပါတယ်။ သူလာရင် ဟာသတစ်ခုခုပဲဖြစ်ဖြစ်၊ အလှည့် အပတ် ကစားစရာကလေး တစ်ခုပဲဖြစ်ဖြစ် အမြဲတမ်း ပါလာတတ်ပါတယ်။ သူလာရင် မနက်စောစောကြီး လာတတ်ပါတယ်။ လေဆိပ်မှာ တခြား ဘယ်သူမှမရှိဘူး။ ကျွန်မတို့ပဲ ရှိတယ်။ ဒီတော့ သူက ပျော်စရာ ရယ်စရာ လုပ်ပါတော့တယ်" လို့ လစ်ဇ်က ပြောပြပါတယ်။

တစ်မနက်ခင်းမှာတော့ အဲဒီလူရောက်လာပြီး သူရော၊ လစ်စ်ပါ ရယ်စရာဖြစ်ရအောင် ပဟေဠိတစ်ခုကို ပြပါတယ်။ အဲဒါကတော့ ဝက်အူနဲ့ မူလီအတွဲတစ်ခုပါပဲ။ မူလီကို ဝက်အူကနေ ချွတ်ပေးဖို့ လစ်စ်ကို သူက ပြောပါတယ်။ လစ်စ်ဟာ နည်းမျိုးစုံနဲ့ လှည့်ပတ်ပြီး ချွတ်ပါတယ်။ မရပါဘူး။ "ကျွန်မ နည်းမျိုးစုံနဲ့ ကြိုးစားကြည့်ပါတယ်။ ကျွန်မက ဆွဲလိမ်တယ်၊ ဖိတယ်၊ ဆွဲတယ်၊ ဘာလုပ်လုပ် မရပါဘူး" လို့ သူမက ပြောပြပါတယ်။ "ဒါပေမယ်လို့ ဟိုလူက လက်ကလေး ခါလိုက်တာနဲ့ မူလီ ပြုတ်ထွက်သွားပါတယ်"

အဲဒီလူဟာ ဒီလိုပဲ လာနေရာက တစ်နှစ်လောက်ပျောက်သွားပါတယ်။ ပေါ်မလာတော့ပါဘူး။ ဒီလူ ဘာဖြစ်နေပါလိမ့်လို့ လစ်စ် တွေးလာရအောင်ပါပဲ။ သူမဟာ ပုံမှန် ဖောက်သည်တွေအတွက် ပုံမှန်အလုပ်လုပ်ပေးနေပြီး တစ်ခါတစ်ရံ စိတ်ရောက်သွားတဲ့အခါ ဟိုလူအတွက် စိတ်ပူပန်မိရပါတယ်။ သူမဟာ အဲဒီလူကို သုံးလေးလတစ်ကြိမ်လောက် တွေ့နေရတော့ ဒီတစ်ခါ တစ်နှစ်လောက် ပျောက်သွားတော့ သူအလုပ်ပြောင်းသွားပြီလို့ ထင်မှတ်စ ပြုလာပါတော့တယ်။

ဒီနောက် တစ်ညနေခင်း အလုပ်ရှုပ်နေချိန်မှာ လသာဆောင်ဘက်က သူ့အသံကို သူမ ကြားလိုက်ရပါတယ်။ "အဲဒါ သူပါပဲ၊ ကျွန်မဟာ မျက်နှာတစ်ခုကို ဘယ်တော့မှမမေ့တတ်ပါဘူး။ သူဟာ ကျွန်မကို အော်ဟစ်ပြောနေပါတယ်၊ 'ဟေး ခင်ဗျား ကျွန်တော့်ကို မမှတ်မိဘူးလို့ လောင်းရဲတယ်' လို့ သူက ပြောနေပါတယ်။ ကျွန်မလည်း သူ့ကို ပြန်အော်ပြောလိုက်တာပေါ့။ 'ကျွန်မ မှတ်မိတာပေါ့၊ ရှင်ဟာ ဟို ထူးထူးဆန်းဆန်း လုပ်တတ်တဲ့ လူပဲ' လို့ ပြောလိုက်ပါတယ်။ အဲဒီလိုလည်း ပြောလိုက်ရော လူတွေအားလုံး၊ လေဆိပ်အဝတစ်ခုလုံး တိတ်သွားတာပါပဲ။ နောက်တော့ သူတို့ဟာ ကျွန်မကိုကြည့်ပြီး ရယ်လိုက်ကြတာ" လို့ လစ်စ်က ပြောပြပါတယ်။ "လူအားလုံးက ကျွန်မကို စောင်းကြည့်နေကြပါတယ်။ ကျွန်မက သူပါပဲလို့ ရေရွတ်လိုက်ပါတယ်။ အဲဒီတော့ အားလုံးက ရယ်ကြပြန်ပါရော" လို့ လစ်စ်က ဆက်ပြီး ပြောပြပါသေးတယ်။



လစ်စ်ဟာ အများကိုကူညီတဲ့အလုပ်တွေကို အတော်ပဲလုပ်ပါတယ်။ ကျောင်းပိတ်ရက်တွေမှာ ကလေးတွေ အိမ်ပြန်နိုင်ဖို့ရာမှာလည်း သူမက ကူညီလိုက်ပါတယ်။ ကလေးဟာ အသက်ငယ်ပြီး ကားငှားဖို့ ကုမ္ပဏီတွေရဲ့ မူနဲ့ မကိုက်ပေမယ့် သူမက ဖြစ်အောင် ကူညီလိုက်တာပါပဲ။ နောက်ပြီးတော့ သူမဟာ ဖောက်သည် ဖြစ်တဲ့ လုပ်ငန်းရှင်တစ်ဦးရဲ့ ဘောင်းဘီစုတ်နေရင် ချုပ်ပေးလိုက်ပါသေးတယ်။ အဲဒီကို အကျိုးစုံကို စေတနာထား ကူညီပါတယ်။

"ကျွန်မနာမည်ကို ဖောက်သည်တစ်ယောက်က တခြားတစ်ယောက်ကို ဖောက်သည်ချလိုက်တာဟာ အလွန်ပဲ သဘောကျစရာ ကောင်းလှပါတယ်။ အချိန်တိုင်းမှာပဲ လူတွေဟာ ကျွန်မဆီကို လာလာပြီးတော့ ခင်ဗျားဆီမှာပဲ ငှားပါလို့ ပြောလိုက်ပါတယ်ဆိုပြီး ပြောလာကြပါတယ်။ အဲဒါ သိတ်ကောင်းတာပဲ ပေါ့။ ကျွန်မရဲ့အလုပ်မှာ လူတွေနဲ့ တွေ့နေရတာဟာ အကောင်းဆုံး အစိတ်အပိုင်းပါပဲ။ ဒီအလုပ်မျိုးမှာ လူအတော်များများနဲ့ တွေ့နေရတာပါပဲ။

"ကျွန်မဟာ ထူးထူးခြားခြား မဟုတ်ပါဘူး။ သူလိုကိုယ်လို သာမန်လူတစ်ယောက်ပါပဲ။ အလုပ်ပိနေပြီး လုပ်ခနည်းနည်းရတဲ့ သာမန်လူတစ်ယောက်ပါ။ ဒါပေမယ့် ဖောက်သည်တွေ 'ကောင်းတာ'ကို ရောက်လာရင် မိသားစု အိမ်ပြန်လာသလိုပါပဲ။ ကျွန်မ တခြားအလုပ်လုပ်ဖို့ စဉ်းစားမရတော့ပါဘူး။ ဒီအလုပ်ကိုပဲ လုပ်နေရမှာပါပဲ" လို့ အဲလီဇဘက် ကစ်ဝဲလ်က ပြောပြပါတယ်။

အဲလစ်ဇဘက် ကစ်ဝဲလ်ဟာ သူမရဲ့ ကုမ္ပဏီအတွက် အလုပ်ပိုလုပ်ပေးတဲ့ ဆံပင်ဖြူဖြူနဲ့ မိန်းမတစ်ယောက်ဖြစ်ပါတယ်။

"မနက်ဖြန်ဟာ နောက်တစ်နေ့ပေါ့၊ ဘာတွေဖြစ်လာမယ်ဆိုတာ ကျွန်မ မသိပါဘူး။ ဘာတွေ အသစ်အဆန်းတွေ့ရမလဲဆိုတာကိုတော့ ကျွန်မ စိတ်စောနေမိပါတယ်" လို့ သူမက ပြောပြလိုက်ပါတယ်။



## ကျွန်တော်က သားဟာ နွားနို့ရောင်းသမားနဲ့ တူတယ်လို့ အမြဲ ထင်ပါတယ်

**ဘော့စ် ဟားဒီ (စီနီယာ)**
**မနော့မန်း ပေါ်စ်၊ ဝစ္စကောန်ဆင်း**

နွားနို့ချက်လုပ်ငန်းမှာ အိမ်အရောက် နွားနို့ပို့တဲ့အလုပ်ဟာ ဟိုရှေးကတည်းက အလုပ်ဖြစ်ပေမယ်လို့ အခုတိုင်အောင် နွားနို့ပို့သမားတွေဟာ လတ်ဆတ်တဲ့နို့တွေ၊ ဒိန်ခဲတွေ၊ ကြက်ဥတွေကို မနက်တိုင်း အိမ်တိုင်ရာရောက် လိုက်ပို့ကြတာ တွေ့နေရတုန်းပါပဲ။ ကျွန်တော်တို့ ငယ်ငယ်က နွားနို့ပို့သမားကြီးကို ခုထိ အမှတ်ရတုန်း ရှိသေးတယ်။ မနေ့ကလိုပဲလို့ အောက်မေ့နေတုန်းပါပဲ။ သူဟာ ပူအိုက်တဲ့ နွေရက်တွေမှာဆို နွားနို့အေးအေးသောက်ဖို့ သူ့ကားကြီးပေါ်မှာ ရေခဲတုံးကြီးတွေ တစ်ပါတည်း ယူလာခဲ့တာ မှတ်မိကြဦးမှာပေါ့။ ဒါတင်မကသေးဘူး။ ကျွန်တော်တို့ကို တစ်ခါတစ်ရံ သူ့ကားကြီးနဲ့ ကားလိုက်စီးဖို့ ခေါ်သေးတယ်။ ကျောင်းမှာ ဘာတွေ လုပ်ခဲ့တယ်ဆိုတာတွေ မေးမြန်းပြီး တရင်းတနှီးနေခဲ့တာ သတိရသေးတယ်။

သူ့လို နွားနို့ပို့သမားတွေ ခုထိ အချို့နေရာတွေမှာ ရှိနေတုန်းပါပဲ။ အေးနေတဲ့ နွားနို့တွေကို သောက်ခဲ့ရတာ မမေ့နိုင်စရာပါပဲ။

မြို့ကြီးပြကြီးတွေမှာ ခုဆို နွားနို့ပို့သမားတွေနေရာမှာ လမ်းထောင့်စတိုးဆိုင်တွေက နေရာယူနေကြပြီ။ နှစ်ဆယ့်လေးနာရီဖွင့်တဲ့"စူပါမားကက်" တွေဟာ ကျွန်တော်တို့ အရပ်တွေမှာ ကျွန်တော်တို့ရဲ့အကျိုးကို ဆောင်ရွက်နေကြပြီဖြစ်တယ်။ ကျွန်တော်တို့ရဲ့ နေထိုင်လုပ်ကိုင်မှု အခြေအနေတွေကြောင့် နွားနို့ချက်လုပ်ငန်းရဲ့ သဘာဝဟာလည်း တစ်မျိုးဖြစ်သွားရပါတယ်။ လူမှုရေးနဲ့ စီးပွားရေးနယ်ပယ်က အပြောင်းအလဲတွေကြောင့် နွားနို့ပို့သမားတွေလည်း ပြောင်းလဲရတာပါပဲ။ ဒါပေမယ့် သူတို့ကတော့ မနက် နေမထွက်မီ အိပ်ရာကထပြီး သူတို့ရဲ့ လတ်ဆတ်တဲ့နို့တွေကို ပို့ဖို့ လုပ်ငန်း



ဝင်နေကြစမြဲပါပဲ။

ဘော့စ် ဟားဒီ ဟာ အိမ်တိုင်ရာရောက် နွားနို့ပို့တဲ့အလုပ်ကို ဆယ့်တစ်နှစ်နီးပါး လုပ်ခဲ့သူပါ။ သူဟာ မစ်လ်ဝေါကီးနယ်က အကြီးဆုံး နို့ချက်လုပ်ငန်းဖြစ်တဲ့ ဂိုးလ်ဒင်းဂါးန်ဆီး နို့ချက်လုပ်ငန်းအတွက် လုပ်ကိုင်ပေးရပါတယ်။ ၁၉၇၀ ပြည့်နှစ်မှာ လက်ကား နို့ပို့လုပ်ငန်းကို ဝယ်ယူဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ "အိမ်တိုင်ရာရောက် ပို့တဲ့အလုပ်ဟာ တဖြည်းဖြည်းနဲ့ ကျဆင်းလာပါပြီ။ နို့ချက်လုပ်ငန်းဟာလည်း လမ်းစဟာ ပျောက်လုလု ဖြစ်နေပြီဆိုတာ ကျွန်တော် လေ့လာမိပါတယ်"။

ဘော့စ်ဟာ သူငယ်စဉ်ကတည်းက နွားနို့ပို့သမားအလုပ်ကို လုပ်ချင်ခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်မှာ နို့ချက်လုပ်ငန်းမှာ စက်ပြင်သမားအဖြစ် တစ်နှစ်ကို ဝင်ငွေဒေါ်လာ ၅,၂၀၀ နဲ့ အလုပ်စဝင်ခဲ့ပြီး အိမ်အရောက် ပို့တဲ့ အလုပ်ကို အမြဲ လေ့လာကြည့်နေခဲ့တယ်။ "နေ့တိုင်း အရောင်းမန်နေဂျာဆီကို ကျွန်တော် သွားရတယ်။ ကျွန်တော့်အဖို့ စိတ်လှုပ်ရှားစရာကောင်းပြီး စွန့်စားမှုတစ်မျိုး ဖြစ်နေတယ်။ နေ့စဉ်နဲ့အမျှ အရောင်းမန်နေဂျာကို ခုက္ခပေးသလိုဖြစ်နေပြီး ဘယ်လမ်းဟာ ကျွန်တော့်အတွက် အဆင်ပြေမလဲလို့ ရှာရတယ်။ နောက်ဆုံးတော့ တိုက်ခန်းတွေကို နို့ပို့ရမည့်လမ်းကို ရပါတယ်။ တစ်နေ့တစ်နေ့ ပိုင်ယာ ခြင်းတောင်းလေးတွေနဲ့ နိုင်သမျှ သယ်ပြီးပို့၊ ကုန်ရင် ထပ်လာသယ်နဲ့ တက်ချည်ဆင်းချည်၊ သွားချည်ပြန်ချည်ပဲ။ အဲဒီ အချိန်တုန်းက ကျွန်တော့်အသက်က ငယ်ငယ် မဟုတ်လား။ ဝင်ငွေလည်း ဒေါ်လာ ၆,၀၀၀ အထိ တိုးသွားတယ်"

တကယ်တော့ နို့ပို့သမားတစ်ယောက်ဟာ လူပေါ်ကြော လုပ်နေလို့ မရပါဘူး။ သူ့ဘဝက ကြမ်းတမ်းလှပါတယ်။ အိမ်တိုင်ရာရောက် နို့ပို့တဲ့အလုပ်ကို လုပ်မိတယ်ဆိုယင် မနက် လေးနာရီခွဲလောက်ကစပြီး လုပ်ငန်းခွင် ဝင်ရပါတယ်။ လေးလံတဲ့ သစ်သားခြင်းကြီးတွေမှာ ဖန်ပုလင်းတွေ ထည့်ပြီး ကားပေါ်တင်ရပြီလေ။ ချွေးဒီးဒီးကျအောင် လုပ်ရတယ်ဆိုတာ လူတွေ သဘောမပေါက်ကြဘူး။ ဒီလို မလုပ်မီကလည်း ညသိပ်ထားတဲ့ နွားနို့တွေ မချဉ်အောင် ရေခဲသေတ္တာထဲမှာ စင်တွေ အေးခဲနေအောင် လုပ်ထားရ

ပါတယ်။ အဲဒီအချိန်ကတည်းက နို့ပို့တဲ့ ကားတွေကို မောင်းရတယ်။ ကားကြမ်းခင်းနဲ့ ပစ္စည်းသိုလှောင်တဲ့နေရာမှာဆို ရေခဲအရိုက်နဲ့ အေးစိမ့်နေတယ်။ ခုတော့ ခေတ်သစ် စက်မှုနည်းတွေကြောင့် ဒီလို မဟုတ်ကြတော့ဘူး။ သူ့အလုပ် ပြီးတဲ့အချိန်ကတော့ မွန်းတည့်ချိန်ပါပဲ။

နောက်ဆုံးမှာ နို့ချက်လုပ်ငန်းကြီးရဲ့ ဖိုမင်အဖြစ်နဲ့ တစ်နှစ်မှာ လစာ ဒေါ်လာ ၁၄,၀၀၀ နဲ့ အမြင့်ဆုံးလုပ်ခကို ရခဲ့ပြန်ပါတယ်။ ဒီအလုပ်နဲ့ ဆယ့်တစ်နှစ်ကြာပြီးတော့ ဘော့ဗ်ဟာ အလုပ်ကထွက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ လုပ်ငန်းကြီးဟာ နို့ပို့လမ်းကြောင်း လက်ကားရောင်းချမှုကို တခြားလူတွေလက် အပ်လိုက်ပါတယ်။ ဒါဟာ ကျွန်တော့်အနာဂတ်အရေးပဲလို့ ဘော့ဗ်က ဆိုပါတယ်။ "သူတို့နဲ့ ခွဲထွက်လာပြီး လခမယူဘဲ စွန့်လွှတ်ခဲ့တာ၊ အကျိုးခံစားခွင့်တွေကို လျစ်လျူရှုခဲ့တာ၊ ကိုယ့်ဘာသာ ကိုယ့်လုပ်ငန်း လုပ်တာတွေကို တချို့ လူတွေက ကျွန်တော့်ကို ရူးကြောင်ကြောင်ဖြစ်နေပြီလို့တောင် ထင်ကြတယ်ဗျာ။ ဒါပေမယ့် အိမ်ကို နို့ပို့တဲ့ လုပ်ငန်းလမ်းကြောင်းဟာ တဖြည်းဖြည်း တိမ်ကောလာပြီဆိုတာကို ကျွန်တော်က သိနေတယ်လေ။ ကျွန်တော့်အတွက်လည်း ကိုယ်ပိုင်အလုပ်တစ်ခုခု ရှိမှဖြစ်မယ်ဆိုတာကိုလည်း သိခဲ့ပြန်ပါတယ်"။

သူက နို့ချက်လုပ်ငန်းကြီးကို သူ့ဒေသအတွင်းမှာ လက်ကားပို့ဆောင်ပေးဖို့အတွက် ဒေါ်လာ ၁,၁၀၀ ပေးခဲ့ရတယ်။ ပထမဆုံးထွက်တဲ့ ကားအတွက် ဒေါ်လာ ၂,၀၀၀ ပေးရပြန်တယ်။ အဲဒီကားကြီးဟာ ရေခဲစက်ပါရှိပြီး နံရံ၊ မျက်နှာကြက်တွေမှာ ရေခဲတွေရအောင် လျှပ်စစ်ဓာတ်အားနဲ့ ညတိုင်းလုပ်ထားနိုင်တဲ့ ဆယ့်ခြောက်ပေရှည် ကားကြီးပေါ့။ ဗိုးလ်ဒင်း ဂန်းန်ဆေး နို့ချက်လုပ်ငန်းကြီးက အိမ်တိုင်ရာရောက် နို့ပို့တဲ့အလုပ်ကို မထားတော့ဘဲ ဘော့ဗ် ဟားဒီတို့လို ကိုယ်ပိုင်လုပ်ငန်းလုပ်တဲ့ နို့ပို့သမားတွေကသာ ဒီလုပ်ငန်းလုပ်တာ ကျန်ပါတော့တယ်။

ခုဆိုရင် ဘော့ဗ်ဟာ သူ့သားတစ်ယောက်နဲ့အတူ သူ့လုပ်ငန်းကို ကိုယ်တိုင်ပဲ လုပ်တယ်။ အလုပ်ချိန်ကိုလည်း ပိုထားတယ်။ တစ်ခါတစ်ရံ တစ်နေ့မှာ ဆယ့်ငါးနာရီ ဆယ့်ခြောက်နာရီကြာလုပ်ပြီး ရက်သတ္တပတ်မှာ



ခြောက်ရက် အလုပ်လုပ်တယ်။ ကျောင်းတွေ၊ စားသောက်ဆိုင်တွေ၊ စတိုးဆိုင်တွေ၊ ဟိုတယ် ဆူပါမားကက်တွေကို နို့ပို့ရပါတယ်။ "အနည်းအပါး ပို့တာလေးတွေတော့ ကျွန်တော်လုပ်တယ်။ များများစားစားကိုတော့ သားကိုပဲ လုပ်ခိုင်းရတယ်။ သူသာ မလုပ်ယင် သူ့အစား လူနှစ်ယောက်လောက်ငှားရမှာ" လို့ ဘော့ဗ်က ပြောပြပါတယ်။

ဘော့ဗ်ဟာ တစ်ခါတစ်ရံ သူကိုယ်တိုင် နွားနို့ပို့ရင်း ပတ်ဝန်းကျင်က လူတွေရဲ့ စရိုက်အမျိုးမျိုးကို ကြုံရတတ်ပါတယ်။ သူ့ကို ရယ်စရာသဘော ပြောဆိုတာမျိုးကို လျစ်လျူရှုခဲ့ရတယ်။ သူ့ကို နွားနို့ပို့သမားဆိုပြီး ပေါ့ပေါ့တန်တန် သဘောထားပြီး နေချင်သလို နေကြတဲ့လူတွေကိုလည်း သူတွေ့ခဲ့ရပါတယ်။ တစ်ခါတစ်ရံ အိမ်ရှင်ကတိုက်တဲ့ ကော်ဖီတစ်ခွက်ကိုတောင် သူဖြောင့်အောင် မသောက်နိုင်ပါ။ စကားမပြည့်ပြောဖို့တောင် အချိန်မရပါ။ ကားပေါ်က ရေခဲတွေ အရည်ပျော်မှာစိုးလို့ သုတ်သီးသုတ်ပြာ ပြေးရတာတွေလည်း ရှိခဲ့ပါရဲ့။

ဘော့ဗ်ရဲ့ အကြိုက်ဆုံး အဖြစ်အပျက်လေး တစ်ခုကတော့ သူ့လုပ်ဖော်ကိုင်ဘက်တစ်ယောက် အကြောင်းပါပဲ။ အဲဒီလူက တက္ကသိုလ်တစ်ခုရဲ့ မိန်းကလေးဆောင်တစ်ခုကို နွားနို့သွားပို့ရပါတယ်။ အဲဒီအဆောင်မှာ မိန်းကလေးတစ်ယောက်ဟာ သူရောက်သွားတုန်း ရေချိုးခန်းက အဝတ်မပါ ဗလာကိုယ်တည်း ထွက်လာတာနဲ့ တန်းတိုးရတဲ့အကြောင်းပါပဲ။

ဘော့ဗ်က နွားနို့ထွက်ပစ္စည်းတွေဟာ အကောင်းဆုံးပဲလို့ပြောပါတယ်။ "နွားနို့ဆိုတာ အကောင်းဆုံး အစာအာဟာရတစ်ခုပါပဲ၊ အပေါဆုံး အစာ တစ်ခုဖြစ်ပြီး ဝယ်ရ အလွယ်ဆုံးပါပဲ၊ အကောင်းဆုံး သောက်စရာအရည်တစ်မျိုးပါ" လို့ ဘော့ဗ်က ပြောပါတယ်။ ဒါပေမယ့် သူ့မိန်းမကတော့ နွားနို့ဆို မကြိုက်ဘူးတဲ့။

"နွားနို့ပို့ရတဲ့အခါဆိုရင် အချိန်ဟာ ကုန်မှန်း မသိဘူး။ အချိန်ကို လုနေရတာပဲ။ မနက်လည်း အရင်ကထက်ပိုပြီး စောစောထလုပ်တာပဲ။ ဒါပေမယ့် နာရီကို ကြည့်မိပြီလားဆိုရင် တစ်နေ့တာ ကုန်သွားတာချည်းပဲ။ ပင်ပန်းတဲ့အလုပ်ပေါ့ဗျာ" တဲ့။

* * *



တစ်ခါတစ်ရံမှာ နေရတာ ပျင်းခြောက်ခြောက်ကြီးပဲ။ ကျွန်တော့်အဖို့ သူများတွေထက်ပိုပြီး ပျင်းခြောက်ခြောက်နိုင်မယ်ထင်တယ်။ ဒီလိုအခါမျိုးဆိုရင် စိတ်ပျက်လက်ပျက်နဲ့ မြို့ထဲမှာ ဟိုသွားဒီသွား လမ်းသလားလိုက်တယ်။

မေရီနဲ့ကျွန်တော် တိုလီမိုလီ ဝယ်နေကျ လမ်းထောင့်က ဆိုင်ကလေးကိုရောက်တော့ ကောင်တာမှာဝင်ပြီး ကော်ဖီတစ်ခွက် သောက်ဖြစ်တယ်။ ကျွန်တော် ဈေးဝယ်လာတာလည်း မဟုတ်ဘူး။ ဘာမှလည်း မလိုဘူး။ ငြီးစီစီကြီးမို့ တစ်နေရာမှာ အချိန်ဖြုန်းပစ်ချင်တာပါပဲ။

ဒီလို စိတ်ထိုင်းမှိုင်း ညစ်ညူးနေချိန်မှာ ကောင်တာနောက်က နှစ်သက်ဖွယ်ကောင်းတဲ့ အမျိုးသမီးတစ်ယောက်ရဲ့အသံကို ကြားရပါတယ်။ "ဝီးလ်လဒ် ဘာလာဝယ်တာလဲ၊ ဒီမှာထိုင်ပြီး ဘာလုပ်နေသလဲ" တဲ့။ ကျွန်တော်က ဘာမှ ရည်ရွယ်ချက် မရှိကြောင်း သူ့ကိုပြောပြလိုက်ပါတယ်။ ဒါနဲ့ အဲဒီအမျိုးသမီးက ဟိုအကြောင်း ဒီအကြောင်း အတင်းရောသတင်းရော စုံအောင် ကျွန်တော့်ကို စကားပြောတော့တာပဲ။ ကျွန်တော်သောက်တဲ့ ကော်ဖီတစ်ခွက်ဖိုးတောင် မယူဘဲ အလကားတိုက်လိုက်ပါတယ်။

ဒီအမျိုးသမီးက ကျွန်တော် လတ်တလောငြီးငွေ့မှုကို ပြေပျောက်ပေးလိုက်ခြင်းပဲလို့ ပြောရပါမယ်။ လီယို ဟော့ဗ်မဲန်း၊ လစ်ခ် ကစ်ဝဲလ်၊ ဘော့ဗ် ဟားဒီတို့လို လူတကာ စိတ်ရွှင်လန်းစေအောင် လုပ်နိုင်တဲ့သူတွေပါပဲ။ သူတို့အလုပ်ကို သူတို့ ဂရုစိုက်သူတွေ၊ သူတို့အလုပ်အကျွေးပြုရတဲ့ လူထုကို အလေးထားသူတွေ၊ ဘယ်လောက်ဝေးပါစေ၊ သွားရမှာ ဝန်မလေးသူ တွေ ဖြစ်ရပါတယ်။ ဒီလိုလူတွေသာ မရှိခဲ့ရင် ကျွန်တော်တို့ ဘယ်လိုနေကြမယ်ဆိုတာ မတွေးမိတတ်တော့ဘူး။



## ၄။ အေးအတူ ပူအမျှ

ကျွန်တော့်အမေဟာ အိမ်အလုပ်တွေကို သူကိုယ်တိုင် လုပ်ခဲ့ဖူးသူတစ်ယောက်ပါ။ ပန်းကန်ဆေးရမလား၊ အဝတ်တွေ ဖွပ်ရမလား၊ ကြမ်းပဲတိုက်ရမလား၊ အမေ့ကို ဘက်ညီညီနဲ့ကူညီလုပ်ကိုင်ပေးတတ်သူဖြစ်ပါတယ်။

ဒီလို လင်ယောကျ်ားမျိုးဟာ ဘယ်လို လွတ်မြောက်မှု ရနိုင်ပါ့မလဲလို့ အခုအခါမှာတွေးရင် ရယ်စရာတော့ အကောင်းသား။ ဘာကနေပြီး လွတ်မြောက်တာလဲ။ ကလေးတုန်းက ကျွန်တော် မသိသလို အခုအရွယ်မှာလည်း ကျွန်တော် မသိပါဘူး။

ကျွန်တော့်အမေဘက်က အဘိုးအဘွားတွေဆို အိမ်အလုပ်တွေကို ခွဲဝေပြီး လုပ်ခဲ့ကြသတဲ့။ ကျွန်တော်ငယ်ငယ်က အလုပ်များမြောင်လှတဲ့ ယာတောထဲမှာ ရှေးထုံးတမ်းစဉ်လာမပျက် ဒီလိုပဲ လုပ်ကိုင်လာခဲ့ကြတာ တွေ့ခဲ့ရတယ်။ အဘွားကတော့ တစ်နေ့လုံး မီးဖိုချောင်မှာ တကုပ်ကုပ်နဲ့ အလုပ်ရှုပ်လို့ပေါ့။ နံနက်စာ၊ နေ့လယ်စာ၊ ညနေစာစသဖြင့် တစ်နေ့တာလုံး စီမံချက်ပြုတ်ရတာ မအားနိုင်ပါဘူး။ ဆာလောင်နေတဲ့ အိမ်သားတွေကို ကျွေးမွေးရတာနဲ့ပဲ မပြီးနိုင်သေး။ စားစရာတွေကို တာရှည်ခံအောင် စည်သွတ်ရ၊ လုပ်ရ၊ သန့်ရှင်းအောင်ဆေးရကြောရ၊ တောက်တိုမယ်ရအလုပ်တွေကလည်း သူ့မှာ အပုံပါပဲ။ ဒီလိုပဲ အဘိုးလည်း သူ့အလုပ်နဲ့သူ မအားရှာပါဘူး။ အမေတို့ အဖေတို့ထက် စာရင်တော့ ပိုရှုံးဆန်တာပေါ့လေ။

အမေနဲ့ အဖေတို့ကျတော့ တစ်မျိုး။ ကျွန်တော့်အဖေဆိုရင် ဆူမယ်၊ ဆဲမယ်၊ ဆော်မယ်၊ ဟစ်မယ်။ ဒါပေမယ့် အဖေဟာ စိတ်ကောင်းရှိတဲ့ လူတစ်ယောက်လို့ အရပ်ထဲမှာ ထင်ရှားတဲ့လူပါ။ အဖေနဲ့အမေက ရှုံ့သွားနောက်လိုက်ညီကြသလို တစ်ဦးကိုတစ်ဦး အလေးထားကြပါတယ်။ ကျွန်တော့်ကိုလည်း ထိုနည်းလည်းကောင်းပဲ။ ဒါပေမယ့် သူ့စရိုက်နဲ့သူပေါ့။ ဒီလို ဘက်ညီတဲ့ အိမ်ထောင်ရှင်တွေမျိုး ကျွန်တော် မမြင်ဖူးခဲ့သေးပါ။

ကျွန်တော်တို့ အိမ်ထောင်ကျတော့လည်း ဒီလို သမားရိုးကျမဟုတ်။ ကျွန်တော်က တစ်ချိန်လုံး လမ်းပေါ်မှာ။ ခရီးထွက်တဲ့အခါထွက်၊ ခရီးမထွက်ဖြစ်ရင်လည်း နယူးယောက်မြို့မှာ အချိန်ကုန်နေသလို ကျွန်တော့်ဇနီးမေရီကလည်း သူ့ဘာသာသူ ခရီးသွားချင် သွားနေတာပဲ။ ခရီးမထွက်ပြန်ရင်လည်း ဗာဂျီးနီးယားက အိမ်မှာ အချိန်ကုန်နဲ့ပါပဲ။ တစ်ယောက်ကိုတစ်ယောက် တယုတယလုပ်ဖို့များ အချိန်မရှိဘူးခင်ဗျ။ ဒီလို နေထိုင်ရပုံမျိုးဆိုရင် ကွဲနေတဲ့လင်မယားနဲ့ ဘာထူးမှာတုံး။ ဒါပေမယ့် မေရီနဲ့ကျွန်တော်ကတော့ နားလည်မှုအပြည့်ပါပဲ။ နှစ်ခုပေါင်းမှ တစ်စုံဖြစ်ရတဲ့ ခြေအိတ်လို ဘက်ညီနေပါတယ်။ လက်ထပ်စဉ်ကလည်း ဒီလို အိမ်ထောင်ပုံစံမျိုးကို မမျှော်လင့်ခဲ့ဘူးပေါ့။ သူလည်း လွတ်လွတ်လပ်လပ်၊ ကိုယ်လည်း လွတ်လွတ်လပ်လပ်။ သူ့အလုပ်သူလုပ်သလို ကျွန်တော်လည်း ကိုယ့်အလုပ်ကိုယ်လုပ်။ နေရေးထိုင်ရေးအတွက် ဟိုပြေးဒီပြေးပြီး အလုပ်လုပ်နေချိန်မှာ မေရီကလည်း လူမှုရေးကိစ္စတွေနဲ့ အလုပ်များနေရှာတာပါပဲ။ စားချိန်သောက်ချိန်တောင် ကျွန်တော်တို့နှစ်ယောက် ဆုံစည်းကြခြင်း မရှိလှ။ အိမ်မှာ ထမင်းအတူတူစားတာ နည်းပြီး ဆိုင်မှာ မျက်နှာချင်းဆိုင် စားရတာ ခပ်များများပဲ။

ဒီလိုမှမဟုတ်ဘဲ ပုံစံကြီးချပြီး နေရပုံမျိုး မနက်ကိုးနာရီက ညနေငါးနာရီထိ အလုပ်သွား၊ ညစာကို ခြောက်နာရီစားတဲ့ အိမ်ထောင်မျိုး ဆိုရင် တစ်ဦးနဲ့တစ်ဦး ရိုသေလေးစားမှု ရှိကြလို့သာ အိမ်ထောင်သက်မြဲတာပါ။ ကျွန်တော်တို့က လေးနက်တဲ့ ထာဝရ လေးစားမှုတွေ ရှိကြတာမို့ နိုင်မြဲတဲ့ အိမ်ထောင်ဖြစ်လာရတာ ဂုဏ်ယူမိပါရဲ့။ အုတ်မြစ်အခြေခံနိုင်တဲ့ အိမ်ထောင်ပေါ့။

နှစ်ဆယ့်ရှစ်နှစ်ရှိတဲ့ အိမ်ထောင်သက်တစ်လျှောက်မှာ ကျွန်တော်တို့မိဘတွေ၊ ဘိုးဘွားတွေရဲ့ အိမ်ထောင်မှုအရိပ်တွေ ရှိခဲ့သလို ကျွန်တော်တို့အိမ်ထောင်မှုဟာလည်း ကျွန်တော့်သမီးတွေအတွက် အတုယူစရာ ဖြစ်လာတယ်။ မြင်ရင် အတုခိုးတာပဲပေါ့။ ကျွန်တော့်သမီးကြီး မေရီနဲ့ သူ့ခင်ပွန်း ဒေါန်တို့ဟာလည်း ဒီလိုပါပဲ။ ကယ်လီဖိုးနီးယားမှာ ဒိုမီနိုပီဇာလုပ်ငန်းလုပ်နေကြတယ်။ သမီးအငယ် ဆယ်လီကတော့ အိမ်ထောင်မပြုသေးဘူး။ သူလည်း အိမ်ထောင်ပြုရင် အတုမြင်အတတ်သင် ဖြစ်ဦးမှာပဲ။ ဒါပေမယ့် သူကတော့



အိမ်မှာဆိုရင် ရွှေပြည်အေးသမား။ ဒီလိုအကျင့်မျိုး ရှိပြီးသူဆိုတော့လည်း သူများကို ရိုသေလေးစားဖို့ အထူးကြိုးစားလုပ်နေစရာ မလိုတော့ဘူးပေါ့။

အဆင်ပြေတဲ့ အိမ်ထောင်တွေဆိုရင် ကိုယ့်အိမ်ထောင်ဖြစ်စေ၊ သူတစ်ပါးအိမ်ထောင်သည်တွေဖြစ်စေ အမြဲမြင်ချင်တွေ့ချင်တယ်။ လူတွေကို ကွင်းဆင်းလေ့လာကြည့်ရာက သိရတဲ့အချက်က ဒီကနေ့မှာ လူတွေဟာ အထီးကျန်မနေချင်ကြတော့ဘဲ လက်ထပ်ထိမ်းမြားချင်သူတွေ အရင်ကထက် ပိုများလာတယ် ဆိုတဲ့အချက်ဖြစ်ပါတယ်။ ဒီကနေ့ ယူအက်စ်အေ ဆိုတဲ့ စာစောင်ထဲမှာ ဇန်နဝါရီလက အစီရင်ခံစာတစ်စုမှာမှတ်တမ်းပြုထားသလောက် တစ်ကိုယ်တည်းနေသူ အမျိုးသမီးများရဲ့ ၇၂ ရာခိုင်နှုန်းနဲ့၊ တစ်ကိုယ်တည်း လူပျိုကြီးတွေရဲ့ ၆၀ ရာခိုင်နှုန်းတို့ဟာ ထိမ်းမြားလက်ထပ်လိုခြင်းပါပဲ။ ဒါ ၁၉၈၇ ခုနှစ်က လေ့လာမှုပါ။ အတည်တကျ မရှိဘဲ တစ်ယောက်ပြီး တစ်ယောက်ပြောင်းရတဲ့ဘဝမျိုးထက် အတည်တကျဖြစ်လိုကြတဲ့ သဘောပဲလို့ ယူဆရပါတယ်။ တစ်ဖက်ကလည်း လူမှုရေး ရောဂါဆိုးတွေရယ်၊ အေအိုင်ဒီအက်စ်လို ရောဂါမျိုးတွေရယ်က ခြောက်လှန့်တာတွေလည်း ပါမှာပေါ့လေ။ ဒါပေမယ့် လူတွေက မိသားစုရယ်လို့ သိုက်သိုက်ဝန်းဝန်းနဲ့ အခြေချနေချင်တဲ့ စိတ်ကလေးတွေ ပေါ်လာကြပြီလို့ ထင်ရပါတယ်။

ကျွန်တော့်ရဲ့ တိုတောင်းတဲ့ ဘဝတာအတွင်းမှာ စီးပွားပျက်ကပ်ဆိုက်တာတို့၊ အမျိုးသမီးလွတ်မြောက်ရေးဟို့၊ လိင်ကိစ္စတော်လှန်ရေးတို့ ကြုံခဲ့ဖူးပြီးတဲ့နောက် အခု ထိမ်းမြားခြင်းနဲ့ မိသားစုကိစ္စရဲ့ တန်ဖိုး အနှစ်သာရတွေကို တွေ့လာရပြန်ပါပြီ။ ဘာသာရေးနဲ့ ဆက်နွှယ်ပြီး ပြောရဦးမယ်။ သမ္မာကျမ်းစာဆိုတာ ဥပဒေစည်းမျဉ်းစည်းကမ်းတွေ အများကြီးပါတဲ့ စာမျိုးပါ။ ဘာသာရေးအကြောင်း ပြောချင်လို့ မဟုတ်ပေမယ့် ကျွန်တော်တို့ဟာ အခြေခံအကြောင်းအချက်တွေဆီကို ပြန်သွားနေကြတယ်။ သမ္မာကျမ်းစာကတော့ လမ်းညွှန်လို့ပဲ ဆိုရမယ်။ လိင်ကိစ္စဆိုတာ သာယာပျော်ရွှင်စရာကောင်းတဲ့ ကိစ္စမျိုးဖြစ်ပေမယ့် တွေ့ကရာနေရာမှာ တွေ့ရာလူနဲ့ သာယာမှု ရှာကြဖို့တော့ မဟုတ်သေးဘူးပေါ့။

ဒါပေမယ့် ကြည့်။ ကျွန်တော်တို့မှာ အားနည်းချက်တွေက



ရှိနေကြတယ်။ သမ္မတဟောင်း ဂျင်မီ ကာတာလို ဘာသာရေးကိုင်းရှိုင်းတဲ့ လူတစ်ယောက်တောင်မှ ရမ္မက်ဆန္ဒ ရှိသေးတာပဲ မဟုတ်လား။ ဒါပေမယ့် မေတ္တာတရားရယ်၊ ဂါရဝတရားရယ်၊ သစ္စာတရားရယ်ဆိုတဲ့ ခိုင်မာတဲ့ အုတ်မြစ်နဲ့ တည်ဆောက်ထားတဲ့ အိမ်ထောင်ဖြစ်ခဲ့တာမို့ အိမ်ထောင်ပြိုကွဲခြင်းဆိုတာ မဖြစ်ခဲ့ဘူး။ ကျွန်တော်တို့ဟာလည်း ဒီအခြေခံအုတ်မြစ်တွေနဲ့ ကျွန်တော်တို့ရဲ့ အိမ်ဂေဟာလေးကို တည်ဆောက်ခဲ့ကြပါတယ်။ ဒီလို ခိုင်မာမြဲမြံတဲ့ အကြောင်းတရားတွေနဲ့ တည်ဆောက်ထားတဲ့အလားတူ ချမ်းမြေ့ဖွယ် အိမ်ထောင်တွေအကြောင်းကို အခု ဆက်လက်ပြီး ဖတ်ရှုရပါမယ်။



## အိမ်ထောင်သည်သစ်တို့ဘဝ

**ဒေါန်နှင့် ဒေးဗစ် ကမ်ဘဲလ်**

***ဒါးလက်စ်၊ တက္ကဆက်***

ခင်ဗျားတို့ တက္ကဆက်ပြည်နယ်က လာရီဒိုမြို့မှာ လင်မယား ကွာရှင်းမှုနှုန်း အနည်းဆုံးဆိုတာ ကြားဖူးကြမယ် မထင်ပါဘူး။ အဲဒါတကယ် ပါပဲ။ လင်မယား ကွာရှင်းမှုနှုန်းထားဟာ အဲဒီ လာရီဒိုမြို့မှာ အိမ်ထောင်သည်တစ်ထောင်မှာ တခြားမြို့နယ်တွေထက်စာရင် အလွန်နည်းပါတယ်။ ဒါဟာလည်း အဲဒီဒေသက လူတွေအပေါ်မှာ ဘာသာရေးက အမြစ်တွယ်နေကြလို့ပဲ။ ဘာသာရေးကို နက်နဲစွာ သက်ဝင်ယုံကြည်နေကြတာကြောင့် ကောင်းမြတ်တဲ့ ကိုယ်ကျင့်သိက္ခာတရားတွေ ပျံ့နှံ့နေတာ ဖြစ်ပါလိမ့်မယ်။

ကိုလံဘီယာ ရုပ်မြင်သံကြားဌာနက အလုပ်သမားတွေဖြစ်တဲ့ ကျွန်တော်တို့တစ်တွေဟာ လင်မယားကွာရှင်းမှုနှုန်းထား အနည်းဆုံးဖြစ်တဲ့ အဲဒီမြို့မှာ ကြားသိရတာတွေကို ဟုတ်မဟုတ် လက်တွေ့သိဖို့ရာအတွက် ကိုယ့်အလုပ်တွေကို ဘေးဖယ်ပြီး လာရီဒိုမြို့ထဲက လမ်းတွေပေါ်မှာ ရောက်လာကြပါတယ်။ ကျွန်တော်တို့အဖွဲ့ဟာ ကင်မရာတွေကို ကိုင်ဆွဲပြီး ကြားသမျှ အဖြေရှာဖို့ ထွက်ခဲ့ကြတယ်။ နှစ်ငါးဆယ် အတူတူ ပေါင်းသင်းလာတဲ့ လင်မယားစုံတွဲ အမျိုးမျိုးကို တွေ့ဆုံပြီး စကားတွေ ပြောခဲ့ကြတယ်။ နှစ်ငါးဆယ်တိုင်နိုင်မြဲတဲ့ အိမ်ထောင်ကို တည်ဆောက်ခဲ့တဲ့ သူတို့တစ်တွေကတော့ အဲဒီ သူတို့မြို့နယ်လေးမှာ တခြား နေရာတွေထက် အိမ်ထောင်တည်မြဲမှု ပိုပြီး ရှိကြရတယ်ဆိုတာ မတွက်မိကြပါဘူး။

ပူပူနွေးနွေး လက်ထပ်ပြီးစ စုံတွဲများကို စေ့ငုစွာ စုံစမ်းလေ့လာပြီး ကျွန်တော်တို့လိုချင်တဲ့ အဖြေကို ရနိုင်မလားလို့ ကြည့်မယ်။ မရနိုင်ဘူးဆိုရင်တော့ ကျွန်တော်တို့လေ့လာမှုကို ဖယ်လိုက်ရမှာပေါ့။ ကျွန်တော်တို့ မြို့ထဲကို ရောက်တဲ့အချိန်မှာ အနည်းငယ်သော လက်ထပ်ပွဲများကိုသာ

တွေ့ကြရပါတယ်။ အဲဒီနယ်က ကုန်သည်များအသင်းက ဒေါ်နဲ့ ဒေးဗစ် ကမ်ဘဲလ်ဆိုတဲ့ ဇနီးမောင်နှံ အသစ်စက်စက်လေးတွေနဲ့တွေ့ဖို့ ညွှန်ပြခဲ့ပါတယ်။ "ကျွန်တော်တို့က ရှေ့သွားနောက်လိုက် သိတ်ညီတဲ့အတွဲ" လို့တောင် ဒေးဗစ်က ပြောပါသေးတယ်။

သူတို့ကတော့ တကယ်ပဲလိုက်ဖက်တဲ့အတွဲပါပဲ။ ဒေးဗစ်ရဲ့ ဇနီးချောကလေးကိုတော့ ပိုပြီး ချီးကျူးရလိမ့်မယ်ထင်ပါတယ်။ ဒီနှစ်ယောက်ကတော့ သနားကြင်နာတတ်တဲ့၊ ရည်မွန်ကျက်သရေရှိတဲ့အပြင် ပွင့်လင်းဖော်ရွေလှပါတယ်။ သူတို့ရဲ့ ဖော်ရွေပွင့်လင်းမှုကို ကျွန်တော့်အဖို့ အမြဲပဲ ကျေးဇူးတင်နေမှာပါ။

ကိုယ့်အသိအကျွမ်း တစ်ယောက်မှ မပါတဲ့ လက်ထပ်မင်္ဂလာပွဲမျိုးကို စာရှုသူများ တက်ကြည့်ဖူးပါသလား။ ကြုံကြိုက်ရင် တက်စမ်းကြည့်ပါလား။ တစ်မျိုးကလေးပါပဲ။ သူတို့ရဲ့ တစ်လှည့်စီ ကျမ်းကျိန်ပြီး ကတိကဝတ်တွေ ပြုနေကြတာကို မြင်ရရင် ထိမ်းမြားလက်ထပ်တဲ့ အဓိပ္ပါယ်ကို စဉ်းစားမိနေမှာ အမှန်ပါ။

တဂ္ဂဆက်ပြည်နယ် လာရီဒိုမြို့လေးရဲ့ တစ်ခုသော ဘုရားရှိခိုးကျောင်းငယ်လေးရဲ့ တစ်နေရာမှာထိုင်ပြီး သူတို့နှစ်ဦး လက်ထပ်မင်္ဂလာဆင်နွဲနေပုံကို ကြည့်နေမိပါတယ်။ ဇနီးမောင်နှံ အသစ်စက်စက်ကလေးနှစ်ယောက်ဟာ သူတို့ရဲ့ ခင်မင်ရင်းနှီးလှတဲ့ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ မိသားစုများရှေ့မှာ တစ်ဦးဘဝတစ်ဦးအပ်နှံပြီး ကတိသစ္စာပြုနေကြပါတယ်။ ကျွန်တော်ကတော့ သူတို့နဲ့ ဘာမှ မဆိုင်တဲ့ အပြင်လူပေါ့။ ရုပ်မြင်သံကြားပြကွက်မျိုးကို ကြည့်နေရတာမျိုးထက် ပိုပြီး လူတွေရဲ့ စိတ်ထဲမှာ ခံစားမှုတွေ ရှိနေကြမှာပါပဲ။ ကျွန်တော်ကလည်း အိမ်နဲ့ ဝေးနေရတော့ အိမ်ကို အောက်မေ့နေမိပါတယ်။ ဒီလို မင်္ဂလာပွဲမျိုးတွေကို ကြုံဖူးချင်နေတာပါ။

သူတို့နှစ်ယောက်ရဲ့ တွေ့ဆုံကြပုံက ဒီလိုပါ။ ကျန်းမာရေးကလပ်တစ်ခုမှာ တွေ့ကြတယ်။ ဒေါ်နက အားကစားလေ့ကျင့်မှုအတွက် ချီးကျူးခံရသူပါ။ ဒေါ်နက အေရိုးဗစ်လေ့ကျင့်ခန်း လာလုပ်သလို၊ ဒေးဗစ်က အလေးမ လေ့ကျင့်ခန်း လာယူတာပါ။ နှစ်ယောက်စလုံး အော်စတင်မြို့မှာ



နေကြတုန်းရှိပါသေးတယ်လို့ ဒေးဗစ်က ပြောပြပါတယ်။ တစ်နေ့တော့ ဒေးဗစ်ရဲ့ အလေးမတဲ့အခန်းထဲကို ဒေါ်နက အလေးမဖို့ ဝင်လာပါတယ်။ အဲဒီအချိန်မှာပဲ ဒေါ်နကို ဒေးဗစ်က သတိပြုမိရောဆိုပါတော့။ ပြီးတော့ ဒေါ်နရဲ့ ညီမလေးပါ ဝင်လာတာ တွေ့ရပါတယ်။ ဒေါ်နကို ဒေးဗစ်က မြင်မြင်ချင်း မေတ္တာရှိသွားပါတယ်တဲ့။

ဒေးဗစ်က ရှက်ရွံ့ရွံ့ပဲ။ ဒေါ်နကို နှုတ်တောင်မဆက်ဖူးပါဘူး။ "သူက ဒီလို နှုတ်မဆက်တတ်တော့ ကျွန်မက သူ့ကို မာနကြီးတစ်ခွဲသားနဲ့လူပဲလို့ ထင်မိတာပေါ့" လို့ ဒေါ်နကလည်း အပြုံးကလေးနဲ့ ပြောပြပါတယ်။ "အားကစား လေ့ကျင့်တဲ့အခန်းထဲမှာ သူနဲ့ မကြာခဏ ဆုံမိကြပါတယ်။ အကြိမ်ပေါင်းများစွာ ဒီလို ဆုံခဲ့ကြပေမယ့် တခြားသူတွေနဲ့သာ နှုတ်ဆက်မိတယ်။ သူနဲ့တော့ တစ်ခါမှ နှုတ်မဆက်မိဘူး။ နောက်ဆုံးတော့ သူ့ကို ကျွန်မကပဲ စနှုတ်ဆက်ကြည့်မယ်။ ဘာများ ဖြစ်လာမလဲလို့ ကြည့်ချင်တာနဲ့ ဒီလို ဆုံးဖြတ်လိုက်တာပါ"

ဒေါ်နက နှုတ်ဆက်လိုက်တော့ နှစ်ယောက်လုံး ပျော်ရွှင်သွားကြတယ်။ နှုတ်ဆက်မိတာကအစ နောက်ညတော့ နှစ်ယောက်သား ညစာအတူစားခဲ့ကြတယ်။ နောက်ည နောက်ညတွေမှာလည်း ညတိုင်းလို တွေ့ခဲ့ကြတာပဲ။ "သူနဲ့ တစ်မြို့တည်းနေကြတုန်းက တစ်ညမှ မဆုံမိတဲ့အခါရယ်လို့ မရှိခဲ့ဖူးဘူး" လို့ ဒေးဗစ်က ဝင်ပြောပြပါတယ်။

သူတို့ရဲ့ဇာတ်လမ်းကလေးက ဒီကနေ့အချိန်နဲ့ ကြည့်မိမယ်ဆိုရင် လေပွေတိုက်သလို မြန်မလား မဆိုနိုင်ဘူး။ စတွေ့ကြတော့ ၁၉၈၅ ခုနှစ်စက်တင်ဘာလ။ နောက် ၅ လကြာတော့ စေ့စပ်ကြရော။ ၁၉၈၆ ခုနှစ် မေ့ရာသီမှာ အခုလို လက်ထပ်ကြတာဖြစ်ပါတယ်။ အားလုံးတွက်ကြည့်ရင် စတွေ့တဲ့အချိန်က လက်ထပ်တဲ့အချိန်အထိ ကြာချိန် ၁၀ လ လောက်ပဲရှိပါတယ်။ သူတို့နှစ်ယောက် ကျန်းမာရေးကလပ်ကို အတူပူးပေါင်းပြီး အသင်းဝင်အဖြစ် ဝင်ခဲ့ကြပြီး ဘဝတာမှာလည်း အခုလို အတူပူးပေါင်းမိကြတာလို့ ပြောရမှာပါပဲ။

"ကျွန်မတို့နှစ်ယောက် မတွေ့ကြခင်ကဆို လက်ထပ်တဲ့ကိစ္စမျိုးကို



ဘယ်သူမှ မတွေးမိခဲ့ကြဘူး။ တစ်ယောက်ယောက်နဲ့တော့ အိမ်ထောင်ပြုဖို့သင့်ပြီလို့သာ တွေးမိခဲ့ကြတာ။ ဒေးဗစ်နဲ့ကျမှပဲ လက်ထပ်ဖို့ကိစ္စကို စဉ်းစားလာမိတော့တယ်"လို့ အသက် နှစ်ဆယ့်ငါးနှစ်ရှိ ဒေါ်နက ပြောပြပြန်ပါတယ်။

တကယ်တော့ အိမ်ရာထောင်တယ်ဆိုတာအဆင်ပြေအောင်ညှိနှိုင်းမှုကလေးတွေလည်း ရှိရဦးမှာပဲ။ "ပထမဆုံး ကျွန်မ လုပ်ရတာက ဒေးဗစ်ရဲ့ ကားပုံတွေကို နံရံပေါ်က ဖြုတ်ချပြီး ကျွန်မရဲ့ ပန်းချီကား ပုံလှလှလေးတွေ ချိတ်တာပါပဲ" လို့ ဒေါ်နက ရယ်မောပြောပြပါတယ်။ သူတို့နှစ်ယောက်ကို ကြည့်ပြီး ကျွန်တော်နဲ့မေရီတို့ စဉ်းစားကြတော့ တစ်ယောက်နဲ့တစ်ယောက် ညှိနှိုင်းကြရတာလေးတွေကို သတိရမိတယ်။ ကျွန်တော်ကလည်း ချေးများများ၊ မေရီကလည်းတစ်မျိုး။ သူက ဒီလိုလုပ်တာကြိုက်ရင် ကျွန်တော်က ဟိုလိုမှ။ သူက တစ်မျိုး၊ ကျွန်တော်ကတစ်မျိုးဆိုပေမယ့် ဒါလေးတွေက အသေးအဖွဲကိစ္စကလေးတွေလောက်ပါပဲ။ အကြောင်းတစ်ခုခုနဲ့ပတ်သက်ပြီး သဘောထားမညီတဲ့အခါ တစ်ယောက်ကိုတစ်ယောက် နှစ်နှစ်နာနာ မပြောဆို၊ မပြုမူမိဖို့ ညှိနှိုင်းရတာက ပိုပြီး အရေးကြီးပါတယ်။ အဲဒီလိုအချိန်လေးတွေကို ပြန်တွေးမိရင် သတိရစရာလေးတွေပါပဲ။ ဒေါ်နနဲ့ ဒေးဗစ်တို့ကို ကြည့်ရင်း ကျွန်တော်ကိုယ်တိုင် ပြန်ငယ်သွားသလို ဖြစ်ရပါတယ်။

"ကျွန်မတို့ကတော့ ဘာပဲဖြစ်ဖြစ် နှစ်ယောက်အတွက်ကိုပဲတွေးကြရတော့မှာ။ အရေးကြီးတဲ့ကိစ္စတစ်ခုခုကို ဆုံးဖြတ်တဲ့အခါ နှစ်ဦးစလုံးရဲ့ ဆုံးဖြတ်ချက်ပဲ မဟုတ်လား။ ဘယ်ကိစ္စမဆို တစ်ယောက်အမြင်တစ်ယောက်ပြောပြီး ဆုံးဖြတ်ရမှာပေါ့။ ဒါ အမြဲတမ်းလုပ်ရမယ့်အလုပ်ပါ" လို့ ဒေါ်နက ရယ်စရာပြောတယ်။ သူတို့နှစ်ယောက်ရဲ့ ပထမဆုံး ဆုံးဖြတ်ရမယ့် အဓိက ကိစ္စကတော့ ဘယ်မှာနေမလဲ ဆိုတာပါပဲ။ သူတို့မောင်နှံဟာ ဒါးလက်စ်မှာပဲ အခြေချကြတယ်။ အဲဒီမှာ အသက်အစိတ်ရှိပြီဖြစ်တဲ့ ဒေးဗစ်က သူ့တို့ မိသားစုအလုပ်ဖြစ်တဲ့ နိုင်ငံခြားကား ပြန်လည်ပြုပြင် အသုံးပြုတဲ့ လုပ်ငန်းမှာ အလုပ်လုပ်ပြီး ဒေါ်နကတော့ အိမ်တွင်းအလှဒီဇိုင်းပညာရှင်အဖြစ် အလုပ်လုပ်ပါတယ်။

"ကျွန်တော်တို့အိမ်ထောင်ကတော့ သာယာချမ်းမြေ့ပြီး ပျော်ရွှင်



စရာကောင်းတဲ့ အိမ်ထောင်ရေးပါပဲ။ ဒါပေမယ့် ဒီလိုဖြစ်ဖို့တော့ ကြိုးပမ်းရတာတော့ရှိတယ်။ တစ်ဦးအပေါ်တစ်ဦး မေတ္တာထားကြရင် လင်မယားကွာရှင်းရတာတွေဟာ ဖြစ်မလာပါဘူး။ ဒါ အရေးအကြီးဆုံးပါပဲ"

ဒေးဗစ်ပြောသလိုပင်။ ဒေါ်နနဲ့ ဒေးဗစ်တို့ဟာ လင်ကွာမယားကွာကိစ္စတွေ မရှိတဲ့ လာရီဒိုလို နေရာမျိုးမှာ ထိမ်းမြားရတာကိုက သူတို့အဖို့ ကောင်းနေပါတယ်။

"ကျွန်မကတော့ လာရီဒိုမြို့ဟာ ကွာရှင်းမှုနှုန်း အနိမ့်ဆုံးမြို့ကလေးဖြစ်တယ်ဆိုတာ ရှင်ရောက်လာမှပဲ သိတော့တယ်။ ဒါဆိုရင် တခြားနေရာတွေမှာ တကယ်ပဲ အခြေအနေဆိုးနေတာပေါ့နော်" လို့ ဒေါ်နက ပြောပါသည်။

# ကလေးက ဆယ့်ငါးယောက်၊ တွေးကြည့်ပေတော့

ဘားနတ်နဲ့ ဖလောရင့် ဖော်လ်မဲန်း
မီရှာဝါးကား၊ အင်ဒီရဲနား

ဘားနတ်နဲ့ ဖလောရင့် ဖော်လ်မဲန်းဟာ ကလေးတစ်ဆယ့်ငါးယောက်တို့ရဲ့ မိဘများဖြစ်ကြပါတယ်။ တကယ်ပါဗျာ။ ဆယ့်ငါးယောက်မှ ဆယ့်ငါးယောက်။ သူတို့အိမ်ထောင်သက်ကတော့ နှစ်ဆယ့်ခြောက်နှစ်ပဲ ရှိကြပါသေးတယ်။ ဒီကလေးတွေ အားလုံးက တကယ်တော့ သူတို့မိသားစုထဲက မွေးလာကြတာချည်း မဟုတ်ကြပါဘူး။ ငါးယောက်တည်းသာ သူတို့ရဲ့ ရင်သွေးအစစ်တွေပါ။ ဒါကို ဖလော်ရင့်က အိမ်တွင်းဖြစ်ကလေးတွေလို့ ဆိုတယ်။ ကျန်ဆယ်ဦးက ပြင်ပကနေ မိသားစုထဲကို ဝင်ရောက်လာကြသူတွေ ပါတဲ့။ ခုနစ်ဦးက မွေးစားသားသမီးတွေ ဖြစ်ကြပါတယ်။ ဒီအထဲမှာ ဗီယက်နမ်လူမျိုး သားနှစ်ယောက်၊ ကိုရီးယန်းသမီးနှစ်ယောက်၊ အမေရိကန် သားနှစ်ယောက်နဲ့ အမေရိကန် သမီးတစ်ယောက် ပါကြပါတယ်။ ကျန်သုံးဦးကလည်း ခဏမွေးစားထားတဲ့ သားသမီးတွေပါပဲ။ ဒီကလေးတွေ အသက်ကို စဉ်လိုက်ရင် ခြောက်နှစ်က နှစ်ဆယ့်သုံးနှစ်အထိ အရွယ်အသီးသီး ရှိကြပါတယ်။ ကလေးအနည်းငယ်သာ ကောလိပ်ကျောင်းတက်နေပြီး ကျန်တာတွေက အိမ်မှာနေတာ များပါတယ်။

သမ္မတကတော် နယ်န်စီ ရေဂင် ဥက္ကဋ္ဌလုပ်တဲ့ အမေရိကန်မိသားစု အသင်းကြီးရဲ့ အမေရိကန်မိသားစုဆိုင်ရာ ဆုပေးရေးအစီအစဉ်အရ သူတို့ကို ဂုဏ်ပြုတော့ သူတို့ကို ဂုဏ်ပြုရာ အိမ်ဖြူတော်မှာ သူတို့နဲ့တွေ့ဖို့ ကျွန်တော် သွားခဲ့ရတယ်။ ၁၉၈၃ ခုနှစ် ဒီလို ဆုပေးပွဲမျိုးတွေ စတင်ပေးကတည်းက ကျွန်တော် တက်ခဲ့ရာမှာ မိသားစုတစ်စုအတွင်းမှာ နှောင်ဖွဲ့ထားတဲ့ သံယောဇဉ်ကြိုးတွေကို တအံ့တသြတွေ့ခဲ့ရပါတယ်။ အထူးသဖြင့် ဖော်လ်မဲန်းတို့ မိသားစုလို ကြီးမားတဲ့ မိသားစုကြီးတွေထဲမှာ အချင်းချင်း နှောင်ဖွဲ့တဲ့



သံယောဇဉ်ကြိုးတွေက နိုင်မာကြပုံတွေကို တွေ့ရတော့ ဟိုရှေးရှေးက ကလေးကဗျာလေး တစ်ပုဒ်ကို သွားသတိရမိသေးတယ်။ "ဖိနပ်ကြီးထဲမှာ နေတဲ့ အဘွားကြီး တစ်ယောက်– ကလေးတွေက များလွန်းလို့ မျက်စိနောက်" ဆိုတဲ့ ကလေး များတော့ ဘာလုပ်ရမှန်း မသိရှာတဲ့ အဘွားကြီးအတွက် ကဗျာပေါ့။ မျက်စိရှုပ်စရာ အဲဒီကလေးတွေကို တွေးကြည့်မိတော့ သနားလည်းသနားရဲ့။ ရီးမွမ်းစိတ်လည်း ဖြစ်မိပါရဲ့။

အဲဒီဂုဏ်ပြုပွဲကျင်းပတဲ့မနက်က ရုပ်မြင်သံကြားက "ယနေ့"ဆိုတဲ့ အစီစဉ်မှာ သူတို့ကို ပြသခဲ့ပါတယ်။ သူတို့အကြောင်းကို ကြားရတဲ့သူတွေက သူတို့အတွက် ပီတိဖြစ်ကြမှာပါပဲ။ သာမန်နဲ့ မတူတဲ့ သူတို့အကြောင်းက အများရင်ကို နွေးထွေးစေမှာ အမှန်ဖြစ်ပါတယ်။ ဒါကို ကျွန်တော် မအံ့သြမိပါ။ ဘာ့ကြောင့်လဲလို့ဆိုတော့ ဘားနတ်နဲ့ ဖလောရင့် ဖော်လ်မဲန်းတို့ကို တွေ့ရင်ပဲ သူတို့ရဲ့သဘောထားပြည့်ဝမှု၊ စိတ်ထားကောင်းမှု၊ အမေရိကန် မိသားစုတို့ ရှိအပ်တဲ့ စိတ်ဓာတ်အပြည့်ရှိမှုတွေကြောင့်ပါပဲ။ ဝါရှင်တန်ကို သူတို့မိသားစု လာရောက်ရတာကိုပဲ သူတို့မိသားစုအတွက် စုံစုံညီညီ လည်ပတ်ဖို့ အခွင့်အလမ်းရစေတယ်လို့ သူတို့က ယူဆထားကြတာပါ။ "ကလေးတွေက ဒီလို လေယာဉ်ပျံကြီးစီးပြီး ခရီးထွက်ဖူးကြတာ မဟုတ်ဘူးရှင့်။ ပြီးတော့ ဒီလို ဟိုတယ်ကြီးတွေမှာလည်း မတည်းဖူးကြဘူးလေ။ ဒါကြောင့် သူတို့ ရင်တဖိုဖို ဖြစ်နေကြတာပေါ့" လို့ ဖလောရင့်က သူ့သားသမီးတွေ အကြောင်း ပြောပြပြန်ပါတယ်။

လေယာဉ်နဲ့ခရီးသွားဖို့နဲ့ ဟိုတယ်မှာ တည်းခိုဖို့ဆိုတာ တကယ်တော့ ဘာမှ မဟုတ်ပေမယ့် ကလေး တပြုံတကြီးနဲ့ သူတွေအဖို့တော့ မလွယ်တဲ့ ကိစ္စပါ။ ဒါပေမယ့် ဖော်လ်မဲန်းတို့ကတော့ မမှုပါဘူး။ "ကျွန်မတို့က မိသားစုကြီးကြီး လိုချင်တာ။ ကျွန်မတို့ လက်မထပ်ခင် ကတည်းက ကျွန်မတို့နှစ်ယောက် တွေ့ကြတော့ ကလေးတွေ တစ်ဒါဇင်လောက် ရချင်တဲ့အကြောင်းပဲ ပြောမိကြတယ်" လို့ ဖလောရင့်က ဆိုပါတယ်။

"ကျွန်တော်ကလည်း ကလေးဆို သိပ်ချစ်တက်တာ။ ကျွန်တော်တို့ နှစ်ယောက်စလုံး ကလေးတွေအများကြီး လိုချင်ကြတာ" လို့ ဘားနတ်



ကပါ ထောက်ခံပြန်တယ်။

ကဲ တစ်ယောက်ကိုတစ်ယောက် အပေးအယူမျှနေကြတဲ့နေရာမှာ ဒီ မောင်နှံနှစ်ယောက်ကတော့ ရှားမယ်။ သူတို့နှစ်ယောက်ရဲ့ ဇာတ်လမ်းက ဒီလို။ ဘုရားရှိခိုးကျောင်း တစ်ခုမှာ ဘားနတ်ရဲ့ ညီအစ်ကိုတော် တစ်ယောက်ဟာ ဘားနတ်နဲ့ ဖလောရင့်ကို မိတ်ဆက်ပေးလို့ သိခဲ့ကြတယ်။

"ကျွန်မ သူနဲ့အတူ အပြင်ထွက်လည်မိကြတယ်ဆိုရင်ပဲ သူဟာ ကျွန်မ လိုလားတဲ့ ယောကျ်ားမျိုးဆိုတာ သိလိုက်ရတယ်ရှင့်။ တစ်ခါတလေ မှန်တဲ့အလုပ်ကို လုပ်မိပြီဆိုတာ အလိုလိုသိနေတယ်လေ" လို့ ဖလောရင့်က ပြန်လည် တ သ ပြောဆိုပါတယ်။

သူတို့ တွေ့ဆုံသွားလာပုံကလည်း ရိုးရိုးလေး။ ဘားနတ်က –

"ကျွန်တော်တို့နှစ်ယောက်ဟာ ငွေကုန်ကြေးကျသိပ်မများတဲ့နေရာတွေကိုပဲ သွားလေ့ရှိကြတယ်။ ကျွန်တော်ကလည်း ကောလိပ်ကျောင်းသားသာဆိုတယ်၊ ချမ်းသာတာမဟုတ်ဘူး။ အနာဂတ်အတွက် ငွေကြေးစုဆောင်းရဦးမယ်လေ။ ဒါကြောင့် ခြေကျင်နဲ့ ကုန်းကြောင်း တစ်လှည့်စီ သွားရတာပေါ့။ ဒီလို လွတ်လွတ်လပ်လပ် ရှိရတာလည်း ဘဝမှာတော့ အကောင်းဆုံးပဲ မဟုတ်လားဗျာ။ ကျွန်တော်တို့ တစ်ယောက်အကြောင်း တစ်ယောက် တကယ်တမ်း သိလာကြပြီး အရေးကြီးတဲ့ ကိစ္စတွေကိုသာ ပြောမိခဲ့ကြတယ်" တဲ့။

ကျွန်တော်တော့ ဒီလို အဘက်ဘက်က ကောင်းတဲ့လင်မယားကို သဘောကျမိတယ်ဗျ။ သူတို့ရဲ့ဘဝကို ဒီလို ကံဆိုးအကြောင်းမလှရှာတဲ့ ကလေးတွေအတွက် နေရာပေးထားကြတယ်။ တကယ်တော့ သူတို့အဖို့ မလွယ်ရှာပါဘူး။ ဒီကလေးတွေနဲ့ ဒီလောက်ကြီးမားတဲ့မိသားစုကို အစုံအညီ တွေ့ဆုံဖို့အချိန်ဟာ တစ်နေ့တာမှာ လုံလောက်အောင် မရှိပါဘူး။ လိုအပ်ချက်တွေလည်း ဖြည့်ဆည်းဖို့ဆိုတာ သိပ်မလွယ်ပါဘူး။ ဘားနတ်က စက်မှုအင်ဂျင်နီယာကလေး။ သူ့ရဲ့လုပ်စာအပေါ်မှာ မိသားစု မှီခိုနေရတာပါ။ ဖလောရင့်ကလည်း မအေလုပါ။ ဖျတ်လတ်တဲ့ အဝယ်တော်တစ်ယောက်ပါပဲ။ "သူက ငွေကို သုံးစွဲတတ်၊ စုဆောင်းတတ်တဲ့ သူမျိုးဗျ" လို့ ဘားနတ်က



ကြွားလိုက်သေးတယ်။

"ရောင်းချတဲ့ပစ္စည်းအမည်မှာ ကန့်သတ်ချက်ရှိမယ်ဆိုရင် ဆိုပါစို့။ ဝယ်သူတစ်ယောက်ကို တစ်ခုသာရမယ်ဆိုရင် ကျွန်မ ကလေးတွေကို ခေါ်သွားလိုက်ရုံပဲ" ဖလောရင့်ကတော့ ဈေးဝယ် တော်သူသာမက နှုတ်သီးကောင်း လျှာပါးတစ်ယောက် ဖြစ်ပါတယ်။

သူတို့ရဲ့ကလေးတွေဟာ အသက် တစ်ဆယ့်ခြောက်နှစ်ရောက်လာရင် အချိန်ပိုင်းအလုပ်ကလေးတွေကို သူတို့စိတ်ကြိုက်ရွေးစေပြီး အလုပ်လုပ်စေပါတယ်။ သူတို့က စည်းကမ်းချက်တစ်ခု ထားတာကတော့ တစ်ပတ်လုံးလုံးမှာ စနေ၊ တနင်္ဂနွေလို နေ့များကလွဲပြီး ကြားရက်တွေ အလုပ်မလုပ်စေတာပါပဲ။

"ဒီကန့်သတ်ချက်ကြောင့် အလုပ်တစ်ခုရဖို့ဆိုတာ သူတို့အဖို့တော့ ခက်ခဲရှာမှာပေါ့။ သူတို့နောက်ဆုံးမှာ လုပ်ဖြစ်သွား ကြတာချည်းပါပဲ။" သူတို့လုပ်စာများကို မိသားစု အိမ်စရိတ်ထဲကို ထည့်စေခြင်း မရှိပေမယ့် တစ်ခါတစ်ရံတော့ အိမ်ကို ပေးကြတာပါပဲ။

အင်ဒီရဲနားပြည်နယ်က မီရှာဝါးကားမြို့လေးမှာ ရှိတဲ့ သူတို့ အိမ်ကလေးမှာ သူတို့မိသားစု တန်ရုံလောက်ပဲ ရှိပါတယ်။ သူတို့လင်မယားမှာ ကလေးလေးယောက်သာရှိတုန်းကတည်းက ပြောင်းရွှေ့နေထိုင်ခဲ့တဲ့အိမ်ပါပဲ။ အခု လူဦးရေ တိုးလာတော့လည်း ဒီအိမ်ပါပဲ။ အိပ်ခန်းက ငါးခန်းသာ ရှိပါတယ်။ မီးဖိုချောင်ခန်းကတော့ တောအိမ်ပုံစံမျိုး အကျယ်ကြီး။ ရေခဲသေတ္တာကတော့ ပိုလျှံတဲ့အစားအစာတွေ သိုလှောင်ဖို့ သုံးလုံးရှိပါတယ်။ အခန်းကျယ်ကြီးတစ်ခန်းကတော့ ကလေးတွေ စုအိပ်ကြတဲ့ ဘုံအိပ်ခန်း။ မိသားစု နားနေခန်းကလည်း တစ်ခန်းရှိသေးတယ်။ ဒီလောက်များတဲ့ လူတွေအတွက် ရေချိုးခန်းကတော့ တစ်ခန်းပဲ ရှိပါတယ်။ ကျောင်းမသွားခင်အချိန်ဆို အိမ်သားတွေနဲ့ ရှုပ်နေတတ်တယ်။ "ဒီလိုအိမ်မျိုးမှာ နေတဲ့ လူတွေအဖို့တော့ ကိုယ်ပိုင်လွတ်လပ်မှုတော့ သိပ်မရှိဘူးပေါ့" လို့ ဘားနတ်က ပြောပြပါတယ်။ ဒါလည်း အံ့ဩစရာတော့ သိပ်မရှိလှပါ။

ဘားနတ်နဲ့ ဖလောရင့်တို့ကိုယ်တိုင်လည်း အားရှိန် သိပ်ရတတ်သူ

တွေ မဟုတ်။ "ကျွန်မတို့နှစ်ယောက် အေးအေးဆေးဆေး အတူတူ နေထိုင်ကြတဲ့အချိန်ဟာ ရှားပါတယ်။ မိတ်ဆွေတချို့က တခြားခရီးထွက်လို့ သူတို့အိမ်တွေကို တစ်ညနှစ်ညလောက် ကျွန်မတို့ကို အပ်သွားရင်ပဲ အဲဒီမှာ အေးအေးဆေးဆေး နေခွင့်ရတော့တယ်" လို့ ဖလောရင့်က ဆိုရှာတယ်။

သူတို့နှစ်ယောက်ဟာ ကလေးတွေကို တစ်ဦးစီ ဂရုစိုက်မှု ရှိကြပါတယ်။ သူတို့ရဲ့ ရင်သွေးလေးတွေသာမက မွေးစားခဲ့တဲ့ကလေးတွေကိုပါ မခွဲခြားဘဲ တစ်ယောက်စီရဲ့ လိုအပ်ချက်တွေကို အာရုံစိုက်ပြီး မေတ္တာရှေ့ထား ဖြည့်စွမ်းဖို့ အမြဲကြိုးစားနေသူတွေပါ။ ညတိုင်း အိပ်ရာမဝင်မီ ဘားနတ်နဲ့ ဖလောရင့်တို့ဟာ သူတို့ ကလေးတွေအရေးကို ဆွေးနွေးကြမြဲဖြစ်တယ်။ စိတ်ရောကိုယ်ပါ သူတို့ ကလေးတွေကို မျက်ခြည်ပြတ်မခံခဲ့ကြပါဘူး။ ဒါကြောင့် ကလေးတွေဟာလည်း အချင်းချင်း ညီညွတ်ကြပြီး ကြီးသူကငယ်သူကို ထိန်းကျောင်းသွားနိုင်ကြတယ်။ တစ်ယောက်ကိုတစ်ယောက် ကူညီကြတယ်။ တစ်ယောက်ကိုတစ်ယောက် ပုံစာအုပ် ဖတ်ပြတာတို့၊ အိမ်စာတွေ ကူပြပေးတာတို့၊ တစ်ယောက်ဆံပင်ကို တစ်ယောက် ကျစ်ပေးတာတို့၊ ဘောလုံးအတူ ကစားကြတာတို့ဟာ သူတို့လေးတွေအဖို့ ရိုးနေကြပါပြီ။

"လူတွေကပြောကြတယ်။ ကျွန်မတို့ရင်သွေးကလေးတွေက ခုလို မွေးစားတာမျိုးတွေကြောင့် သူတို့ကို ဥပေက္ခာလုပ်ထားတယ်လို့ သူတို့ထင်ကြမှာလားတဲ့။ ဒီလို မဟုတ်ပါဘူး။ သူတို့ကပဲ တခြားကလေးတွေကို မွေးစားအောင် တွန်းအားပေးနေကြတာပါ။ တစ်ခါကဆိုရင် ကျွန်မတို့ ကလေးတစ်ယောက်ကို မွေးစားဖို့ သူတို့က နှစ်ပတ်လောက်ကြာအောင် ဆန္ဒပြကြတယ်လေ။ ကျွန်မကလေးတွေ အားလုံးကတော့ တကယ်ကို အတော် တော်လွန်းတဲ့ ကလေးတွေပါပဲရှင်" လို့ ဖလောရင့်က သူ့ကလေးတွေအပေါ်မှာ ဂုဏ်ယူရှာပါတယ်။

ဒီလို သူတို့သားသမီးတွေ စည်းစည်းလုံးလုံးနဲ့ ရှိကြတာဟာ ဘားနတ်နဲ့ ဖလောရင့်တို့ရဲ့ စီစဉ်ဆုံးဖြတ်ချက်ကြောင့်ပဲဖြစ်ပါတယ်။ ၁၉၈၀



ခုနှစ်မှာ ဒီကလေးတွေကို ရုပ်မြင်သံကြားကြည့်တဲ့အချိန် ကန့်သတ်လိုက်ပါတယ်။ "သူတို့က ရုပ်မြင်သံကြားဆို သိပ်ကြည့်ကြတာ။ ကြည့်ပြီးရင်း ကြည့်ရင်းဆိုတော့ စနေ၊ တနင်္ဂနွေမဟုတ်တဲ့ ကြားရက်တွေဆိုရင် ဒီရုပ်မြင်သံကြားကို မကြည့်မှဖြစ်မယ်လို့ ဆုံးဖြတ်ပြီး ပိတ်ပစ်လိုက်တာပဲ။ ဒီတော့ တခြားစိတ်ဝင်စားစရာတွေ ရှာလာကြတယ်။ တိုးတက်လာတယ်။ အစတော့ သူတို့က ဒါကို သိပ်မကြည်ကြဘူးလေ။ ဒါပေမယ့် တခြားကိစ္စတွေနဲ့ အလုပ်ရှုပ်လာတော့လည်း သိပ်မသိသာတော့ဘူး။ အခုတော့ သူတို့ဟာ တစ်ယောက်နဲ့တစ်ယောက် စကားတွေပြောကြ၊ ကစားကြ၊ တစ်ယောက်အလုပ်မှာတစ်ယောက်ကူကြနဲ့ ဖြစ်နေပြီ" လို့ ဖလောရင့်က ပြောပါတယ်။

ကလေးတွေအများကြီးရှိတာကို လူတိုင်းက လိုချင်ကြမှာ မဟုတ်ပါဘူးလို့ ဘားနတ်က ဆိုပေမယ့် သူတို့လင်မယားကတော့ အများကြီး လိုချင်နေကြတုန်းပါပဲ။ တစ်ချိန်တုံးက သူတို့အိမ်ထောင်စုမှာ ကလေးဆယ့်ရှစ်ယောက် ရှိခဲ့ပါတယ်။ သူတို့ရဲ့ အိမ်ထောင်သက်တမ်းမှာ မိဘမဲ့ ကလေးများကို အပိုင် မွေးစားမယ့်သူ မပေါ်ခင် သူတို့အုပ်ထိန်းမှုအောက်မှာ ကလေးတွေ အယောက်လေးဆယ်ထိ စောင့်ရှောက်မွေးစားခဲ့ဖူးပါတယ်။ နောက် တစ်ပတ်လောက် အချိန်အတွင်းမှာတောင် ကလေးဦးရေ တိုးချင်တိုးနေဦးမှာလို့ ဘားနတ်က ရယ်စရာပြောသေးတယ်။

ဒီလို ကလေးတွေများလာပေမယ့် ဘားနတ်တို့လင်မယားကတော့ တစ်ယောက်အပေါ်တစ်ယောက် စိတ်ပျက်ငြူစူခြင်း မရှိကြဘူးခင်ဗျ။ "အခု လွန်ခဲ့တဲ့ နှစ်အစိတ် ကျွန်တော်တို့ အိမ်ထောင်ကျတုန်းကထက် ပိုပြီးတော့တောင် တစ်ယောက်ကိုတစ်ယောက် ချစ်ခင်လာကြတယ်" လို့ ဘားနတ်က ဆိုပြန်တယ်လေ။

"ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် အဖြစ်နိုင်ဆုံး၊ အကောင်းဆုံးလက်ဆောင်တစ်ခု ပေးခဲ့ကြတယ်။ အဲဒါက မိသားစုဆိုတဲ့ လက်ဆောင်မွန်ပေါ့" လို့ ဖလောရင့်က ကျွန်တော့်ကိုပြောပါတယ်။ သူတို့မိသားစုကြီး အခုလို အမြဲ ရှိနိုင်ကြပါစေဗျာ။

• • •



ကျွန်တော်က လူတွေကို ပြောရသေးတယ်။ မေရီနဲ့ ကျွန်တော်တို့ရဲ့ အိမ်ထောင် နိုင်မြဲနေရတာက တစ်ယောက်နဲ့တစ်ယောက် တွေ့ကြုံရခဲလို့ပါပဲတဲ့။ ကျွန်တော်က ရယ်စရာပြောတာပါ။ တကယ်ကတော့ ကျွန်တော်တို့နှစ်ယောက်ဟာ မကြာခဏ ကြိမ်ဖန်များစွာ တွေ့ကြသလို မကြာခဏပဲ တခြားစီ ခွဲခွဲနေရတာကို အလွန် စိတ်ဆင်းရဲပါတယ်။

ကျွန်တော်တို့ အိမ်ထောင်ကျစကဆိုရင် ကျွန်တော်က တစ်နေရာတည်းမှာပဲ နေခဲ့ရပါတယ်။ အလုပ်ကလည်း ပင်ပင်ပန်းပန်းလုပ်ရ၊ အလုပ်ချိန်ကလည်း ကြာနဲ့ဆိုတော့ အိမ်ကို ညမိုးချုပ်မှ ပြန်ရောက်တယ်။ အမြဲတမ်း မိုးချုပ်ရင်တော့ ရောက်အောင် လုပ်ရတာပဲ။ နောင်အခါမှ "ယနေ့" ရုပ်မြင်အစီအစဉ်မှာ လုပ်ရတော့ ဟိုရောက်ဒီရောက် ဗရောက်ဗရက်နဲ့ ဖြစ်လာလိမ့်မယ်လို့ ကြိုတင် မမျှော်လင့်မိသေးဘူး။ ဘာမှလည်း ကြိုတင် မှန်းဆလို့ မရတော့ ဘာမှ ကြိုတင်စီစဉ်ထားတာမျိုး လုပ်လို့ မရပါဘူး။ ဒါပေမယ့်လည်း အသင့်အနေအထားမှာတော့ ရှိနေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီရုပ်မြင်သံကြားအလုပ်က ကျွန်တော်တို့ အိမ်ထောင်ရေးမှာ ရှေ့တန်းကိစ္စ တစ်ခုအဖြစ် နေရာယူလာလို့ပါပဲ။ နောက်တော့ အမျိုးသား သတင်းအစီအစဉ်မှာလုပ်ဖို့ ကျွန်တော့်အတွက် အခွင့်အလမ်းပေါ်လာတော့ အရယူလိုက်တာပါပဲ။ အလွန်ကောင်းတဲ့ အခွင့်အရေးကို လက်မလွှတ်ကြဘူးလို့ ကျွန်တော်တို့နှစ်ယောက် သဘောတူထားလိုက်ကြပါတယ်။ အခွင့်အရေးရတုန်း လက်လွှတ်ခံရရင်တော့ မေရီရော၊ ကျွန်တော်ပါ ဝမ်းနည်းမိကြမှာ အမှန်ပါပဲ။ ကျွန်တော်တို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် ယုံကြည်စိတ်ချ အားကိုးနိုင်တယ်ဆိုတာ အမြဲတမ်း သတိရနေလျက်ပါ။

ဒီလို ဘဝမျိုးနဲ့ ဘယ်လောက်ကြာကြာ နေရဦးမယ်ဆိုတာ ဘယ်သူသိကြမှာလဲ။ တစ်နေ့နေ့မှာတော့ ဒီလို နေရတဲ့ အချိန်မျိုး ကုန်ဆုံးသွားဦးမှာပဲ။ ဒီတော့လည်း အရင်အတိုင်း ပြန်နေကြတာပေါ့။ အခုတော့ အခြေအနေသာယာလျက်ပါ။



## ၅။ အခက်အခဲတွေကို ရင်ဆိုင်လျက်

မညီမျှမှု၊ အဆင်မပြေမှု၊ အခက်အခဲအဟန့်အတား ဆိုတာတွေကို တွေ့တတ်စမြဲပါ။ အဲဒီလို မညီမျှမှု၊ အဆင်မပြေမှုတွေကို ကျွန်တော် နှိမ်နင်းအောင်နိုင်ခဲ့ပါတယ်။ အဲဒီလိုပြောဖို့ ကျွန်တော်အမြဲဂုဏ်ယူလျက်ပါ။ ဒါပေမယ့် ဘယ်လိုနဲ့ဘာ့ကြောင့် အဲဒီအဆင်မပြေမှုတွေကို ကျော်လွှားအောင်နိုင်ခဲ့တယ်ဆိုတာကိုတော့ တိတိကျကျ မသိပါ။ အဲဒီလို အောင်နိုင်တာကတော့ ကျွန်တော့်ရဲ့ ချစ်စဖွယ်အရည်အသွေး (တချို့လူတွေအတွက်တော့ စိတ်ကုန်စရာကောင်းတဲ့ အရည်အသွေး ဖြစ်ကောင်းဖြစ်မှာပါ)ကြောင့်ပဲ ဖြစ်ပါလိမ့်မယ် ထင်မိပါတယ်။ အဲဒါကတော့ ကျွန်တော့်ရဲ့ အလွယ်တကူ လက်မြှောက်အရှုံးမပေးခြင်းဆိုတဲ့ အရည်အသွေးပါပဲ။ အဲဒီအရည်အသွေးမျိုးဟာ တခြားလူတွေမှာလည်း ရှိပါတယ်။ ကျွန်တော့်ထက် ပိုပြီးတော့ အခက်အခဲ အဆင်မပြေမှုတွေ၊ ကသိကအောက်ဖြစ်တာတွေကို တွေ့ရတဲ့သူတွေဟာလည်း အဲဒီလို အရည်အချင်း၊ တစ်မျိုးပြောရရင် ခွဲသတ္တိတွေကြောင့် ဘဝမှာ ကြံ့ကြံ့ခံ ရပ်တည်နေနိုင်ကြတယ်ဆိုတာကို ကျွန်တော် တွေ့လာရပါတယ်။

အဲဒီလို အဆင်မပြေမှု အခက်အခဲတွေနဲ့ ဘဝကို ရုန်းကန်ရှင်သန်လာကြရသူတွေအချို့ရဲ့ ဘဝဇာတ်လမ်းတွေကို ကြားရတော့ ကျွန်တော် စိတ်ဓာတ် တက်လာရသလို တချို့ဇာတ်လမ်းတွေနဲ့ကျတော့လည်း ကြေကွဲရပါတယ်။

အဲဒီဒုက္ခိတတွေဟာ သွေးကင်ဆာရောဂါရဲ့ အရိပ်အောက်မှာ ကြီးပြင်းလာခဲ့ရတဲ့ မိန်းမပျိုကလေးတစ်ယောက်၊ ဗီယက်နမ်စစ်ပွဲမှာ ခြေလက် အင်္ဂါသုံးခု ဆုံးရှုံးခဲ့ရတဲ့ စစ်ပြန်တစ်ယောက်၊ သွက်ချာပါဒ လေငန်းဖမ်းခံနေရတဲ့ အမျိုးသမီးတစ်ယောက်၊ မျက်စိကွယ်လုနီးပါး ပန်းချီဆရာတစ်ယောက်တို့ပဲ ဖြစ်ပါတယ်။ ဒီအခန်းမှာ အဲဒီပုဂ္ဂိုလ်တွေရဲ့အကြောင်းကို ဖတ်ကြရမှာပါ။ သူတို့ရဲ့ဘဝအခက်အခဲတွေ ရုန်းကန်လှုပ်ရှားပြီး ရရှိတဲ့ အောင်မြင်မှု

တွေအကြောင်းဖတ်ရတဲ့အခါ ကျွန်တော့်လိုပဲ ကြက်သီးတဖြန်းဖြန်းထမတတ် စိတ်လှုပ်ရှား ခံစားမိကြမှာ ဖြစ်ပါတယ်။

စိတ်ဓာတ်အားမြင့်မားပြီး နိုင်မာပြတ်သားလှတဲ့ အဲဒီပုဂ္ဂိုလ်တွေဟာ ဘဝရဲ့ အဟန့်အတားတွေကို ခွဲသတ္တိနဲ့ ကျော်လွှားပြီး ဖွံ့ဖြိုးစည်ပင်တဲ့ ဘဝတွေဖြစ်လာအောင် ကြိုးပမ်းကြပါတယ်။ သူတို့ရဲ့ ခွဲသတ္တိတွေဟာ အားတက်စရာ၊ အားရစရာ ကောင်းလှပါတယ်။

---



## တစ်ယောက်ယောက်က ကျွန်မအတွက် စီမံကိန်းကြီး ရှိမှာပါ

ကင်မ် ဟောလ်
ဆဲန်ဟွမ် ကက်ပစ္စထရာနို၊ ကယ်လီဖိုးနီးယား

ကင်မ် ဟောလ်ဟာ ငယ်စဉ်ကတည်းက ကင်ဆာရောဂါရှိလို့ ခံစားနေရသူဖြစ်ပါတယ်။ လူကီးမီးယားဆိုတဲ့ သွေးကင်ဆာတစ်မျိုး ကပ်ရောက်နေတာဖြစ်ပါတယ်။ သူမက ကလေးဘဝကတည်းက ရောဂါကိုခံစားနေရပြီး အစက်အခဲ ဆင်းရဲပင်ပန်းမှုတွေကို ရင်ဆိုင်ကျော်လွှားခဲ့ရပါတယ်။ ဒါထက် အရေးကြီးတာက သူမကို အကြောင်းပြုပြီးတော့ နိုင်ငံမှာ အကျိုးကြီးကြီး ကျယ်ကျယ် ဖြစ်ပေါ်လာခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အဲဒါကတော့ "ရော်နယ် မက်ဒေါနယ်ရိပ်သာ"များ ပေါ်ပေါက်လာခြင်းပါပဲ။ ကင်မ် ဟောလ်သာ မရှိရင်၊ သူမ အဲဒီလို ကင်ဆာရောဂါဒဏ် မခံစားရရင် (အဲဒီလိုဖြစ်ပါစေလို့တော့ ကျွန်တော် ဆုမတောင်းပါဘူး) အဲဒီ ရော်နယ် မက်ဒေါနယ်ရိပ်သာများ ပေါ်လာမှာမဟုတ်ပါဘူး။ ဒီဆေးရုံကြီးများနဲ့ ပူးတွဲဖွင့်လှစ်ထားတဲ့ ရိပ်သာတွေဟာလည်း ဆိုးဝါး ပြင်းထန်တဲ့ ရောဂါ ခံစားနေရတဲ့ ကလေးငယ်များနဲ့ သူတို့မိဘများအတွက် အားထားစရာ ဖြစ်ပေါ်လာမှာ မဟုတ်ပါဘူး။ အခုအခါ အသက် ၂၀ ရှိပြီဖြစ်တဲ့ ကင်မ် ဟောလ်က "ကျွန်မ နေမကောင်း ဖြစ်တာဟာ တစ်နည်းတော့ ဝမ်းသာမိပါတယ်" လို့ ဆိုပါတယ်။

"နေမကောင်းဖြစ်နေတာကို ကျွန်မ ဘယ်ပျော်နိုင်ပါ့မလဲ။ အဲဒါ ကျွန်မဘဝမှာ အဆိုးဝါးဆုံး အတွေ့အကြုံတစ်ခုပါပဲ။ အခုအထိ ခံစားခဲ့သမျှထဲမှာ အဆိုးဝါးဆုံးပါပဲ။ ဒါပေမယ့် ကျွန်မ နေမကောင်းလို့ အခုလို ကောင်းတာတွေ၊ အကျိုးရှိတာတွေကို ဖြစ်လာကြရတာပါ" လို့ သူမက ပြောပြပါတယ်။



---

ကင်မ်ရဲ့ဖခင်ဟာအားကစားသမားဖြစ်ပါတယ်။ ကြေးစားဘောလုံးသမားပေါ့။ ဖီလာဒဲလ်ဖီးယား အီးဂဲလ် (လင်းယုန်) အသင်းမှာ ပါဝင်ပါတယ်။ အဲဒီတုန်းက ကင်မ်ဟာ သုံးနှစ်သမီးအရွယ်ပါ။ အဲဒီမှာ ရောဂါစစ်ဆေးချက်အရ သူမမှာ သွေးကင်ဆာဖြစ်နေကြောင်း သိရတာပါ။ (ရော်နယ် မက်ဒေါနယ်ရိပ်သာတွေ ဖွံ့ဖြိုးတိုးတက်လာရတဲ့အကြောင်း ဓာတ်လမ်းစုံကို ဒီအခန်းတစ်နေရာရာမှာ ဖော်ပြပါ့မယ်။ ဖီလာဒဲလ်ဖီးယား အီးဂဲလ်ဘောလုံးအသင်းက မန်နေဂျာဟောင်း ဂျင်မ် မာရေးအကြောင်း ဖော်ပြရင်းနဲ့ တင်ပြသွားမှာဖြစ်ပါတယ်။ ဂျင်မ်ဟာ အလွန်စိတ်နှလုံးကောင်းသူ၊ အကြင်နာတရားရှိသူဖြစ်ပါတယ်။) ၁၉၇၀ ပြည့်နှစ်များမှာ ကင်မ်ဟာ စမ်းသပ်ကုသမှုကို ခံယူနေရပါပြီ။ အဲဒီအခါမှာ သူမရဲ့ နောက်မှာ အီးဂဲလ်အသင်းအဖွဲ့ကြီး တစ်ခုလုံးက မားမားမတ်မတ် ရပ်တည်နေပြီး ဖီလာဒဲလ်ဖီးယားတစ်မြို့လုံးကလည်း သူမဘက်က ရပ်တည်ကြပါတယ်။ ကျွန်တော်ကတော့ အဲဒီကိစ္စကို နောက်မှသိရတာပါ။ ဒါပေမယ့်လို့ လူတွေက သူမအနီးမှာ ဝိုင်းပြီး ဂရုစိုက်ကူညီအားပေးကြတာတွေ၊ နောက်တော့ သူမလိုပဲ တခြားဝေဒနာရှင်တွေလည်း ဂရုစိုက်ခံရတာတွေကို ကြားသိရပါတယ်။ ဒီလိုကိစ္စမျိုးမှာ ကျွန်တော် ပါဝင်ခွင့်ရတဲ့အတွက် အားလုံးကို ကျေးဇူးတင်မိပါတယ်။

ကင်မ်ဟာ ဓာတ်ဆေးနဲ့ကုသခြင်း၊ ဓာတ်ရောင်ခြည်နဲ့ ကုသခြင်းတို့ကို သုံးလေးနှစ်သမီးကလေးအနေနဲ့ ကုသခံရတာကို ပြန်ပြောင်းသတိရပြီး "သိပ်ကို ဆိုးဝါးတာပါပဲ" လို့ ပြောပြပါတယ်။

"ကျွန်မ ငယ်ငယ်ကလေးက နေလို့ကို မကောင်းပါဘူး။ အဲဒီတုန်းက အဖြစ်အပျက်တွေ၊ ခံစားချက်တွေကို ပြက်ပြက်ထင်ထင် မှတ်မိနေဆဲပါ။ ကျွန်မ အမှတ်မိဆုံးကတော့ ကျွန်မဟာ အမြဲတမ်း နာကျင်နေခြင်းပါပဲ၊ အတော် ဆိုးဆိုးဝါးဝါး အော်ဂလီဆန်နေပါတယ်။ အပ်ရှည်ကြီးတွေ စိုက်ထားတာကိုလည်း ခံရပါတယ်။ ဒါပေမယ့် တစ်ချိန်လုံး ကျွန်မ ဘာကိုမှ မသိနားမလည်ပါဘူး။ ကျွန်မ မိဘတွေကတော့ ရည်ရွယ်ချက် တစ်ခုခုနဲ့ အဲဒီလို လုပ်နေကြတယ်ဆိုတာကိုတော့ ကျွန်မ သိပါတယ်။ သူတို့ဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာကိုတော့ မသိပါဘူး။ ဒါပေမယ်လို့ အဲဒီလို ကုသမှု



တွေကို မခံယူရင် သေသွားလိမ့်မယ်လို့ သူတို့က လေးနှစ်သမီးကလေး ကျွန်မကို ဘယ်လိုလုပ် ပြောနိုင်ပါ့မလဲ"။

ကင်မ်ရဲ့မိဘတွေဟာ သူတို့သမီးကလေးက ရောဂါအကြောင်းကို နားလည်သဘောပေါက်ဖို့ ဘယ်လိုပြောရမယ်ဆိုတာ စဉ်းစားမရဘဲ ခက်ခဲနေတယ်ဆိုတာရယ်၊ ကြောက်ရွံ့ထိတ်လန့်ပြီး အာရုံတွေပြားနေတဲ့ သမီးကလေး ဘယ်လောက်များ နားလည်ပါ့မလဲဆိုတာအတွက် ခက်ခဲနေတယ်ဆိုတာရယ်တို့ကို သူမ မှတ်မိနေပါတယ်။

"ကျွန်မကတော့ ကမ္ဘာပေါ်မှာ အလိုလိုက်အခံရဆုံး ကလေးဖြစ်နေခဲ့တာပါပဲ။ ကျွန်မကို အမြဲတမ်း စောင့်ကြည့်နေကြပြီး ကျွန်မ လိုချင်သမျှကို ပေးနေကြပါတယ်။ နာကျင်ပင်ပန်းမှုတွေ လျော့နိုင်သမျှ လျော့အောင် ကျွန်မ မိဘတို့က လုပ်ဆောင်ပေးနေတာဖြစ်တယ်လို့ ကျွန်မ တွေးဆမိပါတယ်" လို့ ကင်မ်က ပြောပြပါတယ်။ "ကျွန်မ ကြီးပြင်းလာတဲ့အခါကျတော့ ကျွန်မဟာ မသေနိုင်တော့ဘူးလို့ သိလာရပါတယ်။ ကျွန်မကတော့ ငယ်ငယ်ကလိုပဲ အားလုံးကို လိုချင်နေတာပဲ၊ ပျော်လင့်နေတာပဲ။ ဒါပေမယ့် သူတို့ကတော့ ကျွန်မကို အရင်ငယ်ငယ်ကလို မဟုတ်တော့ဘဲ ပြောင်းပြန် သဘောထား ဆက်ဆံလာကြတယ်။ အဲဒါဟာ ကျွန်မလို ကလေးအဖို့ နားလည်ဖို့ ခက်လှပါတယ်။ သူတို့သဘောကတော့ မင်းသေတော့မယ်ဆိုရင် မင်းကို အထူး ဂရုစိုက် ပြုစုမယ်။ ဒါပေမယ့် မသေတော့ဘူးဆိုရင်တော့ တခြားလူတွေလိုပဲ ဆက်ဆံမယ်ဆိုတဲ့ သဘောပါပဲ" လို့ ကင်မ် ဟောလ်က ပြောပြပါတယ်။

နှစ်ပေါင်းအတော်ကြာကြာပဲ ကျွန်တော် သတိပြုမိတာ တစ်ချက် ရှိပါတယ်။ မိဘတွေဟာ သူတို့ရဲ့ကလေး ဆေးရုံတက်နေရရင် ဘယ်လို လုပ်ကိုင်ပြောဆိုရမယ်ဆိုတာ မသိဖြစ်နေတတ်တယ်ဆိုတဲ့အချက်ပါပဲ။ အဲဒါဟာ ခက်ခဲတဲ့ပြဿနာ ဖြစ်ပါတယ်။ ဆေးရုံတက်နေရတဲ့ ကလေးကို ဘယ်လို ဆက်ဆံပြောဆိုရမယ်၊ ချော့မော့ဖြောင်းဖြရမယ်ဆိုတာ မသိတဲ့ပြဿနာပါပဲ။ အဲဒါနဲ့ပတ်သက်လို့ လေ့လာသင်ကြားစရာ နေရာမရှိပါဘူး။ သင်ယူစရာ မရှိပါဘူး။ စမ်းသပ်လုပ်ကိုင်ကြည့်ရတာပဲ ရှိပါတယ်။ ကင်မ် ဆေးရုံတက်နေရတုန်းက နေရထိုင်ရ ပင်ပန်းဆင်းရဲပုံတွေ၊ စိုးထိတ်ရပုံတွေကို ကျွန်တော်

နားထောင်နေရင်းနဲ့ ဝမ်းနည်းကြေကွဲမိပါတယ်။ ဒါပေမယ့် ကင်မ်က သူမရဲ့ အတွေ့အကြုံကို အဲဒီလို ပြန်ဖော်ပြနိုင်တော့ အလားတူ သူ့လိုပဲ ဝေဒနာ ခံစားရပြီး ပင်ပန်းဆင်းရဲ စိုးထိတ်နေရသူတွေအတွက် တစ်နည်းတစ်ဖုံ အထောက်အပံ့ဖြစ်လိမ့်မယ်လို့ ယုံကြည်နေပါတယ်။

ကင်မ်ဟာ ဆယ်ကျော်သက်အရွယ်ကို ရောက်တော့မှ သူမနဲ့ သူမရဲ့ မိဘတွေဟာ ဘာကို ရင်ဆိုင်ကျော်လွှားနေရတယ်ဆိုတာ သိရတော့တယ်။ (သူမမှာ ညီမ နှစ်ယောက်ရှိပါတယ်။) "တစ်ခါက ကျွန်မ ရုပ်မြင်သံကြား ကြည့်နေပါတယ်။ ကင်ဆာရောဂါရနေတဲ့ ကလေးတစ်ယောက် အကြောင်းကို ကြည့်နေရတာဖြစ်ပါတယ်။ အဲဒီတော့မှ အဲဒီလိုပဲ ကျွန်မမှာ ရောဂါစွဲကပ်ဖူးတယ် ဆိုတာကို ကျွန်မ တစ်နည်းနည်းနဲ့ သိနေခဲ့ပါတယ်။ ကျွန်မ ရောဂါခံစားနေရတုံးကတော့ ဘာရယ်လို့ တိတိကျကျ မသိခဲ့ပါဘူး။ တစ်ခုခု ဖြစ်နေတယ်ဆိုတာပဲ သိပါတယ်။ ရုပ်မြင်သံကြားမှာ အဲဒီဇာတ်လမ်းကို ကြည့်လိုက်ရတော့မှ ငါ ဒီရောဂါမျိုး ဖြစ်ခဲ့တာပါလားလို့ သိရရတော့တယ်" လို့ သူမက ပြောပြပါတယ်။

ကင်မ် ဖေးလ်ငယ်စဉ်က သူမဟာ သွေးကင်ဆာရောဂါနဲ့တကယ်ပဲ နပန်းလုံးခဲ့ရတာပါပဲ။ အဲဒီအချိန်မှာ သူမရဲ့ ကလေးဘဝဟာ အလဟဿလို ဖြစ်စေခဲ့ရပါတယ်။ "ကျွန်မကို ကျောင်းက အမြဲပဲ ထုတ်ထားပါတယ်။ ဆေးရုံမှာ အမြဲပဲ နေရပါတယ်။ ဒါမှမဟုတ် အိမ်မှာ ဖျားနာနေရပါတယ်။ ကျွန်မငယ်စဉ်က သူငယ်ချင်းအပေါင်းအသင်း မရှိပါဘူး။ ကျွန်မ ကျောင်းက ဖျက်နေရတာကြာလွန်းလို့ပါပဲ။ ကျောင်းပြန်တက်ပြန်တော့လည်း အားလုံးက ကျွန်မကို ဝိုင်းကြည့်နေကြတယ်၊ လက်ညှိုးထိုးနေကြတယ် လို့ အထင်ရှိခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မအကြောင်း ဆောင်းပါးတွေလည်း မကြာခဏ ရေးကြတယ်။ ဒါမှမဟုတ် ရော့်နယ် မက်ဒေါ်နယ် ရိပ်သာတွေအကြောင်း ဆောင်းပါးတွေလည်း မကြာခဏ ရေးကြတယ်။ ကျွန်မ ဘယ်သူဆိုတာ လူတွေသိကုန်ကြတာပေါ့။

"ကျွန်မ တက်နေကျဆေးရုံကလူတိုင်း ကျွန်မကို သိနေကြပါတယ်။ ဆရာဝန်တွေ၊ သူနာပြုဆရာမတွေ အားလုံးပါပဲ။ ကျွန်မ ကုသမှု ရပ်တန့်



ရမယ့်အချိန်ကို မှတ်မိနေပါတယ်။ ကျောင်းမှာထက် အဲဒီမှာ အပေါင်းအသင်း မိတ်ဆွေ ပိုများတယ်။ သူတို့နဲ့ ခွဲခွာရမှာ ကျွန်မ စိတ်မကောင်းပါဘူး" ကင်မ်က အဲဒီလို ပြောပြပါသေးတယ်။

ဒါပေမယ်လို့ အခုအခါမှာတော့ ကင်မ်ဟာ အဲဒါတွေကို အတိတ်မှာ ထားရစ်ခဲ့ပြီ။ ဘဝခရီးကို ဆက်နှင်နေပါပြီ။ သူမတို့ရဲ့ နယ်ကောလိပ်တွေမှာ နှစ်ကြိမ်လောက် ဝင်လိုက်ထွက်လိုက်လုပ်ပြီးတော့ နောက်ဆုံးမှာ သူမဟာ အထက်တန်းပညာအောင်မြင်ဖို့ အသင့်ဖြစ်နေပါပြီ။ လူမှုရေးပညာ၊ ဒါမှမဟုတ် စိတ်ပညာဆိုင်ရာ အလုပ်ကိုဝင်ဖို့ ရည်ရွယ်မှန်းထားနေပါပြီ။ သူမဟာ လွန်ခဲ့တဲ့ နွေအခါများက ကင်ဆာရောဂါရှင် ကလေးများအတွက် စခန်းမှာ အလုပ်လုပ်ခဲ့ပါတယ်။ အဲဒီမှာ သူမဟာ အဆိုးဆုံးကင်ဆာရောဂါ ရှိနေတာတောင် အသက်ရှင် နေနိုင်ပါသေးတယ်လို့ ပြသနေသလို ရှိနေခဲ့ပါတယ်။ အဲဒီစခန်းက စခန်းနေ ရောဂါရှင်ကလေးတွေနဲ့အတူနေ၊ အတူလုပ်ကိုင်တော့မှ သူမဟာ ဘယ်လောက်ကံကောင်းတယ်ဆိုတာ သိသာပါတော့တယ်။

ကင်မ်ဟာ နိုင်ငံအဝန်းက ခင်မင်ရင်းနှီးသူ လူစိမ်းများဆီက သူမနဲ့ ပတ်သက်လို့ စိတ်ဝင်စားကြတယ်ဆိုတာကို ကြားသိနေရဆဲဖြစ်ပါတယ်။ "မိဘတွေဟာဆိုရင်လည်း ကျွန်မဆီကိုလာပြီး သူတို့သမီး ဘယ်လို ခံစားနေရမလဲဆိုသဖြင့် သူတို့ရဲ့ ဝေဒနာရှင် သားသမီးတွေအတွက် ကျွန်မအထင် အမြင်ကို မေးလေ့ရှိပါတယ်"လို့ ကင်မ်က ကျွန်တော့်ကို ပြောပြပါတယ်။

"ဘာပြောရမယ်ဆိုတာခက်လှပါတယ်။ ဒါပေမယ့် ကျွန်မကတော့ သူတို့ကို (မေးလာသူ မိဘသူတို့ကို) တတ်နိုင်သမျှ ကူညီဖို့ ကြိုးစားခဲ့ပါတယ်။ သူတို့ စိတ်သက်သာရာရကြောင်း တစ်ခုခု ပြောလိုက်တာပါပဲ။ သူတို့ ဒီလို မေးတာကိုပဲ ကျွန်မ ဝမ်းသာလှပါပြီ။ ကျွန်မ မိဘတွေဟာလည်း အဲဒီ မိဘတွေလိုပဲ ကျွန်မနဲ့ ပတ်သက်ပြီးတော့ ကျွန်မလို ဝေဒနာရှင်မျိုးကို မေးချင်ခဲ့မှာမှာ အမှန်ပါပဲ"

ပြီးခဲ့တဲ့နှစ်တွေမှာ ကင်မ်ဟာ ရော့်နယ် မက်ဒေါ်နယ်ရိပ်သာတွေ အတွက် နေရာအနှံ့ ခရီးသွားခဲ့ပါတယ်။ ရောက်ရာအရပ်မှာ သူမကို လေးလေးစားစား ခမ်းခမ်းနားနားနဲ့ ကြိုဆိုကြပါတယ်။ အဲဒီလို



အချိန်အခါမျိုးမှာ နယူးယောက်မြို့ရှိ နယူးဟိုက်ပတ်မှာ တစ်ရာစုမြောက် ရော့်နယ် မက်ဒေါ်နယ်ရိပ်သာ ဖွင့်ပွဲမှာ သူမနဲ့ကျွန်တော် ဆုံကြရပါတယ်။ ဖွင့်ပွဲမှာ သူမကို ကျွန်တော် ကြည့်ရှုလေ့လာခဲ့ပါတယ်။ သူမဟာ မကျန်းမာခဲ့လို့ သူမနဲ့ တကွ သူမရဲ့မိသားစုဟာ ဆင်းရဲပင်ပန်းခဲ့ပေမယ်လို့ သူမ အဲဒီလိုနာမကျန်း ဖြစ်တာဟာ အခုလို ရိပ်သာတွေကို ပေါ်ပေါက်စေခဲ့ပါတယ်။ ဒါကို သူမ ဂုဏ်ယူဝမ်းမြောက်နေပုံကို တွေ့ခဲ့ရပါတယ်။

"ကျွန်မဘဝဟာ ဒီလိုဖြစ်စေဖို့ ရည်ရွယ်ချက်နဲ့များ လူဖြစ်လာရတာလားလို့ ကျွန်မထင်မြင်ခံစားမိပါတယ်ရှင်" လို့ သူမက ဖွင့်ဟပြောကြားလိုက်ပါတယ်။



## လူ့ဘဝမှာ နေထိုင်မှုအတတ်ပညာ

**စကော့ နယ်လ်ဆင်**

**မင်နီယက်ပလစ်၊ မင်နီဆိုးတား**

စကော့ နယ်လ်ဆင်ဟာ အသက် ၂၅ နှစ်အရွယ်မှာ အမြင်အကြည် စာတ် ၈၀ ရာခိုင်နှုန်း ဆုံးရှုံးခဲ့ပါတယ်။ သူဟာ ကိုယ်တိုင် ကားမောင်းပါတယ်။ သာမန်လူတွေလိုပါပဲ။ မျက်စိချွတ်ယွင်းတယ်လို့ မထင်ရပါဘူး။ စကော့ နယ်လ်ဆင်ဟာ သူ့ကိုယ်သူ မျက်စိချွတ်ယွင်းချက်ရှိတဲ့အကြောင်း ဘာမျှ မသိသလို နေပါတယ်။

အခုဆိုရင် သူဟာ မင်နီယက်ပလစ်မှာရှိတဲ့ သူ့စတူဒီယိုမှာ အလုပ်လုပ်နေပါတယ်။ သတ္တုထည်၊ ပလတ်စတစ်နဲ့ ဖယောင်းပန်းပုရုပ်တွေကို ဖန်တီးနေခြင်းပဲ ဖြစ်ပါတယ်။ အဲဒီပစ္စည်းတွေထဲမှာ ကျွန်တော်မမြင်ဖူးတဲ့၊ လက်ဖျားခါလောက်တဲ့ အနုပညာပစ္စည်းတွေကိုတွေ့ခဲ့ရပါတယ်။ "တစ်နည်းနည်းနဲ့တော့ အဲဒီလို သွားလာလုပ်ကိုင်နိုင်အောင် ဆန်းကြယ်တဲ့နည်းလမ်းတွေကို ကျွန်တော် လုပ်နိုင်ခဲ့ပါတယ်။ ကျွန်တော် မျက်စိမမြင်ရဘူးဆိုတာကို မေ့ထားနိုင်လောက်အောင်ပါပဲ။ ကျွန်တော့်မျက်စိအမြင်နဲ့ ပတ်သက်လို့ ပြဿနာတွေရှိနေတယ်ဆိုတာလောက်ကိုတော့ ကျွန်တော် သိထားပါတယ်။ ဆရာဝန်ဆီကိုသွားပြီး စစ်ဆေးရုံလောက်ပဲ။ ဘာမှ စိုးရိမ်စရာ မရှိဘူးပေါ့။ အဲဒီလိုမှတ်ယူထားပါတယ်။ ကျွန်တော်ဟာ မျက်မမြင်တစ်ယောက်လို့တောင် မထင်မိလောက်အောင်ပါပဲ" လို့ သူက ပြောပြပါတယ်။ အဲဒီလို ဆိုးဝါးတဲ့ အခြေအနေတွေမှာ အခြေအနေနဲ့ လိုက်လျောညီထွေရှိအောင်၊ စကော့လို သွားလာလှုပ်ရှားနိုင်အောင် စွမ်းဆောင်နိုင်တာဟာ အံ့ဩရာဖြစ်နေပါတယ်။ အဲဒီလို စွမ်းဆောင်မှုမျိုးကို ကျွန်တော့်ရဲ့ လုပ်သက်တစ်လျှောက်မှာလည်းတွေ့ခဲ့ဖူးပါတယ်။ ကျွန်တော့်မိတ်ဆွေ လုပ်ဖော်ကိုင်ဘက် အက်ဒ် ဝေါ်ကားဟာ မျက်မမြင်ဖြစ်ပါတယ်။ (သူ့အကြောင်းကို ဒီစာအုပ်မှာ နောက်ပိုင်းကျရင်

ပေါ့။ ဒါပေမယ့် ခင်ဗျားတို့ပြောသလို ပြောရရင် ကျွန်တော်က ပန်းချီကျွမ်းကျင်သူ မဟုတ်ဘူး။ စကော့ ရွတ်ဆိုပြတဲ့ နာမည်တွေထဲက မှတ်မိသလောက်ကိုသာ တင်ပြလိုက်ရတာပါ။)

"ကျွန်တော်တို့ရဲ့ ပြပွဲက မျက်စိမြင်စေခြင်းနဲ့ ပတ်သက်လို့ မေးခွန်းတွေ ပေါ်လာစေမှာ ဖြစ်ပါတယ်။ မျက်စိအမြင်ဟာ တကယ့်ကို ပြည့်ပြည့်ဝဝလိုအပ်တာကိုအထူးပြောစရာ မလိုပါဘူး။ သမိုင်းတစ်လျှောက်မှာ လက်ရာပြောင်မြောက်ပြီး အနုပညာမြောက်တဲ့ အနုပညာလက်ရာတွေဟာ များသောအားဖြင့် မျက်စိအမြင် ချို့တဲ့သူ ပညာရှင်များဆီက ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။ မျက်စိအမြင် ဆုံးရှုံးတဲ့အခါ ချို့တဲ့၊ တဲ့အခါမှာ ဦးနှောက်ဟာ မျက်စိက မြင်နိုင်တဲ့ ပုံရိပ်တွေထက် သာလွန်တဲ့အာရုံပုံရိပ်တွေကို ဖန်တီးထုတ်ဖော်ပေးပါတယ်။ အဲဒီလိုဆိုတော့ တခြားပန်းချီဆရာတွေတောင် ကျွန်တော်တို့ရဲ့အမြင်ကို အားကျပြီး သူတို့ရဲ့ မျက်လုံးတွေကို ဖောက်ထုတ်ပစ်မှာ စိုးရတယ်လို့ ကျွန်တော့်ကို ရယ်စရာ ပြောနေကြပါသေးတယ်။ တကယ်တော့ ပန်းချီဆရာတစ်ယောက် အနေနဲ့ ကျွန်တော်ဟာ တစ်ပန်းသာနေပါတယ်ဗျာ" လို့ စကော့ နယ်လ်ဆင်က ရှင်းပြပါတယ်။

စကော့ နယ်လ်ဆင်နဲ့ သူ့ရဲ့ မျက်စိ၏အနုပညာပြပွဲက ကျွန်တော်တို့ကို သင်ခန်းစာပေးတာကတော့ ကျွန်တော်တို့မှာ တစ်စုံတစ်ခု အစိတ်အပိုင်း ပျက်စီးဆုံးရှုံးသွားရင် အစားထိုးဖို့အတွက် တခြားစွမ်းရည်သတ္တိတွေ ပေါ်လာရတာပါပဲဆိုတဲ့ သဘောတရားပဲ ဖြစ်ပါတယ်။ မည်းမှောင်တဲ့ တိမ်တိုက်တွေမှာတောင်မှ ငွေအနားကွပ် ရှိနေတတ်တယ်ဆိုတဲ့ သဘောပါပဲ။

---



## ပြန်လည်ထူထောင်ခြင်း

**တော်မီ ကလက်**

***ထုံးမောင်းတင်း၊ ကျော်ဂျီယာ***

တော်မီ ကလက်ဆိုသူဟာ ဗီယက်နမ်စစ်ပြန်ဖြစ်ပေမယ့် သူ့ကိုယ်သူ စစ်သူရဲကောင်းလို့ မထင်တဲ့သူပါ။ "အိမ်ပြန်မလာတဲ့ လူတွေ၊ ကျသွားတဲ့ သူတွေ၊ ပျောက်ဆုံးနေတဲ့သူတွေပေါ့လေ၊ သူတို့သာ တကယ့်စစ်သူရဲကောင်းတွေပါဗျာ။ သူတို့ဟာ တကယ် အစတေးခံသွားတဲ့ သူတွေပါပဲ" လို့ တော်မီက ဆိုပါတယ်။

ဒါပေမယ့်လို့ တော်မီက အဲဒီလို သူ့ကိုယ်သူ ထင်သည်ဖြစ်စေ၊ မထင်သည်ဖြစ်စေ၊ တော်မီရဲ့ ဇာတ်လမ်းကတော့ တကယ့် သူရဲကောင်းဇာတ်လမ်းပါပဲ။ သူဟာ ခြေနှစ်ဖက်စလုံး ဆုံးရှုံးခဲ့ပါတယ်။ ညာဘက်လက်တစ်ခုလုံးနဲ့ ပခုံး တစ်စိတ်တစ်ပိုင်းလည်း ပြတ်ထွက်သွားခဲ့ပါတယ်။ အဲဒီလိုဖြစ်တာ စစ်သားတွေက "အိန်ဂျယ်ဝင်းဂ်" (နတ်သားတောင်ပံ) လို့ခေါ်တဲ့ နေရာမှာဖြစ်တယ်။ တောင်ဗီယက်နမ်၊ ဆေးဂုံမြို့ဆီကို ပြေးထဲကနေ ထိုးထွက်နေတဲ့ ကျွန်းဆွယ်လို နေရာမျိုးပဲဖြစ်ပါတယ်။ အဲဒီအချိန်ဟာ တော်မီရဲ့ ဒုတိယ ကင်းလှည့်ထွက်ချိန်ဖြစ်ပါတယ်။ သူဟာ တပ်မ ၂၅ ရဲ့ ဗိုလ်ကြီးတစ်ဦးအနေနဲ့ ရှိနေတာ ဖြစ်ပါတယ်။ သူဟာ ထောက်လှမ်းရေး ရှေ့ကင်းမှာ တာဝန်ယူရပြီး လေယာဉ်နဲ့ အမြောက်တွေရဲ့ရန်ကို စုံစမ်းပြီး တပ်ကို သတိပေးရတာ ဖြစ်တယ်။

အဲဒီတုန်းက အဖြစ်အပျက်ကို တော်မီ ကောင်းကောင်းကြီး မှတ်မိနေပါတယ်။ သူပြန်ပြောပြတာကတော့ ကြက်သီးထစရာ ကောင်းလှပါတယ်။ "အဲဒီမှာ ကျည်ဆန်တွေ ပလူပျံနေတာပါပဲ။ ဒါနဲ့ ကျွန်တော့်ကို တစ်ခုခု လာထိပါတော့တယ်။ ဘာလဲဆိုတာတော့ ကျွန်တော် မသိပါဘူး။ ဒါပေမယ့် ဗျက်ချင်းပဲဆိုသလို ကျွန်တော့်ခြေနှစ်ဖက် ပြတ်ထွက်သွားပါတော့တယ်။ လက်တစ်ဖက်လည်း ပါသွားပါတယ်။ ကျွန်တော် တောက်လျှောက် သတိရနေပါတယ်။ သိနေပါတယ်။ အားလုံးဟာ ရုပ်ရှင် အနေးပြနေသလိုပါပဲ။



---



ကျွန်တော် မေ့မျောမသွားပါဘူး။ ဘာဖြစ်နေခဲ့တယ်ဆိုတာ ကျွန်တော် သိနေပါတယ်။ ခြေနှစ်ဘက် ပြတ်ထွက်သွားတာကို သိနေတယ်။ ကျွန်တော်ဟာ သေဖို့ လုံ့နေရသလို ဖြစ်နေပါတယ်"

"ဆေးအတတ်ပညာနဲ့ပြောရရင် ကျွန်တော်သေပြီပေါ့။ ဒါပေမယ့် ကျွန်တော် ဘဝတစ်ပါးကို ပြောင်းသွားဖို့ အချိန် မဟုတ်သေးတာ သေချာပါတယ်"

အဲဒီလို တော်မီက ပြန်ပြောင်းပြောပြပါတယ်။ သူပြောပြတာဟာ သေတွင်းနှုတ်ခမ်းဝက ပြန်တက်လာတဲ့ အဖြစ်မျိုးပေါ့။ ဆရာဝန်တွေ၊ သိပ္ပံပညာရှင်တွေ၊ လူမှုရေးသမိုင်းဆရာတွေ ကြားချင် သိချင် လိုချင်နေတဲ့၊ ရှာဖွေနေတဲ့ အဖြစ်အပျက် ဇာတ်လမ်းမျိုးပေါ့။

"ကျွန်တော်ဟာ တကယ်ပဲ ခန္ဓာကိုယ်နဲ့ ကင်းကွာနေပါတယ်။ အပြင်ဖက်ကနေ သူတို့က ကျွန်တော့် ဒဏ်ရာတွေကို ဆေးထည့် ကုသပေးနေတာကို ကြည့်နေပါတယ်။ တစ်ဖက်ကလည်း ကျွန်တော့်လူတွေနဲ့ အဆက်အသွယ် ရနေပါတယ်။ ကျဆုံးသွားတဲ့ ကျွန်တော့် လူတွေနဲ့ အဆက်ရနေပြီဆိုတဲ့ သဘောမျိုးပါပဲ။ ဒါပေမယ့် အချိန် မကျသေးပါဘူး။ ဒါကြောင့် သူတို့နောက်ကို ကျွန်တော် လိုက်မသွားရပါဘူး။ အသက်ရှင်ကျန်ရစ် နေရတာပါပဲ။ တကယ် အတွေ့အကြုံပါပဲဗျာ" လို့ သူက ပြောပြပါတယ်။

ဒါပေမယ့်လို့ အဲဒီလို သေတွင်းနှုတ်ခမ်းဝကို ရောက်ခဲ့တဲ့ အတွေ့အကြုံဟာ ခြေလက်သုံးချောင်း ပြတ်တဲ့သူအဖို့ ဘဝခရီးဆက်ဖို့ ဘာမှ မဆောင်ရွက်ပေးနိုင်ပါဘူး။ သူဟာ အမေရိကဆီကို ၁၉၆၉ ခုနှစ်မှာ ပြန်ဖြစ်ခဲ့ပါတယ်။ နောက်ထပ် ၂၂ လကြာအောင် သူဟာ ဆေးရုံမှာ အချိန်ကုန်ခဲ့ရတယ်။ အဲဒီမှာ သူဟာ ခွဲစိတ်ကုသမှု အကြိမ်သုံးဆယ် ခံယူခဲ့ရပါတယ်။ "ကျွန်တော်ဟာ အားလုံးကိုပြန်ပြီး သင်ယူရပါတယ်။ ထထိုင်ဖို့၊ သွားသွားဖို့၊ လမ်းလျှောက်ဖို့၊ အဝတ်ဝတ်ဖို့ အားလုံးပါပဲ။ ကျွန်တော် ပြန်ပြီး သင်ရပါတော့တယ်" လို့ သူက ပြောပြပါတယ်။ အဲဒီလို အစကနေ ပြန်စရသလို ဖြစ်ပေမယ့်လို့ သူလုပ်နိုင်ခဲ့ပါတယ်။ သူဟာ ခုက္ခိတအဖြစ်ကို တဖြည်းဖြည်း



---



နဲ့ ပင်ပင်ပန်းပန်း ကျော်လွှားနိုင်ခဲ့ပါတယ်။ "ရှင်သန်လှုပ်ရှားနေတဲ့ လူသားဘဝကို ပြန်ရောက်ဖို့ပါပဲ" လို့ ပြောပါတယ်။

တော်မီဟာ နာလန်ထချိန်အတွင်းမှာ သူ့ရဲ့ပြောင်းလဲနေတဲ့အနေအထားကို ကောင်းကောင်းကြီး သတိပြုမိနေပါတယ်။ ဒါပေမယ့် စစ်ပွဲရဲ့ ဒဏ်ကတော့ လိုက်ဖ် မဂ္ဂဇင်းမှာပါတဲ့ ဓာတ်ပုံဆောင်းပါးကို ဖတ်ရတဲ့အခါလောက် သူ့ကို မထိခိုက်သေးပါဘူး။ အဲဒီဆောင်းပါးမှာ ၁၉၆၉ ခုနှစ် မေလ နောက်ဆုံးပတ်မှာ ကျဆုံးခဲ့တဲ့ စစ်သား ၃၃၃ ယောက်တို့ရဲ့ ဓာတ်ပုံတွေကို ဖော်ပြထားတာကို တွေ့ရပါတယ်။ "အဲဒါ ကျွန်တော် ထိခိုက်ဒဏ်ရာရတဲ့ အချိန်လောက်မှာပေါ့။ အဲဒီလူတွေထဲက ၄၇ ယောက်ကို ကျွန်တော်ကိုယ်တိုင် သိပါတယ်။ အဲဒီသတင်းက ကျွန်တော့်ကို ဘယ်ဟာနဲ့မှမတူတဲ့ ထိခိုက်မှုကို ဖြစ်စေပါတယ်။ လိုက်ဖ် မဂ္ဂဇင်းဟာ ရုပ်မြင်သံကြားနဲ့ သတင်းစာတွေထက် စစ်ကို ပိုပြီး ပီပြင်ပေါ်လွင်စေပါတယ်။ ကျွန်တော်တို့ ဟိုမှာရှိတုန်းကထက် ပိုပြီး ပီပြင်ထင်ရှားတယ်ပေါ့ဗျာ" လို့ သူက ဆိုပါတယ်။

ကျွန်တော့်သွေးသားထဲမှာ မျိုးချစ်စိတ် စိမ့်ဝင်ရှင်သန်နေသလို တော်မီမှာလည်း မျိုးချစ်စိတ်တွေ ထက်သန်နေပါတယ်။ ဒါပေမယ့် တော်မီဟာ လူအတော်များများထက် ပိုပြီး ထက်သန်တယ်လို့ ကျွန်တော် မှန်းဆမိပါတယ်။ သူအိမ်ပြန်ရောက်ပြီးတော့ အချိန်ကြာအောင် သူဟာ နိုင်ငံတစ်ဝန်း ခရီးထွက်ပြီး အထက်တန်းကျောင်းတွေ၊ ကောလိပ်တွေဆီကို သွားပြီး သူ့ရဲ့ မကျဆင်းတဲ့ အမေရိကန်စိတ်ဓာတ်၊ စစ်မှုထမ်းမှု၊ သူယုံကြည်တဲ့ စစ်ပွဲအကြောင်းတွေကို ပြောဟောနေပါတယ်။

"လူအတော်များများဟာ ကျွန်တော့်ရှုထောင့်ကို သဘောမတူကြပါဘူး။ ကျွန်တော်တို့ဟာ ရေမ်းချွဲသီးတွေ၊ ကြက်ဥပုပ်တွေနဲ့လည်း အပေါက်ခံရပါတယ်။ ဒါပေမယ့်အဲဒီလိုဖြစ်ရတာကိုက ဒီနိုင်ငံကို ချစ်မြတ်နိုးစရာ ဖြစ်နေစေတာပါပဲ။ အဲဒီလို မိမိသဘောထားကို လွတ်လပ်စွာ ထားနိုင်ခြင်းအတွက် ကြောင့်ပဲ ကျွန်တော် တိုက်ခဲ့တာပေါ့။ အမြင်အမျိုးမျိုးကို ခံယူထားနိုင်တဲ့ လူ့အခွင့်အရေးအတွက်ကြောင့်ပေါ့" အဲဒီလို တော်မီက ရှင်းပြပါတယ်။ ဗီယက်နမ်စစ်မှာ ကျွန်တော်တို့ပါဝင်ခဲ့တာနဲ့ပတ်သက်လို့ ကျွန်တော်

ဒီနေရာမှာ ရှည်ရှည်လျားလျား မဆွေးနွေးချင်ပါဘူး။ နေရာနဲ့ အချိန်အခါလည်း မဟုတ်ပါဘူး။ ဒါပေမယ့် တော်မီရဲ့ယုံကြည်ချက်နဲ့ သူဟိုမှာ လုပ်ခဲ့တာတွေ၊ အခုဒီမှာ လုပ်နေတာတွေကိုတော့ ကျွန်တော် လေးစားမိပါတယ်။

အဲဒီလို နိုင်ငံအဝန်း တော်မီ ခရီးလှည့်လည်ဟောပြောတာဟာ ဒေသခံ ပြည်သူ့လူမှုရေးအဖွဲ့တွေနဲ့ ဝင်ဆန့်ရင်းနှီးစေခဲ့ပါတယ်။ ကျော်ဂျီယာပြည်နယ်က လူငယ်အုပ်စုအဖွဲ့မှာ သူဟာ ဥက္ကဋ္ဌဖြစ်လာခဲ့ပါတယ်။

"လူတွေဟာ ဗီယက်နမ်စစ်ပြန် ခုက္ခိတတစ်ယောက်ကို လာကြည့်ကြ၊ နားထောင်ကြတာပါ။ ကျွန်တော့်ကို နားထောင်ကြတာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒါက ပြဿနာ ဖြစ်မနေပါဘူး။ သူတစ်ပါးအတွက် အကျိုးရှိမှုပြီးတာပါပဲ။ ကျွန်တော် အလုပ်ရှာထွက်တဲ့အခါမှာ လူတွေရဲ့ တန်းတူအခွင့်အရေး လိုအပ်ချက်တွေကို ဖြည့်ပေးလိုက်နိုင်တယ်လို့ ထင်ပါတယ်။ သူတို့က ခုက္ခိတ စစ်ပြန် တစ်ယောက်ကို လူတွေ့ လက်ခံမေးမြန်းစစ်ဆေးတယ်ပေါ့။ နောက်တော့ တစ်ယောက်ယောက်ကို အလုပ်ခန့်လိုက်တာပါပဲ"။

တော်မီဟာ အိမ်ကို ပြန်ရောက်တဲ့အခါ ၁၉၇၉ ခုနှစ်အထိ တစ်လကို ဆိုက်ဒေါ်လာ ၇၀၀ ရတဲ့ ဗွီအေ မစွမ်းမသန် လျော်ကြေးနဲ့ပဲ စခန်းသွားခဲ့ပါတယ်။ အဲဒီနှစ်မှာပဲ သူအလုပ်ရတယ်။ ဗွီအေ ဆေးပညာဗဟိုဌာနမှာ ဒါရိုက်တာ (ညွှန်ကြားရေးမှူး)ရဲ့ လက်ထောက် အလုပ်ပါပဲ။ သူဟာ စစ်ပြန်တွေအတွက် ဆက်သွယ်ရေးအရာရှိအဖြစ် တာဝန်ယူရတာဖြစ်ပါတယ်။

"ကျွန်တော်ဟာ ခြေနှစ်ချောင်းနဲ့ ညာဖက်လက် ဆုံးရှုံးခဲ့ပေမယ်လို့ ဦးနှောက်ကတော့ ကောင်းနေပါတယ်။ ပါးစပ်ကလည်း ပြောနိုင်ဆိုနိုင်ပါပဲ။ ဘယ်ဖက်လက်နဲ့ ပခုံးကလည်း အလုပ်လုပ်နိုင်ပါတယ်။ ကျွန်တော် ရေကူးနိုင်ပါတယ်၊ အမဲလိုက်နိုင်တယ်၊ ငါးမျှားနိုင်တယ်၊ ဘောလုံးကစားနိုင်တယ်၊ ဘတ်စကက်ဘော ကစားနိုင်တယ်၊ ကျောင်းက ကလေးတွေနဲ့ပေါ့။ ကျွန်တော် ဘာမဆို လုပ်နိုင်တယ်၊ ဒါပေမယ့် ပြေးတော့ မပြေးနိုင်ပါဘူး"လို့ ပြောပြပါတယ်။

တော်မီဟာ ကားကိုလည်းမောင်းနိုင်ပါတယ်။ သူ့အတွက် အထူးစီမံထားတဲ့ကိရိယာတွေကို ကားမှာတပ်ထားရတယ်။ အဲဒါဆို သူကားမောင်းနိုင်ပြီ။



အဲဒီအလုပ်မှာ နှစ်အနည်းငယ် လုပ်ပြီးတဲ့အခါ အဲဒီဆေးရုံမှာ တော်မီဟာ မိန်းကလေးတစ်ဦးနဲ့ တွေ့ဆုံခဲ့တယ်။ သူတို့နှစ်ဦး မိတ်ရင်းဆွေရင်းတွေ ဖြစ်လာကြတယ်။ သူတို့နှစ်ဦးဟာ လွန်ခဲ့တဲ့ လေးနှစ်လောက်က လက်ထပ်လိုက်ကြတယ်။ အခုဆိုရင် အခါလည် သားယောကျ်ားကလေး တစ်ယောက် ရနေကြပြီလေ။

"ကျွန်တော်ကတော့ ပုံမှန်ဖြစ်နေပြီလေ၊ ကျွန်တော့်ကိုယ်ကျွန်တော် ဘာမှထူးတယ် မထင်ပါဘူး။ ကျွန်တော့်ဘဝ တိုးတက်အောင်မြင်နေတာ ဒီဒဏ်ရာရလို့လည်း မဟုတ်ပါဘူး။ ကျွန်တော်ဟာ အမြဲအောင်မြင်အောင် ကြိုးစားတတ်တဲ့ သူပါ။ ကျွန်တော့်ကိုယ်ကျွန်တော် အမြဲ ယုံကြည်စိတ်ရှိပါတယ်"လို့ တော်မီ ကလက်က ပြောပြလိုက်ပါတယ်။

တော်မီဟာ ရုပ်ရှင်ကို နှစ်သက်ဝါသနာပါသူတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမယ့် ဗီယက်နမ်စစ်ကို ပိတ်ကားပေါ်မှာ ပြတာနဲ့ပတ်သက်လို့ သူက မကျေနပ်ပါဘူး။ "အဲဒီရုပ်ရှင်တွေထဲမှာလိုသာဆိုရင် ကျွန်တော်တို့ ပထမဦးဆုံးနှစ်မှာပဲ စစ်နိုင်မှာပေါ့။ အခုလို ဟောလီးဝုဒ်က ရုပ်ရှင်ရိုက်ပြတာ လောက်သာ မြင်စရာကြည့်စရာရှိရင် နောင် အနှစ် ၂၀ ကြာတဲ့အခါမှာ လူတွေက ဘယ်လို ထင်ကြမလဲ။ ကျွန်တော့်သား ကြီးလာရင် ဘာတွေကို ပြရမှာလဲ။ တကယ့် ရမ်ဘိုဆိုတာ မရှိပါဘူးဗျာ" လို့ တော်မီက ညည်းညူပြောဆိုလိုက်ပါတယ်။

"ဗီယက်နမ်စစ်သမိုင်း အစစ်အမှန်ကို ကျွန်တော်တို့ ရေးဖို့ ရှိနေပါတယ်။ ကျွန်တော်တို့ မှန်တယ်ဆိုတာ ပြချင်ပါတယ်။ ကျွန်တော်တို့လုပ်တာ မှန်တယ်လို့ ယုံကြည်တယ်။ ဒုတိယအကြိမ် ဗီယက်နမ်မှာ တာဝန်ထမ်းဆောင်တုန်းက ကျွန်တော် ဒဏ်ရာရခဲ့လို့ပေါ့။ နို့မို့ရင် တတိယအကြိမ် ကျွန်တော် သွားမှာပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ပြန်သွားဦးမှာပါ။ ရေရှည်မှာတော့ ကျွန်တော်တို့ စစ်ရေး၊ ကျွန်တော်တို့ရေး၊ ဂုဏ်သိက္ခာပြန်တက်လာမှာပါ။ ကျွန်တော်တို့ ပါဝင်ပတ်သက်တာဟာ တရားတယ်၊ မြင့်မြတ်တယ်ဆိုတာ ပေါ်လာမှာပါ။ ဗီယက်နမ် စစ်ပြန်တွေဟာ ပြန်လာပြီး ရက်စက်တယ် ဆိုချင်ဆို၊ ရူးနှမ်းနေကြရတယ်ဆိုတာဟာ လူ့အဖွဲ့အစည်းမှာ ပြန်လည် ဝင်ဆံ့ဖို့



အကျယ်ချဲ့လွန်းတာပါ။ ဗီယက်နမ် စစ်ပြန်တွေဟာ တခြားစစ်ပြန်တွေနဲ့ ဘာမှ မကွာခြားပါဘူး"

"ကျွန်တော် ထင်ပါတယ်၊ ဗီယက်နမ် စစ်ပြန် ၉၅ ရာနိုင်နှုန်းလောက်ဟာ အခြေအနေ ကောင်းနေပါတယ်။ လူ့အဖွဲ့အစည်းမှာ ပါဝင်ဆောင်ရွက် လုပ်ကိုင်နေကြပါတယ်။ အပြင်ပန်းကတော့ သူတို့ဟာ စစ်ပွဲမှာ ပါဝင်ခဲ့တာကို မပြသကြပါဘူး။ ရင်တွင်းမှာတော့ ခံစားနေကြရမှာ သေချာပါတယ်။ ကျွန်တော်လည်း ခံစားနေရတုန်းပါပဲ။ ည၊ ညမှာဆိုရင် မျှော်တွေမြင်ပြီး လန့် လန့်နိုးတတ်ပါတယ်။ ဒါပေမယ့် အဲဒါဟာ ကျွန်တော့်အတွက် ပြဿနာတော့ မဟုတ်ပါဘူး။ အားလုံးကို ကျွန်တော် မှတ်မိနေပါတယ်၊ အပစ်ခတ်ခံခဲ့ရတဲ့သူဟာ အမြဲ ဒီအဖြစ်အပျက်ကို သတိရနေမှာပါပဲ"။

တော်မီဟာ အိမ်အပြန်မှာသူရဲကောင်းလိုကြိုဆိုမှုမရှိလို့ ဝမ်းမနည်းပါဘူးလို့ ဆိုပါတယ်။ "ကျွန်တော် သူရဲကောင်းမှ မဟုတ်ဘဲ၊ သူရဲကောင်းကြိုဆိုဂုဏ်ပြုတယ်ဆိုတာ ဘာလဲမသိဘူး။ ကျွန်တော်တို့ဘာသာ ကြိုဆိုကြရတာပဲ။ အခုဆိုရင် နိုင်ငံမှာ သဘောထားတွေ ပြောင်းလာကြပြီ။ ပြည်နယ် ၅၀ အနက်က ၂၈ ခုဟာ စစ်မှာ ကျဆုံးခဲ့သူတွေအတွက် အထိမ်းအမှတ်တွေ တည်ဆောက်နေကြပါပြီ။ နောက်ထပ်လည်း လာပါဦးမယ်" လို့ သူက ပြောပြပါတယ်။

ဗီယက်နမ်စစ်ပြန်အထိမ်းအမှတ်ကျောက်ရုပ်တွေလုပ်ဖို့ ပထမဦးဆုံး ပြည်နယ်အဖြစ် ဂျော်ဂျီယာက စတင်ဦးဆောင်ပါတယ်။ တော်မီရဲ့ တိုက်တွန်းလုပ်ဆောင်မှုကြောင့်လို့ဆိုရင် မမှားနိုင်ပါဘူး။

---



## ကယ်လီဖိုးနီးယားရေ --- သူလာနေပြီ

**ဂျူလီ ဝိုက်စ်မင်း**

***ဘာကလေ၊ ကယ်လီဖိုးနီးယား***

ဘဝမှာ အောင်ပွဲခံပြီး တိုးတက်ထွန်းကားနေတဲ့သူတွေနဲ့တွေ့တိုင်း ကျွန်တော် ကျေနပ်ကြည်နူးရပါတယ်။

ဂျူလီ ဝိုက်စ်မင်းဟာ အဲဒီလို ရှားရှားပါးပါးထူးထူးခြားခြားထဲက တစ်ယောက်ပါပဲ။ သူမရဲ့ ကောလိပ်ကျောင်း ကိုယ်ရေးမှတ်တမ်းကို ကြည့်ရင် ဘာမှ ထူးထူးခြားခြား တွေ့ရမှာ မဟုတ်ပါဘူး။ ဒါပေမယ့်လို့ ထူးခြားတဲ့ ဒီအမျိုးသမီးကလေးဟာ ထက်မြက်တယ်၊ လှတယ်၊ သွက်လက်ချက်ချာတယ်။ တက္ကသိုလ်နယ်မြေအတွင်း ကိစ္စတွေကို သွက်သွက်လက်လက် လုပ်ဆောင်တယ်။ ဒါတွေဟာ ဂျူလီ ဝိုက်စ်မင်းဆိုသူ အမျိုးသမီးကလေးရဲ့ အကြောင်းအရာတွေပါပဲ။ ဒါပေမယ့် ဒီအချက်တွေနဲ့တော့ မလုံလောက်သေးပါဘူး။ စာတ်ရည် မလည်သေးပါဘူး။ ဆက်ပြီးတော့ စူးစမ်းကြည့်ကြပါစို့။

ဂျူလီဟာ ဦးနှောက်ချွတ်ယွင်းမှုနဲ့ မွေးဖွားလာပြီး သွက်ချာပါဒ လိုက်နေပါတယ်။ ငယ်စဉ်က ဖွံ့ဖြိုးစဦးနှောက်ကို ထိခိုက်မိပြီး ချွတ်ယွင်းချက် ဖြစ်လာပါတယ်။ ခန္ဓာကိုယ်ကြွက်သားတွေ မလှုပ်ရှားနိုင်အောင် ဖြစ်ရပါတယ်။ အဲဒါဟာ ဂျူလီအဖို့ တစ်သက်တာ ရုန်းကန်စေဖို့ ဖြစ်လာတာပါပဲ။ စကားပြောဖို့၊ အစာစားဖို့၊ ဟိုနားဒီနား လှုပ်ရှားသွားလာဖို့ အဲဒါတွေအတွက် အခက်အခဲ ကြီးမားရပါတယ်။ သူမ ပြောချင်တာကို တစ်ဖက်လူ နားထောင်စေချင်တာကို ပြောဖို့ နှုတ်ခမ်းကို မလှုပ်နိုင်။ မပြောနိုင်တာမျိုး ဖြစ်နေတယ်။ သူမဟာ ဆက်သွယ်မှုကို ဖြည်းဖြည်းနဲ့ အားထုတ်ပြီးမှ လုပ်နိုင်ပါတယ်။ သူမရဲ့ ကြွက်သားလှုပ်ရှားမှုဟာ အလွန်ခဲယဉ်းတဲ့ လှုပ်ရှားမှုမျိုးပါ။ သူမဟာ ဘီးတပ်ကုလားထိုင်နဲ့ သွားလာလှုပ်ရှားရတယ်။ ဘီးတပ်ကုလားထိုင်ကို ခြေထောက်နဲ့ဖြစ်စေ၊ မော်တာအားနဲ့ဖြစ်စေ၊ မောင်းနှင်ရ

တက် ဂျူး"အဖွဲ့မှာ ပါဝင်တဲ့အခါ မကြာခင်က သူမကို ခေါင်းဆောင်အဖြစ် တင်မြှောက် လိုက်ပါတယ်။ သူမဟာ အဲဒီအဖွဲ့ရဲ့ ဦးစီးအဖွဲ့နဲ့အတူ အစည်းအဝေးကို သွားရပါတယ်။ "သာမန် ကျန်းမာသန်စွမ်းတဲ့လူတွေထဲမှာ ကျွန်မ ခေါင်းဆောင် နေရာရတာ ပထမဆုံးအကြိမ်ပါပဲ" လို့ သူမက ဆိုပါတယ်။ "အတော်ကြာတော့ ကျွန်မ စိုးရိမ်လာပါတယ်။ ဒီလိုနေရာကို ယူထားရတာ တရားပါ့မလားလို့ ထင်မိပါတယ်" လို့ သူမက ပြောပါတယ်။

"အခုတော့ ကျွန်မရဲ့ ပြောပုံဆိုပုံ၊ မျက်နှာ အနေအထားကို လူတွေက အရေးမထားတော့ဘဲ ကျွန်မရဲ့ လုပ်ဆောင်ချက်ကသာ ကျွန်မရဲ့ အနေအထားကို ဆုံးဖြတ်ပါတယ်" လို့ သူမက ဖွင့်ဟပြောကြားပါတယ်။

အသက် ၂၁ နှစ် ရောက်တဲ့အခါ ဂျူလီဟာ ရှေ့ရေး ဘယ်လိုရှိတယ်ဆိုတာ မသိနိုင်အောင် ဖြစ်နေရပါတယ်။ အခုလောလောဆယ်မှာတော့ သူမဟာ ပညာရေးအလုပ်လုပ်ဖို့ စဉ်းစားနေပါတယ်။ သူမဟာ မစွမ်းမသန် အလယ်တန်းကျောင်းသားတစ်ဦးကို ကွန်ပျူတာနဲ့ စကားလုံးစီစဉ်ရေး သင်ကြားပေးနေပါတယ်။

"ကျွန်မတို့မြို့မှာ အသက် ၂၆ နှစ်ရှိတဲ့ မိန်းကလေးတစ်ယောက် ရှိတယ်။ ဘီးတပ်ကုလားထိုင်နဲ့ပဲ နေရပါတယ်။ သူမ မိဘတွေကတော့ အပြင်ကို ပညာသင်ဖို့ မလွှတ်ပါဘူး။ သူမရဲ့မိဘတွေ သေကုန်ရင် ဘယ်လိုလုပ်မလဲ။ ကျွန်မအတွက်ကတော့ ကျွန်မကိုယ်ကျွန်မ နိုင်နေပါပြီ။ အခုဆိုရင် ကျွန်မဘဝကို ကျွန်မ ထိန်းကျောင်းလို့ ရပါပြီ။ ကျွန်မ ဘဝ့ရရင် ပိုပြီးကောင်းမှာပါ" လို့ ဂျူလီက ပြောပြပါတယ်။

အခုဆိုရင် ကျွန်တော်ဟာ မစွမ်းမသန်သူတွေနဲ့ သူတို့ဘဝတိုက်ပွဲရင်ဆိုင်ရပုံကို ဖော်ပြခဲ့ပါပြီ။ ဘဝမှာ မမျှော်လင့်ဘဲ အပြောင်းအလဲကြုံလာရင်၊ ခက်ခဲမှုတွေ ကြုံလာရင်၊ ကင်မ် ဟေးလ်၊ စကော့ နယ်လ်ဆင်၊ တော်မီ ကလက်၊ ဂျူလီ ဗိုက်စ်မင်းနဲ့ တခြား သူတို့လို ခွဲသတ္တိနဲ့ မလျှော့သော လုံ့လရှိသူတွေ၊ ဘဝကို ရင်ဆိုင် အနိုင်ယူသူတွေအကြောင်းကို ကျွန်တော် အမှတ်ရနေမှာ၊ အတုယူအားတက်မိမှာ ဖြစ်ပါတော့တယ်။



## ၆။ ခရစ္စမတ်ပွဲတော်နဲ့အတော်ကြီးကို တူလာပါပြီ

ခရစ္စမတ်ဆိုတာဟာ နှစ်ရဲ့ အထူးအရေးပါတဲ့ အချိန်ဖြစ်ပါတယ်။ လေးလေးနက်နက်ပြောရမယ်ဆိုရင် ခရစ္စမတ်ဆိုတာ ခရစ်ယာန်ဘာသာကို ယုံကြည်မှုရဲ့ အဓိကအချက်ဖြစ်တယ်ဆိုတာပါပဲ။ ကျွန်တော့်အတွက်ကတော့ ခရစ္စမတ်ဆိုတာဟာ ခရစ်တော်မွေးဖွားတဲ့ ဇာတ်လမ်းနဲ့ ပတ်သက်နေတယ်ဆိုတာ ဖြစ်ပါတယ်။ ခရစ္စမတ်အချိန်အခါမှာ အားလပ်ရက်တွေ ရကြတယ်။ ရုံးပိတ်ရက်တွေ ရကြတယ်။ အဲဒီရက်အားတွေဟာ ခရစ္စမတ်နဲ့ ပတ်သက်လို့ ဘယ်လို အဓိပ္ပါယ်ရှိသလဲ စသဖြင့် စဉ်းစားကြည့်သင့်ပါတယ်။ ခရစ္စမတ်အချိန်မှာ ကောင်းချီးပေးကြတယ်။ ဆုတောင်းကြတယ်။ ပျော်ကြပါးကြတယ်။

ကျွန်တော်တို့ဟာ ခရစ္စမတ်နဲ့ပတ်သက်လို့ ထူးခြားတိုက်ဆိုင်မှုတွေကို လေ့လာကြည့်နိုင်ပါတယ်။

နှစ်တိုင်းမှာလိုပါပဲ။ အကြမ်းဖက်သမားတစ်ဦးဟာ ခရစ္စမတ်မတိုင်မီ ကလေးမှာ ကြာရှည်စွာ ဖမ်းထားတဲ့ ဓားစာခံကို ဘာ့ကြောင့် လွှတ်ပေးရပါသလဲ။

တစ်ခါတစ်ရံမှာ နှစ်ကုန်ဆုံးခါနီး ခရစ္စမတ်အချိန်အခါမှာ ခံယဉ်းတဲ့ စေ့စပ်ညှိနှိုင်းမှုတွေဟာ ပြေလည်သွားကုန်တာ ဘာ့ကြောင့်ပါလဲ။

ခရစ္စမတ်အချိန်အခါမှာ ကောင်းမှုတွေဟာ တခြားအချိန်တွေမှာ ထက် ဘာ့ကြောင့် ပိုမိုများပြားပြီး တစ်ခုတစ်လေတည်း ဖြစ်ပေါ်ရပါသလဲ။

ဒါတွေနဲ့ပတ်သက်လို့ ကျွန်တော် မသိပါ။ ကျွန်တော် သိတာကတော့ ခရစ္စမတ်ဆိုတာဟာ ကျွန်တော်တို့အတွက် ပဓာနပါပဲ ဆိုပါတယ်။ တစ်နည်းအားဖြင့်ဆိုရရင် ခရစ္စမတ်ဆိုတာ "ဆန်တာ ကလော့စ်" ကို ဆိုလိုတာပါပဲ။

ကျွန်တော်ဟာ ဆန်တာ ကလော့စ် နှာကိုယ်မျိုး ရှိတဲ့သူပါ။ ကျွန်တော်ဟာ ၁၅ နှစ်သားအရွယ်ကတည်းက ဆန်တာ ကလော့စ်ဝတ်စုံဟာပြီး





ဝတ်လေ့ရှိပါတယ်။ အစုအခါမှာ ဝတ်သလိုတော့ အနေတော် မဖြစ်ပါဘူး။ ဗိုက်ပေါ်မှာ ခေါင်းအုံးကပ်ထားပြီးတော့ ဗိုက်ပူပူဖြစ်လာအောင် ဝတ်ဆင်ရပါတယ်။ အခုတော့ ဗိုက်ပူပူ ဖြစ်ဖို့ရာ အဲဒီလို ခေါင်းအုံးတွေ ဘာတွေ ခံစရာ မလိုတော့ပါဘူး။ ဝတ်စုံနဲ့ ကျွန်တော့် ဗိုက်ပူပူက အနေတော်ပါပဲ။

နေရာတိုင်းမှာပဲ ခရစ္စမတ်အချိန်ကျရင် ကျွန်တော့်ကို ဆန်တာ ကလော့စ် လုပ်ဖို့ ပြောကြပါတယ်။ ၁၉၇၃ ခုနှစ်ကတည်းက ကျွန်တော်ဟာ အမျိုးသားပန်းခြံလုပ်ငန်းမှာ ဆန်တာ ကလော့စ် လုပ်ခဲ့ရပါတယ်။ ဒါ့အပြင် သမ္မတအိမ်တော်ဖြစ်တဲ့ အိမ်ဖြူတော်မြက်ခင်းပြင်မှာလုပ်တဲ့ ခရစ္စမတ်သစ်ပင် မီးထွန်းပွဲမှာလည်း ဆန်တာ ကလော့စ်အဖြစ် သရုပ်ဆောင်ပေးခဲ့ရပါတယ်။ အဲဒီမှာ သစ်ပင်ငယ် ၅၀ ရှိတယ်။ အမေရိကနိုင်ငံတော်ရဲ့ ပြည်နယ် ၅၀ ကို ကိုယ်စားပြုတဲ့သဘောပါပဲ။ ကျန်တဲ့ သစ်ပင်ကြီးကတော့ နိုင်ငံတော်ကိုယ်စားပြုတာပေါ့။ အဲဒီမှာ ၁၉၇၃ ခုနှစ်အထိ ဆန်တာ ကလော့စ်လုပ်မယ့်သူ အသင့်မရှိပါဘူး။ ဆန်တာ ကလော့စ်ကို ဧည့်သည်အဖြစ် ဖိတ်ကြားဖို့ တစ်ယောက်ယောက်က စဉ်းစားမိတဲ့အခါမှာ ကျွန်တော့်ကိုဖိတ်ဖို့ စဉ်းစားမိတာပါပဲ။ အဲဒီလိုနဲ့ ကျွန်တော်ဟာ ခရစ္စမတ်အချိန်မှာ ဆန်တာ ကလော့စ် လုပ်နေရတာပါပဲ။

အခု ကျွန်တော့်အကြောင်း တော်လောက်ပါပြီ။ ခရစ္စမတ်နဲ့ ပတ်သက်လို့ အကျိုးဆောင်စွမ်းဆောင်ကြတဲ့ ပုဂ္ဂိုလ်တွေအကြောင်းကို တင်ပြပါမယ်။

## ဆောင်းညကို မီးထွန်းထားခြင်း

**ရှန်ဒီ ဝါးလ်စ်**

***ဗိုးလင်း၊ အနောက်ဗာဂျီးနီးယား***

ကျွန်တော့်မိတ်ဆွေ ရှန်ဒီ ဝါးလ်စ်က သူ့အိမ်နောက်ဘက်နေရာမှာ ခရစ္စမတ်ပွဲအတွက် မီးသွယ်တန်း ထွန်းညှိထားတာဟာ မယုံရောကောင်းလောက်အောင်ပါပဲ။ အဲဒီ သွယ်တန်းထွန်းညှိထားတဲ့ မီးလုံးတွေဟာ အရေအတွက်နဲ့ဆိုရင် သန်းတစ်ဝက်ထက် ပိုပါတယ်။ ဆုရပန်းချီဆရာအနုပညာရှင်တစ်ဦးက ဆန်းကြယ်စွာနဲ့ စီစဉ် ဆင်ယင်ထားတဲ့ မီးလုံးပေါင်းများစွာပဲပေါ့။ အဲဒီ တစ်သန်းရဲ့ တစ်ဝက်ကျော်ကျော်ရှိတဲ့ မီးလုံးတွေဟာ ဧက ၃၀၀ ကျော် အကျယ်အဝန်းကို ဖုံးလွှမ်းနေရာယူထားပါတယ်။ အလွန်လှပတဲ့ မြေပြင်မှာ တည်ရှိနေတာ ဖြစ်ပါတယ်။ အဲဒီမီးလုံးတွေကို ဆောင်းတွင်း ရက်ပေါင်း ၅၀ အတွင်းမှာ ၁.၂ သန်း ဝပ်တ် လျှပ်စစ်စွမ်းအားနဲ့ ထွန်းညှိထားမှာ ဖြစ်ပါတယ်။

အမှန်စင်စစ်တော့ အဲဒီ ရှန်ဒီရဲ့ အိမ်နောက်ဘက်မြေနေရာကျယ်ကြီး (ဧက ၃၀၀ ကျော်) ဟာ သူတစ်ဦးတည်းပိုင် မဟုတ်ပါဘူး။ သူ့မြို့ဖြစ်တဲ့ "ဗိုးလင်း" မြို့နေ မြို့သူမြို့သားတွေ ပိုင်တာပါ။ တည့်တည့်ပြောရရင် အဲဒီနေရာဟာ ဗိုးလင်းမြို့ရဲ့ မြို့တော် ပန်းခြံကြီးပါပဲ။ ရှန်ဒီဟာ အဲဒီပန်းခြံကြီးရဲ့ အလွှတ်တွေမန်နေဂျာ ဖြစ်ပါတယ်။ (ဒါ့ကြောင့် အဲဒီမှာ အိမ်ရတာပေါ့၊ နေရတာပေါ့၊ အဲဒီတော့ ပန်းခြံကြီးတစ်ခုလုံးဟာ သူ့အိမ်နောက်ဘက်မြေကြီး ဖြစ်နေတော့တာပေါ့။) အဲဒီလို မီးလုံးတွေထွန်းညှိထားတဲ့ နေရာကျယ်ကြီးဟာ ပန်းခြံကြီးရဲ့ တစ်စိတ်တစ်ပိုင်းသာပဲ ဖြစ်ပါတယ်။ ပန်းခြံကြီးကတော့ ဧကပေါင်း ၁,၅၀၀ ခန့် ကျယ်ပါတယ်။ အိုဂလ်ဘေ ပတ်ခ်လို့ ခေါ်ပါတယ်။ ရှန်ဒီဟာ အဲဒီမှာ အိမ်ရပြီးတော့ နေရပါတယ်။ အဲဒီ ပန်းခြံကြီးဟာ သာယာလှပတဲ့ အပန်းဖြေရာ၊ အားလပ်ရက် ပျော်ပွဲစားထွက်စရာ လည်ပတ်စရာ စခန်းကြီးဖြစ်ပါတယ်။

ဆရာတွေနဲ့ လက်မှုပညာရှင်တွေက ဆောက်လုပ်ပေးကြပါတယ်။ လျှပ်ခါနီး ဆောက်ပုံကြပါတယ်။ ရုန်ပုံရှေ့ အတော်များများကတော့ ပုဂ္ဂလိကလုပ်ငန်းပိုင်းက လာပါတယ်။ စီမံကိန်းနဲ့ အားလုံးဟာဆိုရင် တစ်နှစ်တာ လုပ်ဆောင်မှုပဲ ဖြစ်ပါတယ်။ လူအတော်များများဆီက ကျွန်တော်တို့ အကူအညီ အထောက်အပံ့ ရပါတယ်" အဲဒီလို ရဲန်ဒီက ရှင်းပြပါတယ်။

ရဲန်ဒီဟာ အောင်မြင်မှုတွေအတွက် ဂုဏ်သတင်း ထင်ပေါ်မှုကို မလိုလားသူ လူစားမျိုးဖြစ်ပါတယ်။ ဂုဏ်ယူဖို့ ဝန်လေးလှသူလည်း ဖြစ်ပါတယ်။ ဒါပေမယ်လို့ မီးထွန်းပွဲတော်ကြီး အပြည့်အဝ ထွန်းလင်းနေတာကို ကြည့်ပြီးတော့ ဂုဏ်ယူမိတာကို ဖွန့်ပယ်ဖို့ အလွန်ခက်လှပါတယ်လို့ သူက ဝန်ခံပြောကြားပါတယ်။

"ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင်တော့ အဲဒီမီးထွန်းပွဲကြီးဟာ ကျွန်တော့်ဘဝမှာ အကြည်နူးဆုံးပါပဲ" လို့ သူက ဆက်ပြောပြပါတယ်။

"လုပ်ငန်းရှုထောင့်ကကြည့်ရင် အဲဒါဟာ ဒီဒေသမှာ အကြီးအကျယ် အောင်မြင်တာပဲပေါ့။ ဒါပေမယ့် ကိုယ်ရေးကိုယ်တာအမြင်နဲ့ ပြောရရင်တော့ ဆောင်းတွင်းညတစ်ညမှာ ကျွန်တော့်အပန်းဖြေ အိမ်ကလေးဆီကို မိသားစုနဲ့ သွားပြီးတော့ ပန်းခြံထဲက မီးပဒေသာပင်တွေရယ်၊ လာကြည့်ကြသူတွေရဲ့ ကားမီးတွေရယ်၊ အဲဒါတွေကို ကြည့်ရတာ ဘယ်လို အရသာရှိမှန်း မသိပါဘူး။ အဲဒီ ကားမီးရောင်တွေဟာ အရင်က ကျွန်တော်တို့ မတွေးမိခဲ့တဲ့ဟာပဲ။ လာကြတဲ့ ကားတွေနဲ့ မီးရောင်တွေရဲ့ အနေအထားဟာလည်း မီးပြပွဲ တစ်မျိုးပေါ့။ အဲဒါတွေကို ကြည့်နေရတာ၊ မြင်နေရတာဟာ ထူးခြားလှတဲ့ အရသာပဲ ပေါ့ဗျာ" လို့ ရဲန်ဒီက ဖွင့်ဟပြောဆိုလိုက်ပါတယ်။

---



## တောက်သ်ဟိုးလ်မှာ သစ်ပင်တစ်ပင် ပေါက်နေတယ်

**လူးဝစ္စ အဒ်ဆင်**

***တောက်သ်ဟိုးလ်၊ နယူးယောက်***

ခရစ္စမတ်ပွဲတော်မှာ လူတွေဟာ ခရစ္စမတ်သစ်ပင်ကို အသုံးပြုကြပေမယ့် အဲဒီသစ်ပင် စိုက်ပျိုးသူတွေအကြောင်းကိုတော့ သိကောင်းမှ သိကြပါလိမ့်မယ်။

ခရစ္စမတ်သစ်ပင် စိုက်ပျိုးရောင်းချသူတွေထဲမှာ လူးဝစ္စ အဒ်ဆင် ဆိုသူဟာလည်း တစ်ယောက် အပါအဝင်ဖြစ်ပါတယ်။ သူ့ခရစ္စမတ်သစ်ပင် စိုက်ခင်းကို လွန်ခဲ့တဲ့နှစ်ကမှ "လောင်းအိုင်လန်"ဒေသရှိ "နော့သ်ဖော့"မှာ ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။

"ဒီမှာ ရယ်စရာပြောနေကြတာကတော့ ကျွန်တော့်ခရစ္စမတ်သစ်ပင် တိုင်းမှာ နာမည်ရှိနေတယ်လို့ပဲ ဖြစ်ပါတယ်။ ဒီသစ်ပင်တွေဟာ ကျွန်တော့် ကလေးတွေပါပဲ။ သူတို့ကို ရောင်းချလိုက်ရတာကို ကျွန်တော် မနှစ်မြို့ပါဘူး" အဲဒီလို သူက ပြောပြပါတယ်။ ဒါပေမယ့် သူဟာ တစ်နှစ်တစ်နှစ်မှာ ကြိတ်နှုန်း သစ်ပင် ငါးထောင် ရောင်းရပါတယ်။ လူးဝစ္စရဲ့ ခရစ္စမတ်သစ်ပင် စိုက်ခင်းဟာ နယူးယောက် နေပြည်တော်ဒေသမှာ အကြီးဆုံးတစ်ခု ဖြစ်ပါတယ်။

ခရစ္စမတ်သစ်ပင် အများဆုံးကို ဝစ္စကောန်ဆင်းပြည်နယ်၊ မင်နီဆိုးတားပြည်နယ်နဲ့၊ ဒါမှမဟုတ် ကနေဒါနိုင်ငံမှာ စေက ထောင်ပေါင်းများစွာ စိုက်ခင်းတွေနဲ့စိုက်ထားကြပါတယ်။ နယူးယောက်ဈေးကွက်မှာတော့ခရစ္စမတ် သစ်ပင်တွေကို တင်သွင်းယူပြီး ရောင်းချရပါတယ်။ အဲဒီကိစ္စမှာ လူးဝစ္စ အဒ်ဆင် ဝင်လာပါတော့တယ်။

"အခု စိုက်ခင်းနေရာဟာ ကျွန်တော်တို့မိသားစုလက်ထဲမှာ နှစ်ပေါင်းများစွာကပဲ ရှိနေပါတယ်။ နှစ်အနည်းငယ်က အာလူးစိုက်ခင်းတွေ



ပျက်တုန်းက တခြားတစ်ခုခုလုပ်ဖို့ ကျွန်တော် တွေးမိပါတယ်" လို့ လူးဝစ္စက ပြောပြပါတယ်။ အဲဒီလို ဖြစ်လာတော့ လူးဝစ္စဟာ သူ့မြေကို စပျစ်စိုက်ခင်းလုပ်ဖို့ စဉ်းစားခဲ့ပါသေးတယ်။ သူ့ဒေသဖြစ်တဲ့ လောင်းအိုင်လန်အရှေ့မှာ အရှေ့ပိုင်း တစ်ခြမ်းဟာ ဝိုင်အရက် ထွက်ရာ ဒေသရပ်ဝန်း ဖြစ်ပါတယ်။ ဝိုင်ချက်လုပ်တဲ့ လုပ်ငန်း နှစ်ဒါဇင်လောက် ရှိပါတယ်။ ဒါပေမယ့် အဲဒီလို ဝိုင်အတွက် စပျစ်စိုက်ရင် အရင်းအနှီးကြီးပြီး အချိန်ကြာမှာကို သူသဘောပေါက်မိပါတယ်။ ဒါ့အပြင် မြေကို ခွဲခြမ်းပြီးတော့ စီးပွားရေးလုပ်ငန်းအတွက်ဖြစ်စေ၊ လူနေအိုးအိမ် ဆောက်ဖို့အတွက်ဖြစ်စေ၊ အသုံးချဖို့လည်း စဉ်းစားပါသေးတယ်။

ဒီလိုနဲ့ သူဟာ စဉ်းစားချိန်ဆပြီး သူတေသနနဲ့စီမံကိန်းချပြီး ၁၉၈၁ ခုနှစ်မှာ ပထမဆုံး ခရစ္စမတ်သစ်ပင်အပင်ပေါက်တွေကို စိုက်ပျိုးပါတော့တယ်။ ၆ နှစ်ကြာရင် အပင်ရင့်ပြီး ရောင်းချနိုင်မယ့် အစီအစဉ်ဖြစ်ပါတယ်။ အဲဒီလို စီစဉ်ထားပေမယ့် သူ့ရဲ့ ပထမဆုံး ရောင်းချရတဲ့ အသုတ်က မှန်းချက်ထက် တစ်နှစ်သာသာစောပြီး ထွက်ခဲ့တယ်။ ဒါနဲ့ သူလည်း ဆိုင်ဖွင့်ဖို့ တက်သုတ်ရိုက် ကြိုးပမ်းရတော့တာပေါ့။

"သစ်ပင်ဟာ လူတွေလိုပါပဲ။ ကြီးထွားလာပုံ မတူကြပါဘူး။ တချို့က ကျန်တဲ့အပင်ထက် အကြီးထွား မြန်ကြတယ်" လို့ သူက ရှင်းပြပါတယ်။

"ကိုယ်စိုက်ထားတဲ့ ခရစ္စမတ်သစ်ပင်အောက်မှာ မိသားစုနဲ့အတူ ထိုင်ရတာ ဘယ်လောက် ထူးဆန်းအံ့သြဖွယ်ကောင်းသလဲဆိုတာ ပြောမပြတတ်အောင်ပါပဲ။ ငါးရာသီကြာအောင် လက်တွေ၊ ဒူးတွေ၊ မြေမှုန့်တွေ သဲတွေ အပေခံပြီး တူးဟယ်၊ ဆွဟယ်၊ ဖြတ်ဟယ်၊ တောက်ဟယ်၊ စိုက်ဟယ်၊ ပျိုးဟယ်၊ ပိုးသတ်ဆေးဖျန်းဟယ်၊ မြေဩဇာထည့်ဟယ်နဲ့ လုပ်ခဲ့ရတဲ့နောက် ကျေနပ်မှုနဲ့ ဂုဏ်ယူမှုဟာ ကြီးမားလှပါတယ်" လို့ သူက ပြောပြပါတယ်။

သူဟာ ပထမဦးဆုံး ခရစ္စမတ်သစ်ပင်ရောင်းတော့ ဒေါ်လာ ၂၅၀,၀၀၀ (နှစ်သိန်းငါးသောင်း) ကျော် ရင်းနှီးမြှုပ်နှံပြီးဖြစ်ပါတယ်။ အဲဒါ



ခြွေမြတန်ဖိုး မပါသေးပါဘူး။

လူတွေဟာ ခရစ္စမတ်သစ်ပင် လာဝယ်တဲ့အခါမှာ ကြည့်ကြတာကတော့ အပင်ရဲ့ ရနံ့ရယ်၊ အပ်ချောင်းအရွယ် အရွက်ကလေးတွေရယ်၊ ပင်လုံး ပြည့်ဖြိုးမှုရယ်၊ အပင်အမြင့်ရယ်၊ အဲဒါတွေ ဖြစ်ကြပါတယ်။ သူ့ဈေးဝယ်သူတွေဟာ သစ်ပင်တွေအကြောင်း သူထင်တာထက်ပိုပြီး သိကြတယ်လို့ သူက ပြောပြပါတယ်။

"သူတို့ဝင်လာပြီး သူတို့ဘာကို လိုချင်တယ်ဆိုတာ သိကြတယ်။ ကျွန်တော့်ဘက်ကလည်း ကျွန်တော့်အလုပ်ကို ကျွန်တော် နားလည်ရတော့မှာပေါ့။ ကျွန်တော် သိနေတယ်ဆိုတာကိုလည်း လုပ်ပြရပါတယ်" လို့လည်း ပြောပါသေးတယ်။

"ဒီနေ့ ဒီအခါမှာ မိသားစုတစ်ခုလုံး တစ်စုတစ်စည်းတည်းလုပ်နိုင်တဲ့ အလုပ်မျိုးဆိုတာ များများစားစား မရှိပါဘူး။ ဒါပေမယ့် ကျွန်တော်တို့မိသားစုကတော့ ဒီအလုပ်ကိုပဲ တစ်စုတစ်ဝေးတည်း စုပေါင်းလုပ်ကိုင်နိုင်ကြပါတယ်။ ဒါဟာ မျိုးရိုးစဉ်ဆက် ထုံးစံဖြစ်သွားလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ဆောင်းရာသီတိုင်းမှာ လူတွေဟာ သူတို့ရဲ့ ကားတွေပေါ်ကို ခုန်တက်၊ ခရစ္စမတ်သစ်ပင်ကို လာဆွဲယူသွားကြ၊ ဒီလိုပဲ ဖြစ်နေလိမ့်မယ် ထင်ပါတယ်။

"ကျွန်တော်တို့က ခြံမြေကို ရောင်းဖို့ စိတ်မကူးပါဘူး။ သစ်ပင်လာဝယ်သူတွေကို ကျွန်တော်တို့က ပြောပါတယ်။ တစ်နေ့နေ့မှာ သူတို့ရဲ့ သားသမီးတွေဟာ သူတို့ရဲ့ ကလေးတွေနဲ့အတူ ဒီစိုက်ခင်းကို ပြန်လာကြလိမ့်မယ်လို့ မျှော်လင့်တဲ့အကြောင်း ပြောပြလိုက်ရပါတော့တယ်"။

---

အဲဒီနောက်တော့ စိတ်မချမ်းသာစရာ အပိုင်းဆီကို ရောက်လာပါတော့တယ်။

၁၉၇၈ ခုနှစ် ခရစ္စမတ်အချိန်အခါမှာ ဘဒ်နဲ့ဘက်ဆီတို့ရဲ့ပွဲတော်အလုပ်ကို ယာယီ ရပ်ထားလိုက်ရပါတော့တယ်။ ၁၉၈၃ ခုနှစ် ခရစ္စမတ်ပွဲတော်လည်း ပြီးရော တစ်ခါတည်းကို အပြီးရပ်ဆိုင်းလိုက်ရတော့တာပါပဲ။

"ကျွန်တော်တို့ဆီမှာ ဖျက်ဆီးတတ်တဲ့ညဉ့်ဆိုးအဖျက်ဝါဒအတွက် ခုက္ခရောက်ကြရပါတယ်။ သူတို့က မီးလုံးကြီးတွေကို ခိုးကြတယ်။ တစ်ညမှာတော့ ၂၀ ပျောက်သွားတယ်ထင်တယ်။ တချို့လူတွေကျတော့ ကျွန်တော်တို့လုပ်ထားတဲ့ ဇာတ်ကောင်အရုပ်တွေကို ယူသွားပြီး လမ်းမမှာ ချိုးဖွဲ့ပစ်ကြတယ်" လို့ ဘဒ်က ပြောပြပါတယ်။ အဲဒီတော့ နှစ်စဉ် လုပ်နေကျ အဲဒီအလုပ်ကို ပြန်စဖို့ဆိုတာက သိပ်ပြီးတော့ စရိတ်ကုန်ကျမှာပေါ့။ (လျှပ်စစ်မီတာခ ဘယ်လောက် ကုန်ကျတယ်ဆိုတာကို ဘတ်က ပြောမပြပါ။) နောက်ပြီးတော့ သူတို့စိတ်တိုင်းကျ လုပ်ထားတဲ့ အလှအပ အဆင်တန်ဆာ ပစ္စည်းကိရိယာတွေကို အကြင်နာကင်းစွာနဲ့ ဖျက်ဆီးပစ်တာ၊ ခိုးယူတာတွေကြောင့် လုပ်ငန်းမှာ မလုပ်နိုင်လောက်အောင် စရိတ်ကြီးသွားပါတော့တယ်။ တစ်နှစ်မှာတော့ လက်ရာမြောက်တဲ့ "ဖရက် ဖလင့်စတုံး" နဲ့ "မစ်ကီး မောက်စ်"အရုပ်ကြီးတွေ ဖျက်ဆီးခံရတယ်။ တစ်နှစ်မှာကျတော့ ဓမစ်မောင်နံ့ စီမံပန်တီးထားတဲ့ ခရစ်တော်မွေးဖွားခန်း ရုပ်လုံးများ၊ အဆင်အပြင်များ အခိုးခံရတယ်။ နောက်ကျတော့ အဲဒါကို မီးရှို့လိုက်ကြတယ်။ မစ်တို့ရဲ့ အိမ်ရှေ့မြက်ခင်းပြင်နဲ့ အိမ်ပတ်လည် လမ်းကလေးဟာလည်း ထူးဆန်းမြေမှုန့်ပြန့်ကြဲထားတာကို ခံလိုက်ရပါတယ်။ ၁၉၇၈ ခုနှစ်မှာ ဘဒ်နဲ့ ဘက်ဆီတို့ဟာ သူတို့ရဲ့ နှစ်စဉ်ခရစ္စမတ်ပွဲတော်ကို ယာယီရပ်ဆိုင်းထားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဓါတ်ပိုင်းလို တောက်ပတဲ့ ရောင်စုံမီးတွေ၊ ဇာတ်ကောင်အရုပ်ကြီးတွေအစား သူတို့ရဲ့ အိမ်ရှေ့မြက်ခင်းပြင်မှာ ကြီးမားတဲ့ ဆိုင်းဘုတ်ကြော်ငြာကြီးတစ်ခုသာ ရှိနေပါတော့တယ်။ အဲဒီဆိုင်းဘုတ်ကြီးမှာ သူတို့ရဲ့ ဆုံးဖြတ်ချက်နဲ့ ပြဿနာကို ဖြေရှင်းဖို့ အကြံဉာဏ်တောင်းခံခြင်းတို့ကို ဖော်ပြထားပါတယ်။ သူတို့ရဲ့ ဓာတိုက်ပုံးကလေးမှာ အကြံပေးစာတွေနဲ့



ပြည့်လျှံသွားပါတော့တယ်။ လူတွေက စရိတ်အကုန်အကျခံဖို့ရာ ငွေပေးပို့ကူညီကြပါတယ်။ လူထောင်ပေါင်းများစွာက ဓမစ်တို့ဓနီးမောင်နံ့ဟာ အဲဒီကိစ္စကို စဉ်းစားပြီး အခြေအနေများလည်း တိုးတက်လာလိမ့်မယ်၊ နောက်လာမယ့် ခရစ္စမတ်အားလပ်ရက်အချိန်မီ စဉ်းစားလုပ်ဆောင်မယ်လို့ မျှော်လင့်နေကြပါတယ်။

"ဖျက်လိုဖျက်ဆီးလုပ်တဲ့ လူနည်းစုရှိပေမယ့် ကျွန်တော်တို့လုပ်တာကို လေးစားတဲ့ လူထောင်ပေါင်းများစွာ ရှိနေကြပါတယ်။ အဲဒါဟာ လုပ်ရကျိုးနပ်တဲ့သဘောပေါ့ဗျာ" လို့ ဘဒ်က ပြောကြားလိုက်ပါတယ်။

သူတို့ရဲ့ပြဿနာအခက်အခဲကို လူတွေက စိတ်ဝင်စား အာရုံစိုက်ကြလွန်းလို့ ကျွန်တော်ရှိရာ ဝါရှင်တန်မှာတောင် အဲဒီအကြောင်း ကြားသိနေကြရပါတယ်။

ဒါနဲ့ သူတို့ဟာ နောက်တစ်ကြိမ်ကြိုးပမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ အဲဒီဒုတိယအကြိမ်ဟာ နှစ်လိုဖွယ်ရာကောင်းတဲ့ ငါးရာသီကြာပါတယ်။ သူတို့ရဲ့ပွဲတော်ကို ငါးနှစ်ကြာ၊ ငါးကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ၁၉၈၃ ခုနှစ် ခရစ္စမတ်ပွဲတော်အပြီးမှာတော့ ဓမစ်ဓနီးမောင်နံ့ဟာ တော်လောက်ပြီလို့ ဆုံးဖြတ်လိုက်ကြပါတယ်။ "နှောင့်ယှက်ဖျက်ဆီးတာကြောင့်ရယ်လို့တော့ မဟုတ်ပါဘူး။ အဲဒါလည်း အရေးကြီးတဲ့ အချက်တော့ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ကို ကူညီမယ့်သူတွေ လျော့သွားရပါတယ်။ အကူအညီ လျော့လာတာဟာ လူတွေ အသက်ကြီးလာကြပြီ။ လူငယ်ကလေးတွေကလည်း တခြားကို ထွက်သွားကြပြီ။ နောက်ပြီးတော့ လူတွေကလည်း တခြားစိတ်ပါဝင်စားစရာတွေကို တွေ့လာကြပြီ။ ရုတ်တရက်ဆိုသလိုပါပဲ။ ကူညီလုပ်ကိုင်ပေးဖို့ မိတ်ဆွေအပေါင်းအသင်း သိပ်မကျန်တော့ဘူး။ ဆက်မလုပ်နိုင်တော့ဘူး။ ဒါနဲ့ ရပ်လိုက်ရပါတော့တယ်" အဲဒီလို ဓမစ်ဓနီးမောင်နံ့က ပြောပြပါတယ်။

အဲဒီနောက်တော့ ဓမစ်ဓနီးမောင်နံ့ဟာ တခြား စိတ်ဝင်စားစရာတွေကို ရှာပါတယ်။

သူတို့ဟာ ပဲန်ဆယ်လ်ဗေးနီးယားမှာ အပျော်တမ်း တောစခန်း



ကလေးတစ်နေရာကို ဝယ်လိုက်ပါတယ်။ ရုံးပိတ်ရက်တွေမှာ အဲဒီစခန်းကလေးဆီကိုသွားပြီး အနားယူအပန်းဖြေကြပါတယ်။ ကားနဲ့သွားပြီး အဲဒီမှာ ကားရပ်ထားပြီး နေကြပါတယ်။ "အဲဒီမှာ ကျွန်မတို့ဟာ စခန်းကလေးကို လှပအောင် ဆင်ယင်ခင်းကျင်းကြပါတယ်။ ကျွန်မတို့ ဘယ်ကိုသွားသွား လူတွေကားတွေရပ်ပြီး ကြည့်ကြပါတယ်" လို့ ဘက်ဆီက ပြောပြပါတယ်။ သူတို့ပြောတာ ဟုတ်မှာပါ။

အဲဒီခရစ္စမတ်ပွဲတော်နဲ့ပတ်သက်လို့ ကျွန်တော်စိတ်မကောင်းပါဘူး။ ဒီလို စိတ်သဘောထားကောင်းပြီး သာယာလှပအောင် မနားမနေ မမောမပန်း ပြုလုပ်ဖန်တီးတတ်တဲ့ လူကောင်းတွေရဲ့အလုပ်ဟာ ဘာမဟုတ်တဲ့ လူရှုပ်လူညစ်လက်တစ်ဆုပ်စာကြောင့် ပျက်စီးသွားရတာဟာ အလွန်ပဲ ဝမ်းနည်းစရာကောင်းလှပါတယ်။

ဒါပေမယ့် ဘဒ်နဲ့ဘက်ဆီတို့ရဲ့ ခရစ္စမတ်အိမ်မှာ ဆောင်းအခါခရစ္စမတ်ပွဲတော်မှာ မီးရောင်စုံနဲ့ ခမ်းနားတဲ့ အခင်းအကျင်းတွေကို မြင်ဖူး၊ ပျော်မွေ့ဝမ်းသာဖူးသူတွေ အဖို့မှာတော့ အဲဒီပွဲတော်ကို ရင်ထဲက အမြဲသတိရနေမှာ ဖြစ်ပါတော့တယ်။

အခု ကျွန်တော်ဟာ ဒီအခန်းမှာ ခရစ္စမတ်ပွဲတော်ကာလအတွင်း ပျော်ရွှင်ချမ်းမြေ့အောင်၊ ဝမ်းသာကြည်နူးအောင် စေတနာထားပြီး ကြိုးစားလုပ်ဆောင်ကြသူတွေအကြောင်းကို တင်ပြခဲ့ပါတယ်။

သူတို့အကြောင်းဟာ မဆန်းပေမယ့် ထူးတယ်လို့ ဆိုနိုင်ပါတယ်။ ခရစ္စမတ်ချိန်ခါကို ပိုမို တောက်ပြောင်စေပါတယ်။ ခရစ္စမတ်ချိန်ခါဟာ တချို့လူတွေအဖို့ အိမ်ပြန်ချိန်ပဲဖြစ်ပါတယ်။ တစ်ရပ်တစ်ကျေး၊ တစ်တိုင်းတစ်ပြည်မှာ အလုပ်လုပ်နေသူတွေဟာလည်း အိမ်ကိုပြန်ခွင့် ရကြပါတယ်။ ခရစ္စမတ်ချိန်ခါမှာ မိသားစု၊ ဆွေမျိုးသားချင်းနဲ့မိတ်ဆွေအပေါင်းအသင်းတွေ တွေ့ဆုံစုံပျော်ရွှင်ကြရပါတော့တယ်။



## ၇။ အမေရိကန်အသံတွေ

ကျွန်တော် ရေဒီယိုကို သိပ်ကြိုက်ပါတယ်။

ကျွန်တော် မှတ်မိသလောက်ဆိုရင် ကျွန်တော်ဟာ ငယ်စဉ်ကတည်းကပဲ လေလှိုင်းသံလွှင့်ပြီး ရေဒီယိုက စကားပြောဖို့ရာ အလွန်ပဲ စွဲလမ်းတောင့်တခဲ့ပါတယ်။

ကျွန်တော် ရှစ်နှစ်သားအရွယ်ကပဲ ရေဒီယိုအသံလွှင့်ခြင်းနဲ့ တွေ့ကြုံပတ်သက်ခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော့်အမေဟာ ကျွန်တော့်ကို ဝါရှင်တန်မြို့က "အားလ် သီယေတာ" ဇာတ်ရုံကြီးဆီကို သွားခေါ်ပြီး ကြည့်ခဲ့ပါတယ်။ အချိန်ကတော့ မွန်းလွဲပွဲချိန်ဖြစ်ပါတယ်။ အဲဒီမှာ အမေက ကျွန်တော့်ကိုထားခဲ့ပြီး ဈေးဝယ်ထွက်သွားတယ်။ ကျွန်တော့်အမေ ပြန်မလာခင်မှာပဲ ပွဲပြီးလို့ ကျွန်တော့် အနီးအနားကို လျှောက်ကြည့်ပါတယ်။ စပ်စုတတ်တဲ့ကျွန်တော်ဟာ အနီးမှာရှိတဲ့ အဆောက်အအုံကြီးတစ်ခုဆီကို ရောက်သွားပါတယ်။ အဲဒီ အဆောက်အအုံကြီးကတော့ "ဒပ်ဗလယ်ယူတီအိုပီ" ရေဒီယိုဌာနကြီးပါပဲ။ အဲဒီအချိန်တုန်းက နာမည်ကျော် အသံလွှင့်ဌာနကြီးတစ်ခုပေါ့။ ကျွန်တော်ဟာ ဓာတ်လှေကားနဲ့ တက်သွားပြီးတော့ လျှောက်ကြည့်တော့တာပဲ။ ကံကောင်းချင်တော့ အဲဒီဌာနမှာ ဖော်ရွေတဲ့ ဧည့်ကြို အမျိုးသမီးက ကျွန်တော့်ကို နေရာအနှံ့ လိုက်ပြပါတယ်။ အသံလွှင့်နေတဲ့ အခန်းဆီကိုလည်း ခေါ်သွားပြီး ပြပါတယ်။ အသံလွှင့်နေတာပြီးတော့ တာဝန်ကျနေတဲ့ မျက်နှာနီနီ၊ ဝိန်ဝိန်ပါးပါး၊ အရပ်ရှည်ရှည် လူကြီးနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးပါတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ "စီဘီအက်စ်" သတင်းထောက် အဲရစ်စ် ဆဲဗားရိုက်ဒ် ဖြစ်ပါတယ်။

အဲဒီလိုနဲ့ ကျွန်တော်ဟာ အသံလွှင့်လုပ်ငန်းနဲ့ စတင်နီးစပ်လာရပြီး "နူတာ ဆဲဗားရိုက်ဒ်ဟာ ကျွန်တော့်ရဲ့ ရေဒီယိုသူရဲကောင်းကြီး ဖြစ်လာပါတော့တယ်။ အိမ်ပြန်ရောက်တော့ ရေဒီယို အသံလွှင့်တမ်း ကစားပါတော့

တယ်။ ဆပ်ပြာခွက်ကို မိုက်ကရိုဖုန်းအဖြစ်နဲ့ အသံလွှင့်ကစားတာပါပဲ။ ဒီလို အသံလွှင့်တမ်း ကစားရုံနဲ့ မတင်းတိမ်နိုင်ခဲ့ပါဘူး။ ဒါနဲ့ အိမ်နီးနားချင်း အပေါင်းအသင်းသူငယ်ချင်းတွေနဲ့ပေါင်းပြီး ရေဒီယိုစခန်းကလေးတစ်ခုဖြစ် အောင် ကြိုးစားခဲ့တယ်။ တဖြည်းဖြည်းနဲ့ အောင်မြင်အကောင်အထည်ပေါ် လာပါတယ်။ မိုက်ကရိုဖုန်း (စကားပြောခွက်) တစ်ခုရယ်၊ အသံလွှင့်စက် အသေးကလေးတစ်လုံးရယ် ရအောင် လုပ်နိုင်ခဲ့တယ်။ ကိုက်တစ်ရာအတွင်း မှာရှိတဲ့ ရေဒီယိုတွေက ဖမ်းယူနိုင်အောင် ကျွန်တော်တို့စက်နဲ့ အသံလွှင့်နိုင် ခဲ့တယ်။ တစ်ဖက်အိမ်က မစ္စတာဗန့်စ်က ကျွန်တော်တို့အသံလွှင့်တာကို ဖမ်းယူနားထောင်ခဲ့ပါတယ်။ ဒီလောက်အထိ ကျွန်တော်တို့လုပ်နိုင်ခဲ့တာပါပဲ။ ဘာမှ မဟုတ်ဘူး ဆိုနိုင်ပေမယ့် တစ်ခုခုဖြစ်အောင်တော့ လုပ်နိုင်ခဲ့တာပါပဲ။

အဲဒီလို အပျော်တမ်းရေဒီယို အသံလွှင့်ကစားကြရာမှာ ကျွန်တော့် သူငယ်ချင်းများဖြစ်တဲ့ ရှာပ်၊ ဒဲရစ်၊ ဂျင်မီ ရွှင်၊ ရော်ဂျာ ဓါ်ခင်တို့လည်းပါဝင် ကြပါတယ်။ ကျွန်တော်တို့ဟာ သတင်းကြေညာခြင်း၊ ဝေဖန်ချက်ဖော်ပြခြင်း တို့ကို လွှင့်ထုတ်ရုံသာမက ကြော်ငြာစာတွေကိုပါ လွှင့်ထုတ်ပေးပါတယ်။ ဈေးဆိုင်တွေရဲ့ ကြော်ငြာချက်တွေကို လွှင့်ထုတ်ပေးတာပါပဲ။ ကြော်ငြာ တစ်ခုကို ၂၅ ဆင့်နှုန်းယူပြီးတော့ ကြေညာပေးတာဖြစ်ပါတယ်။ ဈေးအသက် သာဆုံး ကြော်ငြာခနဲ့ပေါ့။ နောက်တော့ သူငယ်ချင်း ရော်ဂျာ ဓါ်ခင်က အားကောင်းတဲ့ အသံလွှင့်စက်တစ်လုံးဝယ်ပြီး အသံလွှင့်ပါတယ်။ ဒီစက်က ငါးမိုင်အတွင်း ပေါက်ရောက်အောင် လွှင့်ထုတ်နိုင်စွမ်းရှိပါတယ်။ အဲဒီလို အလှမ်းကျယ်လာတော့ ပြဿနာဖြစ်လာပါတော့တယ်။ အနီးမှာရှိတဲ့ လေဆိပ် က "ပဲန် အဲမ် လေကြောင်း" ရေဒီယို အဆက်အသွယ်တွေနဲ့ သွားရောက် ရောနှော ရှုပ်ထွေးကုန်ပါတော့တယ်။

နှစ်အနည်းငယ်ကြာတော့ ကျွန်တော်နဲ့ သူငယ်ချင်းရော်ဂျာတို့ဟာ "ဒပ်ဗလျူ အိုအယ်လ်" အသံလွှင့်ဌာနဆီကိုသွားပြီး ဟိုက်စကူး ဟစ်ပရိတ် အစန်းမှာ ပါဝင်အသံလွှင့်ပါတယ်။ အပတ်စဉ် လွှင့်ထုတ်နေတဲ့ အစန်းကဏ္ဍ တစ်ခုပါပဲ။

ကျွန်တော်ဟာ အထက်တန်းကျောင်းသားဘဝမှာ ရှိနေတုန်းကပဲ



ငယ်စဉ် ကလေးဘဝက အစွဲအလမ်းအတိုင်း တစ်နေ့မှာ အသံလွှင့်အလုပ်နဲ့ အသက်မွေးမယ်လို့ စဉ်းစားနေခဲ့ပါတယ်။ အဲဒီ အချိန်လောက်မှာပဲ ကျွန်တော်ဟာ အက်ဖ်အမ် အသံလှိုင်း အသံလွှင့် ရေဒီယိုဌာန တစ်ခုနဲ့ ဆက်သွယ်မိပါတယ်။ အဲဒီမှာ စနေနေ့ညတိုင်း ကျွန်တော်က အထက်တန်း ကျောင်း သတင်း အစီအစဉ်တွေကို အသံလွှင့်ရပါတယ်။ အဲဒီအချိန်တုန်းက ရေဒီယို အတော်များများဟာ အက်ဖ် အမ် အသံလွှင့်လှိုင်းကို မဖမ်းယူနိုင် ကြပါဘူး။ ဒါကြောင့် ကျွန်တော့်မိဘတွေဟာ အိမ်နီးနားချင်း အိမ်ဆီကို သွားပြီး အိမ်ရှင်တွေရဲ့ ရေဒီယိုနဲ့ ကျွန်တော် အသံလွှင့်တာကို နားထောင်ကြ ရတာကို မှတ်မိနေပါတယ်။

ဒီလိုနဲ့နေရာက နောက်တစ်ဆင့်တက်ဖို့ ကျွန်တော် ကြိုးစားပါ တယ်။ ကျွန်တော်တို့အရပ်က "အဲန်ဘီစီ" ရေဒီယိုမှာ အလုပ်ရဖို့ ကျွန်တော် စိတ်ဝင်စားမိပါတယ်။ ကျွန်တော် အသက် ၁၆ နှစ်ပြည့်တဲ့အခါမှာ အဲဒီ အသံလွှင့်ဌာနဆီကို အလုပ်အတွက် လူတွေ့မေးမြန်း အစစ်ဆေးခံဖို့ သွား ရောက်ခဲ့ပါတယ်။ အလုပ်ရဖို့အခွင့်အလမ်း မပေါ်ခဲ့ပါဘူး။ ဒီလိုနဲ့ ကျွန်တော် အားမလျှော့ဘဲ အပတ်တိုင်း အဲဒီကို သွားခဲ့ပါတယ်။ နောက်ဆုံး ကျွန်တော့်ကို အလုပ်မှာ အစားထိုး အရံအဖြစ်နဲ့ အသံလွှင့်ဖို့ အခွင့်ပေးပါတော့တယ်။ အားလုံးအဆင်ပြေရင် ပုံမှန်ရသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် အလုပ်စရတဲ့ နေ့ကတော့ ၁၉၅၀ ပြည့်နှစ် စက်တင်ဘာလ ၁၆ ရက်နေ့ဖြစ်ပါတယ်။ အားလုံး အဆင်ပြေပါတယ်။ နောက်တစ်ပတ်ကြာတော့ ကျွန်တော့်ကို အမြဲတမ်း ခန့်ပါတယ်။ အလုပ်ကတော့ သိပ်များလှတာ မဟုတ်ပါဘူး။ ကော်ဖီယူပေးရ တာတို့၊ အသံလွှင့်စာတွေကို ကိုင်တွယ်ပေးရတာတွေလောက်ပါပဲ။ ဒါပေမယ့် ကျွန်တော် သိပ်ကို ပျော်မိပါတယ်။ အဲဒီမှာ အသံလွှင့်ဌာနရဲ့ ယူနီဖောင်းဝတ်စုံကို ဝတ်ရပါတယ်။ အဲန်ဘီစီတံဆိပ်ပါတဲ့ ဝတ်စုံပေါ့။ အဲဒီတံဆိပ်မှာ မိုက်ကရိုဖုန်း အသံလွှင့် စကားပြောခွက်ထဲက မီးလျှံထွက်ပေါ် လာပုံကို သရုပ်ဖော်ပြထားပါတယ်။ အဲဒီမှာ ကျွန်တော်ဟာ အယ်လီဘောက် တေးလား၊ ဗဲန်ဆာ ထရေစီ၊ ရှိုင်း ရော်ဂျားစ်၊ ဒေးလ် အီဗန်းစ် စတဲ့ နာမည် ကျော်တွေနဲ့ မှန်မှန် တွေ့ကြုံနေရပါတယ်။



ဒီလိုနဲ့ ကျွန်တော်ဟာ အလွှန်အရေးပါပြီး စိတ်ဝင်စားစရာကောင်း လှတဲ့ လုပ်ငန်းကြီးမှာ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်လာပါတော့တယ်။ ကျွန်တော် ငယ်စဉ်ကတည်းက စွဲလမ်းခဲ့တဲ့အလုပ်ကို လုပ်နေရပါပြီ။ ရေဒီယိုက အသံလွှင့်နေသူတွေဟာ တစ်နှစ်ပတ်လုံး ပရိတ်သတ်ဆီကို အသံလွှင့် ထုတ်ဖော် ပြောဆိုနေရတော့ သူတို့လောက် ပရိသတ်နဲ့ နီးစပ် ခင်မင်သူဆိုတာ မရှိတော့ပါဘူး။

အခုဆက်လက်ပြီးတော့ ရေဒီယိုအသံလွှင့်လုပ်ငန်းလောကထဲက ထူးခြား ပြောင်မြောက်တဲ့ ပုဂ္ဂိုလ်တွေအကြောင်းကို တင်ပြပါမယ်။ သူတို့ဟာ တစ်ချိန်က ကျွန်တော်တို့ရဲ့ဘဝမှာ အလွှန်အရေးပါခဲ့တဲ့ ရေဒီယိုနဲ့ ဆက်စပ် ပတ်သက်နေသူတွေ ဖြစ်ပါတယ်။

အခု သူတို့လာပါပြီ။



## အပျော်တော်ဆက် လူငယ်တစ်ဦး

**အက်ဒ် ဝေါ့ကား**

**အသီးစိတား၊ မယ်ရီလင်း**

အက်ဒ် ဝေါ့ကားဟာ ကျွန်တော်နဲ့ ညီအစ်ကိုလို နေတဲ့သူပါ။ သူ ဟာ ကျွန်တော်နဲ့ဆိုရင် နှစ်ပေါင်း ၃၅ နှစ်ကြာ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေနဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်ပါတယ်။ သူဟာ ဝါရှင်တန်ဒီစီက ရေဒီယိုမှာအရေးပါ သူလည်းဖြစ်နေဆဲပါ။ အက်ဒီဟာ အသံလွှင့်ရာမှာ အလွှန်သွက်လက်တဲ့သူ ဖြစ်ပါတယ်။ သူဟာ ကျွန်တော်တွေ့ကြုံသိကျွမ်းသမျှထဲမှာ အထက်မြက်ဆုံး ဖြစ်တယ်လို့ ထင်ပါတယ်။ သူဟာ အသံဩဇာကောင်းပြီး နားဆင်သူအဖို့ မိတ်ရင်းဆွေရင်းပမာ၊ မိသားစုထဲက တစ်ယောက်ယောက်ပမာ ရင်းနှီးစိတ်ပါ ဝင်စားလာအောင် စွမ်းဆောင်နိုင်သူဖြစ်ပါတယ်။ ဒါပေမယ့်သူနဲ့ပတ်သက်တဲ့ အချက်တစ်ချက်ကတော့ ထူးဆန်းတယ်ဆိုရမလားမသိပါဘူး။ အဲဒါကတော့ သူဟာ မျက်မမြင်တစ်ယောက် ဖြစ်နေခြင်းပါပဲ။

၁၉၅၁ ခုနှစ်မှာ ကျွန်တော် အမေရိကန်တက္ကသိုလ်တက်တုန်းက သူနဲ့ တွေ့ပါတယ်။ အက်ဒီက ကျွန်တော့်ထက် တစ်နှစ်စောပါတယ်။ အဲဒီ အခါက သူဟာ တက္ကသိုလ်ရေဒီယိုအသံလွှင့်ဌာနကလေးကို စတင်ထူထောင် ပြီးဖြစ်တယ်။ ဒပ်ဗလျူအေအမ်ယူလို့ခေါ်တဲ့ အဲဒီတက္ကသိုလ်အသံလွှင့် ဌာနဟာ အခုအထိ ရှိနေပါတယ်။ နိုင်ငံမှာ အအောင်မြင်ဆုံး ကောလိပ် အသံလွှင့်ဌာနများထဲမှာ တစ်ခုဖြစ်ပါတယ်။ အက်ဒီနဲ့ကျွန်တော့်ကို မိတ်ဆက် ပေးသူကတော့ နှစ်ဦးစလုံးရဲ့မိတ်ဆွေဖြစ်တဲ့ ရော်ဂျာ ဓါ်ခင်ပါပဲ။ ကျွန်တော် ငယ်စဉ်က လက်တွဲပြီး အသံလွှင့် အပျော်တမ်း အလုပ်လုပ်ခဲ့ဖူးတဲ့ ငယ်သူငယ်ချင်း ရော်ဂျာပဲပေါ့။

သူနဲ့ကျွန်တော်ဟာ တွေ့တွေ့ချင်းပဲ ခင်မင်ကြပါတယ်။ နှစ်ပေါင်း များစွာ ရင်းနှီးခဲ့တဲ့ ငယ်သူငယ်ချင်းတွေလိုပါပဲ။ ကျွန်တော်တို့ဟာ အကြိုက် ချင်း တူကြပါတယ်။ အသောအရှုင်မှာလည်း တူကြတယ်။ လူတွေကိုခင်မင်

F

ကြတာချင်းလည်း တူကြတာပဲ။ အသံလွှင့်တာကို ခွဲလမ်းကြတာချင်းလည်း တူကြတာပါပဲ။ ကျွန်တော်တို့ အတူတူ အလုပ်လုပ်ကြပါတယ်။ နောက်ထပ် ၂၅ နှစ် ကြာတဲ့အထိပါပဲ။ ဒါတင်မကသေးပါဘူး။ ကျွန်တော်တို့ဟာ တစ်သက်လုံး ခွဲကြမှာ မဟုတ်ပါဘူး။

ကျွန်တော်တို့နှစ်ယောက်ကို "လူရွှင်တော်ကလေးများ" အနေနဲ့ အများက သိကြပါတယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ ဒပ်ဗယ်ယူအာစီ ရေဒီယိုမှာ လူရွှင်တော်ကလေးများကဏ္ဍနဲ့ နှစ်ပေါင်းများစွာ ဟာသဇယရွှင်ဆေး တိုက်ကျွေးခဲ့တာကြောင့်ပါပဲ။

လူရွှင်တော်ကလေးများအနေနဲ့ ကျွန်တော်တို့နှစ်ယောက်ဟာ မထိတထိနဲ့ ဟာသလုပ်တာတွေ၊ ထေ့ငေါ့စောင်းချိတ်တာတွေနဲ့ ပရိသတ်ကြိုက်အောင် လုပ်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ဟာ လက်စွဲသီချင်းတစ်ပုဒ်ကိုလည်း ဆိုနေကျဖြစ်ပါတယ်။ "ကျွန်တော်တို့ လူရွှင်တော်ကလေးတွေပါ" ဆိုတဲ့ သီချင်းပါပဲ။ ဆပ်ကပ်က သီချင်းအလိုက် ဆိုထားတဲ့ သီချင်းပါ။ အဲဒီ သီချင်းဟာ လူကြိုက်များပြီး လူတိုင်း နှုတ်ဖျားမှာ ရောက်နေပါတော့တယ်။ ဒါတင်မကသေးပါဘူး။ ကျွန်တော်တို့ရဲ့ ရေဒီယိုအဖွဲ့သားတွေဟာ နေ့လယ်စာစားချိန် စတူဒီယိုအခန်းထဲမှာ ထိုင်နေကြပြီးတော့ ကျွန်တော်တို့နှစ်ယောက်ရဲ့ ဟာသ သရုပ်ဆောင်မှုတွေကို ကြည့်ရှုနားထောင်လေ့ရှိကြပါတယ်။

"အဲဒီလို သူတို့က နေ့လယ်စာစားချိန်မှာ ထွက်မစားဘဲ ကျွန်တော်တို့ရဲ့ဟာသကို ထိုင်ကြည့် နားထောင်တာဟာ ကျွန်တော်တို့ရဲ့ အလုပ်မှာ အဓိပ္ပါယ်တစ်ခုခု ရှိနေတယ်ဆိုတာ ပြနေတာပါပဲ" လို့ အက်ဒီက ပြန်ပြောင်းပြောပြပါတယ်။

ကျွန်တော်သိသမျှ ရေဒီယိုကို စွဲလမ်းသူတွေလိုပါပဲ။ အက်ဒီ ဝေါကားဟာလည်း ငယ်ငယ်ကတည်းကပဲ ကျွန်တော့်လို ရေဒီယိုကို စွဲလမ်းနှစ်သက်ပါတယ်။

"ကျွန်တော်တို့ ဆွေမျိုးမိသားစုထဲမှာ ပြောစမှတ်စကားတစ်ခု ရှိပါတယ်။ အဲဒါကတော့ ကျွန်တော် စကားပြောတတ်တော့ ပထမဆုံး ပြောတဲ့ စကားဟာ 'ရေဒီယို ဖွင့်ပါ'ဆိုတာပါပဲတဲ့ဗျာ" လို့ အက်ဒီက ဟာသနှောပြီး



ပြောပြပါတယ်။ "ကျွန်တော့်အမေက အဲဒါအမှန်ပဲလို့ ကျိန်ပြောတာပဲဗျာ" လို့လည်း ဆက်ပြောလိုက်ပါသေးတယ်။

အက်ဒီဟာ ကျွန်တော့်လိုပါပဲ။ ငယ်စဉ်က ကစားစရာရေဒီယိုခန်းကလေးလုပ်ပြီး ရေဒီယိုလွှင့်တမ်း ကစားခဲ့ပါတယ်။

"ကျွန်တော် ဆယ်နှစ်–ဆယ့်သုံးနှစ်အရွယ်ရောက်တော့ ပေအတော်များများ အဝေးကို လွှင့်ထုတ်နိုင်တဲ့ အသံလွှင့်စက်ကလေး ရှိနေပါပြီ။ ကျွန်မယ့်အတွက် ကတော့ ရေဒီယိုဟာ ပျော်ရွှင်စရာတွေ၊ ကာတွန်းတွေ၊ တအုပ်တွေ နေရာမှာ အစားဝင်လိုက်တာပါပဲ။ ဘာ့ကြောင့်ဆိုတော့ တခြားကလေးတွေ စာဖတ်နိုင်သလို ကျွန်တော် မဖတ်နိုင်လို့ပါပဲ။ ကျွန်တော့်အတွက် အဖော်ကတော့ ရေဒီယိုပါပဲ" လို့ အက်ဒီက ပြောပြရှာပါတယ်။

ရုပ်မြင်သံကြားမှာပါတဲ့ "ယနေ့" အစန်းကဏ္ဍအတွက် ကျွန်တော် ဝါရှင်တန်က ခရီးထွက်ပြီး မကြာခင်မှာပဲ အက်ဒီဟာ "အေအမ်ဝါရှင်တန်" လို့ခေါ်တဲ့ မနက်ပိုင်း ရုပ်မြင်သံကြားအစီအစဉ်မှာ ပါဝင်ခဲ့ရပါတယ်။ အဲဒီအလုပ်ကို သူရတယ်လို့ကြားရတော့ ကျွန်တော်အထူးပဲ ဝမ်းမြောက်ဝမ်းသာ ပီတိဖြာရပါတယ်။ အက်ဒီ အဲဒီအလုပ်ရလို့တစ်ခုတည်းကြောင့်တော့ မဟုတ်ပါဘူး။ အက်ဒီအတွက်လည်း ဝမ်းသာပါတယ်။ ဒါ့အပြင် အက်ဒီလို မျက်မမြင်တစ်ယောက်ကို ရုပ်မြင်သံကြားကင်မရာရှေ့မှာ ပို့ထားရဲတဲ့သတ္တိရှိတဲ့ ပရိုဂရမ်ဒါရိုက်တာ (အစီအစဉ်ညွှန်ကြားရေးမှူး) တစ်ယောက်ယောက် အဲဒီလုပ်ငန်းမှာရှိမယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ ရဲရင့်ပြတ်သားပြီးအမြင်ကျယ်မှုကို ကျွန်တော် လေးစားဝမ်းသာ ပီတိဖြာမိပါတယ်။

ရေဒီယိုမှာတော့ ရုပ်ကို မမြင်ရဘဲ အသံကိုသာ ကြားရတဲ့အတွက် မျက်မမြင်ဒုက္ခိတအဖြစ်ကို ပရိသတ် မြင်သိနိုင်မှာ မဟုတ်ပါဘူး။ ရုပ်မြင်သံကြားမှာတော့ သိမြင်နိုင်ကြမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရုပ်မြင်သံကြား ပရိသတ်က မျက်မမြင်တစ်ယောက်ကို နံနက်ခင်းသတင်းကြေညာသူအဖြစ် လက်ခံနိုင်ကြပါ့မလားဆိုတဲ့ မေးခွန်းလည်း ရှိပါသေးတယ်။ ဒါပေမယ့် အက်ဒီဟာ ငါးနှစ်ကြာအောင် အဲဒီအလုပ်ကို လုပ်နိုင်ခဲ့ပါတယ်။

အက်ဒီဟာ အဲဒီလို ရုပ်မြင်သံကြားဌာနဘက်ကို ကူးပြောင်းသွား



ပြီးနောက် ရုပ်မြင်သံကြားမှာ အောင်မြင်ပေမယ်လို့ ရေဒီယိုကတော့ သူ့နှလုံးသားထဲမှာ စွဲမြဲနေဆဲပါ။ သူဟာ ဝါရှင်တန်မှာ ရေဒီယိုအစီအစဉ်တွေကို ဆက်လက်ထမ်းဆောင်ဆဲ ဖြစ်ပါတယ်။ နောက်ပြီး မစွမ်းမသန်ပုဂ္ဂိုလ်တွေရဲ့ အောင်မြင်တိုးတက်မှုတွေကို အသားပေးဖော်ပြတဲ့ အမျိုးသားရေဒီယို အစီအစဉ်မှာလည်း နှစ်ဆတိုးပြီး ဆောင်ရွက်နေပါတယ်။

ရေဒီယိုနဲ့ပတ်သက်လို့ အက်ဒီပြောပြတာကတော့ –

"ရေဒီယိုမှာက ပိုပြီးတော့ ကိုယ်ထူကိုယ်ထ ကိုယ့်ဘာသာကိုယ် အလုပ်ဖြစ်ပါတယ်။ တယ်လီဗေးရှင်းမှာကတော့ လူတွေအများကြီး ပါလာပါပြီ။ ဒါကြောင့် တစ်မျိုးပြောရရင် အလုပ်လွယ်လာတာပေါ့။ ကိုယ့်အလုပ်ကို ဝိုင်းဝန်းလုပ်ကိုင်ပေးမယ့်သူတွေ အများကြီးရှိလို့ပဲပေါ့။ ဒါပေမယ့် ရေဒီယိုမှာတော့ ဒီလို မဟုတ်ပါဘူး။ အားလုံးကို ကိုယ်တိုင်ဆောင်ရွက်ရပါတယ်။ ကျွန်တော်ဟာ ရေဒီယိုနဲ့ ကြီးပြင်းလာတာပါ။ ရေဒီယိုဟာ သူတို့ပြောကြသလိုပေါ့ဗျာ။ 'မနောရဲ့ စာတ်ရုံကြီး' ပါပဲ။ အဲဒါကတော့ စိတ်ကူးဉာဏ်နဲ့ သက်ဆိုင်တယ်လို့ ဆိုလိုတဲ့သဘောပါပဲ"

အဲဒီလို အက်ဒီကပြောပြရာမှာ စိတ်ကူးဉာဏ်ဆိုတာနဲ့ ပတ်သက်လို့ ထည့်သွင်း ပြောကြားသွားပါတယ်။ ဒါပေမယ့် သူဟာ သူ့စိတ်ကူးဉာဏ်ကို ဒီအတိုင်း စိတ်ကူးသက်သက်နဲ့ မထားပါဘူး။ အားလုံးကို ဖြစ်မြောက်အောင်၊ အကောင်အထည် ပေါ်အောင်၊ ထမြောက်အောင် လုပ်ပစ်လိုက်တာပါပဲ။ သူဟာ ရေဒီယိုကနေ ကြေညာသူ၊ စကားပြောသူ၊ ပျော်တော်ဆက်သူ စသဖြင့် ပါဝင်ပြီးတာဝန်ထမ်းဆောင်ခဲ့တာပဲ ဖြစ်ပါတယ်။ အဲဒီအလုပ်ကို သူဆက်ပြီး လုပ်ဆောင်မှာပါ။ များမကြာသေးမီက အက်ဒီက ကျွန်တော့်ကို ဒီလိုပြောပြပါတယ်။ "ကျွန်တော် တစ်ခါက သိခဲ့တဲ့ ရုပ်မြင်သံကြားဒါရိုက်တာတစ်ဦးက ကျွန်တော်ဟာ အကောင်းဆုံးနေရာကို ရောက်နေပါတယ်လို့ ပြောပါတယ်။ သူပြောတာ မှန်ပါတယ်။ ကျွန်တော် မွေ့လျော်တဲ့ အလုပ်နဲ့ ကျွန်တော် အကျိုး ဖြစ်ထွန်းနေတာ အမှန်ပါပဲ။ အခွင့်အလမ်း ရရင် ကျွန်တော် လုပ်နိုင်မယ့် အလုပ်မျိုးပေါ့လေ၊ အခု ကျွန်တော် အလုပ်ဖြစ်နေပြီဗျ"

အက်ဒီက အဲဒီလိုပြောပေမယ့် ကျွန်တော့်သဘောကတော့ အက်ဒီ



ဟာ အလုပ်ဖြစ်ရုံတင်မကပါဘူးလို့ ဆိုချင်ပါတယ်။ အသံလွှင့်လုပ်ငန်းမှာ ထင်ပေါ်ကျော်ကြား အောင်မြင်မှုများရတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လာဖို့ရာမှာ အက်အခဲ အဟန့်အတားကြီးတွေလို့ အများက ယူဆရတာတွေကို သူကျော်လွှား အောင်မြင်နိုင်တာလည်း ရှိနေပါသေးတယ်လို့ ကျွန်တော် ဆိုချင်တာပါ။

သူနဲ့အတူတူ အလုပ်လုပ်ရတာ ကျွန်တော် ဂုဏ်ယူပါတယ်။ သူငယ်ချင်းလို့ ခေါ်ရမှာကိုပဲ ပိုပြီးတော့ ဂုဏ်ယူလျက်ပါ။

## ရေဒီယို ခေတ်စားချိန်
**အက်ဒ် ဟာလီဟီ**
**နယူးယောက်၊ နယူးယောက်**

အက်ဒ် ဟာလီဟီဟာ ၁၉ နှစ်ကြာအောင် ဟွန်းနဲ့ ဟာဒတ် ကလေးတို့နားဆင်စရာ အစန်းကဏ္ဍကို ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့ကနေ လွှင့်ထုတ်ခဲ့သူဖြစ်ပါတယ်။

ဒါအပြင် သူဟာ အဲန်ဘီစီ အသံလွှင့်အစီအစဉ်တွေမှာ ပါဝင်လွှင့်ထုတ်ခဲ့တာ နှစ်ပေါင်း ၅၀ ကျော်နေပါပြီ။

အက်ဒ် ဟာလီဟီဟာ "ယနေ့ည ဇာတ်လမ်း" မှာ တွဲဖက် အသံလွှင့်သူအဖြစ်လည်း လုပ်ခဲ့ပါသေးတယ်။

"သူတို့က အဲဒီ အသံလွှင့်အစီအစဉ်ကို အမြဲတမ်း ဆက်လုပ်ဖို့ ပြောပါတယ်။ အဲဒီအချိန်က ကျွန်တော်ဟာ ကရက်ဖ် တယ်လီဖေးရှင်း သီယေတာကို တင်ဆက်နေတုန်း အချိန်ပေါ့"လို့ အက်ဒ်က ပြန်ပြောပြပါတယ်။

"အဲဒီလို သူတို့က အလုပ်လာပေးတော့ ကျွန်တော် လုပ်နေဆဲ အစီအစဉ်ဖြစ်တဲ့ ကရက်ဖ် တယ်လီဖေးရှင်းသီယေတာအလုပ်ကို လက်လွှတ်လိုက်ရလိမ့်မယ်လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော် စဉ်းစားပါတယ်။ ဒါဟာ ဇာတ်လမ်းအသစ်ပဲ၊ ပွဲအသစ်ပဲ။ နောက်ပြီးတော့ ကရက်ဖ် တယ်လီဖေးရှင်းသီယေတာက ပြနေတာ ကြာလှပြီ။ ဒီအခွင့်အရေးကို လက်လွှတ်လို့ မဖြစ်ဘူး" လို့ သူက ပြောပြပါတယ်။

ကျွန်တော့်အမြင်မှာတော့ အက်ဒ် ဟာလီဟီဟာ အသံလွှင့်လုပ်ငန်းမှာ ထူးခြား မှတ်သားစရာကောင်းတဲ့ အသံလွှင့်အလုပ်နဲ့ အသက်မွေးတဲ့သူဖြစ်ပါတယ်။ သူသိမြင်တာ သူလုပ်ခဲ့တာရဲ့ တစ်ဝက်ကိုတောင် ကျွန်တော် မလုပ်နိုင်ခဲ့ပါဘူး။ စဉ်းစားကြည့်ပါ။ သူဟာ သူ့ရဲ့ ပထမဆုံး အဲန်ဘီစီမှာ အသံလွှင့်ခဲ့တာဟာ ၁၉၃၆ ခုနှစ်ကပဲဖြစ်ပါတယ်။ သူဟာ ရေဒီယိုအသံလွှင့်လုပ်ငန်း ထွန်းကားတဲ့ ခေတ်ဦးပိုင်းအချိန်တွေမှာ အောင်မြင်တွင်ကျယ်ခဲ့တာ ဖြစ်ပါတယ်။ ဘယ်လောက်များ ကောင်းလိုက်တဲ့ အချိန်အခါ ဖြစ်ပါသလဲ။



အက်ဒ် ဟာလီဟီဟာ ရေဒီယိုမှာ အသံလွှင့်ရုံသာမက ဇာတ်ရုံမှာပါ အစီအစဉ်ကြေညာသူအဖြစ်လည်း ဆောင်ရွက်ဖူးပါတယ်။ သူဟာ လည်စည်းအနက်တပ်ထားပြီး ဆစ်ဂမန် ရွမ်ဘတ်နဲ့ အဲန်ဘီစီ သံစုံတီးဝိုင်းတွေအတွက် ဧည့်သည် ၁,၅၀၀ ရှေ့မှာ အသံလွှင့်ကြေညာပါတယ်။ သူ့ရဲ့ နားထောင်ကောင်းတဲ့ အသံသြသြကြီးဟာ သူ့အသံလွှင့်ထုတ် ကြေညာချက်တွေမှာ ထွက်ပေါ်လာလေ့ရှိပါတယ်။

"ကျွန်တော်က လက်ဟောင်းတွေထဲမှာ နောက်ဆုံးပါပဲ" လို့ အက်ဒ်က ပြောပြဖူးပါတယ်။ "ဟိုတစ်ချိန်တုန်းက အသံလွှင့်တာမှာ လက်ကန်းပြောရတာပါ။ အဲဒီ လက်တန်းအသံလွှင့်ရတဲ့ခေတ်ကနေပြီး အခုအချိန်အထိ ကျန်ခဲ့တဲ့သူတွေ အနည်းငယ်ထဲမှာ ကျွန်တော်တစ်ယောက် အပါအဝင်ဖြစ်မှာပါ" လို့ အက်ဒ်က ပြန်ပြောင်းပြောပြပါတယ်။ အဲဒီလို အသံလွှင့်ရတာမျိုး အဖြစ်အပျက်တစ်ခုကို အက်ဒ် အမှတ်ရလို့နေပါတယ်။

အဲဒီအဖြစ်အပျက်ကတော့ အက်ဒ် ဟာလီဟီ ဝါနုစဉ်ကပေါ့။ အဲဒီအချိန်က သူဟာ အသံလွှင့်အဖွဲ့တစ်ခုမှာ လက်ထောက် အဆင့်လောက်နဲ့ တာဝန် ထမ်းဆောင်နေတုန်းက သူတို့အဖွဲ့ကို လောင်းအိုင်လန်မှာ ရှိတဲ့ ရူးစဲ့ ဖီးလ်ဒ် လေဆိပ်ဆီကို လွှတ်လိုက်ပါတယ်။ သတင်းယူပြီး အသံလွှင့်ဖို့ပါပဲ။ အဲဒီကို ကမ္ဘာတစ်ပတ်ခရီးက ပြန်လာတဲ့ ဟောင်းဝပ် ဟယူးစ်ဆိုသူ ရောက်လာမှာ ဖြစ်ပါတယ်။ သူနဲ့ တွေ့ဆုံ မေးမြန်း အသံလွှင့်ဖို့ ကိစ္စပါပဲ။

"ကျွန်တော်က လူသစ်ကလေးပါ။ ဒါကြောင့် ကျွန်တော့်ကို သူတို့က လေဆိပ်အစွန်ဆီမှာ နေရာချထားပေးပါတယ်။ ကျွန်တော်တို့ရဲ့ သတင်းထောက် တစ်ယောက်ယောက်က ဟယူးစ်ဆီကို ပထမ မရောက်နိုင်ခဲ့ရင် ကျွန်တော်ရှိတဲ့နေရာအထိ သူရောက်လာနိုင်မယ် မဟုတ်ပါဘူး။ အဲဒါ သေချာတာပေါ့။ သူတို့ဟာ သူ့ဆီကို ချဉ်းကပ်မသွားနိုင်ကြပါဘူး။ သူနဲ့ မတွေ့နိုင်ကြပါဘူး။ ဟယူးစ်က ကျွန်တော်ရှိတဲ့ဘက်ကို လာနေပါတယ်။ ဒါနဲ့ ကျွန်တော်လည်း သူ့ဆီကို ပြေးထွက်သွားပါတယ်။ ပါးစပ်ကလည်း ဒီမှာ တကောင်းပါ၊ ကျွန်တော် မစ္စတာ ဟယူးစ်ကို သွားခေါ်လိုက်မယ်–အဲဒီလို



မျိုးပေါ့၊ ပြောလိုက်မိပါတယ်။ ကျွန်တော်က မိုက်ခွက် (စကားပြောခွက်) ကို ထားခဲ့ပြီး လူအုပ်ထဲကို ဝင်သွားပါတယ်။ ကျွန်တော်က မစ္စတာ ဟယူးစ်ကို အင်တာဗျူးလုပ်ပေးဖို့ တောင်းပန်တိုးလျှိုးနေတုန်း ဘာမှ အသံမလွှင့်နိုင်ပါဘူး" အဲဒီလို အက်ဒ် ဟာလီဟီက ဟိုခေတ်က အသံလွှင့်အတွေ့အကြုံကို တင်ပြလိုက်ပါတယ်။

အခုအခါမှာတော့ အဲဒီလိုအဖြစ်မျိုး ထပ်ပြီးတော့ မဖြစ်တော့ပါဘူး။ အသံလွှင့်လုပ်ငန်းမှာ စောစောက တင်ပြခဲ့တဲ့ အတွေ့အကြုံ အဖြစ်အပျက်မျိုးလို အလျဉ်းသင့်သလို ကြည့်စီစဉ်၊ လက်တန်းလုပ်ဆိုတဲ့ နေ့ရက်တွေ ကုန်ခဲ့ပါပြီ။ အဲဒီနေ့ရက်တွေကို ကျွန်တော် လွဲခဲ့ရပါတယ်။ မကြုံတွေ့ခဲ့ရပါဘူး။ အခုဆိုရင် အက်ဒ် ဟာလီဟီလည်း အဲဒီလို နေ့ရက်အချိန်အခါ အခြေအနေအတွေ့အကြုံတွေကို ကြုံတွေ့ရတော့မှာမဟုတ်ပါဘူး။ ကျွန်တော်တို့ အမှားလုပ်မိရင် ကျွန်တော်တို့ဟာ လူနဲ့ ပိုတူတယ်လို့ ဆိုချင်ပါတယ်။

ဒီနေ့တွေမှာတော့ အားလုံးဟာ အသင့်စီစဉ်ပြီး ပုံစံချပြီးသား ဖြစ်နေပါတယ်။ အသံလွှင့်လုပ်ငန်းမှာ အစီအစဉ်တွေဟာ အတိအကျ တင်းတင်းကျပ်ကျပ်၊ ကျကျနနပါပဲ။ မှားဖို့အကြောင်း မရှိပါဘူး။ အဲဒါ ခက်တာပါပဲ။ လူဆိုတာ မှားမှာပဲ။ ဒီလိုပဲ ရေဒီယိုမှာတော့ မှားတာ ဖြစ်တတ်တာပါပဲ။

အက်ဒ် ဟာလီဟီဟာ ဂယ်ရီ အိုးဝင်းစ်၊ အက် ဝေါကားနဲ့ ကျွန်တော့်လို တခြား လက်ဟောင်း ရေဒီယိုသမားတွေနဲ့ မတူတဲ့အချက်ကတော့ သူဟာ အသံလွှင့်လုပ်ငန်းကို ဘယ်တုန်းကမှ စွဲလမ်းစိတ်ဝင်စားမှု မရှိဘူး ဆိုတာပါပဲ။

"ကျွန်တော်က ကျွန်တော့်ကိုယ်ကျွန်တော် ဇာတ်လိုက်လို့ပဲ ထင်နေပါတယ်။ အခုလည်း ရုပ်ရှင်ဇာတ်လိုက် လုပ်ချင်နေတုန်းပဲ။ ဒါပေမယ့် မလုပ်ဖြစ်ပါဘူး။ ကျွန်တော့် မွေးစားအမေက လူတိုင်းပြောနေကြတဲ့ ရေဒီယိုမှာ အလုပ်လုပ်ဖို့ ပြောလေ့ရှိပါတယ်။ ကျွန်တော့်အသံ ကောင်းလို့ပါပဲ"လို့ အက်ဒ် ဟာလီဟီက ပြောပြပါတယ်။

အဲဒါကြောင့် အက်ဒ် ဟာလီဟီဟာ ဘော်စတင်မြို့ရှိ ဝပ်တာစ်ရှ



နားရှိတဲ့ အသံလွှင့်ရုံဆီကို သွားပြီး အလုပ်လုပ်ပါတော့တယ်။ တစ်ပတ်မှာ ဒေါ်လာ ၁၀ လုပ်အားခ ရပါတယ်။ အဲဒီကနေပြီးတော့ သူဟာ အနီးမှာရှိတဲ့ ဖူးစတားမြို့၊ မက်ဆာချူးဆက်ပြည်နယ်က အသံလွှင့်ဌာနဆီကို ပြောင်းရွှေ့သွားပါတယ်။ အဲဒီမှာကျတော့ လုပ်ခ ပိုရလာပါတယ်။ ရက်သတ္တပတ်မှာ ၂၅ ဒေါ်လာ ရပါတယ်။

"ကျွန်တော် မှတ်မိနေပါသေးတယ်။ စားစရိတ်၊ နေစရိတ်အတွက် ၉ ဒေါ်လာ သုံးတယ်။ အိမ်ကို ဒေါ်လာ ၁၀ ပို့တယ်။ ကျန်တာနဲ့ သုံးစွဲလို့ နေရတာပါပဲ" လို့ အက်ဒ် ဟာလီဟီက ပြောပြပါတယ်။ "အဲဒီအချိန်တွေတုန်းက ကာဗွန်မိုက်ကရိုဖုန်း အသံချဲ့ကိရိယာတွေကို သုံးနေရတုန်းပါပဲ" လို့လည်း ဆိုပါတယ်။ အဲဒီနောက် သူဟာ ဘော်စတင်မြို့ကို ပြန်တယ်။ အခြေအနေကောင်းလာတယ်။ အဲဒီနောက်တော့ သူတိုးတက်လာတယ်။ နယူးယောက်မှာပေါ့။ လခတော့ အဲန်ဘီစီ အသံလွှင့်အမှုထမ်း ဖြစ်နေပါပြီ။ ကလည်း ကောင်းနေပြီ။ တစ်လကို ဒေါ်လာ ၁၉၈.၅၀ ရနေပါပြီ။

"ဟိုတုန်းက အချိန်တွေမှာတော့ ရေဒီယိုအသံလွှင့်လုပ်ငန်းမှာ သာယာအေးချမ်းတဲ့ နေ့တွေပေါ့။ ကျွန်တော်တို့ဟာ ဘာတွေရှိနေတယ်။ ဘာတွေလုပ်နေတယ်။ ဘယ်ကို သွားနေတယ်ဆိုတာ မသိကြပါဘူး။ စမ်းပြီးတော့ လုပ်နေကြရပါတယ်။ အဲဒီအချိန်တွေ ကုန်သွားပြီပေါ့။ ဒီနေ့မှာတော့ အားလုံးဟာ အစီအစဉ်ချပြီးတော့ လုပ်နေကြပါတယ်။ အဲဒီတော့ အသင့်ရှိနေတဲ့ အစီအစဉ်အတိုင်း အသံလွှင့်လိုက်ရုံပါပဲ။ ကိုယ့်ဘာသာ ကြံဆ စီစဉ်စရာ မလိုတော့ပါဘူး" လို့ အက်ဒ် ဟာလီဟီက ရှင်းပြပါတယ်။

အက်ဒ် ဟာလီဟီဟာ ရေဒီယိုအစီအစဉ် အတော်များများကို အသံလွှင့်ခဲ့ရပါတယ်။ မာတင်နဲ့ လူးဝစ္စဇာတ်လမ်း၊ ဟဲန်နီ ယန်းမင်းဇာတ်လမ်း၊ အမှန်တရား သို့မဟုတ် အကျိုးဆက်များ၊ ဒစ် ထရေစီ၊ သည် ဖေါလ်ကင်း၊ ချက်တောဒ်ဖီးလ် ဆူပါကလပ်၊ ဟွန်းနဲ့ ဟာဒတ် ကလေးများကဏ္ဍ၊ ကရက်ဖ် ဂီတခန်းမ၊ ပွဲကြီးပွဲကောင်း စတဲ့ဇာတ်လမ်းတွေ အစီအစဉ်တွေကို အက်ဒ် ဟာလီဟီ အသံလွှင့်ခဲ့ရပါတယ်။

အက်ဒ် ဟာလီဟီဟာ သည်ဘာစ်ရှိုး အစီအစဉ်ကို အဲန်ဘီစီမှာ

၁၉၄၉-၅၀ ခုနှစ်များမှာ အသံလွှင့်ခဲ့ပါတယ်။ "အဲဒါဟာ ရေဒီယိုရဲ့ နောက်ဆုံးအောင်ပွဲပဲလို့ ဆိုနိုင်ပါတယ်" လို့ အက်ဒ် ဟာလီဟီက ပြောပြလိုက်ပါတယ်။ "အဲဒီတုန်းက ကျွန်တော်တို့ မသိကြပါဘူး။ ဒါပေမယ့် အဲဒီအချိန်ဟာ ရေဒီယို အသံလွှင့်မှုမှာ နောက်ဆုံး တွင်ကျယ်ခြင်း ဖြစ်ပါတယ်"

အဲဒီလို ရေဒီယိုခေတ် တိမ်သွားပေမယ်လို့ အက်ဒ် ဟာလီဟီအတွက်တော့ အလုပ်က မပြီးဆုံးသွားပါဘူး။ သူဟာ အောင်မြင်တဲ့ သတင်းစာဆရာ အဖြစ်နဲ့ ဆက်လက်လုပ်ကိုင်နိုင်ခဲ့ပါတယ်။ ယူနီဗာဆယ် နိုင်ငံတကာသတင်းကဏ္ဍအတွက် သတင်းတွေ ရေးပေးနိုင်ခဲ့ပါတယ်။ ၂၅ နှစ်ကြာအောင်ပါပဲ၊ နောက်ပြီးတော့ သရုပ်ဆောင်အဖြစ်နဲ့လည်း ဘရော့ဒ်ဝေးပြဇာတ်တွေမှာ၊ ရုပ်ရှင်တွေမှာ အလုပ်လုပ်နိုင်ခဲ့ပါတယ်။

အသံလွှင့်လုပ်ငန်း၊ ရုပ်မြင်သံကြားလုပ်ငန်းနဲ့ပတ်သက်လို့ အက်ဒ် ဟာလီဟီက သည်လို မှတ်ချက်ချခဲ့ပါတယ်။

"ကျွန်တော်ဟာ ဒီလုပ်ငန်းကြီးတစ်ခုလုံးကို အစွင့်အလမ်းသာသာနဲ့ ကြည့်မြင်ခဲ့ရပါတယ်၊ ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ဟာ ရေဒီယိုမှာရော တယ်လီဗေးရှင်း ရုပ်မြင်သံကြားမှာပါ ရှေ့ဦးစွာ ခြေစမ်း ရေမျှိုးသူတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ လုပ်တတ်သလို အဆင့်ဆင့် လုပ်ခဲ့ရပါတယ်။ ကျွန်တော်တို့ဟာ ဟိုတုန်းက အခြေအနေကနေ ဒီနေ့အခြေအနေအထိ အဆင့်ဆင့် လာခဲ့ကြရတာပါပဲ။ ကျွန်တော်တို့ မှန်သလားဆိုတာကိုတော့ မသိပါဘူး။ ဒီနေ့အခြေအနေကိုတော့ ရောက်လာပါပြီ"



## ကျွန်မတို့ စကားမပြည်ပြောနိုင်ပါသလား

အဲန်း ကိဒ်
စိန့်လူးဝစ့်၊ မစ်ဆူးရီး

အဲန်း ကိဒ်ဆိုသူ အမျိုးသမီးဟာ အသံလွှင့်လုပ်ငန်းမှာ အကောင်းဆုံး အလုပ်တစ်ခုကို ရထားသူပဲလို့ ဆိုရမှာပါ။ စီဘီအက်စ်က ပိုင်တဲ့ "စိန့်လူးဝစ့်" အသံလွှင့်ဌာနမှာ သူမက ညနေပိုင်း ဟောပြောအသံလွှင့်တာတွေကို တာဝန်ယူရပါတယ်။ အဲဒီအသံလွှင့်ဌာနဟာ နိုင်ငံမှာ အကြီးဆုံး အသံလွှင့်ဌာနပဲဖြစ်ပါတယ်။ အဲန်း ကိဒ်ဟာ ဘယ်အကြောင်းအရာ စာတ်ကြောင်းကိုမဆို လက်တန်းပြောဆို အသံလွှင့်ထုတ်နိုင်သူလည်း ဖြစ်ပါတယ်။ အဲဒါနဲ့ သူမ ဟာ နိုင်ငံသူနိုင်ငံသားတွေရဲ့ အသည်းနှလုံးကို ဆွဲကိုင်ထားနိုင်ခဲ့ပါတယ်။ အဲဒီအသံလွှင့်ဌာနမှာ သူအလုပ်လုပ်ခဲ့တာ ဆယ်နှစ် ကြာခဲ့ပါပြီ။

"ဒီမြို့မှာ ကုမ္ပဏီကြီးတွေရှိပါတယ်။ ကိုဒတ်ခ်၊ ဘော့ရှ်၊ လောင်းနဲ့ စီရောက်တို့ပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်မတို့မြို့မှာ ရေဒီယိုနားဆင်သူတွေဟာ အင်ဂျင်နီယာတွေ၊ ပညာတတ်တွေ၊ အတတ်ပညာရှင်တွေပဲ ဖြစ်ပါတယ်။ အဲဒီလို ဖြစ်နေတာကြောင့် ကျွန်မတို့ဟာ ကျကျနန ကောင်းကောင်းမွန်မွန် အသံလွှင့်အစီအစဉ်တွေကို လွှင့်ထုတ်နိုင်ပါတယ်။ ကျွန်မတို့ရဲ့ ပရိသတ်အဖို့ ထိမိအောင် အသံလွှင့်ကြေညာ ပြသနိုင်ပါတယ်။ ဒါ့အပြင် ကျွန်မတို့ဟာ ရေဒီယိုအတွက် အတော်ဆုံး အကောင်းဆုံး ဧည့်သည်တော်တွေကိုလည်း ဆွဲဆောင်နိုင်ပါတယ်" လို့ အဲန်း ကိဒ်က ပြောပြပါတယ်။

တကယ်လို့ ရှေမြို့တော်မှာ တစ်စုံတစ်ခု အပုပ်နံ့ထွက်လာရင် အဲန်းက ဖုန်းကိုကောက်ကိုင်ပြီး ဝါရှင်တန်က အရေးပါသူတစ်ဦးကို သူမရဲ့ အစီအစဉ်မှာ လာရောက်ပြီးတော့ ပြဿနာ ရှင်းလင်းပြဖို့ သွေးဆောင်စည်းရုံးနိုင်ပါတယ်။ "ဝေါလ်စထရီ" ဆိုတဲ့ စီးပွားရေးဗဟိုဌာနလမ်းမကြီးမှာ စီးပွားရေးရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်လို့ အရှက်ရစရာ ဖြစ်ပေါ်လာရင်လည်း အဲန်းက အပြစ်ရှိသူကို သူမတွေ့အောင်ပဲ ဖော်ထုတ်ပြနိုင်ပါတယ်။





"လူတွေဟာ ကျွန်မတို့ဧည့်သည်တော်ကို တစ်နာရီကြာအောင် နားထောင်ချင်တဲ့ အလေ့အထ ရှိခဲ့ပါတယ်။ ဟောပြောဆွေးနွေးချက်ပေမယ့် အခုတော့ ပြောင်းလဲနေပါပြီ။ အခုအခါမှာ လူတွေဟာ အာရုံစိုက်မှု မကျယ်ပြန့်တော့ပါဘူး။ ဒါကြောင့် အချိန်တိုတို ပြောဟောဆွေးနွေးမယ့်သူကို ရှာရပါတော့တယ်။ လူတွေက မြန်မြန်ဆန်ဆန်နဲ့ တိုတိုနဲ့လိုရင်း သတင်းတွေကိုသာ လိုချင်ကြပါတော့တယ်။ သူတို့ဟာ မေးခွန်းတွေကို မမေးကြတော့ပါဘူး။ သူတို့ရဲ့ ထင်မြင်ချက်တွေကိုသာ ပြောချင်ကြတော့တယ်၊ သူတို့က ဒီအကြောင်းအရာတွေနဲ့ပတ်သက်လို့ ဒီလို ထင်ပါတယ်၊ သေချာ ပြောတတ်ကြပါတယ်။ အဲဒါကြောင့်မို့ ကျွန်မက ဧည့်သည်တော် ဆွေးနွေးခန်းကို တစ်နာရီ သတ်မှတ်ခဲ့လှပါတယ်။ လူတွေက စိတ်မရှည်ကြတော့လို့ပါပဲ။ အဲဒါအပြင် အထက်လွှတ်တော်အမတ် ပရောက်စ်မိုင်းယား၊ ဆယ်နတာ နိုးလ်တို့ကို တစ်နာရီကြာ ဟောပြောဆွေးနွေးဖို့ထက် ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်စာ ပြောကြားဖို့ ဖိတ်ကြားရတာက ပိုပြီးတော့လွယ်တယ်ဆိုတာလည်း ရှိပါသေးတယ်။ အဲဒါကို အကြောင်းပြုပြီးတော့ ကျွန်မတို့က နေ့စဉ် ဖောပ အကြောင်းအချက်တွေကို ဖော်ထုတ်ဖို့ ကျွမ်းကျင်တဲ့ သတင်းဝေဖန်ရေးသမားနဲ့ တိုင်ပင်ပြီးတော့ အသံလွှင့်အစီအစဉ်ကို လုပ်ကြရပါတယ်"

အဲန်း ကိဒ်မှာ ထူးခြားတဲ့အသံမျိုးရှိပါတယ်။ ခူးခူးရှရှ ဆေးဆေးပင်ပင် အာခေါင်သံမျိုးဖြစ်ပါတယ်။ အဲဒီအသံမျိုး ဖြစ်နေရတာကတော့ နှစ်ပေါင်းများစွာပဲ အငန်ဓါတ်များတဲ့ ဆားနယ်ထားတဲ့ အသားကို စားလေ့ရှိပြီး စီးကရက်နဲ့ အိုင်းရစ်ဝီစကီကို သောက်တာကြောင့်ပဲ ဖြစ်ရမှာပါ၊ အဲဒီလို အသံကောင်း ရှိရုံသာမက သူမမှာ မွှန်မွှန်ရည်ရည်နဲ့ မေးမြန်းတတ်တဲ့ အရည်အချင်းလည်း ရှိပါတယ်။ အဲဒီအရည်အချင်း နှစ်ခုကြောင့် သူမဟာ နယ်မြေရေဒီယိုမှာ ထူးခြား ထင်ရှားနေသူတစ်ဦး ဖြစ်နေပါတယ်။ သူမမှာ ရေဒီယိုအတွက် တွေ့ဆုံမေးမြန်းနိုင်စွမ်းတဲ့ အရည်အချင်းလည်း ရှိပါတယ်။ ရေဒီယိုအတွက် အလွန်တော်ပါတယ်၊ ဧည့်သည်တော်တွေနဲ့ တွေ့ဆုံ မေးမြန်းတဲ့နေရာမှာ အလွန်တော်ပါတယ်၊ တကယ်တော့ အဲန်း ကိဒ်ဟာ တွေ့ဆုံ မေးမြန်း ဆွေးနွေးသူ အနေထက် ဆရာမလို့ သူ့ကိုယ်သူ ပိုပြီး ထင်နေသူဖြစ်ပါတယ်။

"ကျွန်မက ဒီမှာ ရေဒီယိုနဲ့ တွေ့ဆုံဆွေးနွေး အသံလွှင့်တာဟာ လူအများအဖို့ သူတို့ဘဝကို ပတ်သက်တဲ့၊ ထိခိုက်ဆက်နွယ်တဲ့ အကြောင်းအရာတွေကို နားလည်အောင် ကူညီဖို့၊ ရေဒီယိုနားထောင်သူတွေ မေးခွင့်ရတဲ့ မေးခွန်းတွေကို ကိုယ်စားမေးပေးဖို့ပဲ ဖြစ်ပါတယ်။ ရေဒီယိုဆွေးနွေးခန်းအတွက် ဧည့်သည်တော် မရောက်လာခင် ကျွန်မက ကြိုတင်ပြင်ဆင်ထားရပါတယ်။ ကျောင်းဆရာမတစ်ယောက်က သင်ခန်းစာကို ကြိုတင်ပြင်ဆင်တာမျိုးပေါ့။ ဒါပေမယ့် စာသင်ခန်းက စိတ်ဝင်စားစရာကောင်းဖို့တော့ အရေးကြီးပါတယ်။ ဒီမြို့ကတော့ ကျွန်မရဲ့ စာသင်ခန်းပဲပေါ့" လို့ အဲန်း ကိဒ်က ရှင်းလင်းပြပါတယ်။

အဲန်း ကိဒ်ဟာ နယူးယောက်၊ ရိုချက်စတာမှာရှိတဲ့ ဝပ်တ်ငါးသောင်းစွမ်းအားရှိတဲ့ ရေဒီယိုအသံလွှင့်ဌာနမှာ စတင်ပြီး အသံလွှင့်အလုပ်ကို စလုပ်ပါတယ်။ အဲဒီမှာ သူမဟာ သူမရဲ့ ယောက်ျားနဲ့အတူ "ဓာတိသူ ဓာတိသားတွေ" ဆိုတဲ့ ရေဒီယိုအသံလွှင့်ကဏ္ဍကို စီစဉ်လွှင့်ထုတ်ခဲ့ပါတယ်။ အိမ်မှုလုပ်ငန်းနဲ့၊ အချက်အပြုတ်ဆိုင်ရာနဲ့၊ လူမှုရေး၊ မိသားစုရေးရာတွေကို ဆွေးနွေးပြောဆိုတဲ့အသံလွှင့် အစီအစဉ်ပဲ ဖြစ်ပါတယ်။ အဲဒီ အသံလွှင့်အစီအစဉ်မှာ တစ်နှစ်ကြာ အသံလွှင့်ပြီးတဲ့နောက် အဲန်း ကိဒ်ဟာ အဲဒီအစီအစဉ်နဲ့ အလုပ်ကို ပစ်ထားခဲ့ပြီးတော့ နယူးယောက်မြို့ရဲ့ ရုပ်မြင်သံကြားဌာနဆီကို ပြောင်းရွှေ့သွားပါတော့တယ်။

အဲဒီကိုရောက်တော့ သူမဟာ နေရာတကာမှာ ဆိုသလိုပဲ ပါဝင်ဆောင်ရွက်ပါတယ်။ အသံလွှင့် သရုပ်ဆောင်တာတွေကို အများအပြားလုပ်ပါတယ်။ မွန်းလွဲပိုင်း ရုပ်ရှင်အစန်းကဏ္ဍကအစ အချက်အပြုတ် အိမ်တွင်းမှုသိပ္ပံပြသပွဲအထိ အလုံးစုံမှာ ပါဝင်အသံလွှင့် သရုပ်ဆောင်တာဖြစ်ပါတယ်။ အဲဒါတွေအပြင် သူမဟာ သတင်းဆွေးနွေးခန်းအစီအစဉ်ကိုလည်း တာဝန်ယူပြသရပါတယ်။ အဲဒီလို သတင်းရဖို့ သူမဟာ သတင်းဖြစ်ရာ၊ သတင်းရရာနေရာတွေကို ရုပ်မြင်သံကြားဌာန၊ သတင်းဌာနရဲ့ သတင်းထောက်အဖြစ်နဲ့လည်း သွားရောက် သတင်းယူရုပ်မြင်သံကြား ရိုက်ရပါတယ်။ အဲဒါကို ချက်ချင်း တိုက်ရိုက်ဖြစ်စေ၊ သတင်းကြေညာချိန်ကျမှဖြစ်စေ လွှင့်ထုတ်ပြသ

F-၄

ရပါတယ်။ အဲဒီသတင်းအစီအစဉ်ကို ရုပ်မြင်သံကြားမှာ ညနေ ၆ နာရီနဲ့ ည ၁၁ နာရီတို့မှာ လွှင့်ထုတ်တာဖြစ်ပါတယ်။

အဲန်း ကိဗ်က သူမရဲ့အလုပ်နဲ့ သူမရဲ့ ဘဝအခြေအနေကိုလည်း ရင်ဖွင့်ပြပါသေးတယ်။

"ပြောရရင်တော့ ကျွန်မက ကျွန်မရဲ့ကလေးတွေနဲ့ အလုပ်ရဲ့ အစီအစဉ်တွေကြားမှာ ဗျာများနေရတာပါ" လို့ သူမက ပြောပြပါတယ်။ သူမဟာ ၁၉၆၂ ခုနှစ်မှာ လင်ယောကျ်ားနဲ့ ကွာရှင်းပြီး သားသမီးတွေနဲ့ ဘဝကို ရုန်းကန်နေသူဖြစ်ပါတယ်။ အဲဒီအချိန်အခါက လင်မရှိတဲ့ ကလေးအမေတွေအဖို့ အလုပ်လုပ်နိုင်ဖို့ရာ၊ ပြဿနာတွေကို ရင်ဆိုင်ဖို့ရာ အလုပ်အကိုင်အခြေအနေတွေကလည်း ကောင်းသေးတာ မဟုတ်ပါဘူး။ အဲန်က ပြီးတော့ "ကျွန်မမှာ ကလေးငယ် ခြောက်ယောက်ရှိပါတယ်။ ကျွန်မဟာ မိသားစုနဲ့ အလုပ်ကို တစ်ဖက်စီ လှည့်ပြီးတော့ လုပ်နေရပါတယ်။ ကျွန်မက မိန်းကလေးတွေကို အသက်မွေးဝမ်းကျောင်းအလုပ်အကြောင်းကို ပြောပြနေရပါတယ်။ သူတို့ကို ကျွန်မ အမြဲပဲ ပြောပြောနေရပါတယ်။ ကျွန်မမှာ အသက်မွေးဝမ်းကျောင်းမှုဆိုတာ မရှိပါဘူး။ အလုပ်လုပ်နေရတာပဲရှိတယ်။ ကျွန်မ လုပ်နေရတဲ့အလုပ်ကို ကြိုက်နှစ်သက်နေတာပဲရှိတယ်။ ကျွန်မလုပ်တဲ့ အလုပ်အတွက် လခကောင်းကောင်း ရတယ်။ ဒါပေမယ့် ဒါဟာ ကျွန်မအတွက် အရေးအကြီးဆုံး မဟုတ်ပါဘူး။ ကျွန်မဟာ ကလေးအမေပါ။ ကလေးတွေ ကြီးပြင်းလာရေးဟာ ကျွန်မရဲ့ ပထမ ဦးစားပေးပါပဲ"

အဲန်း ကိဗ်ရဲ့ ကလေးအကြီးတွေ ဆယ်ကျော်သက်အရွယ်ရောက်လာတော့ သူမဟာ ည ၁၁ နာရီသတင်းချိန်ကို မလုပ်နိုင်တော့ဘူးလို့ အသံလွှင့်ရုံမန်နေဂျာကို ပြောပါတယ်။ ဦးစားပေးရမှာကို ပြတ်ပြတ်သားသား သတ်မှတ်ထားသူလည်း ဖြစ်ပါတယ်။ မှန်ပါတယ်။ သူမဟာ မိဘတာဝန်ကို တစ်ဦးတည်း ယူနေရသူပါ။ သူမရဲ့ ကလေးတွေကလည်း ကြီးပြင်းလာကြပါပြီ။ "ကျွန်မက ညမှာ အိမ်မှာ ရှိနေရမှာဖြစ်တယ်။ ညအလုပ်လုပ်နေရရင် ကျွန်မ အိမ်မှာ ရှိမနေနိုင်ဘူး။ ကလေးတွေ ဘယ်မှာနေ၊ ဘာတွေလုပ်နေတယ်ဆိုတာ မသိနိုင်ပါဘူး။ ဒါကြောင့် ကျွန်မအတွက် အစီအစဉ်ပြောင်း



ပေးဖို့ ပြောပါတယ်။ သတင်းထုတ်လွှင့်ချက်ကို ည ၁၁ နာရီ အစား မွန်းတည့်ချိန်မှာ လုပ်ဖို့ပါပဲ။ မွန်းတည့် သတင်းထုတ်လွှင့်ခြင်းကို အဲဒီ အချိန်တုန်းက အသံလွှင့်ရုံနည်းနည်းကပဲ လုပ်နေကြပါသေးတယ်။ ဒီလိုနဲ့ ကျွန်မရဲ့ အလုပ်ချိန်ဇယားကို ပြောင်းလဲနိုင်ခဲ့ပါတယ်။ ဒီတော့မှလည်း ညနေပိုင်းနဲ့ ညမှာ အိမ်က ကလေးတွေနဲ့ အတူတူ ရှိနေနိုင်ပြီး သူတို့ကို ပြုစုစောင့်ရှောက်နိုင်ပါတော့တယ်။ အားလုံး အခန့်သင့် အချိန်သင့်ဖြစ်သွားတဲ့အတွက် ကျွန်မအဖို့ ကံကောင်းတယ်လို့ဆိုရမှာပါပဲ" အဲဒီလို အဲန်း ကိဗ်က ပြောပြပါတယ်။

အဲန်း ကိဗ်ဟာ အစမူလကတော့ မင်းသမီးလုပ်ဖို့ပါပဲ။ သူမဟာ ပွဲတွေမှာ လိုက်ပြီး စမ်းသပ်ကဖူးပါတယ်။ ဒါပေမယ့် သူမရဲ့ အိပ်မက်ကို စွန့်လွှတ်လိုက်ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သရုပ်ဆောင်ခြင်းကတော့ သူမရဲ့ သွေးသားထဲမှာ ကျန်ရှိနေတုန်းပါပဲ။ ရေဒီယိုနဲ့ ရုပ်မြင်သံကြားမှာ သူမ အခြေခိုင် အောင်မြင်ပြီးနောက် သူမဟာ သူမရဲ့ ကလေးတွေကို "ကျွန်မနှင့် ဘုရင်မင်းမြတ်" ပြဇာတ်မှာ အဆိုကို စမ်းသပ်စေပြီး ပါဝင်စေပါတယ်။ သရုပ်ဆောင်မှုကို ဝါသနာပါ အားပေး အားမြှောက်ပြုတဲ့ သဘောပဲ ဖြစ်ပါတယ်။

၁၉၇၆ ခုနှစ်မှာ အဲန်းဟာ လက်ရှိ အလုပ်ကို စွန့်ခွာပြီးတော့ စိန့်လူးဝစ္စမြို့မှာ ရုပ်မြင်သံကြားကင်မရာ နောက်ကွယ်က သတင်းကြေညာတဲ့ အလုပ်မျိုးကို ရှာပါတယ်။

"ကျွန်မ အသက် ၅၀ ရှိပါပြီ။ ကလေးနှစ်ယောက်က ကောလိပ်မှာ၊ တစ်ယောက်က အထက်တန်းမှာ၊ အဲဒီတော့ ကျွန်မ အလုပ်ရှိမှဖြစ်မယ်။ ဒါပေမယ့် ဘယ်သူက ကျွန်မလိုအရွယ်ကို သတင်းကြေညာဖို့ ငှားပါ့မလဲ။ အဲဒီလို စဉ်းစားမိပါတယ်" လို့ အဲန်း ကိဗ်က ပြောပြပါတယ်။

အဲဒီ စိန့်လူးဝစ္စက အသံလွှင့်နဲ့ ရုပ်မြင်သံကြားဌာနက တစ်ယောက်ယောက်က အဲန်း ကိဗ်ကို အလုပ်ပေးလိုက်ပါတယ်။ သတင်းကြေညာတဲ့အလုပ်ပဲ ဖြစ်ပါတယ်။ အဲဒီအသံလွှင့်ဌာနမှာ သူမဟာ ပထမဆုံး သတင်းကြေညာသူ အမျိုးသမီး ဖြစ်ပါတယ်။ မကြာမီသေးသော ကာလအထိ အမျိုးသမီး



အသံလွှင့်သတင်း ကြေညာသူဆိုလို့ သူမတစ်ဦးတည်းပဲ ရှိပါသေးတယ်။

အသံလွှင့်ခြင်းနှင့် ပရိသတ်အကြောင်းကို အဲန်း ကိဗ်က ရှင်းပြပါတယ်။

"လူတွေနဲ့ စကားပြောလိုက်ရင် သူတို့ ဘာတွေ ခံစားနေရသလဲ ဘာတွေ တွေးနေသလဲ ဆိုတာတွေကို သိရပါတယ်။ ကျွန်မတို့က လေလှိုင်းက နေပြီးတော့ အခွန်အကောက်နဲ့ ပတ်သက်တာတွေကို ပြောကြား လွှင့်ထုတ်နိုင်ပါတယ်။ ဒါပေမယ့်လို့ အဲဒီအခွန်အကောက်တွေဟာ လူ အတော်များများကို မထိခိုက်ပါဘူး။ တစ်ယောက်ယောက်က ကျွန်မဆီ ဖုန်းဆက်ပြီး အခွန်အကောက် ဥပဒေသစ်တွေက သူတို့ကို ဘယ်လောက် ထိခိုက်စေတယ်ဆိုတာကို ပြောပြမှ သိရပါတယ်။ လူတွေဟာ သူတို့နီးနား ပတ်ဝန်းကျင်က လူတွေ ဘာတွေ တွေးထင်နေသလဲဆိုတာကို သိချင်ကြတယ်။ ဘာတွေ လုပ်နေတယ်ဆိုတာကို သိချင်ကြတယ်။ တစ်ခါတစ်ရံ ကျွန်မဟာ လူတွေရဲ့ အထင်အမြင် ယူဆချက်တွေကို အံ့သြမိပါတယ်၊ တစ်ခါတလေတော့လည်း မအံ့သြတော့ပါဘူး။ ဘာပဲဖြစ်ဖြစ် သောတရှင်တွေ ပြောတာကို ကျွန်မတို့ ဝမ်းမြောက်ဝမ်းသာနဲ့ ကြားသိလိုပါတယ်။ သူတို့အကျိုးအတွက် မဟုတ်ဘူးဆိုရင် ဘာဖြစ်လို့ ရေဒီယိုတို့၊ ရုပ်မြင်သံကြားတို့ လွှင့်ထုတ်နေရမှာလဲ" လို့ အဲန်း ကိဗ်က မှတ်သားဖွယ်ရာ ပြောပြပါတယ်။

အခု ဒီစာကို ရေးတာမှာ ကျွန်တော် ဝန်ခံချင်တာ တစ်ခုကတော့ အဲန်း ကိဗ်ရဲ့ ပရိသတ်နဲ့ တိုက်ရိုက်ဆက်သွယ်မှုကို ကျွန်တော် အားကျမိတယ် ဆိုတာပါပဲ။ တကယ်ပါပဲ။ သူမကတော့ သူမရဲ့ သောတရှင်တွေနဲ့ တိုက်ရိုက် ဆက်သွယ်နိုင်ပါတယ်။ ကျွန်တော်ကတော့ ကျွန်တော့် ရုပ်မြင်သံကြား ပရိသတ်နဲ့ မဆက်သွယ်နိုင်ပါဘူး။ နိုင်ငံတော် အမျိုးသား ရုပ်မြင်သံကြားနဲ့ မနက်ခင်းသတင်း ရုပ်မြင်သံကြားဆိုရင် ရေဒီယိုအစီအစဉ်အချို့တွေမှာလို ပရိသတ်နဲ့ အပြန်အလှန် ဆက်သွယ်ပြီး သတင်းကဏ္ဍအတွက် သောတရှင်ဆွေးနွေးခန်းဆိုတာမျိုးကို လုံးဝ ခွင့်မပြုပါဘူး။ ကျွန်တော်က အဲန်း ကိဗ်၊ ဂယ်ရီ အိုးဝင်းစ်နဲ့ အယ်ဒီ ဖေါ့ကားတို့ကို ကြည့်ပြီးတော့ ဒီလို တိုက်ရိုက်ဆက်သွယ်မှုရဲ့ အရသာကို သဘောကျမိပါတယ်။ ရေဒီယိုမှာ



အသံလွှင့်ရတဲ့ အရသာမျိုးကို ဝါရှင်တန်မှာ ကျွန်တော်နဲ့ အယ်ဒီ ဖေါ့ကားတို့ တွဲဖက်ပြီး "လူရွှင်တော်ကလေးများ" အခန်းကို လွှင့်ထုတ်တုန်းက ရခဲ့ပါတယ်။ ဒါပေမယ့်လို့ သူတို့ကို မှီမယ် မထင်ပါဘူး။

အက်ဒ် ဟာလီဟီကတော့ သူတို့နဲ့ မတူပါဘူး။ သီးခြား တစ်ဘာသာပါ။ သူ့လိုလူမျိုးနဲ့အတူ ကျွန်တော် လက်တွဲပြီး အသံလွှင့် လုပ်ငန်း လုပ်ချင်လှပါတယ်။ သူ့ခေတ်က ရေဒီယို အသံလွှင့်လုပ်ငန်း တောက်ပဆဲအချိန်အခါတွေကို အလွမ်းပဲ လိုလားနှစ်သက် အားကျမိပါတယ်။ ငယ်စဉ် ကလေးဘဝက ရေဒီယိုအသံလွှင့်တန်း ကစားခဲ့တဲ့ ကောင်ကလေး ဖြစ်တဲ့ ကျွန်တော့်လိုလူမျိုး အဖို့ကတော့ အက်ဒ် ဟာလီဟီရဲ့ အလုပ်ကို အားကျ အိပ်မက် မက်မိပါတော့တယ်။ အခု အဲဒီကောင်ကလေးဟာ အတော်ကလေး အောင်မြင်ကြီးပွားနေပါပြီ။ ဒါပေမယ့် အက်ဒ် ဟာလီဟီရဲ့ အလုပ်မျိုးကို တသသနဲ့ အိပ်မက်မက်နေတုန်းပါပဲ။

ဘာပဲဖြစ်ဖြစ် မက်ကရိုဖုန်း အနောက်မှာ သူတို့လို လူတွေ ရှိနေခြင်းဟာ သိပ်သိပ်ကို ကောင်းတဲ့အရာ ဖြစ်တာ အမှန်ပါ။

---

## ၈။ ကြောက်စိတ် ရိုက်စတ်တယ်

ကျွန်တော်ဟာ ကြောက်တတ်တဲ့လူပါ။

ကျွန်တော် ရင်ခုန်တတ်တယ်။ ချွေးစေးပြန်တတ်တယ်။ အလှည့်ကြုံတဲ့အခါ အဲဒီလို ဖြစ်တတ်ပါတယ်။ ကျွန်တော့်ကို စိုးရိမ်စရာ အခြေအနေမှာ ထားကြည့်ပါ။ ကျွန်တော်ဟာ ကြောက်အားပိုနေမှာပါပဲ။

အလွန်အမင်း ကြောက်တတ်တဲ့ ရောဂါဆိုတာ ဘာလဲ။ မေးဖို့ကောင်းတဲ့မေးခွန်းပေါ့။ အမေရိကန် ကြောက်စိတ်သုတေသနအဖွဲ့ ဆိုလိုတာကတော့ "အလွန်အမင်း ကြောက်စိတ်ဆိုတာ အခြေအနေတစ်ခု၊ တိရစ္ဆာန်တစ်ကောင်၊ အရာဝတ္ထုတစ်ခုနဲ့ ပတ်သက်ပြီး စိုးရိမ်ကြီးစွာဖြစ်ခြင်း" တဲ့။ ကျွန်တော် အဲဒီအဖွဲ့မှာ အမှုဆောင်လူကြီးတစ်ယောက်ပါ။ အဲဒီ အခြေအနေ၊ တိရစ္ဆာန်၊ အရာဝတ္ထုဆိုတာဟာ မကြောက်တတ်တဲ့လူအဖို့ ဘာမှ အန္တရာယ်မရှိပေမယ့် ကြောက်တတ်တဲ့လူကတော့ ကြိဖန်ကြောက်တာပဲလို့ အဖွဲ့ အလိုအားဖြင့် ဆိုပါတယ်။ ဒါပေမယ့် ကြောက်တတ်တဲ့လူ အဖို့တော့ ကြောက်တာဟာ တကယ့်ကို ကြောက်တာပဲ။ အန္တရာယ်မရှိဘူးပဲ ဆိုဦးတော့ ကြောက်စိတ်ဟာ တကယ်ပဲ။

ကျွန်တော့်အဖို့တော့ ပထမတရားခံဟာ တံတားပဲ။ အတိအကျပြောရရင် တောင်ကယ်ရိုလိုင်းနားနယ်က ချားလ်စတန် တံတားကြီးပါပဲ။ ချားလ်စတန်မြို့မှာရှိတဲ့ တံတားဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ်က ကျွန်တော်ဟာ ကောအဲ မော်တော်ကားကို အမြော် လျှောက်မောင်းရင်း ချားလ်စတန်မြို့နား ရောက်တော့ ချက်ချင်းပဲ ကြောက်စိတ်က ကျွန်တော့်စိတ်သန္တာန်ကို လွှမ်းမိုးပြီး တအားညှစ်တော့တာပါပဲ။ အရင်က ဒီလို မဖြစ်ဖူးပါဘူး။ တံတားတွေ အများကြီး ဖြတ်ကျော်ဖူးပါတယ်။ ဒီတံတားကျတော့မှပဲ ခေါင်းမူးလာတယ်။ ချွေးပြန်လာတယ်။ ရင်သိမ့်ခုန်တာပဲ။ ဘယ်လိုဖြစ်မှန်း မသိပါဘူး။ ဟိုစေတ်တုန်းက ကြောက်စိတ် အကြီးအကျယ် ဝင်လာပါတော့တယ်။



ကြောက်စိတ်ဆိုတာ ရောဂါအဖြစ် သတ်မှတ်ခြင်း မရှိပါဘူး။ ကြောက်စိတ်အကြောင်းလည်း ဆွေးနွေးတယ်ဆိုတာ မရှိပါဘူး။ အစုခေတ်လိုဟုတ်တော့ ရောဂါလို သဘောမထားကြတော့လည်း ကုသနည်းတွေ၊ ဆေးဝါးတွေ ဘယ်ရှိမှာလဲ။ ကျွန်တော့်ဇနီးလည်း ကားပေါ်မှာပါလာတယ်။ အဲဒါနဲ့ ကျွန်တော်လည်း တံတားကို ဖြည်းဖြည်းကူးရပါတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ တံတားမကူးဘဲ ပြန်လှည့် မောင်းသွားချင်စိတ်ပဲ ရှိတယ်။ အိမ်ကျမှ မရှိ မပါလာရင် ကျွန်တော် ပြန်လှည့်ပြီး အိမ်ပြန်မှာ အမှန်ပါပဲ။ အိမ်ကျမှ ကြောက်စိတ်ဆိုတဲ့ ရန်သူကြီးကို ဘယ်လို နှိမ်နင်းရမယ်ဆိုတာ စဉ်းစားမှာပေါ့။

နောက် စနေနေ့ကစပြီး စနေနေ့တိုင်း ကျွန်တော်တို့အိမ်နဲ့ နီးတဲ့ "ရှက်စပီ ဘေး" တံတားကို အသွားအပြန် ကားမောင်းကြည့်တယ်။ ကားထဲမှာ ဘီယာခြောက်ပုလင်းထည့်ပြီး အရဲစွန့်ကူးကြည့်တာပေါ့။ ဘီယာတွေ ယူသွားတယ်ဆိုတော့ သောက်ပြီးမူးရင်း၊ မောင်းရင်း ဒုက္ခရောက်တော့မှာပဲလို့ မစိုးရိမ်ကြပါနဲ့။ ဘီယာပုလင်းတွေကို ယူသွားတာ သောက်ဖို့မဟုတ်ပါဘူး။ ကြောက်စိတ်ပျောက်အောင် အားယူတဲ့သဘောပါ။ မသောက်ပါဘူး။ ကျွန်တော် တံတားကြီးကို အသွားအပြန်ကူးတယ်။ ဒီတံတားကြီးက ဟိုတံတားထက် ပိုပြီး ရှည်တယ်။ ကျွန်တော့်ကြောက်စိတ်ကို စိန်ခေါ်တိုက်ခိုက်တဲ့သဘောနဲ့ တံတားကြီးကို ကူးတာ၊ ကြောက်စိတ် ပျောက်သွားပြီး အိမ်ကို ဘေးမသီ ရန်မခဘဲ ပြန်ရောက်ပါတယ်။ အဲဒီလို စမ်းကြည့်ပြီး အောင်မြင်ပေမယ့် ကျွန်တော့်မှာ တံတားမြင်ရင် ကြောက်တဲ့စိတ်တော့ ပေါ်လာသေးတာပဲ။ ဒါပေမယ့် အကြီးအကျယ် ကြောက်တာမျိုးတော့ မဖြစ်တော့ပါဘူး။

ဒီကနေ့ အလွန်အမင်း ကြောက်စိတ်ဖြစ်စေတဲ့ တရားခံကတော့ ကျွန်တော့် အလုပ်ဖြစ်ပါတယ်။ တယ်လီဗေးရှင်းမှာ စကားပြောရတာကို စိုးတွေ ထိုးထားတာ သိပ်ပူတာပဲ။ ပြီးတော့ ပရိသတ်ရှေ့မှာ ရောက်နေတယ်ဆိုတဲ့အသိကြောင့် အပြောအဆို မမှားဖို့ သိပ်ဂရုစိုက်ရတာပါပဲ။ တယ်လီဗေးရှင်းမှာ "ယနေ့" ဆိုတဲ့ ကျွန်တော့်အစန်းကဏ္ဍမှာ အများပြည်သူတို့ကို ပြောဟောရခြင်းဟာ မလွယ်ပါဘူး။ တစ်ခါတလေ ကျွန်တော်ဟာ



မမျှော်လင့်ဘဲ အသက်ရှူ မြန်လာတယ်။ လက်တွေ့သမားလို ချွေးတွေ တပြိုက်ပြိုက်ကျလာတယ်။ အဲဒီအခါမှာ ကြောက်စိတ် တိုက်ခိုက်ခံရတယ်ဆိုတာမျိုး ဖြစ်တော့တာပေါ့။ အဲဒီအဖြစ်မျိုး မဖြစ်အောင် ဆေးတွေစား၊ အသက်ရှူလေ့ကျင့်ခန်းတွေလုပ်၊ အဲဒီလိုလုပ်တော့ အတော်သက်သာပါတယ်။ အစကဆိုရင် အသက်ရှူကြပ်ပြီး နှလုံးရောဂါ ဖြစ်လာပြီလားလို့ လန့်သွားပါတယ်။ တကယ်တော့ ဘာမှ ဖြစ်တာ မဟုတ်ပါဘူး။

တစ်ခါတလေ စကားပြောစရာရှိတာကို ပွဲမဝင်ခင် အပြင်က ကျင်းပဆိုသလို လုပ်တဲ့အခါ တယ်လီဗေးရှင်းမှာ မပြောခင် စမ်းကြည့်တဲ့အခါ ကြောက်စိတ်ဝင်လာပြီး ဆက်လုပ်လို့မှ ရပါ့မလားလို့ စိတ်မှာဖြစ်မိပါတယ်။ ကျွန်တော့်အစန်းကဏ္ဍကို တယ်လီဗေးရှင်းမှာ အမြဲကြည့်ဖူးသူတွေက ကျွန်တော် အဆင်ပြေပြေ ပြောဆိုပြုမူတာတွေကိုတွေ့ပြီး ကျွန်တော့်မှာ ဒီလို ဒုက္ခတွေ ရောက်ရတယ်ဆိုတာ ကြားရတော့ မယုံချင်သလိုလို ဖြစ်ကြတယ်။

တံတားရယ်၊ ကျွန်တော့်အလုပ်ရယ်အပြင် တခြားတရားခံတွေ ရှိပါသေးတယ်။ အဲဒါတွေနဲ့ ကြုံဆုံရတဲ့အခါမှာ ကျွန်တော် ကြောက်စိတ်ကို နှိမ်နင်းရတာ အောင်မြင်သင့်သလောက် အောင်မြင်တယ် ဆိုပေမယ့် ကြောက်စိတ်ရဲ့ ဒုက္ခကိုတော့ ခံလိုက်ရသေးတာပါပဲ။ ကျွန်တော့်အလုပ်က လူအများနဲ့ သက်ဆိုင်နေတော့ ကျွန်တော်ဟာ စိတ်ပညာဆရာဝန်ဆီ သွားပြီး ကုသမခံပါဘူး။ လူသိ မခံဝံ့ပါဘူး။ ကျွန်တော်ဟာ ရာသီဥတုအခြေအနေကို ကြေညာရတဲ့လူပါ။ လူတွေကို ကျွန်တော့်ကြောက်တတ်တဲ့ရောဂါအကြောင်း မသိစေချင်ပါဘူး။

ကျွန်တော့်ဖြစ်တွေကို အခုလို လူသိအောင် ပြောပြတာကတော့ အခြားအကြောင်းကြောင့် မဟုတ်ပါဘူး။ အခုခေတ်မှာ ဘယ်လို စိတ်ရောဂါမျိုးဖြစ်ဖြစ်၊ ကုသတဲ့နည်းတွေ ရှိပါတယ်။ ကျွန်တော့်လိုဖြစ်တဲ့ လူတွေအဖို့ အကူအညီဆိုတာ ရှိပါတယ်။ အားငယ်စရာ မလိုပါဘူးပြောပြီး ဒီအခန်းရဲ့ အဖွင့်စကားကို နိဂုံးချုပ်ချင်တာပါပဲ။ ရောဂါရှင်တွေဟာ အားမငယ်ကြပါနဲ့။ ကိုယ်ချည်း မဟုတ်ပါဘူး။ ကြောက်တတ်တဲ့ရောဂါရှင်တွေ အများကြီး ရှိပါတယ်။ ဒီတိုင်းပြည်မှာဆိုရင် အဲဒီလို ကြောက်စိတ်ရောဂါရှင်တွေဟာ ဆယ့်



သုံးသန်းရှိတယ်လို့ အမျိုးသားကျန်းမာရေးအဖွဲ့ကြီးက ကြေညာပါတယ်။ အဲဒါ စာရင်းအရပါ။ စာရင်းမှာ မပါဘဲ တိတ်တိတ်ပုန်း ရောဂါဝေဒနာခံစားနေရသူတွေ တစ်ပုံကြီး ရှိပါသေးတယ်လို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော့်ကို အမေရိကန် အလွန်အမင်း ကြောက်စိတ်ရောဂါအဖွဲ့ဝင်လူကြီး တစ်ဦးအဖြစ်နဲ့ သတင်းပေးလို့ သိရတဲ့ ဝေဒနာရှင်တွေ အများကြီးပါပဲ။ ကျွန်တော့်အကြောင်းကို လေထဲကနေပြီး ပြောပြလို့ ကျွန်တော့်ဆီကို စာနဲ့ အကြောင်းကြားကြတဲ့ ဝေဒနာရှင်တွေလည်း မနည်းပါဘူး။ ဒီတော့ မိတ်ဆွေလည်း ဝေဒနာရှင်တစ်ဦး ဖြစ်နေတယ်ဆိုရင် အားမငယ်ပါနဲ့။ အလားတူ ဝေဒနာရှင်တွေ အများကြီး ရှိတာကို သိပြီး အားတင်းပါ။ အဲဒီ ပုဂ္ဂိုလ်တွေထဲက သုံးဦးကို အစုဖော်ပြပြီး သူတို့ဟာ ဝေဒနာကို ဘယ်လို တိုက်ခိုက် တွန်းလှန်ကြတယ်ဆိုတာ ဖတ်ကြည့်ပါ။

---

ဆေးဆရာမကြီး ဖြစ်သွားတာပါပဲရှင်" လို့ ဆိုတယ်။ သူ့ကို "အကျိုးအကြောင်း ဆက်စပ်ပြီးကုသနည်း" ကို ဖော်ထုတ်လိုက်တဲ့ ပညာရှင်တစ်ဦးလို့ အသိအမှတ်ပြုလာကြတယ်။ အဲဒီနည်းက ဝေဒနာရှင်နဲ့ ဆေးဆရာတို့ဟာ ကြောက်စိတ်ဝင်လာတဲ့အကြောင်း ဖြစ်ရပ်တွေကို အတူတကွ တိုင်ပင်ဆွေးနွေးပြီးတော့ ဖြစ်လာတဲ့ အခြေအနေကို ရင်ဆိုင်တတ်ဖို့ ဆရာက လူနာကို အကူအညီပေးတဲ့နည်းပဲ ဖြစ်ပါတယ်။ "ကျွန်မတို့က ဝေဒနာရှင်ကို ကြောက်စိတ်ကို လျစ်လျူရှုပါလို့ မဆိုပါဘူး။ ဒါပေမယ့် အဲဒီစိတ်ကို မိမိအသိဉာဏ်နဲ့ ဘယ်လို ပြုပြင်သင့်တယ်ဆိုတဲ့အကြံကို ပေးတာပဲဖြစ်ပါတယ်။ နောက် အလားတူ အခြေအနေမျိုးပေါ်ပေါက်လာရင် မိမိရဲ့စိတ်ကို ဘယ်လို ထိန်းရမယ်ဆိုတာကိုတော့ သင်ပြပါတယ်။ အဲဒါ အပြုအမူနဲ့ဆိုင်တဲ့ ဝေဒနာကုသနည်းပါပဲ။ ကျွန်မရဲ့ အတွေ့အကြုံကို ပြောရမယ်ဆိုရင် တောင်ထိပ်ပေါ်ရောက်နေရင် အစွန်းနားကို မသွားဖြစ်အောင် စိတ်ကို ထိန်းချုပ်တယ်။ အဆောက်အအုံပေါ်မှာ ရောက်နေရင် ခုန်မချဖြစ်အောင် စိတ်ကို သတိပေးပါတယ်။ တစ်ခုခုက ဆွဲဆောင်တယ်ဆိုတာ တကယ်တော့ ကြောက်စရာ မဟုတ်ပါဘူး။ စိတ်နဲ့ ထိန်းနေလို့ ရပါတယ်။ အဲဒီလိုဆိုရင် အထက်အမြင့်ရောက်နေတာဟာ ကြောက်စရာတော့ ကြောက်စရာပါပဲ။ ဒါပေမယ့် အန္တရာယ်ဖြစ်နိုင်စရာ မဟုတ်ပါဘူး။ ကိုယ့်ခံစားချက်ဟာ ဘယ်လောက်ပဲ ကြောက်စရာဖြစ်ဖြစ်၊ တကယ်တော့ အန္တရာယ် မဖြစ်စေနိုင်ပါဘူးလို့ ဝေဒနာရှင်တွေကို ကျွန်မတို့က သင်ပေးပါတယ်"

အခုတော့ ဂျဲရီလင်းဟာ သူကိုယ်တိုင် ဝေဒနာရှင်တွေကို တစ်ဦးစီ ကုသပေးဖို့ မဖြစ်တော့ပါဘူး။ သူ့မှာ လုပ်ငန်းကြီးကျယ်လာလို့ ကြီးကြပ်ကွပ်ကဲရတဲ့အလုပ်နဲ့ပဲ အချိန်ကုန်နေပါတော့တယ်။ သူ့အလုပ်က ကြီးကြပ်ကွပ်ကဲရုံချည်း မဟုတ်တော့ဘူး။ အကြောက်ဝေဒနာအကြောင်းကို လူသိများအောင် ဝါဒဖြန့်ချိရေး လုပ်ငန်းက တဖြည်းဖြည်း ကြီးကျယ်လာလို့ လုပ်နေရ ဟောပြောပွဲတွေ၊ သတင်းထောက်နဲ့ တွေ့ဆုံပွဲ (အင်တာဗျူး) တွေ လုပ်နေရပါတယ်။ "ကျွန်မ ဆေးဆရာမအဖြစ် ဆောင်ရွက်ရတာ ကြိုက်ပါတယ်။ ဒါပေမယ့် ဝေဒနာရှင်တွေ တစ်ဦးချင်း မေးမြန်းဆွေးနွေးရတာကြိုက်ပါတယ်။ ဒါပေမယ့်



အများအကျိုးအတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းက ကြီးမားကျယ်ပြန့်လာပါပြီ" လို့ဆိုတယ်။ ကျွန်တော်လည်း ဂျဲရီလင်းကို အသင်းခေါင်းဆောင်အဖြစ် တွေ့ဆုံမေးမြန်းတဲ့တာဝန်ကို ထမ်းဆောင်ရာက ကျွန်တော်ကိုယ်တိုင် သူတို့လုပ်ငန်းမှာ ပါဝင်ဆောင်ရွက်ချင်တာနဲ့ သူတို့ရဲ့ နေ့လယ်စာစားပွဲ၊ အစည်းအဝေးပွဲများကို တက်ရောက်ရာမှ သူနဲ့ မိတ်ရင်းဆွေရင်း ဖြစ်ခဲ့ရပါတယ်။

ဂျဲရီလင်းဟာ ကြောက်စိတ်နည်းနည်း ဝင်နေသူတွေကိုတောင် အလှည့်ကြုံရင်၊ ကြုံတိုင်း အကြံဉာဏ်ပေးဖို့ ဝန်မလေးပါဘူး။ "ကြောက်စိတ်က ရှင်တို့ရဲ့ ဘဝမှာ အနှောင့်အယှက် ပေးလာပြီဆိုရင်တော့ အကူအညီတောင်းခံဖို့ မနှောင့်နှေးပါနဲ့။ မျိုသိပ်မထားပါနဲ့။. မိတ်ဆွေတစ်ယောက်ယောက်ကို ပြောပါ။ ကိုယ့်အိမ်သားတစ်ယောက်ကိုပဲဖြစ်ဖြစ်၊ ဘုန်းတော်ကြီးတစ်ပါးပါးကိုပဲဖြစ်ဖြစ် ဖွင့်ပြောပါ။ ဒီမှာတင် မရပ်ပါနဲ့။ အရင်းနီးဆုံးလူကို ပြောပါ။ လင်က မယားကို၊ မယားက လင်ကို ဖွင့်ပြောပါ။ သူတို့ဟာ ဆေးကုတဲ့ဆရာ မဟုတ်ပေမယ့် သူ့တို့ကို အရှိအတိုင်း အမှန်အတိုင်း ဖွင့်ပြောပါ။ အခုအဖွဲ့ဖွဲ့ပြီး ပြောနိုင်ရင်လည်းကောင်းပါတယ်။ ကျွန်မတို့အဖွဲ့ကြီးရဲ့ ဆောင်ပုဒ်ကတော့ ကြောက်စိတ်ရောဂါရှင်တွေကို အထီးကျန်အဖြစ် မထားပါနဲ့ဆိုတဲ့ ဆောင်ပုဒ်ပါပဲ"

ပြောရမယ်ဆိုရင် ဂျဲရီလင်းကိုယ်တိုင် အခုထက်ထိ ကြောက်စိတ်ကို ပစ်ပယ်လို့ မရသေးပါဘူး။ "ကျွန်မမှာ စိုးရိမ်စိတ်တွေ၊ ကြောင့်ကြစိတ်တွေ ရှိနေတာပဲ။ နောင်လည်း ရှိဦးမှာပါပဲ။ ဒါပေမယ့် ကျွန်မစိတ်ကို ကျွန်မ ထိန်းနိုင်တယ်။ ကြောက်စိတ်ကို ကြောက်လို့တော့ ထွက်မပြေးပါဘူးရှင်" လို့ ဆိုပါတယ်။ အင်မတန်ကောင်းတဲ့ စကားပါပဲ။



## ကြောက်စိတ်မှ ကြောက်စိတ်ပါပဲ

ရှယ်ရီ ဂျိုင်းနား

မောင်ရေးနား၊ မေရီလင်း

ရှယ်ရီ ဂျိုင်းနားဟာ ချောချောလှလှ၊ သန့်ရှင်းရှိရှိ အမျိုးသမီးငယ်တစ်ယောက်ဖြစ်ပါတယ်။ တစ်ခါတုန်းက သူ့မှာ ခုက္ခတွေ့နိုက်ဖို့ သူ့တိုက်ခန်းထဲက အပြင်မထွက်တာ လေးနှစ်လုံးလုံးပဲ။ သူ့မှာဖြစ်တဲ့ ကြောက်စိတ်တွေ၊ သူဘယ်လောက်ခံစားရပြီး ဒုက္ခတောက ထွက်လာရပုံတွေကို ကြားသိရတော့ ကျွန်တော့် ကြောက်စိတ်တွေဟာ အသေးအမွှားပဲ၊ မပြောပလောက်အောင် ဖြစ်ပါတယ်။ အုံစရာကတော့ ရှယ်ရီဟာ အဲဒီလောက် ဒုက္ခတွေ ရောက်ခဲ့ရပေမယ့် သူ့စိတ်မှာ ပျော်ပျော်ရွှင်ရွှင်ပဲ။ ဒုက္ခတွေ ရောက်တာလည်း အတော်ကြီးတဲ့ ဒုက္ခတွေပါ။ ဒါပေမယ့် ရှယ်ရီ ဂျိုင်းနားဟာ သူ့အဖြစ်ကို သူကြည့်ပြီး ရယ်နိုင်အားပေးတယ်။

ရှယ်ရီဟာ အိမ်ကထွက်ပြီး အပြင်ကလူတွေနဲ့ တွေ့ရမှာကြောက်တယ်။ ဒါတင်ဘယ်ဟုတ်မလဲ။ သူကြောက်တာတွေ အများကြီးပါ။ သူနဲ့ ကျွန်တော် အလွန်အမင်း ကြောက်စိတ်ရောဂါရှင်အဖွဲ့ နေ့လယ်စာစားပွဲတစ်ခုမှာ မကြာခင်က တွေ့ကြတော့ သူက ပြောပြတယ်။ မှူခင်းတစ်စောင်မှာ လူတွေ အလွန်အမင်း ကြောက်တတ်တဲ့ အရာတွေ စာရင်းပါလာတယ်။ "ကြောက်တတ်တာတွေ နှစ်ဆယ့်ရှစ်မျိုးကို ဖော်ပြထားတယ်။ စိတ်ပညာမှာခေါ်တဲ့ နာမည်တွေလိုပေါ့။ အဲဒီ နှစ်ဆယ့်ရှစ်မျိုးထဲက ကျွန်မ ကြောက်တာ နှစ်ဆယ့်ငါးမျိုး ပါတယ်" သူက ဆေနေပြီး ဆက်ပြောတယ်။ "ကျွန်မ မကြောက်တာ နံပါတ်တွေရယ်၊ ပန်းတွေရယ်၊ အဲဒါပဲ။ မဆန်းဘူးလား"

တခြားဝေဒနာရှင်တွေလိုပါပဲ။ ရှယ်ရီဟာ အရွယ်ရောက်တဲ့အချိန် ကျမှ ကြောက်စိတ်တွေ ဝင်လာတာပါပဲ။ ငယ်ငယ်တုန်းက လူမပျော်ကလေးများ ကြောက်တတ်တာမျိုးအပြင် တခြား ဘာမှ မကြောက်ပါဘူး။ ကလေးအရွယ် ကြောက်တတ်တာတွေ၊ ညမှောင်မှောင် အိပ်ရာခုတင်အောက်က



ဘာထွက်လာမလဲလို့ တွေးပြီး ကြောက်တတ်တာမျိုး၊ ကျောင်းမှာ စာမေးပွဲဖြေရမှာ ကြောက်တာမျိုး အဲဒီလောက်ပါ။ ဒါတွေက ကလေးတိုင်း ကြောက်တတ်တာမျိုးမို့ မထူးဆန်းပါဘူး။ သူ့အသက် ဆယ့်ခုနစ်နှစ်အရွယ် ရောက်မှ ကြောက်စိတ် ဝင်လာတယ်။

"ကျွန်မ မြေအောက်ရထားပေါ်မှာ ပထမဦးဆုံး ကြောက်စိတ်ဝင်လာပါတယ်။ အခုထက်ထိ မှတ်မိနေပါသေးတယ်။ ရထားပေါ်မှာ ကျွန်မဟာ မယုံနိုင်လောက်အောင် ကြောက်စိတ်ကြီးဝင်ပြီး စိတ်တွေ ကယောင်ချောက်ချား ဖြစ်တယ်။ အဲဒီအဖြစ်အပျက်ကို ကျွန်မ အခုထက်ထိမမေ့နိုင်ဘဲ တွေးမိတိုင်း ရင်တုန်မိပါတယ်။ အဲဒီတုန်းက အစွဲဟာ အခုအထိ မပျောက်သေးပါဘူးရှင်" လို့ ပြောလိုက်တဲ့ စကားကြားရတော့ သူ့မျှော အတော်ကြီး ဝေဒနာ ခံစားရရှာတာပဲလို့ ကျွန်တော့်စိတ်မှာ ဖြစ်မိပါတယ်။ "လူတွေ ကျွန်မကို စကားပြောကြသံတွေကို ကြားတော့ ကြားရပါတယ်။ ဒါပေမယ့် သူတို့ဟာ ကျွန်မအနားက ဝေးဝေးသွားတယ်လို့ ထင်ရတယ်။ သူတို့အသံတွေလည်း တဖြည်းဖြည်း မှိန်မှိန်သွားတယ်။ ကျွန်မမှာလည်း ချွေးသီးချွေးပေါက်တွေ နဖူးမှာ သီးနေတာပဲ။ ပြီးတော့ အန်ချင်သလိုလည်းဖြစ်တယ်။ ကျွန်မလျှာဟာ လေးလာတယ်။ ကျွန်မ သေတော့မှာပဲလို့ ထင်ပြီး ထွက်ပြေးချင်တဲ့စိတ်ပဲ ရှိတယ်"

အဲဒါဟာ ပထမဦးဆုံး အဖြစ်အပျက်ဖြစ်ပါတယ်။ နောက်လည်း ခဏခဏ ဖြစ်တယ်။ နောက်နှစ်နှစ်အတွင်းမှာ ကြောက်ရတာတွေ အစုလိုက်အပြုံလိုက်ပါပဲတဲ့။ ရုပ်ရှင်ရုံတွေမှာ၊ ထမင်းဆိုင်တွေမှာ၊ ဘတ်စ်ကားပေါ်မှာ၊ ကုန်စုံဆိုင်တွေမှာ ဖြစ်တဲ့အခါတိုင်း သူတော့ သေတော့မှာပဲလို့ ထင်မိသတဲ့။ နှလုံးရောဂါဖြစ်သလိုဖြစ်ပြီး ထွက်ပြေးချင်စိတ်တွေ ပေါ်လာပါတယ်လို့ဆိုပါတယ်။ အဲဒီလိုဖြစ်ပြီးတော့ သူ့မှာ ကြောက်စိတ်မပျောက်ဘဲ ခေါင်းရှုပ်နေတာ အကြာကြီးပါပဲတဲ့။ အဲဒီလိုဖြစ်ပေမယ့် ရှယ်ရီဟာ ဣန္ဒြေမပျက်နေနိုင်ဖို့ သူ့စိတ်ကိုသူ အများကြီး ထိန်းတယ်။ အခြေမပျက် သွားလာလှုပ်ရှားနေခဲ့တယ်။ နောက်ဆုံး အိမ်ထောင်ပြုတဲ့အထိ အဆင်ပြေအောင် စိတ်ကို ထိန်းပြီး နေခဲ့ပါတယ်။

ကူးတဲ့ တံတားကြီးပါပဲ။ "ကျွန်မ သိပါတယ်။ ပြဿနာတော့ဖြစ်ပြီ။ ကျွန်မ ကိုယ်ထဲမှာ တစ်ခုခု ပြတ်သွားသလိုပဲ။ အဲဒီပြဿနာအကြောင်းကို သိဖို့ အများကြီးလိုတယ်ဆိုတာ ကျွန်မ သိပါတယ်။ သိပြီးတော့ ဒီပြဿနာကို ဖြေရှင်းရမယ်ဆိုတာလည်း သိပါတယ်။ အဲဒီလို ရင်ထဲမှာ ဖြတ်ခနဲ ဖြစ်လာရင် ကျွန်မ ရှေ့မတိုးရဲ၊ နောက်မဆုတ်ဝံ့ ဖြစ်တတ်ပါတယ်။ ကားထဲက မထွက်နိုင် ဖြစ်တတ်ပါတယ်။ မထွက်ဘဲ နေလို့လည်း မဖြစ်ပြန်ဘူး။ အဲဒီလို ဖြစ်တတ်တယ်။ ကြောက်စိတ်ဝင်လာရင် ကျွန်မဟာ နတ်ပူးသလို ဖြစ်ပြီး ဘာလုပ်ရမှန်းမသိလို့ ငိုငိုနေရတယ်"

သူက ဒီအကြောင်းကို သူ့မီးယပ်ရောဂါကုဆရာဝန်နဲ့ ဆွေးနွေးတယ်။ ဆရာဝန်က စိတ်ပညာဆရာဝန်ဆီကို လွှဲပေးတယ်။ အဲဒီမှာ ကုသမှု ခံယူတယ်။ "အဲဒီလိုလုပ်တာဟာ ၁၉၇၀ ပြည့်နှစ် ပတ်ဝန်းကျင်ကာလမှာပါ။ အဲဒီတုန်းက အလွန်အမင်း ကြောက်တတ်တဲ့ရောဂါမှာ အာရုံပြောင်းဖို့ လုပ်ပေးရမယ်။ လူအများနဲ့ တွေ့ထိဆက်ဆံမှု ပြုစေရမယ်ဆိုတာမျိုးတွေ လိုအပ်တယ်ဆိုတာ ဆရာဝန်တွေက မသိကြသေးပါဘူး။ ကျွန်မကို စိတ်ငြိမ်ဆေး ပေးတယ်။ အကြောင်း မထူးပါဘူး။ ပြီးတော့ ကျွန်မ ငယ်ငယ်တုန်းက အကြောင်းတွေမေးတယ်။ အဲဒီလိုလုပ်တာ ဘာမှ မထူးပါဘူး"

မိုနီးတားဟာ ပထမဆရာဝန်နဲ့ အကြောင်းမထူးတော့ တခြား ဆရာဝန်များ၊ နည်းလမ်းများကို ရှာတယ်။ သူက သူ့ရောဂါမှာ အကူအညီ လိုတယ်။ အကူအညီရအောင် ရှာရမယ်လို့သိတယ်။ "ဒီရောဂါမျိုးမှာ လူမသိ အောင် ဖုံးကွယ်ထားတာ အဆိုးဆုံးပဲ" လို့ သူက ပြောတယ်။

ဒီရောဂါနဲ့ သက်ဆိုင်တဲ့ စိတ်ရောဂါကု ဆရာဝန်တစ်ယောက် ယောက်အကြောင်း ကြားသိရတိုင်း လိုက်ပြီး ချဉ်းကပ်တယ်။ နောက် ဆရာဝန်က သူ့ကို ဇယ်နက်ခ်စ်ဆိုတဲ့ ဆေးတစ်မျိုးပေးတယ်။ ကြောင့်ကြမှု ပျောက်စေတဲ့ ဆေးမျိုးပါ။ နောက်ဆုံးကျတော့ မိုနီးတားဟာ Agoraphobics in Motion (AIM) ဆိုတဲ့အဖွဲ့နဲ့ ဆုံမိတော့တယ်။ အဲဒီအဖွဲ့ဟာ မစ်ရှီဂန် ပြည်နယ်၊ ဝါးရင်းမြို့က ဘုရားရှိခိုးကျောင်းနားမှာရှိတဲ့ အဆောက်အအုံမှာ အင်္ဂါနေ့တိုင်း တွေ့ဆုံ ဆွေးနွေးကြတယ်။ အဲဒီအဖွဲ့ဟာ ပဓာနအားဖြင့်



နှစ်ခုအပြင်ပ လူတွေ သွားလာနေတဲ့ ကွင်းပြင်မှာ နေရမှာကြောက်တဲ့ ဝေဒနာ ရှင်တွေကိစ္စကို ဆွေးနွေးကြတယ်။ မိုနီးတားက အဲဒီ ဝေဒနာရှင်မျိုးမဟုတ် ဘူး။ သူ့လို ဝေဒနာရှင်များကိုတော့ "အလွန်အမင်း ကြောက်တတ်တဲ့ ရိုးရိုး ရောဂါဝေဒနာရှင်" အမျိုးအစားထဲမှာ ထည့်ထားတယ်။ အဲဒီအစိတ်အပိုင်းမှာ ပါတဲ့ ဝေဒနာရှင်တွေဟာ ကြောက်တတ်တာတစ်ခု၊ ဒါမှမဟုတ် နှစ်ခုတော့ ရှိရမယ်တဲ့။ "အဲဒီအဖွဲ့အစည်းအဝေးကို အင်္ဂါနေ့တိုင်း တက်ရတာ ကျွန်မမှာ အကျိုးထူးပါတယ်။ အစည်းအဝေးမှာ ဘာအကြောင်းပဲ ဆွေးနွေး ဆွေးနွေး ကျွန်မနဲ့ကျွန်မလို လူတွေကတော့ အချင်းချင်းသိကျွမ်းရင်းနှီးရတာ အမြတ်ပဲ။ ရှေ့မတ်အကြိုနေ့ဟာ အင်္ဂါနေ့ဆိုရင်လည်း အစည်းအဝေးမှာ တစ်ယောက် ယောက်တော့ စကား ပြောဖော်ပြောဖက် တွေ့ရသေးတာပဲ။ အဲဒီအဖွဲ့ အစည်းအဝေး တက်လို့ ကျွန်မမှာ ခရီးရှည် လမ်းမကြီးနဲ့ မြင့်တဲ့ အဆောက်အအုံတွေနဲ့ ပတ်သက်တဲ့ ကြောက်စိတ်တော့ မရှိသလောက် ဖြစ်သွားပါတယ်။ လျှပ်စစ် ဓာတ်လှေကားနဲ့ ပတ်သက်တဲ့ ကြောက်စိတ် ကတော့ ပေါ်တဲ့အခါ ပေါ်တယ်။ ပျောက်တဲ့အခါတွေလည်း ရှိပါတယ်။ အဲ- တံတားနဲ့ ပတ်သက်တဲ့ ကြောက်စိတ်ကတော့ ပျောက်အောင် အချိန်ယူရမှာ ဖြစ်ပါတယ်" တဲ့။

"ကျွန်မမှာ ကူညီတဲ့လူတစ်ယောက် ရှိပါတယ်။ ကျွန်မ တံတားကို ဖြတ်ကျော်ရာမှာ လိုက်တယ်။ အစတော့ တံတားပေါ် တစ်ခါတလေ ဖြတ် တယ်။ ဒါနဲ့ မဖြစ်နိုင်သေးဘူး။ တံတားကို နေ့စဉ်နေ့တိုင်းဖြတ်ဖို့ လိုအပ် တယ်။ အလုပ်သဘော လုပ်မှဖြစ်မယ်။ ဒါပေမယ့် ကျွန်မမှာ အလုပ်များလို့ တစ်နေ့တစ်ခေါက် တံတားပေါ် ကားနဲ့ဖြတ်လို့ မဖြစ်နိုင်ပါဘူး။ တံတားပေါ်မှာ ခေါက်တုံ့ခေါက်ပြန် သွားတော့ အကောက်တောင်းတဲ့ လူတွေက တစ်ခေါက် တစ်ခါ တံတားကူးခ ပေးရမယ်ပြောတယ်။ ကျွန်မက ကျွန်မပြဿနာနဲ့ ကျွန်မ ကားမောင်းတာပါလို့ပြောလည်း မရပါဘူး။ အကောက်တော့ အခေါက် တိုင်း ပေးရမယ်တဲ့။ ကျွန်မလည်း တံတားပေါ်က ကြောက်စိတ်ပြဿနာကို တံတားပေါ် နေ့တိုင်း ကားမောင်းတာနဲ့ပဲ ဖြေရှင်းလို့ရပါတယ်။ တစ်နေ့မှာ တစ်ခေါက်မက အခေါက်တော်တော်များများ ဖြတ်တာဖို့ ကြောက်စိတ်ဟာ



တဖြည်းဖြည်း လျော့သွားပြီး နောက်ဆုံးတော့ ပျောက်သွားပါတယ်။ "ကားမောင်းပြီး တံတားဖြတ်ကျော်ရာမှာ လမ်းခုလတ်မှာ ကြောက်စိတ်ဝင် ပြီး ရှေ့ဆက် မမောင်းနိုင်ရင် နောက်ကလာတဲ့ကားဆရာကို တံတားဟိုဘက် ထိပ်အထိ မောင်းပေးဖို့ တောင်းပန်ရတယ်။ ဒီနည်းဟာ တကယ်တော့ သိပ်မကောင်းဘူး။ ကားမောင်းပေးမယ့်လူက ဘယ်လိုလူမှန်း မသိတော့ ပြဿနာက ပိုကြီးပြီးပိုကြောက်စရာကောင်းပါသေးတယ်။ ဒါပေမယ့် ကျွန်မ မှာ ဒီလိုလုပ်လို့ မရတော့ဘူး။ အရဲစွန့်ရတော့တာပေါ့" လို့ ပြောပါတယ်။ အခုတော့ မိုနီးတားဟာ သူ့ဘာသာသူ ကားမောင်းပြီး တံတားဖြတ်ကျော် နိုင်ပါပြီ။

မိုနီးတားဟာ သူ့ကြောက်စိတ်က အနှောင့်အယှက်ပေးပေးမယ်လို့ အများကြီး အလုပ်အကိုင် ပြီးစီးပါတယ်။ သူဟာ ဆေးခန်းမှာ လက်မှတ်ရ ဆေးစပ်နည်းပညာရှင်တစ်ဦးဖြစ်တယ်။ ဒေါ်နဲ့ လားရျှဲ ဆင်းဂါး တေးဂီတ အဖွဲ့မှာ တေးဆိုတဲ့ တေးသံရှင်တစ်ဦးလည်းဖြစ်တယ်။ အဲဒီ တေးဂီတအဖွဲ့က စီဘီအက်စ် အသံလွှင့်ဌာနမှာ လူငယ်အဆိုတော်များကို ပွဲထုတ်ပေးတယ်။ အဲဒါ လွန်ခဲ့တဲ့ ၁၉၄၀ ပြည့်နှစ်က စပြီး ၁၉၆၀ ကျော် ကာလအတွင်းမှာရှိတဲ့ တေးဂီတအဖွဲ့ဖြစ်ပါတယ်။ မိုနီးတားဟာ အဖွဲ့ဝင် တချို့နဲ့ နယ်လှည့်ပြီး တေးဆိုတယ်။ အဲဒီလို ခရီးသွားခိုက်မှာ သူဟာ တံတားတွေ အများကြီး ဖြတ်ကျော်ခဲ့ပါတယ်။ ဘာမှ မဖြစ်တော့ပါဘူး။

"တစ်ခါတလေ ကျွန်မမှာ ကြောက်စိတ် လုံးဝ ကင်းပေပြီ စိတ်ချမ်းချမ်းသာသာနေရပါတယ်။ ဒါပေမယ့် ပြဿနာပေါ်တဲ့အခါလည်း ပေါ်တာပေါ့။ တကယ်တော့ လူတိုင်းမှာ ပြဿနာဆိုတာ ပေါ်တာပဲ မဟုတ်လား။ အဲဒီအခါမှာ အကူအညီ လိုပါတယ်။ ကူညီ စောင့်ရှောက်မယ့်သူကို ရှာရ ပါတယ်။ အဲဒီလို လူအများနဲ့ တွေ့ထိနေရတာဟာ ဒီ ကြောက်စိတ်ရောဂါ အတွက် အထူးလိုအပ်ပါတယ်။ အင်မတန် အရေးပါပါတယ်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဖို့ လိုပါတယ်။ ဒါပေမယ့် လက်တွေ့တော့ တစ်ခါ တစ်ခါ ဒုက္ခတွေ့ရတတ်တယ်။ ကျွန်မက တစ်ခါတလေ ကားနဲ့ တံတားကို တစ်ယောက်တည်း ဖြတ်ကျော်ရာမှာ ကိုယ့်သတ္တိကို ကိုယ်ယုံတာတော့ ဟုတ်



ပါရဲ့။ ဒါပေမယ့် သတ္တိတွေ ပျောက်သွားပြီး ကြောက်အားပိုတဲ့အခါလည်း ရှိပါတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုဖြစ်မယ်"

သူပြောတာ မှန်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ကျွန်တော်ဟာ တစ်နိုင်ငံလုံးမှာ ရာပေါင်းများစွာသော ကြောက်စိတ် ရောဂါဝေဒနာရှင်တို့ကို တွေ့ခဲ့ဖူးပါတယ်။ ကျွန်တော်တို့ အားလုံးဟာ ကြောက်စိတ်ရဲ့ နှိပ်စက်ခြင်းကို တစ်ခါမဟုတ်တစ်ခါ ခံကြရပါတယ်။ အဲဒီလို ခံစားရတဲ့ အခါမှာ ကျွန်တော်တို့ထက် ပိုခံရသူ မရှိဘူးလို့ ထင်နိုင်ပါတယ်။ ကျွန်တော်ဟာ ပက်လက်ကုလားထိုင်ပေါ် ထိုင်ပြီး ပြောချင်ရာ ပြောနေတဲ့ စိတ်ပညာဆရာလို့ပဲ ခေါ်ချင်ခေါ်ပါ။ လူတိုင်းလူတိုင်းပဲ ကိုယ့်မှာ ဖြစ်တာကို အကြီးကြီးလို့ ထင်တဲ့ အတ္တစိတ် ရှိကြတာချည်းပါပဲ။ ကြောက်စိတ်ရှိတဲ့ လူဟာ တစ်ကိုယ်တည်း ကြိတ်ခံနေဖို့ မသင့်ပါဘူး။ ကိုယ့်လိုပဲ တခြား ဝေဒနာရှင် ရှိတာပဲ။ ကုသခံရအောင် လုပ်သင့်ပါတယ်။ ကျွန်တော်တော့ ဒီလိုပဲ ခံယူပါတယ်။ အခုပြောပြခဲ့တဲ့ အမျိုးသမီး သုံးယောက်လည်း ဒီလိုပါပဲ။ အဲဒါ သတိပြုကြစေချင်ပါတယ်။

---

သူတို့ပေးတဲ့ တစ်နှစ် ဒေါ်လာနှစ်သောင်းကိုယူပြီး Underwater Storage ဆိုတဲ့ ကုမ္ပဏီမှာ ရှယ်ယာဝင်တယ်။ အဲဒီကုမ္ပဏီက အစိုးရမှတ်တမ်းတွေကို ပလတ်စတစ်သေတ္တာကြီးထဲထည့်ပြီး ဘာမြူးဒါးကျွန်းနားက ပင်လယ်ထဲမှာ မြှုပ်တဲ့လုပ်ငန်းလုပ်တယ်။ ကျွန်တော်လည်း အဲဒီကုမ္ပဏီထဲ ရှယ်ယာဝင်လိုက်တာ မှားတာပေါ့။ ကျွန်တော့် အရင်းအနှီးငွေ ပျောက်ဆုံးသွားတာပေါ့။ အစိုးရမှတ်တမ်းတွေလည်း ဘာဖြစ်ကုန်တယ် မပြောတတ်ပါဘူး။ ဒါနဲ့ ကျွန်တော်ဟာ ဂိုးလ်ဒ်စတိုင်းစကား နားထောင်ပြီး လေးနှစ်လောက် လုပ်ခဲ့တဲ့ ထဲက လခတွေကို ရှယ်ယာ ဝင်လိုက်ရင် ဒေါ်လာ ခုနစ်သန်းလောက် အဖတ်တင်မှာပေါ့လောက်ဆိုတော့ ဘယ်နည်းမလဲ။ ယူတတ်မှ ရတာပေါ့လေ။

ကျွန်တော့်ရဲ့ ဟာသလုပ်ငန်းဟာ ဗိုဇိုအဖြစ်နဲ့ရော၊ ရော်နယ် မက်ဒေါနယ်အဖြစ်နဲ့ရော အဆုံးသတ်တာ မဟုတ်ပါဘူး။ ကျွန်တော် ဘာဖြစ်ဖြစ် လုပ်တတ်တယ်ဆိုတဲ့ နာမည်ရပါတယ်။ ဝီးလ်လဒ်က ဘာမဆိုလုပ်တတ်တာလို့ ဝါရှင်တန်မြို့တော်တစ်ဝိုက်မှာ ပြောကြတယ်။ သူတို့ပြောတာ မှန်ပါတယ်။ ကျွန်တော် ဟာသနောပြီး ကြော်ငြာတဲ့လုပ်ငန်းတွေ၊ တော်နဲ့တွေ လုပ်တတ်ပါတယ်။ ကျွန်တော့်အကျိုး၊ ကျွန်တော့်ဌာနအကျိုး၊ ပြပွဲအကျိုး ဖြစ်စေမယ်ဆိုရင် လုပ်ဖို့ ဝန်မလေးပါဘူး။

အဲဒီသဘောထားကို "ယနေ့" ဆိုတဲ့ အသံလွှင့်အစန်းကဏ္ဍမှာလည်း ရှင်ဝယ်ပိုက်ပါတယ်။ ကျွန်တော်ဟာ ကာမင်း မီရင်းဒါး(ကချေသည်မ) လို ဝတ်ပြီး မိုးလေဝသကြေညာခန်းကို လုပ်ပြပါတယ်။ နိုင်ငံတစ်ဝန်းက လူအများက အဲဒီအခန်းကို အမှတ်ရကြတယ်။ သဘောကျကြတယ်။ ကျွန်တော်ဟာ အသံလွှင့်ရာမှာ ပုံစံအမျိုးမျိုး၊ အသွင်အမျိုးမျိုး၊ နည်းအမျိုးမျိုး နဲ့ တာဝန်ထမ်းဆောင်ပါတယ်။ ကာမင်း မီရင်းဒါး အသွင်လုပ်ပြတာဟာ တကယ်တော့ ကိုးယိုးကားယားနိုင်ပါတယ်။ ဒါပေမယ့် လူတွေက အတော်ကို သဘောကျကြတယ်။ သူတို့ မမျှော်လင့်တဲ့ ပုံသဏ္ဌာန် မြင်တွေ့ရတော့ သဘောကျကြတာပေါ့။ ကျွန်တော်လည်း ကိုးယိုးကားယားပုံစံကနေပြီး နံ့ညားညား အထိ အမျိုးမျိုး လုပ်ပြပါတယ်။ နိုင်ငံတစ်ဝန်းလုံးက သတင်းစာကြီးတွေက နောက်နေ့ထုတ် စာစောင်တွေမှာ ကျွန်တော့်ဓါတ်ပုံကို



ထည့်ပြီး ပြပါတယ်။ ကျွန်တော် လုပ်ပြတာလည်း အမျိုးစုံပါပဲ။ တစ်ခါတလေ သားငိုက်ကောင်သဏ္ဌာန် လုပ်ပြတယ်။ အားလုံးဟာ စိတ်ဝင်စား စရာပဲ။

တစ်ခါတလေ ဓါတ်ပုံရိုက်ရာမှာ ဟန်လုပ်ပြရတာ ရှိတာပေါ့။ ကျွန်တော်တော့ ရယ်စရာဖြစ်မယ့်ပုံစံမျိုးဆိုရင် လုပ်ရတာ ဝန်မလေးပါဘူး။ တစ်ခါက ကျွန်တော့်ဆံပင်တွေ နယူးယောက်မြို့မှာကျွန်ခဲ့တယ်။ လော့စ်အိန်ဂျလီ ရောက်တော့ မတတ်သာတာနဲ့ ဦးထုပ်ပါတဲ့ မင်းသားချောကလေး ဝတ်စုံကို ရှို့ စီစဉ်ပေးပါလို့ ကျွန်တော့်ရုံးကို တယ်လီဖုန်းနဲ့ မှာလိုက်ရတယ်။ ဦးထုပ်က ပန်းပွားတွေနဲ့ သိပ်ဟန်တာပဲ။ ဖောက်စ် အသံလွှင့်ဌာနက ဝဝ ထိပ်ပြောင်ပြောင် လူကြီးမျိုးကို မလိုချင်ဘူး။ လူပြက်ကိုသာ လိုချင်တာ။ ကျွန်တော်က သူတို့အလိုအတိုင်း ဖန်တီးပေးလိုက်တာပေါ့။ ကျွန်တော့်ဘဝ တစ်လျှောက်ကျွန်တော်လည်း လူပြက်တွေ အတော်များများ တွေ့ဖူးပါတယ်။ အိန်ဘီစီ ရုပ်မြင်သံကြားဌာနက လူပြက်တွေကတော့ ခန့်ခန့်ငြားငြား ဆောင်းဘီအစင်းတွေ အကွက်အစင်းတွေ ဝတ်ကြတယ်။ တချို့လူပြက်တွေဟာ ဂျက်တော်အဆောက်အဦတို့ အိမ်ဖြူတော်တို့မှာ သူတို့ဟာ တစ်ခါတစ်ရံ ထိပ်တန်းလူကြီးများ ရှေ့မှာ အသုံးတော်ခံကြပါတယ်။ သူတို့ရဲ့ ပြက်လုံးတွေကတော့ ရယ်စရာ မကောင်းပါဘူး။ ကျွန်တော်က ပျော်စေမျက်စေ ပြောတာပါနော်။ ကျွန်တော့်အနေနဲ့တော့ လူတွေရယ်ဖို့ဆိုရင် ဘာပဲ လုပ်ရ လုပ်ရ လုပ်မှာပဲ။ အဲဒီလိုပဲ လူပြက်ကြီးတွေက ဆိုပါတယ်။ သူတို့ကို အမြဲ တွေ့ကြရပါလိမ့်မယ်။

---



## ကျွန်တော့်မိတ်ဟောင်း ဗိုဇို

**လယ်ရီ ဟားမင်း**

**လော့စ်အိန်ဂျလီ၊ ကယ်လီဖိုးနီးယား**

ဒီစာအုပ်ထဲမှာပါတဲ့ ပုဂ္ဂိုလ်တွေထဲမှာ လယ်ရီ ဟားမင်းဟာ ကျွန်တော့်ဘဝကို ပြောင်းလဲပေးနိုင်ဆုံး ဖြစ်ပါတယ်။ မသိသေးသူတို့အဖို့ ပြောရမယ်ဆိုရင် လယ်ရီ ဟားမင်းဟာ လူပြက်ကြီး ဗိုဇိုပေါ်ထွန်းလာရေးမှာ အရေးအပါဆုံးပုဂ္ဂိုလ်ပါပဲ။ မှန်ပါတယ်။ လယ်ရီ ဟားမင်းဟာ လူပြက်ကြီး ဗိုဇိုပါပဲ။ သူဟာ မေတ္တာတရား ပြည့်ဝပါတယ်။ ဟာသအရာမှာလည်း အတော့်ကို ပြောင်မြောက်ပါတယ်။ ကျွန်တော်တော့ သူ့ကို တစ်သက်လုံး မမေ့နိုင်ပါဘူးခင်ဗျာ။

လူအများ မသိကြပါဘူး။ လယ်ရီဟာ အသက်ငါးဆယ် နီးလာပါပြီ။ သူဟာ ဗိုဇိုကို ၁၉၄၀ ပြည့်နှစ်က ဖန်ဆင်းခဲ့ပါတယ်။ အဲဒီ လူပြက်ကလေးဟာ အိုဟိုင်းယိုးနယ်၊ ကလီဗလင်းမြို့က ဟိုက်စကူးကျောင်းသားအဖြစ်နဲ့ ပေါ်ထွန်းလာခဲ့တာပါ။ အိုဟိုင်းယိုးနယ်တစ်ဝိုက်က ကပွဲအခွဲ့တွေ၊ ကပွဲရုံတွေ၊ လူထုပွဲတွေအတွက် လယ်ရီရဲ့ လက်ဆောင်တစ်ခုလို့ ဆိုနိုင်ပါတယ်။ "ကျုပ်ဟာ ဖျော်ဖြေရေးသမားတစ်ယောက်ပါ။ ကျုပ်ရဲ့ ကိုယ်စားပြု ဇာတ်ကောင်တစ်ယောက် ဖန်ဆင်းဖို့ အခါအခွင့်ကို ကြည့်နေခဲ့ပါတယ်။ အဲဒီဇာတ်ကောင်ဟာ ကျုပ်မရှိတော့မှာဘဲ ကျန်နေခဲ့စေဖို့ ရည်ရွယ်ပါတယ်။ သက်ဆိုးရှည်တဲ့ ဇာတ်ကောင်တစ်ယောက် ဖြစ်ဖို့ လိုလားပါတယ်" လို့ လယ်ရီက ပြောပါတယ်။

လယ်ရီနဲ့ပတ်သက်လို့ ကျွန်တော် အထူးသဘောကျမိတာကတော့ သူဟာ ဗိုဇိုကို တီထွင်ဖန်ဆင်းရာမှာ စနစ်တကျ လုပ်ဆောင်တဲ့အချက်ပါပဲ။ သူက စာကြည့်တိုက်ကိုသွားပြီး အရင်က ထူးခြားတဲ့ ဟာသဇာတ်ကောင်များအကြောင်းကို လေ့လာပါတယ်။ သူဟာ သူ့ရည်ရွယ်ချက်ကို ကောင်းစွာ သတ်မှတ်ပြီး ဖြစ်မြောက်အောင် ရှင်းကပ်ရာမှာ အတွေးအမြင်ရှိတဲ့ ရှာဖွေ



ဖောက်အနေနဲ့ဆောင်ရွက်ပါတယ်။ "ကျုပ်လေ့လာတော့ တွေ့ရတာ ဟာသ နယ်ပယ်မှာ လူပြက်ဟာ အဓိက ဇာတ်ကောင်ပဲဆိုတာ တွေ့ရပါတယ်။ ရှေးခေတ် ဘုရင်တွေလက်ထက်က နန်းတော်မှာ ဘုရင့်အသုံးတော်ခံ လူရွှင်တော်တွေ ရှိတာပဲ မဟုတ်လား။ ဒါကြောင့် ကျုပ်က လူပြက်တစ်ယောက်ကို ဟာသဇာတ်ကောင်အဖြစ် တီထွင်လိုက်တာပါပဲ" လို့ လယ်ရီက ပြောတယ်။

လယ်ရီရဲ့ လူပြက်ဟာ ဗိုဇိုပဲ။ "ဗိုဇိုဆိုတဲ့ နာမည်ကို ဘယ်ဘာသာ စကားမှာမဆို သုံးလို့ရတယ်။ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်စတဲ့ ဘာသာစကားတို့မှာပေါ့"လို့ လယ်ရီက ပြောပါတယ်။ အဲဒီ လူပြက်ဇာတ်ကောင်ဟာ ဒုတိယကမ္ဘာစစ်ကြီး ကလီဗလင်းနယ် တစ်ဝိုက်မှာ နာမည်ရလာတယ်။ ဖြစ်လာတော့စစ်တပ်မှာ တာဝန်ထမ်းဆောင်ဖို့ ဆင့်ခေါ်တဲ့အခါ လယ်ရီဟာ လူပြက်အဝတ်အစားတွေကို ထုပ်ပိုးပြီး အရပ်တကာ လျှောက်သွားခဲ့တယ်။ အက်ဒီ ကင်းတား၊ အဲလ် ဂျွန်ဆင်စတဲ့ လူရွှင်တော်ကြီးတွေက လယ်ရီကို သဘောကျကြတယ်။ သူတို့က စစ်ပြီးတဲ့အခါ အနောက်ပိုင်းဒေသကို ပြောင်းလာဖို့ တိုက်တွန်းတယ်။ လယ်ရီဟာ တောင်ပိုင်း ကာလီဖိုးနီးယား တက္ကသိုလ်မှာ ကျောင်းဆက်တက်တယ်။ တက္ကသိုလ်မှာ ဘင်တီးခဲ့ပါတယ်။ သူ့ရည်ရွယ်ချက်က ဆရာဝန်ဖြစ်ဖို့ပါပဲ။ ဒါပေမယ့် လူပြက်လုပ်ချင်တဲ့စိတ် သူ့မှာ ဝိုက်ခဲနေတော့ စာဘက်မှာ အားနည်းသွားတယ်။ စာသင်ရင်း လူပြက်လုပ်ရင်းပဲ သူဟာ ၁၉၄၀ နောက်ပိုင်းမှာ ရုပ်ရှင်နယ်ထဲကို နည်းနည်းဝင်ဝင် ပါတယ်။ သူဟာ ကလပ် ဂေဘဲလ်၊ စပဲန်ဆာ ထရေးစီစတဲ့ နာမည်ကြီး ရုပ်ရှင် ဇာတ်လိုက်ကြီးတွေနဲ့ တွဲဖက် ပါဝင်ခဲ့ဖူးတယ်။ သူ့ဂီတဝါသနာ ကိုလည်း လက်မလွှတ်ပါဘူး။ ဆက်ပြီး လုပ်နေပါတယ်။

၁၉၅၅ ခုနှစ်ပတ်ဝန်းကျင်မှာ လယ်ရီဟာ KTLA-TV တယ်လီဗေးရှင်း ဌာနမှာ ကလေးများအစန်းဖွင့်ဖို့ ကြိုးစားတာ အောင်မြင်သွားပြီး သူ့လူပြက် အခန်းကို သိပ်ပြီး လူကြိုက်များတာပဲ။ လော့စ်အိန်ဂျလီမြို့ တစ်ဝိုက်မှာ ချက်ချင်းပဲ နာမည်ရသွားတယ်။ လယ်ရီက သူ့အောင်မြင်မှုကို တိုးချဲ့ပြီး သူ့အသံလွှင့် သရုပ်ဆောင်ချက်ကို နိုင်ငံတစ်ဝန်းလုံး ပျံ့နှံ့အောင် ဖြန့်တယ်။

အတူနိုးပါတယ်။ ကျွန်တော့်ကိုလည်း အခုကလေးတွေက လိုက်ပြီး ကြမှာပဲလို့ ထင်မိပါတယ်။ အဲဒီလို တွေးမိတိုင်း ကျွန်တော်တော့ သိပ်ကျေနပ်တယ်။ တစ်ခါတလေဆိုရင် ကလေးတွေက ကျွန်တော့်ဆီ စာရေးကြတယ်။ သူတို့တွေရဲ့ မပီသတဲ့လက်ရေးနဲ့ ရေးတဲ့စာတွေပေါ့။ သူတို့စာကို မြန် ကြားဘဲ ဘယ်နေရက်မှာလဲ။ အဲဒီလိုနဲ့ တချို့ကလေးတွေဟာ ကျွန်တော့်နဲ့ စာပေးစာယူလုပ်ကြရင်း အခုဆို ဟိုက်စကူး အောင်သွားကြပြီ" လို့ တော်မီ က ပြောပြပါတယ်။

တော်မီနဲ့တယ်မီတို့ ဟာသမောင်နှံဟာ ကလေးတွေရဲ့ နှလုံးသား ထဲမှာ ဟာသဓာတ် အမြစ်တွယ်အောင် လုပ်ပေးနေကြပါတယ်။ "ကျွန်မဟာ ပရိသတ်ကြီး တစ်ခုလုံးကို လှမ်းကြည့်ပြီး မျက်နှာတွေ ပင်လယ်ပြင်လို ဖြစ်နေတဲ့ထဲက ကလေးတစ်ယောက်ရဲ့ မျက်နှာကို မျက်မှန်းတန်းမိရင် သူ့ကို စိုက်ကြည့်ပြီး သူ့အတွက်အဲဒီညမှာ ကျွန်မ အသုံးတော်ခံပါတယ်။ ပရိသတ် ကလည်း သူတို့အတွက် ကပြအသုံးတော်ခံနေတာပဲလို့ ကိုယ်စီကိုယ်ငံ့စား ကြရတာကို ကျွန်မ ရိပ်စားမိပါတယ်။ အဲဒါဟာ ကျွန်မတို့လူရွှင်တော်တွေအို့ အကောင်းဆုံး အချက်တစ်ရပ်ပဲ ဖြစ်ပါတယ်ရှင်" လို့ တယ်မီက ဆိုတယ်။ ကျွန်တော်လည်း တယ်မီရဲ့ ဆိုလိုရင်းကို ကောင်းကောင်းကြီး နားလည်ပါ တယ်။

---



## ပြုံးမျက်နှာ ထားလိုက်စမ်းပါ

ဒေါ်နီ ဘားရှမ်းမ်
လူးဝစ္စဗီးလ်၊ ကဲန်တပ်ကီး

ကျွန်တော်နဲ့အတူ လုပ်ကိုင်ဖူးတဲ့ လူရွှင်တော်တွေမှာ အလုပ်သဘော လုပ်ကြသူတွေ များပါတယ်။ ဒါပေမယ့် စေတနာ တကယ်မှန်ကန်ထက်သန် ပြီး ကျောင်းများ၊ ကလေးဆေးရုံများ၊ လူအိုရုံများ စသည်တို့ကို သွားပြီး အဲဒီက ကလေးတွေ ပြုံးလာကြအောင် ကြိုးစားတဲ့ လူရွှင်တော်တစ်စုလည်း ရှိပါတယ်။

ဒေါ်နီ ဘားရှမ်းမ်ဟာ အဲဒီလို ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ ဒေါ်နီဟာ ရှရိုင်းအဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ လူးဝစ္စဗီးလ်မြို့က ကောဆေးရှရိုင်းမှာ တည်ထောင်တဲ့အဖွဲ့ပါ။ အဲဒီအဖွဲ့ဝင်တွေဟာ ကောင်းမှုတွေပြုဖို့နဲ့ ပျော်ပျော် ရွှင်ရွှင်နေကြဖို့ ကြိုးပမ်းကြရပါတယ်။ အဲဒီ ကောဆေးရှရိုင်းဆိုတဲ့ အဖွဲ့ဟာ အဖွဲ့က တည်ထောင်ထားတဲ့ ဆေးရုံကို ထောက်ပံ့နေရပါတယ်။ အဲဒီ ဆေးရုံဟာ တခြားအထောက်အပံ့ မယူဘဲ ရပ်တည်နေပါတယ်။ ကောဆေး ကလေးဆေးရုံဟာ ဒေါ်လာ တစ်ဆယ့်ခြောက်သန်း နှစ်စဉ် ထောက်ပံ့ကြေး အဖြစ်ရပါတယ်။ ပြီးတော့ အဲဒီအဖွဲ့မှာ လူရွှင်တော်အဖွဲ့ခွဲလည်း ရှိပါတယ်။ ကောဆေးလူရွှင်တော်အဖွဲ့မှာ ဒေါ်နီက ခေါင်းဆောင်ပါတယ်။ အဖွဲ့ဝင် နှစ်ဆယ် ရှိပါတယ်။ ရက်သတ္တပတ်တစ်ကြိမ် ဟာသကပွဲတစ်ပွဲ ကျင်းပပါတယ်။ ပြီး တော့လည်း စစ်ချီပွဲတွေနဲ့ တခြားပွဲတွေမှာလည်း ဝင်ရောက်အသုံးတော်ခံ ကြပါတယ်။ ကျွန်တော်ကိုယ်တိုင် အဲဒီလူရွှင်တော်အဖွဲ့ ပက်ဂဆပ်ပွဲတော်မှာ ကပြအသုံးတော်ခံတာကို မြင်တွေ့ဖူးပါတယ်။ ပြီးတော့ ကဲန်တပ်ကီးနယ်က ဒါဘီပြိုင်းပွဲမှာလည်း ပါဝင်ကပြကြပါတယ်။ ဒေါ်နီနဲ့ သူ့အပေါင်းအဖော်တွေ ဟာ ပွဲတော်တွေမှာ ပါဝင်အသုံးတော်ခံရုံသာ မကပါဘူး၊ ခုက္ခအမှောင်တွင်း ကျရောက်နေတဲ့ ဝေဒနာရှင်တွေကိုလည်း စိတ်သက်သာ ချမ်းမြေ့အောင် ကြိုးပမ်းဆောင်ရွက်ကြပါသေးတယ်။ သူတို့ဟာ ဆေးရုံတွေ၊ ကလေးဂေဟာ



တွေ၊ လူအိုရုံတွေသွားပြီး အဲဒီက လူမမာ ဒုက္ခိတတွေ စိတ်ပျော်ရွှင်အောင် ကြိုးပမ်းကြတယ်။

"ကျွန်တော် အစကဆိုရင် လူပြက်လုပ်တာနဲ့ ပတ်သက်လို့ ဘာမှ မသိနားမလည်ပါဘူး။ မိတ်ကပ်လိမ်းဖို့လည်း မလုပ်တတ်ပါဘူး။ ကျွန်တော့် ထက်ကြီးတဲ့ ပုဂ္ဂိုလ်တွေက သင်ပေးပါတယ်။ ဘယ်လို အမူအရာလုပ်ရမယ်၊ ဘယ်အခါမှာ ဘယ်အဝတ်အစားကို ဝတ်ရမယ်ဆိုတာတွေကို သင်ပေးလို့ ဘာမှ မသိသေးတဲ့ ကျွန်တော်ဟာ အစကနေပြီး သင်ယူရလို့ တတ်မြောက် လာတာပါ" လို့ ဒေါ်နီက ပြောပြတယ်။ "လုပ်တာကိုင်တာတွေဟာ သဘာဝ အတိုင်းဖြစ်ပြီဆိုရင် ဘာမှ ပူစရာ မလိုတော့ပါဘူး။ အနေအထား ကျသွား တာပါပဲ။ မတတ်သေးခင်သာ ခက်တာပါ။ ကျွန်တော်ဟာ ကျွန်တော့်ရဲ့အလုပ် ထဲမှာ နေ့ရောညပါ စိတ်ဝင်စားနေတာပါပဲ။ လူပြက်အဝတ် ဝတ်လိုက်ပြီ ဆိုရင် ကျွန်တော်ဟာ ဘာပဲဖြစ်ဖြစ် လုပ်တတ်တယ်။ ကျွန်တော့်စိတ်ထဲက လူရွှင်တော်စိတ် ဖြစ်နေပြီပဲ။ ဘာမှ စိတ်အနှောင့်အယှက် မဖြစ်တော့ဘူး" လို့ ဆက်ပြောပါတယ်။

ဒေါ်နီဟာ အမေရိကန်နိုင်ငံ တပ်မတော် အင်ဂျင်နီယာအဖွဲ့မှာ မန်နေဂျာတစ်ဦးဖြစ်တယ်။ သူ့အလုပ်က လူပြက်အလုပ်နဲ့ အတော်ကြီးကို အလှမ်းဝေးတဲ့ တည်တည်ကြည်ကြည်လုပ်ရတဲ့ အလုပ်ဖြစ်တယ်။ ဒါပေမယ့် အားလပ်ချိန်မှာ လူပြက်ဖြစ်အောင် ဘောင်းဘီအပွကြီးဝတ်ပြီး မျက်နှာခြေ သုတ်ပြီး ကပြ အသုံးတော်ခံတယ်။ အင်ဂျင်နီယာဌာနက သူ့လက်အောက် ငယ်သားတွေက လူပြက်ကြီးတစ်ယောက် လက်အောက်မှာ လုပ်ရတယ်လို့ ပြောလဲ သူ့အတွက် စိတ်အနှောင့်အယှက် မဖြစ်ပါဘူး။ သူ့ရုံးခန်း အလုပ်စားပွဲ ပေါ်မှာ လူပြက်လိုဝတ်ပြီး ရိုက်ထားတဲ့သူ့ဓါတ်ပုံကို တင်ထားတယ်။ "ရုံးထဲ မှာတော့ အနှောင့်အယှက် အဖုအထစ်တွေ ရှိတာပေါ့။ ဒါပေမယ့် ရုံးပြင်မှာ လုပ်ဆောင်စရာတွေ အများကြီး ရှိသေးတယ်ဆိုတာ ကျွန်တော်ကော၊ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်တွေကပါ သိထားကြပြီးဖြစ်ပါတယ်။ အဲဒီလို ယုံကြည်ချက်ဟာ အလုပ် လုပ်ရာမှာ အထောက်အပံ့ဖြစ်ပါတယ်။"

ကောဆေး လူရွှင်တော်အဖွဲ့မှာ ပါဝင်တဲ့ လူနှစ်ဆယ်ရဲ့ အသက်



တွေက လူငယ်အရွယ်တွေ၊ အငြိမ်းစားယူရမယ့် အရွယ်တွေအထိပါပဲ။ ဒေါ်နီ တော့ မငယ်မကြီး အလယ်လောက်မှာရှိတယ်။ အဲဒီ အပျော်တမ်းလူရွှင် တော်အဖွဲ့ထဲမှာ ရှေ့နေတွေ၊ ဆရာဝန်တွေ၊ ငွေစာရင်းအရာရှိတွေ၊ ဒေသခံ စီးပွားရေးသမားတွေ ပါဝင်ပါတယ်။ အဲဒီအဖွဲ့ဟာ တစ်နှစ်မှာ ကုန်ကျစရိတ် အတ်ချက်ငွေ ဒေါ်လာ လေးထောင်နဲ့ လုပ်ဆောင်နေတာ။ အဖွဲ့ဝင်တွေက ကိုယ့်ငွေကြေးနဲ့ကိုယ် အဝတ်အစားတွေ ဝယ်ကြပါတယ်။ (လူပြက် ဖိနပ် တစ်ရံ ဒေါ်လာ ၁၅၀ နဲ့ ၁၇၀ ကြားမှာရှိပါတယ်။) ဒေါ်နီက "ကျွန်တော်တော့ လူပြက်အဝတ်အစား အသစ်ကို အမြဲရှာနေပါတယ်။ ရင်းဂလင်းဘရားသား အဖွဲ့က လူပြက်တွေရဲ့ အဝတ်အစားတွေကိုကြည့်ပြီး ကျွန်တော်တို့သွားရည် ကျမိကြပါတယ်။ သူတို့ အဝတ်အစားတွေဟာ သစ်နေတာပဲ။ အချုပ်အလုပ် ကလည်း ကျနတယ်။ ကျွန်တော်တို့ကတော့ ရှိသမျှနဲ့ဖြစ်သလို လုပ်နေကြ တာပါပဲ" လို့ပြောပြပါတယ်။

"အဝတ်အစားက လူကို အကြောင်းထူးစေတာ မဟုတ်ဘူးဆိုသလို လူပြက် အဝတ်အစားနဲ့ချည်းတော့ အကြောင်း မထူးပါဘူး။ မိတ်ကပ်က အင်မတန် အရေးပါပါတယ်။ လူပြက်ဟာ လူပြက်နဲ့တူအောင် ပြုပြင်နိုင်မှ၊ မပြုပြင်နိုင်ဘူးဆိုရင် ကွဲတာပဲ။ လူပြက်မှာ မိတ်ကပ်မကောင်းဘူး၊ အစပ် မတည့်ဘူးဆိုရင် ရယ်စရာ မဖြစ်ဘဲ သနားစရာကြီး ဖြစ်နေတတ်တယ်။ အဲဒါ ဝမ်းနည်းစရာပေါ့။ လူပြက်ဆိုတာ လူတွေက မြင်လိုက်ရုံနဲ့ ရယ်ချင် စိတ် ပေါ်ရမယ်။ နောက်ပြောင် လုပ်ပြနေတာထက် ပုံပန်းသဏ္ဌာန်က ပိုအရေးပါပါတယ်" လို့ ဒေါ်နီက ပြောတယ်။

"ပြပွဲတစ်ခုအသွား လမ်းမှာ မီးနီပြလို့ ကားရပ်ထားရတဲ့အခါမှာ ကောင်လေးအချို့က ကျွန်တော် လူပြက်ကြီးမှန်း သိသွားတာနဲ့ ကားပြတင်း တံခါးကို ခေါက် ကြတယ်။ မီဘတွေကို ကားရပ်နိုင်းကြတယ်။ သူတို့ မိဘတွေကလည်း လှည့်ကြည့်ကြတယ်။ တစ်ယောက်က စတော့ အများကြီး ဖြစ်လာတာပေါ့" လို့ ဒေါ်နီက ပြောတော့ ကျွန်တော် ငိုနီ အဝတ်ကြီးဝတ်ပြီး လမ်းမှာ ကားမောင်းနေတဲ့အဖြစ်ကို သွားသတိရမိတယ်။

အပျော်တမ်းလူရွှင်တော်အဖွဲ့ဟာ တဖြည်းဖြည်းနဲ့ ပွဲကောင်းတာ

တွေ များလာပါတယ်။ "အနောက်တောင်ဒေသ ရှိရိုင်းလူရှင်တော်များ နှစ်ပတ်လည်ညီလာခံကို တက်ကြရပါတယ်။ ကျွန်တော်တို့ ဟိုတယ်မှာ တည်းနေကြတော့ ဓါတ်လှေကားထဲမှာ လူပြက်တွေ အပြည့်တွေ့ရတဲ့အခါ တခြားလူတွေ ကြည့်ကြတာ တစ်မျိုးကြီးပဲ။ ညီလာခံကို တဲန်နက်ဆီးပြည်နယ် မမ်ဖစ္စမြို့က ပီးဘောဒီး ဟိုတယ်မှာ ကျင်းပပါတယ်။ ကျွန်တော်ဟာ ကလေးဆေးရုံတွေကို သွားလည်ပြီး အသုံးတော်ခံရတော့ ကလေးတွေ ဆေးနာအမျိုးမျိုး ခံစားကြရတာတွေ၊ အင်္ဂါချို့တဲ့တာတွေ တွေ့ရတော့ စိတ်မချမ်းသာဘူး။ အိမ်ရောက်တော့ အင်္ဂါပြည့်ပြည့်စုံစုံနဲ့ ကျန်းကျန်းမာမာရှိတဲ့ ကျွန်တော့်သားနှစ်ယောက် တွေ့တော့ ဝမ်းမြောက် ကျေးဇူးတင်လိုက်တာ လွန်ပါရော"

• • •

ကျွန်တော် လူပြက်လုပ်တာ အတော်ကြာပါပြီ။ အဲဒီ နှစ်အတော်ကြာအတွင်းမှာ အတွေ့အကြုံတွေရ၊ သင်ခန်းစာတွေ အများကြီး ရပါတယ်။ ကျွန်တော်ဟာ နိုင်ငံမှာ အလှုပ်ရှားအများဆုံး အချိန်ကာလဖြစ်တဲ့ ၁၉၆၀ ပြည့်နှစ် ပတ်ဝန်းကျင်မှာ လူပြက်လုပ်တာ များပါတယ်။ လူမျိုးရေးကိစ္စနဲ့ ဗီယက်နမ်စစ်ပွဲတို့ကြောင့် လူတွေဟာ စိတ်နလုံး မကြည်မသာ ဖြစ်နေကြရ တဲ့အခိုက်မှာ ကျွန်တော်က လူပြက်အဖြစ်နဲ့ အသုံးတော်ခံလို့ သူတို့ပြုံးတာကို တွေ့ရတော့ ကျွန်တော့်တာဝန် အတော်ကျေပွန်တယ်လို့ ယူဆမိတယ်။

လူပြက်အဝတ် ဝတ်ပြီး မျက်နှာဖုံးကြီး စွပ်လိုက်တယ်ဆိုရင်ပဲ ကျွန်တော့်ရဲ့ ပင်ကိုယ်အသွင် ပျောက်သွားပါတယ်။ အဲဒီအခါမှာ ကျွန်တော်ဟာ လူတွေ မုန်းစရာဖြစ်တဲ့ လူမျိုးလည်း မဟုတ်တော့ဘူး။ နိုင်ငံရေးမှာ ကျွန်တော်ဟာ လည်း အတိုက်အခံဘက်သားလည်း မဟုတ်တော့ဘူး။ ဘယ်သူ့လူပြက်ပဲ။ လူပြက်ဆိုတာ ရိုးရိုးပဲ။ ဘယ်သူ့ရန်သူမှ မဟုတ်ဘူး။ ပျော်စေကမှလည်း မျက်မုန်းကျိုးဖို့ မလိုဘူး။ အဲဒီအခါမှာ ကျွန်တော်ဟာ မေတ္တာရှေ့တာပြီး ပြက်စေ ကလက်စေဆိုတဲ့ အခွင့်အရေးကို ရနေပါတယ်။



လူအများ ရယ်မောပျော်ရွှင်ရအောင် လုပ်ပြနေသူတစ်ယောက် ဖြစ်ပါတယ်။ တကယ့်ဘဝ မဟုတ်ဘဲ စိတ်ကူးယဉ်လောကဘဝ ဖြစ်တဲ့အတွက် လူတွေ အတွက်အာရုံစိုက်စရာ ဦးတို့ဓါတ် ရှိနေပါတယ်။ အဲဒီအခါမျိုးမှာ ကျွန်တော့်ကို အားလုံးက လက်ခံကြပါတယ်။ ဘယ်သူကမှ အာဃာတထားစရာ မလိုဘူး။ အဲဒီအဖြစ်ကို ကျွန်တော်ကျေနပ်အားရလက်ခံပါတယ်။ အခုဆိုရင် ကျွန်တော် လူပြက်ဘဝကို စွန့်ခွာခဲ့ပါပြီ။ အဲဒီအခါမှာ ကျွန်တော် လူပြက်လုပ်ခဲ့ရတာ ကျေနပ်အားရပါတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒေါနယ် အို ကောနားရဲ့ Singin' in the Rain ကားထဲမှာ Make 'Em Laugh (သူတို့ရယ်ကြပါစေ) ဆိုတဲ့ သီချင်းလို လူကို ရယ်စရာ အကောင်လို့ ထင်ချင် ထင်ကြပါစေ။ အောင်မြင်လာတော့ ထိပ်တန်းကပေါ့။

---



# ၁၀။ အမေရိကန်နိုင်ငံတစ်ဝန်း စေတနာရှင်များ

ကုသိုလ်ကောင်းမှု စေတနာဆိုတာ မိမိအိမ်က စတယ်လို့ ဆိုကြတယ်။ ကျွန်တော်နေတဲ့ အမေရိကန်နိုင်ငံက စေတနာရှင်တွေဟာ သူတစ်ပါးအတွက် အကျိုးဆောင်ရာမှာတော့ အကောင်းဆုံးပါပဲ။

ကျွန်တော် ဘယ်သူဆိုတာ အများသိနေတော့ ကုသိုလ်ရေးကိစ္စတွေမှာ မကြာခဏဦးဆောင်ဦးရွက် လုပ်ရပါတယ်။ ရပ်ကွက်မှာ ဆုပေးပွဲလုပ်တယ်ဆိုရင် အခမ်းအနားမှူး လုပ်ရတယ်။ အလှူငွေ ကောက်ခံတဲ့ ညစာစားပွဲမှာလည်း ဧည့်ခံရတယ်။ တစ်ခါတလေလည်း အကြံပေးအဖွဲ့မှာ ဥက္ကဋ္ဌလုပ်ရတယ်။ ကျွန်တော်က ဒီကိစ္စတွေအတွက် အချိန်ပေးရတာကျေနပ်ဝမ်းမြောက်ပါတယ်။ အကူအညီပေးလို့ ငွေကြေးရတာလည်း ရှိတယ်။ မရတာလည်းရှိပါတယ်။ ငွေကြေး ရရ၊ မရရ ကျွန်တော်တော့ အများအကျိုးအတွက် လုပ်ရမယ်ဆိုရင် အားကြိုးမာန်တက် လုပ်ပါတယ်။ ကျွန်တော် ငယ်စဉ်ကတည်းက သူတစ်ပါးအကျိုးဆောင်ရမယ်လို့ သွန်သင်ဆုံးမခံလာခဲ့တာပါ။ ကျွန်တော့်ကို ကျေးဇူးပြုတဲ့သူတွေကို ကျွန်တော် ကျေးဇူးဆပ်ဖို့ အသင့်ပါပဲ။ သူတို့ကျေးဇူးကြောင့် ကျွန်တော် အခုလိုအခြေအနေကိုရောက်လာတာပါပဲ။ ပြီးတော့လည်း ကောင်းတဲ့ကိစ္စ၊ အများအကျိုးရှိမယ့်ကိစ္စတွေ လုပ်ရမှာ ဘယ်တော့မှ ဦးမလေးပါဘူး။ ကျွန်တော်တို့နိုင်ငံမှာလည်း အများအကျိုး လုပ်စရာတွေ ပြည့်နေတာပဲ။

ကျွန်တော့်အဖို့ နောက်ကျမှ ပါဝင်ကူညီခဲ့ရတဲ့အကြောင်းတစ်ခုကို သည်းခံ နားထောင်ကြရင် ပြောပြချင်ပါတယ်။ အဲဒီ အကြောင်းကတော့ "အမေရိကန် အင်းဒီးယန်း" ဆိုတဲ့ အမေရိကန် အရင်းခံ တိုင်းရင်းသားလူမျိုးတွေ အကြောင်းပါပဲ။ "မျက်နှာဖြူ" တွေက နိုင်စက်ကြတာ နှစ်ပေါင်းများစွာ ရှိခဲ့ပါပြီ။ ကျွန်တော်ကတော့ တိုင်းရင်းသား အမေရိကန် အင်းဒီးယန်း လူမျိုးတွေအကြောင်းကို လေ့လာပါမှ အဲဒီအကြောင်းတွေက တစ်ဆင့် ကျွန်တော်တို့ အခုနေနေတဲ့ အမေရိကန်နိုင်ငံအကြောင်းကို ကောင်းစွာ သိနားလည်နိုင်မယ်လို့ အခိုင်အမာယုံကြည်ပါတယ်။ ကျွန်တော်တို့အတွက်



အမေရိကန်အင်းဒီးယန်းလူမျိုးများလည်း ပျောက်ဆုံးဖို့နီးပါပြီ။ သူတို့ရဲ့ နေထိုင်ပုံ ယဉ်ကျေးမှုတွေလည်း ပျောက်ဆုံးပါတော့မယ်။ ဒါကြောင့် ကျွန်တော်နဲ့တကွ လူတော်တော် များများက အဲဒီ ပျောက်ကွယ်လုနီးပါးဖြစ်တဲ့ အမေရိကန် တိုင်းရင်းသား အင်းဒီးယန်း လူမျိုးတို့ရဲ့ ဓလေ့ထုံးစံတွေကို အတော်ဆည်ဖို့ ကြိုးစားနေကြပါတယ်။

တစ်ခုခုကို မှန်မှန်ကန်ကန် လုပ်ရမယ်လို့ဆိုရင် အဲဒီအလုပ်ကို ကိုယ်တိုင်ကိုယ်ကျ လုပ်ရပါလိမ့်မယ်။ အားကြိုးမာန်တက် လုပ်ရပါလိမ့်မယ်။ တစ်ခုခုကို ထူးထူးခြားခြား လုပ်ရမယ်ဆိုရင် အထူးဂရုစိုက်ပြီး အပြီးတိုင် လုပ်ဖို့ လိုပါတယ်။ ငွေကြေး ထည့်ဝင်ဖို့ ကျွန်တော် မဆိုလိုပါဘူး။ ထည့်ဝင်ချင်လို့ ထည့်ဝင်ရင်လည်းကောင်းတာပေါ့။ ဆိုလိုတာကတော့ အဲဒီလိုအပ်တဲ့ ကိစ္စအတွက် လူကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ဖို့ အချိန်ပေးရမှာပဲဖြစ်တယ်။ စိတ်ပါဝင်စားမှု အပြည့်အဝ ရှိရပေမယ်။ စိတ်ရောကိုယ်ပါ လုပ်ကိုင်ရမှာပါ။

အဲဒီလို ဘဝတစ်ခုလုံး ပေးအပ်မြှုပ်နှံပြီး လုပ်သင့်လုပ်ထိုက်တယ်လို့ ယုံကြည်တဲ့ ကိစ္စတစ်ခုကို လုပ်တဲ့လူတွေ၊ ယောကျ်ားရော၊ မိန်းမပါ တွေ့ရတဲ့အခါ တွေ့ပါတယ်။ ဒါပေမယ့် တွေ့ရခဲတယ်လို့တော့ ဆိုရပါလိမ့်မယ်။ အဲဒီလို စေတနာသန့်သန့်နဲ့ မှန်မှန်လုပ်တဲ့ ပရဟိတလုပ်ငန်းတွေ အကြောင်းကို ကျွန်တော် ပြောပြချင်ပါတယ်။

အဲဒီလုပ်ငန်းမျိုးတွေကို လုပ်သူ လေးဦးအကြောင်းကို ရှေ့ဆက်ဖတ်ရင် တွေ့ရပါလိမ့်မယ်။ ဒီပုဂ္ဂိုလ်တွေဟာ အမျိုးသားရေးရာမှာ အလွန်တန်ဖိုးရှိတဲ့ အင်အားစုပါပဲ။ သူတို့ဟာ အလွန်လိုအပ်တဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ ပင်ပန်းကြီးစွာ လုပ်ဆောင်ကြပါတယ်။ လုပ်စရာ လက်ချည်းသက်သက်ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့က သူတို့အတတ်နိုင်ဆုံး လုပ်ဆောင်ပေးတဲ့အတွက် သူတို့ရဲ့ ကြိုးပမ်းချက်တွေဟာ အင်မတန် စေတနာထက်သန်ကောင်းမွန်ပြီး ပြီးမြောက်ကြပါတယ်။ သူတို့ရဲ့ ပရဟိတလုပ်ငန်းတွေဟာ အင်မတန်မှ အကျိုးထူးပါတယ်။ သူတို့ရဲ့ ဦးဆောင်မှုနောက်ကို လိုက်ကြရင် လူ့လောကကြီးကမ္ဘာဟာ အခုထက် နေသာထိုင်သာ နေရာကြီး ဖြစ်မှာပါပဲလို့ ကျွန်တော် ပြောချင်ပါတယ်။

---

F-12

အောင်မြင်ခဲ့ပါဘူးလို့ ဂျင်းမ်မီက ပြောပြတယ်။

နောက် ရန်ပုံငွေရရေးအတွက် စဉ်းစားပြီး တစ်လအတွင်းမှာ ဂျင်းမ်မီက ထမင်းတစ်ပွဲ ဒေါ်လာ တစ်ထောင်နဲ့ ဝယ်ယူတက်ရောက်ရတဲ့ ညစာစားပွဲကြီးတစ်ခု လုပ်တယ်။ အီးဂါးလ်ကလပ် ဘောကွင်းထဲက ပွဲကြည့်ရုံကြီးမှာလုပ်တာ။ အီးဂါးလ်ပိုင်ရှင် မစ္စတာတို့စ်ရဲ့ မိတ်ဆွေတွေက ထောက်ပံ့ကြေးထည့်ဝင်ကြလို့ ဒေါ်လာ ရှစ်သောင်းရတယ်။ အဲဒီလိုနဲ့ "သွေးကင်ဆာရောဂါရှင်များ အတွက် ဖျံသန်းတဲ့ထောက်ပံ့ရေးအဖွဲ့"ဟာ ဒေါ်လာတစ်သန်းတစ်သိန်း ရှစ်သောင်း ရလိုက်တယ်။ ပြီးတော့ ဒေသန္တရ အဖွဲ့တွေရဲ့ အကူအညီနဲ့ တခြားက အလှူငွေတွေလည်း ဝင်လာတယ်။ နောက်ဆုံး ဂျင်းမ်မီက ဆရာဝန်ကြီးလက်ထဲ ငွေထုတ်ချက်လက်မှတ် အပ်လိုက်တော့ ဆရာဝန်ကြီးက "ကျေးဇူးတင်ပါတယ်။ အခု ကျုပ်တို့ ဘာအတွက် ငွေဘယ်လောက် လိုနေတယ်ဆိုတာသိလား" လို့ဆိုတယ်။

"ကျွန်တော်တို့ရဲ့အလှူငွေဟာ သိပ်အရာမရောက်လှပါဘူး။ ငွေအင်မတန်လိုတဲ့ ဆေးရုံကြီးအတွက် အလွန်နည်းပါသေးတယ်။ ကျွန်တော်တို့ တကယ်လိုတာက ရောဂါသည်ကလေးများရဲ့ မိဘတွေ သူတို့ကလေးတွေကိုကြည့်ပြီး ပြန်အလာမှာ ဆေးရုံကြီးနားမှာ နားနေဖို့ အဆောင်တစ်ဆောင်ဖြစ်ပါတယ်။ ဆေးရုံမှာနေရတာ သိပ်ပြီး သက်သောင့်သက်သာ မရှိကြဘူးပေါ့။ ကလေးတွေကို ကြည့်ရှုပြုစုရတာ မလွယ်ပါဘူး။ ကလေးတွေရဲ့ ရောဂါက ကြီးတယ်။ ဝေဒနာ ပြင်းထန်တယ်။ အဲဒီတော့ မိဘတွေ အတော်ကို စိတ်ညစ်ကြတာပေါ့။ အဲဒီလို အကြပ်အတည်းကြုံကြတော့ အိမ်ထောင်ရေး ထိခိုက်တယ်။ လင်မယား ကွဲကုန်ကြတယ်။ လင်မယား ကွာတဲ့ အရေအတွက်ဟာ ခုနစ်ဆယ်ရာခိုင်နှုန်းလောက် တက်သွားတယ်။ နေ့စဉ်နေ့တိုင်း ဝေဒနာရှင် ကလေးများကို ကြည့်ရှုပြုစုရတာ အတော်ပင်ပန်းတာကို တွေ့ရတော့ ကျွန်တော်တို့က အဲဒီမိဘတွေကို အပြင်အပ အနောင့်အယှက်အခက်အခဲတွေ တတ်နိုင်သလောက် ပပျောက်အောင် ကြိုးစားဖို့ အရေးကြီးတယ်လို့ တွေးမိကြပါတယ်"

အီးဂါးလ် သွေးကင်ဆာ ဝေဒနာရှင် ထောက်ပံ့ရေး အဖွဲ့မှာ



တက်အစဲတွေ ကြုံတွေ့ရပါတယ်။ ဒါပေမယ့် ဂျင်းမ်မီကတော့ တတ်စွမ်းပါတယ်။ "အဲဒီအခါမှာတော့ မက်ဒေါနယ် စားသောက်ဆိုင်ကုမ္ပဏီကြီးကို ရှင်းကပ်ရပါတော့တယ်။ အဲဒီ ကုမ္ပဏီနဲ့ အီးဂါးလ်ကတစ်ဆင့် အဆက်အသွယ်ရှိပြီးသားဖြစ်လို့ ရင်းနှီးပါတယ်။ မက်ဒေါနယ်ဒေသ မန်နေဂျာအက်ဒ် ရဲန်ဆီရဲ့ အကူအညီနဲ့ ဒဲလားဝဲပြည်နယ်ရဲ့ ဆိုင်ခွဲ မန်နေဂျာများအစည်းအဝေးလုပ်ပြီး ဂျင်းမ်မီက ခင်ဗျားတို့ နောက်တစ်ကြိမ် လှူဒါန်းမှာဘယ်ကိုလဲလို့ မေးတယ်။ စိန့်ပက်ထရစ်နေ့ပွဲတော် ရောက်တော့မယ်။ အဲဒီမှာ သူတို့က အိုင်ယာလန်ကျွန်းရဲ့ နိုင်ငံတံဆိပ် ရှုမရော့သစ်ရွက်ကို အစွဲပြုပြီး ဖျော်ရည်ရောင်းကြမယ်ဆိုတော့ သူက အဲဒီရောင်းရငွေထဲက တစ်ခွက်မှ ဆင့်အစိတ် လှူပါလို့ ဆိုတယ်။ သူတို့က ဒီလောက်တင် မကဘူး။ ရောင်းရသမျှငွေကို လှူပါမယ်။ ဆောက်မယ့် အဆောက်အအုံကို ရော်နယ်မက်ဒေါနယ်ဂေဟာလို့ အမည်တပ်ရမယ်တဲ့။ ဂျင်းမ်မီက နာမည်ဘယ်လိုမှုမှည့် ဖြစ်ပါတယ်။ ဒီနာမည်က နာမည်ကြီးဖြစ်နေတော့ အကောင်းဆုံးပေါ့လို့ ပြန်ပြောလိုက်တယ်။

ပထမ ရော်နယ် မက်ဒေါနယ်ဂေဟာကို ၁၉၇၄ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာဖွင့်တယ်။ တည်နေရာကတော့ ဝါရှင်တန်မြို့ အမှတ် ၄၀၃၂၊ စပရုစ်လမ်း၊ ပဲန်ဆယ်လ်ဗေးနီးယားတက္ကသိုလ်ဝင်းအနီးမှာ ဖြစ်ပါတယ်။ "အဲဒီဖွင့်ပွဲနေ့ဟာ ကျွန်တော်ရဲ့ဘဝမှာ အပျော်ဆုံးနေ့ပါပဲ။ အကြီးမားဆုံးနေ့လို့လည်း ဆိုနိုင်ပါတယ်။ အဲဒီနေ့မှာ ထူးထူးခြားခြား ဖြစ်ရပ်တစ်ခု ဖြစ်တဲ့နေ့၊ ကျွန်တော်တို့ရှေ့မှာ ခေတ်သစ်တစ်ခု ပေါ်ထွန်းလာတဲ့နေ့လို့ ကျွန်တော်တို့ အားလုံးက စိတ်မှာ ထင်မိကြပါတယ်"လို့ ဂျင်းမ်မီက ဆိုပါတယ်။

အဲဒီအဆောင်မှာ အိပ်ခန်း ခုနစ်ခန်းရှိတယ်။ အသုံးပြုသူတွေက များနေပါတယ်။ နောက်တော့ တိုးလာတဲ့ မိသားစုတွေ ဆံ့အောင် အဆောင်ကို ချဲ့ရပါတယ်။ နောက်လများ မကြာခင်မှာပဲ ဂျင်းမ်မီကို အီးဂါးလ်အထွေထွေ မန်နေဂျာ ခန့်လိုက်ပါတယ်။ အဲဒီရာထူးမှာ နောက်တိုးနှစ် လုပ်ဆောင်ခဲ့ပါတယ်။ သူဟာ ရော်နယ် မက်ဒေါနယ်ဂေဟာ စီမံကိန်းကို ဦးဆောင်ပြီး



လုပ်ပါတယ်။ ၁၉၇၇ ခုနှစ်မှာ ရှီကာဂိုမြို့နယ်မှာ ဒုတိယအဆောင် ဖွင့်ရပါတယ်။ ဂျင်းမ်မီက ရှီကာဂိုမြို့နယ် ဝက်ဝံဘောအသင်းရဲ့ အကူအညီကိုရယူပါတယ်။ မက်ဒေါနယ် ကုမ္ပဏီကြီးကလည်း ဒီစီမံကိန်းမှာ ပါဝင်လှူဒါန်းဆောင်ရွက်တာ နိုင်ငံတစ်နိုင်ငံလုံး အတိုင်းအတာအဖြစ် ရောက်သွားပါတယ်။ ရော်နယ် မက်ဒေါနယ်ဂေဟာများဟာ မြို့ကြီးတွေ အများအပြားမှာ ပေါ်ထွန်းလာကြပါတယ်။ ပြီးတော့လည်း ဒီစီမံကိန်းထဲမှာ နိုင်ငံတစ်ဝန်းလုံးက နာမည်ကြီး ဘောအသင်းများ ပါဝင်ကြပါတယ်။ တခြားပညာသည်အသင်းအဖွဲ့များလည်း ပါဝင်လာကြပါတယ်။ အဲဒီကုသိုလ် လုပ်ငန်းကြီးဟာ စနစ်တကျနဲ့ တည်ထောင် ဆောင်ရွက်တဲ့ အကောင်းဆုံး လုပ်ငန်းကြီး ဖြစ်ပါတယ်။ အဲဒီ စီမံကိန်းဟာ တိုင်းပြည်မှာ ဒုက္ခသည်တွေကို ကူညီတဲ့ လုပ်ငန်းမှာ အကြီးမားဆုံး ပြောင်းလဲမှု ဖြစ်စေပါတယ်။

ရော်နယ် မက်ဒေါနယ်လို့ ဆိုလိုက်တာနဲ့ လူငယ်တွေရဲ့စိတ်မှာ ညွှတ်ကျသွားတာပဲ။ မက်ဒေါနယ်ကုမ္ပဏီဟာ နိုင်ငံမှာ ကျော်ကြားတာဖို့ပေါ့။ ဒါပေမယ့် ဂျင်းမ်မီက ဒီလို မတွေးဘူး။ ဌာနခွဲတစ်ခုဟာ သူ့သမ္မာနဲ့သူ ရှိရမယ်။ အဲဒီဌာနကို ပိုင်တဲ့ ရပ်ကွက်လူစုနဲ့ သင့်တော်ရမယ်လို့ဆိုတယ်။ အဲဒီဌာနခွဲမှာ အဆောက်အအုံ ကြီးကြီးရှိရမယ်။ အဲဒီတော့မှ ရပ်ကွက်အသိုင်းအဝိုင်းတွေ၊ မိသားစုတွေ လွတ်လွတ်လပ်လပ် ဆွေးဆွေးနွေးနွေး စကားစမြည်ပြောနိုင်ဖို့ နေရာကျယ်ကျယ် ရှိရမယ်လို့ဆိုတယ်။ သူပြောတာ မှန်တာပေါ့။ စကားစမြည်ပြောတာဟာ လူတွေကို ပိုမို ခင်မင်ရင်းနှီးစေပါတယ်။

"စတ္တုပုဒေါ်မှာ ရေးချရုံနဲ့တော့ အစီအစဉ်ဟာ ဖြောင့်တန်းမယ် မဟုတ်ဘူး။ ဒီဂေဟာနဲ့ တခြား ဂေဟာတွေဟာ နိုင်ငံရဲ့ စိတ်ဓာတ်အစင်ကို သရုပ်ဆောင်ရလိမ့်မယ်" လို့ ဂျင်းမ်မီက ပြောတယ်။ သူပြောတာ မှန်ပါတယ်။ သူနဲ့အတူ ကျွန်တော် အဆောင်သစ်ဖွင့်ပွဲတိုင်း တွေ့ရပါတယ်။ အားလုံးသော ပရိသတ်ဟာ အဲဒီ မိသားစုစိတ်ဓာတ် ရှိကြတာကို ကိုယ်တိုင် တွေ့ခဲ့ရပါတယ်။

ဂျင်းမ်မီက သူ့ မက်ဒေါနယ် ဂေဟာများအကြောင်း ပြောတော့



စိတ်ရောကိုယ်ပါ အားရပါးရပြောပါတယ်။ သူဟာ အားကစားအဖွဲ့အစည်းတွေမှာ ရှေ့တန်းရာထူးများကို ယူလာခဲ့သူပါ။ သူဟာ အားကစားသမားရဲ့ စိတ်ဓါတ်နဲ့ သူ့ကိုပေးတဲ့ တာဝန်တွေကို အားကြိုးမာန်တက် ဆောင်ရွက်ပါတယ်။ သူဟာ အခုတော့ သူပိုင် ကုမ္ပဏီတည်ထောင်ပြီး ဆောင်ရွက်နေပါတယ်။ မကြာခင်ကဘဲ မိုက်ကယ် ဂျက်ဆင်ရဲ့ တီးဝိုင်းကို မွဲခံပေးလိုက်သေးတယ်။ အဲဒီလို အများအကျိုးကို ကူညီဆောင်ရွက်ဖို့ အလုပ် ဘယ်လောက်များများ သူ့ဇနီးနဲ့ သူ့ကလေးငါးယောက်အတွက် အချိန်ပေးရပါတယ်။ ဒါကြောင့်လည်း သူတို့ဟာ သူ့မေတ္တာရေစင်ကို သောက်သုံးကြရပါတယ်။

ဂျင်းမ်မီဟာ နေ့တိုင်းလိုလို မိသားစုတွေရဲ့ ကြေကွဲဝမ်းနည်းဖွယ်ရာတွေကို မြင်တွေ့နေရပေမယ့်လည်း သူဟာ အမြဲ စိတ်ထိခိုက်နေတုံးပဲ။ မြင်ဖန်များလို့ ထုံရိုးသွားတယ်ရယ်လို့ မရှိဘူး။ ဘောလုံးကစားတဲ့အချိန်မှာ ထိခိုက်ဒဏ်ရာရလို့ နာကျင်ခဲ့တာတွေကို သိရှိနားလည်ခဲ့ပေမယ့် ဒီကလေးတွေလို ဘယ်သူမှ ဝေဒနာ မခံစားရပါဘူးလို့ ပြောတယ်။ ဒီဝေဒနာသည်တွေနဲ့ တွေ့ကြုံမှ တကယ့်သတ္တိရှင်၊ သူရဲကောင်းနဲ့ ရဟန္တာလို စိတ်ထားနှန့်ဖြတ်သူတွေနဲ့ တွေ့ခဲ့ရတယ်လို့ ပြောပါတယ်။

ကျွန်တော့်မိတ်ဆွေကြီး ဂျင်းမ်မီ မားရေးနဲ့ သူ့လုပ်ဖော်ကိုင်ဘက်တို့ဟာ ပရဟိတလုပ်ငန်းမှာ အောင်မြင်ဖို့ကြိုးစားကြတာ အံ့ဖွယ်ရာပါပဲ။ သူတို့လုပ်ရပ်တွေဟာ ဒီနေရာမှာ အဆုံးမသတ်သေးပါဘူး။ တကယ်တော့ အစပဲ ရှိပါသေးတယ်။ "အဲဒီ ပရဟိတအဆောင်တွေမှာ လူတွေ မရှိတော့တဲ့အထိ ကျွန်တော်တို့က တာဝန် ထမ်းဆောင်သွားမှာပါဗျာ" လို့ ပြောတယ်။ ကျွန်တော်ကတော့ သူတို့တစ်တွေကို အထူး ချီးကျူးဂုဏ်ပြုပါတယ်။

## မိတ်ဆွေတွေဆီက အကူအညီ နည်းနည်းယူရင်းနဲ့ပဲ

**ဘစ်လီ အဲန် မိုင်ယားစ်**

**လစ်တားလ် ရော့စ်၊ အာကဲန်ဆော**

လုပ်စရာ တစ်ခုခုရှိရင် ဘစ်လီ အဲန် မိုင်ယားစ်က သူလုပ်ပေးပါမယ်လို့ စေတနာအလျောက်ပြောရင် မအံ့ဩပါနဲ့။ တကယ်လို့ သူမလုပ်နိုင်ရင် လုပ်နိုင်တဲ့သူကိုရှာပြီး လုပ်ဖို့ တိုက်တွန်းမှာ သေချာပါတယ်။

ဘစ်လီ အဲန်ဟာ အာကဲန်ဆောပြည်နယ် စေတနာလုပ်အားပေးခြင်းရုံးမှာ အကြီးအကဲ ဖြစ်ပါတယ်။ သူက ပြည်နယ်ရဲ့ လူအင်အားဌာနကို တည်ထောင်ရာမှာအကူအညီပေးခဲ့ပါတယ်။ သူ့ပြည်နယ်အတွင်းမှာ လူအများကို အကူအညီပေးပြီး ဖွံ့ဖြိုးမှုအတွက်လုပ်ဆောင်ပါတယ်။ သူ့အလုပ်အကိုင်ကို ကျွန်တော်သဘောကျပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီအလုပ်မျိုးဟာ အများအကျိုးအတွက် ဖြစ်လို့ပါ။ လူတွေမှာ ကူညီချင်တဲ့စိတ်က ရှိတာချည်းပဲ။ အကူအညီနေလိုမှန်း မသိတဲ့အခါမျိုးလည်း ရှိမှာပေါ့။ အကူအညီတောင်းလို့ အကူအညီပေးနိုင်ရင် ပေးကြမှာ သေချာတာပေါ့လို့ သူက ပြောပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ကူညီချင်သူတွေ ပေါပါတယ်။ ဝမ်းသာစရာ အံ့အားသင့်စရာပါပဲ။ စေတနာ့ဝန်ထမ်းအလုပ်တွေ နိုင်ငံမှာ အနှံ့အပြားရှိပါတယ်။ အိမ်နီးချင်း ရိုင်းပင်းချင်စိတ်တွေ ထက်သန်တာ တွေ့ရပါတယ်။

ဘစ်လီ အဲန်ရဲ့ အလုပ်က စေတနာ့ဝန်ထမ်း ဆောင်ရွက်ပေးမယ့် လူတွေကိုရှာပြီး သင့်တော်တဲ့ လုပ်ငန်းနဲ့ ဆက်သွယ်နေရာချပေးတဲ့ အလုပ်ပါပဲ။ ဥပမာဆိုရင် သူ့အဖွဲ့အစည်းက ဆောင်ရွက်ပေးလို့ အာကဲန်ဆောပြည်နယ်မှာ အငြိမ်းစားအတတ်ပညာရှင်တွေ ၁၅၀ ထွက်လာပြီး လုပ်အားပေးဖို့ အဆိုပြုလာကြပါတယ်။ အင်ဂျင်နီယာတွေ၊ ဓါတုကာတွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု အတတ်ပညာရှင်တွေ စတဲ့ ပုဂ္ဂိုလ်တွေဟာ မြို့တော်မှာရော နယ်အုပ်ချုပ်ရေးအဖွဲ့တွေမှာရော အတိုင်ပင်ခံပညာရှင်များအဖြစ် ဆောင်ရွက်ကြပါတယ်။ အဲဒီလို ဆောင်ရွက်ကြလို့ တစ်နှစ်မှာ ဒေါ်လာ ၆၅၀,၀၀၀ ဖိုးလောက် စရိတ်သက်သာသွားပါတယ်။ အလုပ်တစ်ခုလုပ်ရာမှာ သက်ဆိုင်သူတွေ အားလုံးမှာ အကျိုးရှိဖို့လိုပါတယ်။ ဒီကိစ္စမှာ အုပ်ချုပ်ရေးအဖွဲ့တွေအဖို့ စရိတ်စက သက်သာသွားတဲ့အကျိုး ရရှိပါတယ်။ စေတနာ့ဝန်ထမ်း အတတ်ပညာရှင်တွေမှာလည်း သူတို့ပါဝင်ဆောင်ရွက်ပေးလိုက်ရတယ်ဆိုတဲ့ကျေနပ်မှု ရပါတယ်။

ဘစ်လီ အဲန်က "ကျွန်မတို့ကတော့ လိုအပ်တဲ့နေရာမှာ လိုအပ်သလို ကူညီဆောင်ရွက်ပေးနိုင်မယ့်လူကို ရှာပေးတယ်။ သူ့ကို ဘယ်လိုအဘောရသလဲမေးပြီး သူက ကူညီဆောင်ရွက်ပါမယ်ဆိုရင် သက်ဆိုင်ရာနဲ့ ဆုံပေးလိုက်တယ်။ အဲဒီတော့ အလုပ်ဖြစ်သွားတာပေါ့" လို့ ပြောပါတယ်။

ဘစ်လီ အဲန်က သူကိုယ်တိုင် စေတနာ့ဝန်ထမ်းအဖြစ် စတင်ဆောင်ရွက်ခဲ့ပါတယ်။ အိမ်ရှင်မအဖြစ် နေခဲ့ပြီး ၁၉၇၉ ခုနှစ်မှာ ပြည်နယ်အုပ်ချုပ်ရေးမှူးဆီသွားပြီး စေတနာ့ဝန်ထမ်း လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုတွေကို အကူသဘောနဲ့ လခ မယူဘဲ လုပ်ပေးပါတယ်။ နောက်တော့ သူ့ကို အဲဒီဌာနမှူးအဖြစ် ခန့်အပ်ပါတယ်။

နောက်တစ်နှစ်ခွဲလောက်ကြာတော့ ဘစ်လီက သူ့မိတ်ဆွေတွေနဲ့ အတူတွဲပြီး စေတနာ့ဝန်ထမ်း လုပ်ငန်းစီမံကိန်းကို ဦးစီးပြီး ဆောင်ရွက်ပါတယ်။ နောက် အုပ်ချုပ်ရေးမှူးအသစ် ရောက်လာတော့ သူ့ကို စေတနာ့ဝန်ထမ်းဌာန ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ပါတယ်။ အသက် ငါးဆယ့်သုံးနှစ်ရှိတဲ့ ဘစ်လီ အဲန်က ဆိုပါတယ်။ လုပ်ငန်းအသစ်တစ်ခု စတင်လုပ်ဆောင်ဖို့ အရွယ်ကြီးသွားပြီဆိုတာ မရှိပါဘူးတဲ့။ အသက် လေးဆယ့်ခြောက်နှစ်အရွယ်တုန်းက သူကိုယ်တိုင် စေတနာ့ဝန်ထမ်းလုပ်ခဲ့တယ်။ အခု ငါးဆယ့်သုံးနှစ်မှာ အစိုးရခန့် ညွှန်ကြားရေးမှူး ဖြစ်နေပါပြီ။

စေတနာ့ဝန်ထမ်းစိတ်ဟာ ဘစ်လီမှာအပြည့်အဝရှိပါတယ်။ "ကျွန်မတို့နိုင်ငံမှာ ၁၆၀၈ ခုနှစ်က စပြီး စေတနာ့ဝန်ထမ်း အလေ့အကျင့် ရှိခဲ့လို့ ပြဿနာတွေ အတော်များများ ဖြေရှင်းနိုင်ခဲ့ကြပါတယ်"လို့ဆိုတယ်။ "လူတွေဟာ အစိုးရ ဘုရားရှိခိုးကျောင်းတွေ မရှိခင်ကတည်းက စုပေါင်းလုပ်ဆောင်မှုတွေ ရှိခဲ့တာပဲ။ အခု ကျွန်မတို့ရဲ့မူကတော့ 'ချွေတြိဂံမူ' ပဲလို့ ဆိုရပါမယ်။ တစ်ဖက်မှာ အုပ်ချုပ်ရေးအဖွဲ့၊ တစ်ဖက်မှာ ကိုယ်ပိုင်လုပ်ငန်း၊ တစ်ဖက်မှာ ကူညီဆောင်ရွက်မှုပြုတဲ့ စေတနာ့ဝန်ထမ်းအပိုင်း။ အဲဒီသုံးခု ပေါင်းဆုံပြီး ဆောင်ရွက်ရင် လုပ်ငန်း ပြီးစီးအောင်မြင်နိုင်ပါတယ်"လို့ သူက ဆိုပါတယ်။

ဘစ်လီ အဲန်ရဲ့ ရုံးကတော့ ညှိနှိုင်းပေးတဲ့အလုပ်ကို လုပ်ပါတယ်။ လုပ်ငန်းတစ်ခုအတွက် လိုအပ်ချက်နဲ့ ဝန်ထမ်းမှု ခေါ်စပ်ပေးလိုက်တာပါပဲ။ "ကျွန်မတို့ကတော့ အကျိုးအမြတ် မရပါဘူး။ ချိတ်ဆက်ပေးပြီး လုပ်ငန်းဆောင်ရွက်မှုကိုတော့ တခြားပုဂ္ဂိုလ်တွေ၊ ဌာနတွေလက်ထဲအပ်လိုက်ပါတယ်။ အလုပ်ပြီးဖို့သာ ပဓာနပါ။ ကျွန်မတို့ကတော့ ဘာမှဝင်ပြီး ဂုဏ်မယူပါဘူး။ စပ်လျှိုလျှိုနေလိုက်ကြပါတယ်" လို့ဆိုပါတယ်။ တကယ်တော့ ဘစ်လီတို့အဖွဲ့လည်း ဂုဏ်ယူနိုင်ပါတယ်။ စီမံကိန်းတွေ ထမြောက်အောင်မြင်စေဖို့ စီစဉ်ပေးလိုက်တာ ဂုဏ်ယူစရာပါပဲ။ ကျွန်တော် အာကဲန်ဆောကို အဲန်ဘီစီဌာနခွဲ ရုပ်မြင်သံကြားဌာနဖွင့်ပွဲရောက်လာတော့ ဘစ်လီရဲ့အမြင်ကို သဘောကျသွားပါတယ်။ "စေတနာ့ဝန်ထမ်းတွေကလည်း သူတို့ဆောင်ရွက်ပေးလို့ ကိစ္စ ပြီးမြောက်အောင်မြင်သွားရင် ကျေနပ်ဂုဏ်ယူကြတာပေါ့။ အဲဒီမှာ ပရဟိတဆုများ ပေါ်လာတယ်။ စေတနာ့ဝန်ထမ်းရှင်တို့ရဲ့ စေတနာကို ဂုဏ်ပြုတာပဲ ဖြစ်ပါတယ်။ အဲဒီလို ဂုဏ်ပြုတာဟာ ပရဟိတလုပ်ငန်းများ တိုးတက်ကျယ်ပြန့်စေဖို့လည်း ဖြစ်သွားတာပေါ့" လို့ ဆိုပါတယ်။

ဘစ်လီ အဲန်ဟာ စေတနာ့ဝန်ထမ်းလုပ်ငန်းတွေ စီစဉ်ပေးသူအဖြစ် လစာရပါတယ်။ သူရတဲ့လခနဲ့ သူလုပ်တဲ့အလုပ်ဟာ မကိုက်ညီပါဘူး။ သူလုပ်ပေးတာက ရတဲ့လခထက် အများကြီး ပိုတန်ဖိုးရှိပါတယ်။ စေတနာ့ဝန်ထမ်းစိတ်ဓါတ်၊ ပရဟိတစိတ်ဓါတ် ပြန့်ပွားရေးအတွက် အများကြီးဆောင်ရွက်ပေးပါတယ်။ "ဒီစိတ်ဓါတ်မျိုးဟာ မိဘတွေဆီက အမွေရတာမျိုးလည်း ဖြစ်နိုင်တယ်။ သင်ကြားပြသပေးလို့ ပေါ်ပေါက်ရှင်သန်တဲ့စိတ်ဓါတ်မျိုးလည်း ဖြစ်နိုင်တယ်။ အားကျလို့ ပေါ်ပေါက်လာတဲ့ စိတ်ဓါတ်မျိုးလည်း ဖြစ်နိုင်တယ်။ ဖြစ်နိုင်တာ သုံးမျိုးပေါ့" တဲ့။ သူ့မိသားစုမှာတော့ သူ့သမီးနှစ်ယောက်နဲ့ သူ့ခင်ပွန်းတို့ဟာ သူ့ကို အားကျပြီး လုပ်အားပေးနေကြပါတယ်။

"ပရဟိတစိတ်ဓါတ်ဟာ အမေရိကန်လူမျိုးတို့ရဲ့ ဘိုးစဉ်ဆောင်ဆက်က ဆင်းသက်လာတဲ့ အမွေတစ်ခုပါပဲ။ ပြည်သူပြည်သားတွေမှာ အချင်းချင်း ကူညီရိုင်းပင်းလိုတဲ့ ဆန္ဒရှိကြပေတယ်" လို့ ဘစ်လီက ဆိုပါတယ်။ "လူတွေဟာ ပရဟိတလုပ်ငန်းကို လုပ်နေလို့ လုပ်နေမှန်း မသိကြဘူး။ အိမ်ရှင်မတစ်ယောက်ဟာ အိမ်ထောင်မှုတာဝန်တွေ ဆောင်ရွက်ပြီး သားသမီးတွေကို ပြုစုပျိုးထောင်တာဟာလည်း တကယ်တော့ ပရဟိတလုပ်ငန်းပါပဲ။ မိဘဆရာအသင်းတွေ၊ ကားစုပေါင်း အသုံးပြုတာတွေ၊ ကလေးလူငယ်တွေကို အားကစားမှာ သင်ကြားပေးတာတွေ အဲဒါတွေဟာ ပရဟိတလုပ်ငန်းတွေပဲပေါ့။ စီးပွား တိုးတက်ရေးကို အလွန် အရေးပေးလှတဲ့ ဆော့ပညာတတ်၊ အတတ်ပညာရှင်၊ အသိပညာရှင်တွေကိုတောင် စေတနာ့ဝန်ထမ်းလုပ်ငန်းတွေ လုပ်ချင်လာအောင် စည်းရုံးနိုင်ပါတယ်။ သူတို့ကို ပြောပြီး ဆွေးနွေးရုံပါပဲ။ သူအားတဲ့အခါ၊ လုပ်ချင်တာလုပ်ပါလို့ ဆိုရင် လုပ်မှာပါပဲ။ သူတို့အဖို့ ဝန်လေးမှာ မဟုတ်ပါဘူး" လို့ ဆက်ပြီး ပြောပြပါတယ်။

အဲဒီလိုဆိုတော့ ကျွန်တော်တို့တစ်တွေ ဘယ်လို ဆိုရမှာလဲ။ ပရဟိတ စေတနာ့ဝန်ထမ်းတွေ မတွေ့ဘဲ နေမှာလား။

ကို တခြားမြို့နယ်တွေမှာ အလားတူပွဲမျိုး ကျင်းပဖို့၊ အစီအစဉ်လုပ်ရာမှာ ကူညီဆောင်ရွက်ပေးဖို့ တောင်းပန်စာတွေ တစ်ပုံတစ်ခေါင်းကြီးလာကြတယ်။

အသက် ငါးဆယ့်ငါးနှစ်အရွယ်ရှိ ရှုဘီ မဲရဲလ် ကောလဆေးက ဒီအစီအစဉ်တွေကို သူ့မီးဖိုချောင် အခန်းထဲက စားပွဲမှာ ပြုပြင်တည်းဖြတ်ပေးတယ်။ "ရယ်စရာကောင်းတာက ကျွန်မတို့ရဲ့အဖွဲ့ဟာ တစ်နိုင်ငံလုံး အသိအမှတ်ပြုထားတဲ့ အဖွဲ့ပဲ။ အဲဒီအဖွဲ့ရဲ့ ဌာနချုပ်က တခြားမှာ မဟုတ်ပါဘူး။ ကျွန်မအိမ်မှာပါပဲ။ ကျွန်မတို့အဖွဲ့ဟာ အောက်ခြေမှာရှိတဲ့ လူတန်းစားများရဲ့ အဖွဲ့ပါ။ ကျွန်မဟာ ဘယ်လောက်အလုပ်များပြီး မနားရသလဲဆိုရင် နားချိန်ဆိုလို့ ကျွန်မရုံးကို အသွားအပြန် ကားမောင်းတဲ့အခါပါပဲ။ အဲဒါကို ဟာသလုပ်နေကြတယ်" လို့ ရှုဘီက ဆိုပါတယ်။

ကိုယ်က နည်းနည်းပေးရင် များများကြီးပြန်ရတယ်လို့ ကျွန်တော် အမြဲဆိုပါတယ်။ အခု ကျွန်တော်တို့ ဆုံတွေ့ခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ အများကောင်းကျိုးအတွက် လူရောစိတ်ပါ အချိန်ပေး ကူညီကြတာတွေကို မြင်ရတော့ ကျွန်တော့်ရဲ့အလုပ်ကို အားမရသလို ဖြစ်လာပါတယ်။ ကျွန်တော်ကိုယ်တိုင်လဲ အလှူငွေ ရန်ပုံငွေ ရဖို့အတွက် ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ မိန့်ခွန်းတွေလဲ ပေးခဲ့ပါတယ်။ တကယ်တော့ မိန့်ခွန်းပေးတယ်ဆိုတာ ဘာမှ ခက်တဲ့ အလုပ် မဟုတ်ပါဘူး။ စွေတာ ကက်သလင်း ကလပ်မ်တို့၊ ရှုဘီ မဲရဲလ် ကောလဆေးတို့လို ပုဂ္ဂိုလ်တွေကတော့ သီးခြား တကဏ္ဍစီပါပဲ။ သူတို့ရဲ့ လုပ်ရပ်ကြောင့် ရတဲ့ ချီးမွမ်းချက်နဲ့ ဆုတွေကိုလည်း ထိုက်ထိုက်တန်တန် ရသင့်ပါတယ်။ ဒီထက်တောင် ပိုရသင့်ပါတယ။



## ၁၀။ လူမျိုးစုံတို့ ပေါင်းစည်းတဲ့နေရာ

ကျွန်တော်တို့ဟာ အခွင့်အလမ်းအလွန်သာတဲ့မြေပေါ်မှာ နေနေကြတာဖြစ်ပါတယ်။ အဲဒီအခွင့်အလမ်းကို အရယူပြီးတော့ ကျွန်တော်တို့နိုင်ငံကြီးက ပေးနိုင်သမျှအကောင်းဆုံးရလေအောင် ကျွန်တော်တို့ဆီကို တခြားက ရောက်လာတဲ့လူတွေကို ဂုဏ်ပြုချင်ပါတယ်။

အမေရိကပြည်ထောင်စုရဲ့အံ့ဖွယ်ရာတွေနဲ့ ချမ်းသာကြွယ်ဝမှုတွေကို တိုင်းတစ်ပါးက ဝင်ရောက် အခြေချသူတွေကသာ ကောင်းကောင်းကြီး အကဲဖြတ်နိုင်လိမ့်မယ်လို့ ကျွန်တော် အမြဲပဲ တွေးနေမိခဲ့ပါတယ်။ ဒီအတွေးဟာ ရှုဆန်းတယ်လို့ ထင်စရာပါပဲ။ ဒါပေမယ့် တွေးကြည့်ရင် သဘောကျကြမှာ အမှန်ပါ။

ဘာကိုပဲဖြစ်ဖြစ် ပထမဆုံး မြင်လိုက်ရရင်တော့ ထူးတယ်လို့ ထင်ကြတာ မဆန်းပါဘူး။

ဒါကြောင့် ဒီနိုင်ငံအကြောင်းကို လေ့လာကြည့်လိုက်ရင်တော့ မြင်မြင်ချင်းမှာပဲ နှစ်မြိုက်စရာတွေကို တွေ့လိမ့်မယ်လို့ ကျွန်တော် တွေးမိပါတယ်။

ကျွန်တော့်ဇာစ်မြစ်ကတော့ အမေရိကန်စစ်စစ်ပါပဲ။

ကျွန်တော့်ဆွေမျိုးသားချင်းတွေဟာ ဒီမှာ အတော်ကြာကြာနေခဲ့တာပါပဲ။ ကျွန်တော်ဟာ ဆွေစဉ်မျိုးဆက် နှစ်ဘက်စလုံးက မြောက်ကယ်ရိုလိုင်းနား လယ်သမားတွေက ဆင်းသက်လာသူဖြစ်ပါတယ်။ ကျွန်တော့် အဖေဘက်က အဘိုးရဲ့မျိုးရိုးကို ၁၇၀၀ ပြည့်နှစ် စောစောပိုင်းအထိ ခြေရာခံကြည့်ပါတယ်။ သူတို့ဟာ အင်္ဂလိပ်နဲ့ စကော့သွေးကို သယ်ဆောင်လာကြပြီး ဒီမှာ အခြေချနေခဲ့ကြတယ်ဆိုတာကို တွေ့ရပါတယ်။ သူတို့အားလုံးဟာ လယ်သမားတွေပါပဲ။ မျိုးဆက်တစ်ခုနဲ့တစ်ခုမှာ လူနေမှု ခြားနားခြင်း အနည်းငယ်သာ ရှိပါတယ်။ သူတို့ဘဝတွေဟာ မကြမ်းတမ်းပါဘူးလို့ ကျွန်တော်ပြောနေတာ မဟုတ်ပါဘူး။ ကျွန်တော့် ဘိုးဘေးတွေဟာ ကြမ်းတမ်းခက်ထန်တဲ့ အချိန်အခါတွေကို ကြုံတွေ့ခဲ့ကြရပါတယ်။ ဒါပေမယ့် သူတို့နေထိုင်လုပ်ကိုင်ခဲ့ကြတာမှာ တည်ငြိမ်နိုင်မြဲမှု တစ်မျိုးမျိုးဆိုတာ ရှိမှာ



အမှန်ပါပဲ။ ကံဆိုးမိုးမှောင် ကျနေရင်တောင်မှ အဲဒီ တည်ငြိမ်နိုင်မြဲမှုဟာ သူတို့ကို သက်သာစေမှာ ဖြစ်တယ်လို့ ကျွန်တော် တွေးမကြည့်ဘဲ မနေနိုင်ပါဘူး။

အဲဒီလို တည်ငြိမ်ပြီး သက်သောင့်သက်သာဖြစ်စေတယ်ဆိုတာကတော့ ရဲရင့်ပြီး ရှေ့ကို မျှော်မှန်းပြီးတော့ သူတို့ချစ်မြတ်နိုးတာ၊ သိတာတွေကို စွန့်ရစ်ခဲ့ပြီး ဒီမှာ အခြေချဖို့ ပြောင်းရွှေ့လာသူတို့အဖို့ပဲလို့တော့ ဟုတ်မယ် မထင်ပါဘူး။ ဒီရာစုနှစ်ပထမတစ်ဝက်က အမေရိကကို အကြီးအကျယ် ကူးပြောင်းလာကြတဲ့အချိန်မှာ အဲဒါ မှန်နေတာကို တွေ့ကြရပါတယ်။ ဒီနေ့အထိလည်း မှန်နေတာပါပဲ။ မကြာသေးမီက ပြောင်းရွှေ့ဝင်ရောက်လာသူတွေ အတော်များများအဖို့တော့ ပိုပြီး အခက်အခဲမျိုးစုံကို တွေ့ကြရပါတယ်။ သူတို့ဟာ အစကနေပြီး စကြရတာပါပဲ။ ဒီနိုင်ငံကို ကူးပြောင်းလာတဲ့အခါမှာ တစ်စုံတစ်ယောက်ကိုမှ မသိကြပါဘူး။ အသုံးချဖို့ အရည်အသွေးတွေလည်း ပါမလာပါဘူး။ ဘာသာစကားကို နိုင်နိုင်နင်းနင်းတတ်ကျွမ်းမှုတောင် ပါမလာခဲ့ပါဘူး။ တည်ငြိမ်မှုဆိုတာသူတို့ဝေါဟာရမှာ ရှိမနေပါဘူး။ ကြမ်းတမ်းခက်ခဲတဲ့ အချိန်ကာလတွေသာ မမေ့နိုင်လောက်အောင် ဖြစ်နေတာပါပဲ။

လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကဆိုရင် ကူးပြောင်းဝင်ရောက်မှုတွေဟာ နှေးပြီး နည်းပါးလာခဲ့ပါတယ်။ ဒါပေမယ့် ဝင်လာနေဆဲပါပဲ။ ဒီနိုင်ငံကြီးကတော့ ဝေးရာကဖြစ်ဖြစ်၊ နီးရာကဖြစ်ဖြစ် ဝင်လာကြတဲ့ မောပန်းနွမ်းနယ် ဆာလောင်မွတ်သိပ်နေတဲ့၊ ဆင်းရဲချို့တဲ့သူတွေကို ဆက်လက်ပြီး လက်ခံကြိုဆိုလျက်ပါပဲ။ သူတို့ရောက်ရှိလာတာကို ကျွန်တော် ဝမ်းမြောက်ဝမ်းသာဖြစ်နေပါတယ်။ အခုအချိန်ကစပြီး နောင်နှစ် နှစ်ရာရှိတဲ့အခါမှာ ယနေ့ ကူးပြောင်းဝင်လာသူတွေရဲ့ မျိုးဆက်တွေက သူတို့ရဲ့ ဘိုးဘေးတွေဟာ အမေရိကန်စစ်စစ်တွေပါပဲလို့ ပြောကြမယ်လို့ ထင်ပါတယ်။ သူတို့ဟာ ဒီနိုင်ငံမှာ အမေရိကန်ဌာနေသားတွေ ဖြစ်နိုင်သမျှ ဖြစ်လာအောင် သူတို့ရဲ့ မျိုးဆက်သွေးတွေဟာ အမေရိကန် လူနေမှုဘဝကို ဆက်ခံကြတယ်ဆိုတာကိုလည်း ပြောပြကြမှာပါပဲ။



## ၁၁။ အီတာလျံ ချက်နည်းပြုတ်နည်း

ရှောကို မင်နီရဲလို
မြို့တော်၊ နယူးယောက်

ရှောကို မင်နီရဲလိုရဲ့ စားသောက်ဆိုင်က အစားအသောက်တွေဟာ အလွန်ကောင်းပါတယ်။ အီတာလျံ အစားအစာကတော့ သူ့ဆိုင်မှာ ကောင်းမှကောင်းပဲ။ ဘာဖြစ်လို့လဲ။ တခြားမှာကော အီတာလျံအစားအစာတွေကို ရနိုင်တယ် မဟုတ်လား။ ဘာ့ကြောင့် သူ့ဆိုင်ကျမှ ကျွန်တော်က သဘောကျရတာလဲ။

သူ့ဆိုင်ကို ကျွန်တော် သဘောကျရတာကတော့ သူ့ဆိုင်နေရာကြောင့်လည်း ဖြစ်ပါတယ်။ သူ့စားသောက်ဆိုင်ကို နယူးယောက်၊ လာဂါဒီယားလေဆိပ်၊ မာရင်း အဲတာမီနယ် ထွက်ပေါက်နားမှာ တည်ထားပါတယ်။ ပန်အမ် လေကြောင်း၊ ဘော်စတင်၊ နယူးယောက်၊ ဝါရှင်တန်လေဆိပ် ထွက်ပေါက်နဲ့ မနီးမဝေးပါပဲ။ ကျွန်တော့်လို ခဏခဏ ခရီးသွားပြီး ပင်ပန်းနွမ်းနယ်နေသူတွေအဖို့ သူ့စားသောက်ဆိုင် ကလေးဟာ သဲကန္တာရထဲက အေးရိပ်သာ စခန်းငယ် အိုအေစစ် လိုပါပဲ။

ရှောကိုရဲ့ အချက်အပြုတ်ကောင်းတာက တကဏ္ဍပါ။ တခြား သူနဲ့ပတ်သက်တာတွေလည်း ရှိပါသေးတယ်။ သူဆယ်နှစ်သားမှာ သူဟာ သူ့မိသားစုနဲ့အတူ ဒီအမေရိကပြည်ထောင်စုကို အီတလီနိုင်ငံ၊ အဗယ်လီနိုက ကူးပြောင်းဝင်ရောက်လာခဲ့တယ်။ သူတို့ဟာ တစ်ယောက်မှ အင်္ဂလိပ်လို တစ်လုံးတောင်မှ တတ်တာမဟုတ်ဘူး။ သူတို့ဟာ နယူးယောက်မြို့ကြီးမှာ အခြေချခဲ့တယ်။ ဆွေမျိုးတွေရှိရာနဲ့ မဝေးတဲ့နေရာပေါ့။ လာ ဂါးဒီယားလေဆိပ်နဲ့ မဝေးပါဘူး။ ရှောကိုဟာ အမေရိကန်နိုင်ငံသားနဲ့ တူလာအောင် ချက်ချင်းပဲ ကြိုးစားပါတယ်။

အဲဒီလို ကြိုးစားတဲ့အခါ ပထမဦးဆုံး ရင်ဆိုင်ရတာကတော့ ဘာသာစကားပါပဲ။ သူဟာ မကြာမီ ဘာသာစကားတတ်မြောက် ကျွမ်းကျင်ပြီးတော့ အလုပ်အကိုင်မှာလည်း တိုးတက်လာပါတယ်။ နှစ်အနည်းငယ်

စေချင်ပါဘူး။ အဲဒီလို မိသားစု ဝိုင်းလုပ်ဝိုင်းစားနေတော့ ဒီမှာ ချက်ပြုတ်လုပ်ကိုင်ရတာတွေဟာ အိမ်မှာ လုပ်ကိုင်နေရတဲ့အတိုင်းပါပဲ" လို့ ရှောကိုက ဆိုပါတယ်။

သူ့ရဲ့ အံ့ဩစရာကောင်းတဲ့ ဟင်းစပ်နည်းတွေကို သူ့အမေရဲ့ မီးဖိုချောင်က ရပါတယ်။ အဲဒီလို ဟင်းစပ်နည်းကောင်းမှာ သူ့ရဲ့အကောင်းကြိုက်တဲ့အကျင့်နဲ့ ပေါင်းစပ်လိုက်တော့ ဟင်းကောင်းတွေ၊ စားကောင်းသောက်ဖွယ်တွေ ဖြစ်လာတော့တာပါပဲ။

"ချက်ပြုတ်စရာ ကောင်းကောင်းကို ဝယ်နေသမျှတော့ ဟင်းလျာကောင်းကောင်းစပ်ပြီး ချက်ပြုတ်တဲ့နေရာမှာ အမှားဆိုတာ မရှိနိုင်ပါဘူး" လို့ သူက ပြောပါတယ်။ "ဒိန်ခဲတို့၊ အသားတို့ကို ကောင်းကောင်းနဲ့ စစ်စစ်စီစီသုံးလိုက်ရင် ဟင်းကောင်း မဖြစ်စရာအကြောင်း မရှိပါဘူး" လို့လည်း ပြောပါသေးတယ်။

ချက်ပြုတ်စရာ၊ စားစရာတွေကို စီစဉ်တဲ့အခါမှာ ဟင်းလျာနဲ့ အမည်တွေကောင်းသလို စပ်နည်းလည်း ကောင်းရပါသေးတယ်။ သူ့အမေ စပ်ဟပ် လုပ်ကိုင်ထားတဲ့ ခရမ်းချဉ်သီး အနှစ်ရည် ဆော့စ်ကို ကြည့်ပါ။ အသုံးပြုတဲ့ဟာတွေက ပြည်ပက တင်သွင်းတဲ့ ခရမ်းချဉ်သီး ဝဝတုတ်တုတ်တွေ၊ ကြက်သွန် လတ်လတ်ဆတ်ဆတ်တွေ၊ ဒီနောက် သံလွင်ဆီနည်းနည်းနဲ့ ဟင်းရွက်ဆီတွေပါပဲ။ ဒီနည်းနဲ့ ခရမ်းချဉ်သီး အနှစ်ရည်ဆော့စ် ကောင်းကောင်း ရတော့တာပါပဲ။

ဟင်းမှာ အရသာကောင်းလာတာနဲ့ပတ်သက်လို့ "ဝက်မှီး၊ အမဲမှီးကို အမြဲလိုလိုပဲ ထည့်ချက်ပါတယ်" လို့ ရှောကိုက ပြောပါသေးတယ်။

သူ့ချက်ပြုတ်မှုမှာ လျှို့ဝှက်ချက်ကတော့ အကြာကြီး မချက်ဖို့ပဲ ဖြစ်ပါတယ်။ လူတော်တော်များများက အီတလျံ ဆော့စ်ကို အကြာကြီး မီးဖိုမှာ တည်ထားရမယ်လို့ ထင်နေကြတယ်။ တကယ်တော့ သုံးဆယ့်ငါးမိနစ်ပဲ ကြာတာပါ။ မီးငြိမ်းပြီးတော့ အမွှေးအကြိုင်ဟင်းမွှေးရွက်နဲ့ ကြက်သွန်ဖြူတွေကို ဖြူးထည့်လိုက်တာပဲ။

ရှောကိုက ဒီလို ထုတ်ဖော်ပြောပြပေမယ့် သူပြောမပြတာ ကျန်



နေသေးတယ်ဆိုတာ ကျွန်တော်သိပါတယ်။ အဲဒါကတော့ သူ့ရဲ့ အချက်အပြုတ် အထူးဂရုစိုက်မှု၊ သူ့ရဲ့ အရသာခံတတ်မှုနဲ့ သူ့အလုပ်အပေါ်မှာ ဂုဏ်ယူတတ်တဲ့စိတ်ပါပဲ။

ရှောကိုက ပြောပြန်ပါသေးတယ်။

"ဒီမှာကြည့်၊ လေဆိပ်မှာ ဘယ်သူမဆို စားသောက်ဆိုင်ဖွင့်နိုင်တယ်။ ငွေရှာနိုင်တယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ကျွန်တော့်အချက်အပြုတ်တွေကို ဂုဏ်ယူပါတယ်။ ကျွန်တော် ဘယ်သူလဲ၊ ဘာကောင်လဲဆိုတာကိုလည်း ဂုဏ်ယူလျက်ပါဗျာ။

"ကျွန်တော် ချက်ပြုတ်ကျွေးမွေးလိုက်ရာမှာ တစ်ယောက်ယောက်စားလို့ပြီးတာကို မြင်ရရင် ဘယ်လောက်ပျော်ရတယ်ဆိုတာ ပြောမပြနိုင်လောက်အောင်ပါပဲ။ သူကို့က ပန်းကန်မှာ ဘာကိုမှ ချန်မထားပါဘူး။ ပြောင်အောင်စားသွားတာပါပဲ။ ဘယ်လောက်ပဲ များများထည့်ပေးပေး၊ ကုန်အောင်တော့ စားသွားကြတာပဲ။ အဲဒါ ကျွန်တော် သိပ်ပျော်တာပေါ့" လို့ ပြောရင်း ကျွန်တော့် အနီး စားပွဲပေါ်က ပြောင်နေတဲ့ပန်းကန်ကို လက်ညှိုးထိုးပြပြီး "တွေ့လား၊ ကျွန်တော်ပြောတာတွေ့လား" လို့ ပန်းကန်ကိုယူပြီး ပြောပြပါတယ်။

"ဘယ်ဟာပဲဖြစ်ဖြစ်၊ အကောင်းဆုံးဖြစ်အောင် ကျွန်တော်လုပ်တာပါပဲ။ ဒီမှာ ကျွန်တော် အပင်ပန်းခံ ကြိုးစားလုပ်ပါတယ်။ ဒီအလုပ်မျိုးမှာ အလွန်ချွေးထွက်ရတာပေါ့ဗျာ။ ဒါပေမယ့် ဒါဟာ အမေရိကန်တွေရဲ့ ပျော်မွှန်းစိတ်ကူးမှုပါပဲ။ ကျွန်တော် ဒီကိုလာတုန်းက ဘာမှပါမလာပါဘူး။ ဒါပေမယ့် ဒီနိုင်ငံမှာ ရည်မှန်းချက်နဲ့ ဇွဲမြဲမှုရှိရင် ဘာကိုမဆို လုပ်လို့ရပါတယ်။ ကျွန်တော် အတော်အောင်မြင်နေပါတယ်။ ဒါဟာလည်း အလုပ်လုပ်လို့ပါပဲ။ ကျွန်တော့်မိတ်ဆွေတွေနဲ့ မိသားစုဟာ ကျွန်တော့်လို အချိန်ကြာကြာ မလုပ်ကြပါဘူး။ သူတို့အတော်များများဟာ နှစ်ပတ်သုံးပတ်လောက် အားလပ်ချိန်ယူကြတယ်။ ကျွန်တော်ကတော့မနားဘူး။ ကျွန်တော်ကတော့ ဒီမှာ တစ်ခါတစ်ခါ တစ်ပတ်မှာ ခုနစ်ရက်လုံးလုံး ရှိနေတယ်။ တစ်ခါတစ်ရံ တစ်နေ့မှာ ဆယ့်လေးနာရီ၊ ဆယ့်ငါးနာရီ ရှိနေတယ်။ ဒီနိုင်ငံက အလုပ်လုပ်၊ ပိုက်ဆံရ၊



အိမ်ပြန် ဆိုတာမျိုး မဟုတ်ဘူး။ ခင်ဗျားတို့နိုင်ငံမှာတော့ ရချင်ရမယ်။ ဒီမှာ မရဘူး။ ဒီလောက်နဲ့ မဖြစ်ဘူး။ ပိုလုပ်ရမယ်" ရှောကိုပြောတာတွေကတော့ ဒါပါပဲ။

ရှောကိုဟာ ဒီနိုင်ငံမှာ အနှစ်နှစ်ဆယ်လောက် အလုပ်ကို များများစားစား လုပ်နေပါတယ်။ သူဘာဆက်လုပ်မယ်ဆိုတာကို ဝါရှင်တန်က အိမ်နဲ့ နယူးယောက်က ရုံးအကြား ပြေးလွှားနေရတဲ့ ကျွန်တော် စောင့်နေပါတယ်။



## ကွီနောန်မြို့မှ မေရွှာနင့်တကွ

ဟွန် ငုယင်
ဆီရဲတားလ်၊ ဝါရှင်တန်

ဟွန် ငုယင်နဲ့ မိသားစု၊ သူ့မိဘတွေရယ်၊ ညီအစ်ကိုလေးယောက်၊ ညီအစ်မလေးယောက်ရယ် သူတို့တစ်တွေဟာ ဗီယက်နမ်နိုင်ငံမြို့တော်ဆိုင်ဂုံမြောက်ဗီယက်နမ် ကွန်မြူနစ်တွေလက်ထဲကို မကျခင် တစ်နေ့မှာ တောင်ဗီယက်နမ် ကွီနောန်မြို့က ထွက်ပြေးခဲ့ပါတယ်။

ဟွန်က "ကျွန်တော်တို့ ထွက်ပြေးမှ ဖြစ်မှာ" လို့ ပြန်ပြောပြပါတယ်။

ဟွန်ရဲ့အဖေဟာ တောင်ဗီယက်နမ် အစိုးရမှာ ရာထူးကြီးကြီးနဲ့ တာဝန်ထမ်းဆောင်သူဖြစ်လို့ ကွန်မြူနစ်တွေ အုပ်စိုးလာတဲ့အခါမှာ သူတို့ရဲ့ အနာဂတ်ဟာ ကြောက်စရာကောင်းနေပါတယ်။

"ကျွန်တော်တို့ ဟိုမှာ ဆက်နေရင် ဘာတွေဖြစ်လာမယ်ဆိုတာ သေိနိုင်လောက်အောင်ပါပဲ" လို့ ဟွန်က ပြောပါတယ်။

၁၉၇၅ ခုနှစ် ဧပြီလမှာ သူတို့ဟာ အမေရိကန်ပြည်ထောင်စုကို ထွက်ပြေးဖို့ အစီအစဉ်တွေကို ကတိုက်ကရိုက် လုပ်ကြရတယ်။ ဟွန်တို့မိသားစုဟာ လူဦးရေ များတာကြောင့် အုပ်စုနှစ်စု ခွဲလိုက်ကြရတယ်။

"ကျွန်တော်တို့ထဲက တချို့က ဆီရဲတားလ်မြို့ကို ရောက်လာကြတယ်။ တချို့က အင်ဒီရဲနားပြည်နယ် ဖို့တ်ဝိန်းကို ရောက်သွားကြတယ်" လို့ ဟွန်က ပြောပြတယ်။

"ကျွန်တော်တို့အားလုံး အတူတူနေချင်ပါတယ်။ ဒါပေမယ့် မနေနိုင်ပါဘူး" လို့လည်း ပြောပြန်သေးတယ်။ ဆောင်းအခါမှာ သိပ်အေးပြီး နွေအခါမှာ သိတ်ပူတဲ့ ဖို့တ်ဝိန်းမှာ နှစ်နှစ်ကြာ နေပြီးတဲ့အခါမှာ သူတို့မိသားစုဟာ ပစိဖိတ်အနောက်မြောက်ဘက်ဒေသမှာ ပြန်လည်စုစည်းဖို့လုပ်ကြတယ်။ ဆီရဲတားလ်မြို့ အနီးအနားမှာ တစ်စုတစ်ဝေးတည်း နေကြဖို့ပဲ ဖြစ်တယ်။ အဲဒီတစ်ဝိုက်မှာ ဗီယက်နမ်လူမျိုး အစုအဝေးအလိုက်

F-14

အများအပြား နေကြတာ ဖြစ်လို့ပါပဲ။

အခုတော့ ဆယ့်တစ်နှစ်ကြာတဲ့အခါမှာ ဟွန်တို့ မိသားစုဟာ တစ်နိုင်ငံလုံးမှာ ပြန့်ကျဲသွားပါတော့တယ်။ အဲဒီလို ဖြစ်ရတာကို သူ့စိတ် မကောင်းကြောင်း၊ ဒီနိုင်ငံမှာ ဒီလို နေထိုင်လုပ်ကိုင်ရတာနဲ့ပတ်သက်လို့ စိတ်ပျက်မိကြောင်း ပြောပြပါတယ်။ "ကျွန်တော်တို့ နိုင်ငံမှာတော့ ဒီအမေရိကမှာလို မဟုတ်ဘဲ မိသားစုဟာ တစ်စုတစ်စေးတည်း နေကြရ ပါတယ်" လို့ ဟွန်က ရှင်းပြပါတယ်။

သူက ဆက်ပြီး ပြောပါသေးတယ်။

"ဒီလို ဖြစ်ရတာဟာ ယဉ်ကျေးမှုခြားနားချက်ကြီးမားတာကြောင့် ပဲ ဖြစ်ရမယ်။ ကျွန်တော်တို့ အားလုံး စိတ်မကောင်းကြပါဘူး။ ဒါပေမယ့် နေသားထိုင်သားရနေပါပြီ။ အကျင့်ရနေပါပြီ။ ဒီမှာကတော့ မိသားစုဝင်တွေ ဟာ နိုင်ငံအနှံ့ ပြန့်ကျဲနေရပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အတော် ဝေးဝေးကို ရောက်နေကြရပါတယ်။ ကျောင်းနေဖို့ဖြစ်စေ၊ အလုပ်အတွက်ပဲ ဖြစ်စေ၊ အဲဒီလို တစ်ယောက်နဲ့တစ်ယောက် ဝေးနေကြရပါတယ်။"

ဟွန်ဟာ အခုဆိုရင် သူ့ရဲ့ဗီယက်နမ်ဇနီး၊ အမေရိကန်ဖွားသားငယ် နှစ်နှစ်သားကလေး ကယ်ဗင်တို့နဲ့အတူ တိုက်ခန်းတစ်ခန်းမှာ နေထိုင်ပါတယ်။ သူ့မိဘနှစ်ပါးနဲ့ ညီအစ်ကို မောင်နှမတစ်စုဟာ သူ့အိမ်ကနေ မိုင်အတော် ဝေးဝေးမှာ နေကြပါတယ်။ အဲဒီလို နေရတာဟာ အမိုးတစ်ခုတည်းအောက် မှာ နေရသလို တစ်စုတည်း နေရသလိုတော့ မဟုတ်ပါဘူးလို့ ဟွန်က ပြောပါတယ်။

ဟွန်က ဆက်ပြောပြန်ပါသေးတယ်။

"ဒါနဲ့ ဒီမှာ အားလုံးဟာ ဈေးကြီးတာလွန်ပါရောဗျာ။ ကျွန်တော့် မိသားစုလို ညီအစ်ကိုလေးယောက်၊ ညီအစ်မလေးယောက်ပါတဲ့ မိသားစုဟာ ဗီယက်နမ်မှာဆိုရင် သိပ်ကြီးလှတဲ့ မိသားစု မဟုတ်ဘူးပေါ့ဗျာ။ ဒါပေမယ့် ဒီအမေရိကမှာတော့ သိပ်ကို ကြီးနေတာပေါ့။ ဒီလို မိသားစုအတွက်တော့ ဒီမှာ သိပ်ကို စရိတ်စက ကြီးနေတာပေါ့။ ကျွန်တော်တို့မှာ ကလေးနှစ် ယောက်၊ ဆိုပါစို့ သုံးယောက်ထက် ပိုမယူနိုင်ဘူးလို့ ထင်ပါတယ်ဗျာ"



ကျွန်တော်က ဟွန်ကို ဆီရဲတားလ်မြို့၊ အဲန်ဘီစီ အသံလွှင့်ဌာန မှာ ရယ်စမ် ဒီနိုင်းပညာရှင်အဖြစ် တွေ့ဆုံခဲ့ရပါတယ်။ အတော်ဟန်နေတာ ကိုပါ တွေ့ရပါတယ်။

တကယ်တော့ သူ့မှာ ဉာဏ်ရည်အထူးရှိနေပါတယ်။ အဲဒီဉာဏ် ညီဏူကို အောင်မြင်တဲ့လုပ်ငန်းဖြစ်အောင် သူအသုံးပြုနိုင်ပါတယ်။

"ကျွန်တော်ဟာ ပန်းချီဆရာထက် စီးပွားရေးအသုံးချ ပုံစံဒီနိုင်းဆရာ နဲ့ ပိုတူပါတယ်" လို့ သူက ရှင်းပြပါတယ်။ ဒီလိုဖြစ်ပေမယ့် သူဟာ ရေးဆေးပန်းချီကို အပျော်တမ်း ရေးဆွဲပြီးတော့ ရပ်ကွက် ဝိုင်အမ်စီအေမှာ ပန်းချီပညာကို သင်ကြားပြသနေပါတယ်။

"ဒီအလုပ်မျိုးကို ဗီယက်နမ်မှာ ကျွန်တော် မရနိုင်ပါဘူး" လို့ သူက ဝန်ခံပြောကြားပါတယ်။

"ဒီမှာလို ဟိုမှာက ရုပ်မြင်သံကြားဌာနတွေ မရှိဘူး။ အလုပ်ရဖို့ နေရာ မရှိဘူး။ တကယ်လို့ အခြေအနေတွေ တစ်မျိုးဖြစ်ပြီး ဟိုမှာ နေရ မယ်ဆိုရင် ကျွန်တော်ဟာ အစိုးရအတွက် အလုပ်လုပ်ရမှာပါ"

ဗီယက်နမ်က ထွက်လာတဲ့ကိစ္စဟာ မလွယ်ပါဘူး။ ဘာ့ကြောင့်လဲ ဆိုတော့ ကိုယ့်နိုင်ငံကို ပြန်ခွင့်လည်း မရှိဘူး၊ ပြီးတော့ မရေရာတဲ့ ဘဝသစ် ကို လှမ်းရတော့မယ်ဆိုတာလည်း သိနေလို့ပါ။

အခုအခါမှာ အသက် နှစ်ဆယ့်ရှစ်နှစ်ရှိပြီဖြစ်တဲ့ ဟွန်က "အဲဒီတုန်း က ကျွန်တော်က ငယ်သေးတာပဲ။ နိုင်ငံရေးတွေ ဘယ်လိုဖြစ်နေတယ်ဆိုတာ မသိခဲ့ဘူး။ ဘာကိုမှ စုံစုံလင်လင် မသိနိုင်ခဲ့ဘူး။ ကျွန်တော့်မိသားစုဟာ နိုင်ငံက ထွက်သွားဖို့ကိုပဲ သိတယ်"

အဲဒီလိုခွဲခွာလာပြီးတဲ့နောက် ဟွန်ဟာသူ့မိဘများနှင့်အတူ ဖို့တ်ဝိန်း ကို ရောက်လာပါတယ်။

"ဒီကိုရောက်တော့ ပြောဆို ဆက်သွယ်တာနဲ့ ပတ်သက်လို့ ကျွန်တော့်အတွက် အတော့်ကို အခက်အခဲဖြစ်နေပါတယ်။ ကျွန်တော့်နိုင်ငံမှာ တုန်းက အင်္ဂလိပ်စာကို ကျောင်းမှာ နှစ်ပေါင်းများစွာ သင်ယူခဲ့ပါတယ်။ ဒါပေမယ့် ဒီကိုရောက်တော့ အခက်အခဲနဲ့ တွေ့ရပါတယ်။ အင်္ဂလိပ်ဘာသာ



စကားဟာ အလွန်ခက်ပါတယ်။ ကျွန်တော် သင်ယူနေတုန်းပါပဲ" လို့ ဟွန်က ပြောပါတယ်။

သူနဲ့တကွ သူ့အပေါင်းအသင်းတချို့နဲ့ ကျွန်တော် စကားပြောပြီး တဲ့နောက် သူဟာ ယဉ်ကျေးမှုအသစ်နဲ့ သဟဇာတဖြစ်အောင် သူဘယ်လို လုပ်ဆောင်ရတယ်ဆိုတာကို ကျွန်တော် အလေးထား သတိပြုမိပါတယ်။

သူ့အင်္ဂလိပ်စကားက တစ်ခါတလေ ကို့ယို့ကားယား ဖြစ်နေ ပေမယ်လို့ သူနဲ့ စကားပြောလိုက်တဲ့အခါ သူဟာ သဘောပေါက်အောင် ပြောနိုင်ပါတယ်။ သူဟာ ယဉ်ကျေးမှုအသစ်ကို မလွတ်တမ်း ဖမ်းဆုပ် ထားနိုင်တာကို တွေ့ရပါတယ်။

"ကျွန်တော့်အရွယ်ဟာ မစ်ကီး မောက်စ်အတွက်တော့ ကြီးနေပေ မယ်လို့ ဒစ်စနေလဲန်းကိုတော့ ရောက်ဖူးပါပြီ" လို့ ဟွန်က ဂုဏ်ယူပြီး ပြောပါတယ်။

ဟွန်ဟာ အမေရိကန်အစားအစာကို အလွန်ပဲ သဘောကျစွဲတွင်း တွေ့လို့ သူ့ဇနီးဟာ အစားအသောက်နဲ့ ပတ်သက်လို့ ပျာယာခတ်နေရတာ ပါပဲ။ "ကျွန်တော်ဟာ အမဲသားလုံးတွေ၊ အမဲသားဟင်းတွေ၊ ဟော့ဒေါ့တွေ၊ ဆင်းဒ်ဝစ်ချ်တွေကို ကြိုက်လွန်းလို့ မိန်းမက စထောစထောပြီးတွားမြည်တွန်ရပါ တယ်" လို့ သူက ပြောပါတယ်။

"ကျွန်တော်က အလွယ်တကူ ပြုလုပ်စီမံလို့ရတဲ့ ဆင်းဒ်ဝစ်ချ်လို အစာမျိုးကို အလွန်ပဲ ကြိုက်ပါတယ်ဗျာ" လို့ ဟွန်က ပြောပါသေးတယ်။

"ညစာအတွက်ကတော့ ဗီယက်နမ်ညစာပဲပေါ့။ အဲဒါအတွက် ကျွန်တော့်မိန်းမက မီးဖိုချောင်မှာ နှစ်နာရီ၊ သုံးနာရီလောက် ချက်ပြုတ်ရပါ တယ်။ အဲဒီနောက် ပန်းကန်တွေကို မိနစ် သုံးလေးဆယ်လောက်ကြာအောင် ကျွန်တော် ဆေးကြောလိုက်ရပါတယ်"

သူက အဲဒီလိုပြောရင်း ရယ်လိုက်ပါတယ်။

သူ့အိမ်ဟာ အမေရိကန်ဆန်လာပြီး သူဟာလည်းပဲ အမေရိကန် လူမျိုးခင်ပွန်းသည်တစ်ဦး ဖြစ်လာပြီဆိုတာ သူသဘောပေါက်နေကြောင်း ကျွန်တော် နားလည်လိုက်ပါတယ်။



"ကျွန်တော်ဟာ ကျွန်တော်ထင်တာထက်ပိုပြီးတော့ ဒီကလူတွေနဲ့ တူလာတယ်လို့ ပြောချင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ယခုအခါမှာ ကျွန်တော်ဟာ မြန်မြန်နဲ့လွယ်လွယ်ကို ကြိုက်လာတာကြောင့်ပါပဲ" လို့ ဟွန်က ပြောပါသေးတယ်။

ဒီနိုင်ငံမှာ ခုနစ်နှစ်နေပြီးနောက် လွန်ခဲ့တဲ့ လေးနှစ်က သူဟာ နိုင်ငံသားအဖြစ်ကို ခံယူခဲ့ရတယ်။ အဲဒါကိုသူအတော့်ကို ဂုဏ်ယူနေပါတယ်။

"အဲဒီနေ့ဟာ ကျွန်တော့်အတွက် ထူးခြားတဲ့နေ့ပါပဲ။ ဒီနိုင်ငံက လူတွေရဲ့ ကျေးဇူးဟာ ကျွန်တော့်အပေါ်မှာ အများကြီး ရှိနေပါပြီလို့ ကျွန်တော်အမြဲပဲ ခံစားနေမိပါတယ်။ ဒီနိုင်ငံသားဖြစ်လာတာဟာ သူတို့ကို တစ်စုံတစ်ရာ တုံ့ပြန်မိပြီလို့ ကျွန်တော် ခံစားမိပါတယ်။ သူတို့ အသိုက် အမြုံမှာ ကျွန်တော်ဟာ ပိုပြီး ဝင်ဆံ့လာတာလည်း ဖြစ်ပါတယ်" ဟွန်က အဲဒီလို ဖွင့်ဟပြောဆိုပါတယ်။

ဟွန်ဟာ သူ့ကို အသက်ကြီးမှ အမေရိကန်ဖြစ်လာတဲ့သူတွေလိုပဲ နိုင်ငံသားအဖြစ်ကို လေးလေးစားစားနဲ့ ခံယူတာကို တွေ့ရပါတယ်။ သူဟာ ကျွန်တော်တို့ရဲ့သမိုင်းကို ကျွန်တော့်ထက်ပိုပြီး သိမယ်လို့ လောင်းတောင် လောင်းရဲပါတယ်။ သူဟာ အိမ်နီးနားချင်းကောင်းတစ်ယောက်ပါ။ မိတ်ဆွေ ကောင်းတစ်ယောက်ပါ။ သူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ သူဟာ အဖိုးတန် လူတစ်ဦးပါ။ ခင်ဗျားတို့မြို့မှာ ဟွန်နဲ့ သူ့မိသားစုကို ရပ်ရွာလူ့အဖွဲ့အစည်း ထဲ ဝင်ဆံ့ဖို့ အထူးကြိုးစားနေသူတွေလို့ သတိထားမိပါလိမ့်မယ်။ အဲဒါ ကောင်းပါတယ်။

"ဆီရဲတားလ်မြို့ကို ကျွန်တော့်မွေးရပ်ဌာနီမြို့လို့ မှတ်ယူထားပါ တယ်။ အဲဒီမှာ ကျွန်တော်နေတယ်။ ကျွန်တော့်မိတ်ဆွေအပေါင်းအသင်းတွေ နဲ့ ကျွန်တော့်မိသားစု နေပါတယ်။ ကျွန်တော့်အတွက်ကတော့ သိပ်ကောင်းတဲ့ နေရာကလေးပါပဲ။ တစ်ခါတစ်ရံမှာတော့ တခြားမြို့၊ ဒါမှမဟုတ် ပြည်နယ်တစ်ခုခုကို ပြောင်းဖို့ စိတ်ကူးမိပါတယ်။ ပိုကောင်းတဲ့အလုပ်ရဖို့ ပြောင်းရမှာဖြစ်တယ်။ ဒါပေမယ်လို့ ဆီရဲတားလ်ကို စွန့်ခွာသွားဖို့ဟာက အလွန်ပဲ ခက်လှပါတယ်ဗျာ။ ဒါကျွန်တော့်နေရာ၊ ကျွန်တော့်ဇာတိဒေသပါပဲ"

ဖွန်နဲ့ သူ့မိသားစုဟာ သူတို့ရဲ့ဌာနေဖြစ်တဲ့ တောင်ဗီယက်နမ်ကို ပြန်ရဖို့ဆိုရင် အလွန်ပဲ ဝမ်းသာကြမှာပါ။ ဒါပေမယ့် အဲဒီလိုဖြစ်ဖို့ဆိုတာ ဟာ အတော်ပဲ အချိန်လိုပါလိမ့်ဦးမယ်။ ခဏကလေး အလည်အပတ်ပြန်ဖို့တောင် မဖြစ်နိုင်ဘူးဆိုတာကို သူသဘောပေါက်ပါတယ်။

ဘယ်လိုပဲဆိုဆို သူဟာ သူ့မိခင်နိုင်ငံကိုတော့ စွဲစွဲလမ်းလမ်းဖြစ်နေတာ အမှန်ပါပဲ။ သူ့အိမ်မှာ အင်္ဂလိပ်စကားကိုရော၊ ဗီယက်နမ်စကားကိုပါ ပြောဆိုနေကြပါတယ်။ ဒါကြောင့် သူတို့ရဲ့ ဇာစ်မြစ်ကို အမြဲအမှတ်ရနေကြပါတယ်။

"တကယ်လို့ ကျွန်တော်တို့ ပြန်သွားနိုင်တောင်မှ ကျွန်တော့်သားကို ဒီအမေရိကမှာပဲ ကြီးပြင်းစေချင်ပါတယ်"

"ကျွန်တော့်သားဟာ အမေရိကန်ပါ။ သူ့ကိုဒီမှာ မွေးပါတယ်၊ ဒါကြောင့် သူ့ကို ဒီနိုင်ငံရဲ့ လွတ်လပ်မှုတွေနဲ့ ကြီးပြင်းစေချင်ပါတယ်၊ တခြားကလေးတွေ ရလာရင်လည်း ဒီလိုပဲ ဖြစ်စေချင်ပါတယ်"

"ကျွန်တော်တို့ဟာ အမေရိကန်တွေပါ။ ဒီနေရာမှာ ကျွန်တော်တို့ရဲ့ မိသားစုတွေကို ပြုစုပျိုးထောင်ကြီးပြင်းစေချင်တာပါ"

* * *

မူလက ကျွန်တော်ဟာ ဖွန်မိသားစုကိုသာမက နှစ်လိုဖွယ်ကောင်းတဲ့ ဆိုဗီယက်ဂျူးစုံတွဲအကြောင်းကိုပါ ဒီစာအုပ်ထဲ ထည့်သွင်းဖော်ပြဖို့စိတ်ကူးထားခဲ့ပါတယ်။ သူတို့ဟာ စိန့်လူးဝစ္စမြို့မှာ နေပါတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်နီးပါးက အဝတ်အစားသေတ္တာနှစ်လုံးရယ်၊ ဒေါ်လာငွေ နှစ်ရာဖိုးရှုရှုငွေရယ်နဲ့ ရောက်လာတဲ့သူတွေပါပဲ။ အဲဒီလို အခြေအနေနဲ့ ရောက်လာတာမို့ ကျွန်တော် စိတ်ဝင်စားခဲ့တာဖြစ်ပါတယ်။

အမေရိကန်ဘဝကို ဆေဖန်ပြတဲ့ သူတို့ရဲ့ အမြင်တွေကြောင့် ကျွန်တော်ဟာ ကျွန်တော်တို့နှစ်နိုင်ငံ၊ လူမျိုးနှစ်မျိုးရဲ့ ကွဲပြားခြားနားမှုကို အေးအေးဆေးဆေး ထိုင်ပြီးတော့ စဉ်းစားကြည့်မိပါတယ်။ ဒါကြောင့်



သူတို့ကို ဒီစာအုပ်ထဲမှာ ခင်ဗျားတို့နဲ့ မိတ်ဆက်ပေးဖို့ အလွန်ပဲ စိတ်အားသန်မိရပါတယ်။

ဒါပေမယ်လို့ သူတို့အကြောင်းကို ဒီမှာ မပြောပြနိုင်တော့ပါဘူး။ ဒီစာအုပ် ပုံနှိပ်ခါနီးမှာ သူတို့ဆီက စာရပါတယ်။ သူတို့ပါဝင်ပတ်သက်နေရင် နှိုးရိမ်စရာဖြစ်မှာဖြစ်ကြောင်း၊ သူတို့ရဲ့ မိဘဆွေမျိုးတွေကို တွေ့ဖို့ ရုရှားပြည်ကို ပြန်ခွင့်ရရင် သူတို့ခေါင်းခဲရမှာဖြစ်ကြောင်း၊ ပြဿနာဖြစ်နိုင်ကြောင်း စာမှာ ဖော်ပြထားပါတယ်။

သူတို့က ဝမ်းနည်းပါတယ်လို့ဆိုပါတယ်။ ဟိုမှာရှိတဲ့ သူတို့မိသားစုတွေနဲ့ ဆက်သွယ်ရာမှာ အန္တရာယ်မကင်း မဖြစ်ဘဲနဲ့ ဒီမှာ ပါဝင်ပတ်သက်မှု မပြုနိုင်ပါဘူးလို့ ခံစားနေကြပါတယ်။ ကျွန်တော်လည်း စိတ်မကောင်းပါဘူး။ ဒါပေမယ့် သူတို့ရဲ့ ဆုံးဖြတ်ချက်ကို ကျွန်တော် လေးစားပါတယ်။ သူတို့ကြောင့်ကြနေရတာကိုလည်း ကျွန်တော် နားလည်သဘောပေါက်ပါတယ်။ ကျွန်တော် ဝမ်းနည်းမိတာကတော့ ဒီလို ရဲရင့်ပြတ်သားတဲ့ နှီးမောင်နှံရဲ့ စူးရှတဲ့အမြင်တွေကို မရလိုက်တာပါပဲ။ အထူးသဖြင့် အမျိုးသမီးဆီက ထင်မြင်ချက်တွေ မရလိုက်တာဟာ အနာဆုံးပါပဲ။ သူဟာ အင်္ဂလိပ်စကားမှာ သူ့ယောကျ်ားထက် တော်နေလို့ဖြစ်ပါတယ်။

သူမက ပြောပြပါသေးတယ်။

"ရုရှားမှာဆိုရင် ရှင်ဟာ အင်ဂျင်နီယာဖြစ်နေရင် ဒါနဲ့ပဲ သေရမှာ။ ဒီမှာတော့ ရှင်ကြီးစားနိုင်တယ်။ အများကြီး ကြီးပမ်းအားထုတ်နိုင်ပါတယ်။ ရှင်ဖြစ်ချင်သလို ဖြစ်နိုင်တယ်။ ဘာဖြစ်ချင်သလဲဖြစ်နိုင်ပါတယ်။ ဒီမှာ ကျွန်မတို့ မိတ်ဆွေတွေ ရနေပါပြီ။ ကျွန်မတို့ ဒီကို ရောက်စတုန်းက ဘယ်သူ့ကိုမှ မသိသေးပါဘူး။ အခု မိတ်ဆွေတွေ ရနေပါပြီ။ ကျွန်မတို့ရဲ့ စိတ်ချမ်းမြေ့မှုရဲ့ ရှစ်ဆယ်ရာနိုင်နှုန်းဟာ ကျွန်မတို့ရဲ့ မိတ်ဆွေတွေကြောင့် ဖြစ်ပါတယ်။ သူတို့ဟာ အများအားဖြင့် အမေရိကန်တွေပါပဲ။ တကယ်လို့ ဒီ စိန့်လူးဝစ္စမြို့မှာ မိတ်ဆွေတွေ မရှိဘဲ ကျွန်မတို့ကို နေရမယ်ဆိုရင် ကျွန်မတော့ စိတ်အပျက်ကြီး ပျက်ရမှာပါပဲ"

သူမက ဆက်ပြီး ပြောပြန်ပါသေးတယ်။



"အစကတော့ အမေရိကန်တွေဟာ မရိုးမဖြောင့်ဘူး၊ ခင်ခင်မင်မင် မရှိဘူးလို့ ထင်ခဲ့မိတယ်။ သူတို့ဘာ့ကြောင့် အမြဲပဲ ပြုံးနေရတာလဲ။ အံ့ဩမိလို့ရှိပါတယ်။ ဟန်လုပ်နေတာပဲလား။ ဘယ်နေရာကိုပဲ သွားသွား လူတွေက ပြုံးပြနေတာပဲ။ ရုရှားမှာတော့ ဒီလို မဟုတ်ပေါင်။

"ဒီမှာ သူတို့ကို ပြုံးနေအောင် ဘယ်သူက နှိုးနေတာလဲ၊ ဘာအတွက် ပြုံးနေကြတာလဲ။

"တစ်ယောက်ယောက်ကပြောတယ်၊ ဒါဟာ အမေရိကန်တွေရဲ့ အမြင်နဲ့ သဘောထားပါပဲတဲ့။ အမေရိကန်တွေဟာ အရာရာကို ရှုမြင်တဲ့ သဘောထားဖြစ်ပါတယ်တဲ့။

"ပြုံးတာနဲ့ မပြုံးတာ ဘယ်ဟာက ပိုကောင်းသလဲလို့ သူတို့က မေးပါတယ်။ ပြုံးတာက ပိုကောင်းတာပေါ့။ အခု ကျွန်မ လျှောက်သွားနေတဲ့အခါ အမြဲပဲ ပြုံးနေပါတော့တယ်။ အဲဒါဟာ ကူးစက်ပြန့်ပွားလွယ်တဲ့ ယဉ်ကျေးမှုပါပဲရှင်"



## ၁၂။ ခေါင်းဆောင်များကို အလေးပြု

မြို့နယ်ဒေသဆိုင်ရာ နိုင်ငံရေးဟာ ဘယ်ဟာနဲ့မှ မတူပါဘူး။ ဒီနိုင်ငံမှာ ဘယ်လို အုပ်ချုပ်လုပ်ကိုင်နေကြတယ်ဆိုတာကို သိနိုင်ဖို့ကတော့ မြို့နယ်ကလေးတွေက နိုင်ငံရေးသမား အချို့ကို သိထားဖို့လိုပါလိမ့်မယ်။ ဒါ တကယ်ပါပဲ။

ကျွန်တော်ဟာ ရာထူးဂုဏ်ရှိန် မြင့်မားတဲ့ မြို့ဝန်တွေ၊ လူထုကိုယ်စားလှယ်အမတ်တွေနဲ့ ပခုံးချင်းယှဉ်ပြီးတော့ နေခဲ့ဖူးပါတယ်။ သမ္မတတွေနဲ့တောင် တွေ့ဖူးပါတယ်။ ဒါပေမယ့် တခြား ရွေးချယ်ခံထားရသူတွေ မဟုတ်ဘဲ ကိုယ့်မြို့ဝန်ကိုယ်သာ တရင်းတနှီး တွေ့ဆုံချင်တာပဲ။

အကြောင်းကြောင်းတွေကြောင့်ပဲ ထင်ပါတယ်။ အဆင့်မြင့် အုပ်ချုပ်ရေးပိုင်း ပုဂ္ဂိုလ်တွေဟာ မြို့ငယ်ကလေးတွေကို ဓါတ်ပုံထဲမှာပဲ သိကြတော့တယ်။ အဲဒါ ကောင်းတဲ့လက္ခဏာ မဟုတ်ပါဘူး။ မြို့ဝန်တွေကတော့ မြို့ငယ်ကလေးတွေဟာ သူတို့နဲ့ ရင်းနှီးနေပါတယ်။ မြို့နဲ့ သူတို့ဟာ တစ်သားတည်းဆိုတဲ့ သဘောမျိုးပေါ့။

ကျွန်တော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးအလုပ်တွေနဲ့ ခရီးထွက်တဲ့အခါတွေမှာ မြို့နယ်ဒေသဆိုင်ရာ နိုင်ငံရေးသမားတွေနဲ့ တွေ့ကြုံရတာတ်ပါတယ်။ အဲဒီအခါမျိုးမှာ မြို့နယ်စီးပွားရေးအဖွဲ့ဝင်တွေ၊ မြို့နယ်ကောင်စီဝင်တွေ စတဲ့လူတွေဟာ အုံလိုက်ပေါ်ထွက်လာကြပါတယ်။ ကျွန်တော်တို့ဖမ်းယူလွှင့်ထုတ်မယ့် ရုပ်မြင်သံကြားအစီအစဉ်မှာ သူတို့ရဲ့အပြုံးတွေကိုပြပြီးတော့ အလွတ်ကျက်ထားသလို ပြောစရာတွေကို ကရားရေလွှတ် ပြောဖို့ပဲ ဖြစ်ပါတယ်။ အဲန်ဘီစီ သတင်းအဖွဲ့ သူတို့နေရာကို လာမှာကို အလွန်ပဲ ဝမ်းသာလိုလားလှေ့ရှိကြပါတယ်။ အဲဒီလိုအခါမျိုး တော်တော်များများမှာ ကျွန်တော်ကတော့ ရှက်ရှက်သဲသဲ ဖြစ်နေတဲ့ လူစုလူဝေးကြီးဘေးက ခွဲထွက်ပြီး မြို့ထိပ်ပိုင်း၊ တာဝန်ခံပုဂ္ဂိုလ်တွေနဲ့ အေးအေးဆေးဆေး ဆွေးနွေးလေ့ရှိပါတယ်။

မြို့ဝန်တွေဟာ သူ့မြို့နေလူထုရဲ့ သဘောထားနဲ့ အထာကို တခြားသူတွေထက် ပိုသိကြပါတယ်။ သူတို့ဟာ မြို့နယ်နဲ့ အထူးပဲ နီးစပ်

အနိုင်ရလိုက်ပါတယ်။ သူရုံးထိုင်တဲ့အခါမှာ ဘတ်စ်ဟာ အလုပ်ကို အချိန်ပေး ပြီးတော့ တက်တက်ကြွကြွလုပ်ပါတယ်။ အလုပ်ချိန်နာရီများလွန်းလို့ အခကြေးငွေ လစာဟာ တစ်နာရီမှာ ဒေါ်လာ အနည်းငယ်နှုန်းသာဖြစ်သွား ရတဲ့ပါတော့တယ်။ "ကျွန်တော့်ရုံးမှာ ကျွန်တော်ဟာ မနက် ရှစ်နာရီက ညနေ ငါးနာရီအထိ ရှိနေတယ်" လို့ သူက ဂုဏ်ယူပြီး ပြောပြပါတယ်။ "တချို့ ညနေခင်းနဲ့ ရုံးပိတ်ရက်တွေမှာ ကျွန်တော်ဟာ ညှိနှိုင်းပွဲတွေ၊ အခမ်းအနားတွေမှာ ရှိနေတတ်ပါတယ်။ ဒါပေမယ့် အဲဒီအချိန်တွေမှာ ကျွန်တော် မျော့ မျော့ပဲ ပါဝင်ဆင်နွှဲနိုင်ပါတယ်။ ကျွန်တော့်ကို အလိုရှိတဲ့အခါ ရနိုင်တယ် ဆိုတာကို လူထုက သိပါတယ်။ ကျွန်တော့်ကို ဘယ်နေရာမှာ ရှာရမယ် ဆိုတာကိုလည်း သူတို့ သိကြပါတယ်" ဘတ်စ်က အဲဒီလို ရှင်းပြပါတယ်။

ဘတ်စ်ကို ပထမဦးဆုံးအကြိမ် တွေ့ရစဉ်က သူဟာ ဒုတိယ လေးနှစ်သက်တမ်းတာဝန်ကို ထမ်းဆောင်နေချိန်ဖြစ်ပါတယ်။ (အတိုက်အခံ မရှိဘဲ မြို့တာဝန်ခံအဖြစ်ကိုသူရခဲ့ခြင်းဖြစ်တယ်။) သူ့လက်ထက်မှာ မြို့နယ် ဆေးရုံဟာ နှစ်ဆဖြစ်လာတယ်။ မြို့လယ်ကောင်ဒေသဟာ ဖွံ့ဖြိုးတိုးတက် လာတယ်။ မြို့တော်ခန်းမကြီးကလည်း ဟိန်းလို့ပါပဲ။ သူ တာဝန်ယူနေချိန် မှာ သူဟာ ဟိုတယ်ကြီးတွေ ဆောက်ဖို့ကိုလည်း လုပ်နိုင်ခဲ့တယ်။ အဲဒီ ဟိုတယ်ကြီးတွေဟာ ဒီနိုင်ငံရဲ့ ရှေ့ဆောင်အစည်းအဝေးခန်းမဌာနကြီးတွေ ဖြစ်လာပါတော့တယ်။

ဘတ်စ်ဟာ အခု အသက် ခုနစ်ဆယ်အရွယ်မှာ မြို့ဝန်ရာထူးက အနားယူနေပြီဖြစ်ပါတယ်။ အခုမှ သူတကယ် အနားယူဖြစ်တာဖြစ်ပါတယ်။ "တစ်ယောက်ယောက်ကို ဒီအလုပ် လွှဲပေးဖို့ အချိန်ရောက်ပြီလို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော် ဘေးကို ဖယ်ပြီး အေးအေးပဲ နေသင့်တာပေါ့"လို့ ဘတ်စ်က ပြောပါတယ်။ ဒါပေမယ့် ဘတ်စ်ဟာ သူ့ရုံးဟောင်းကို မျက်စိ ဒေါက်ထောက် ကြည့်နေဆဲပါပဲ။

"မြို့ဝန်အသစ်ဟာ ကျွန်တော် အချိန်ပေးနိုင်သလောက်ရဲ့တစ်ဝက် ကိုတောင် မပေးနိုင်ပါဘူး။ ဒါပေမယ့် ဒါဟာ ကိစ္စမရှိပါဘူး" လို့ ဘတ်စ်က ပြောပြပါတယ်။



"ကိုယ်က ကြိုးကြိုးစားစား ပင်ပင်ပန်းပန်း လုပ်နိုင်သလို တခြား တစ်ယောက်က မလုပ်နိုင်ရင် အဲဒီလူကို အပြစ်တင်လို့ မရပါဘူး။ လုပ်နိုင် သမျှ လုပ်နေတာဟာ အစွမ်းကုန် လုပ်နေတာပဲဖြစ်တယ်။ ဒီလောက်ပဲ မျှော်လင့်လို့ရမှာဖြစ်တယ်။ ကျွန်တော်ကတော့ တခြားလူတွေထက် အချိန်ပို ရှိခဲ့ပါတယ်။ အဲဒါပါပဲ။ အချိန်ပြည့်မြို့ဝန် ရသင့်ရထိုက်တယ်လို့ လူတွေ ထင်မြင်ယူဆလာအောင် ကျွန်တော်က လူတွေကို အလိုလိုက် ဖျက်ဆီးခဲ့ တာများ ဖြစ်နေသလားတော့ မသိပါဘူးဗျာ" လို့ သူက ဆိုပါတယ်။

ဘတ်စ်ဟာ ဘာကိုပဲလုပ်လုပ် အသေးစိတ် ဂရုစိုက်လုပ်ပါတယ်။ ပိုပိုသာသာ အားထုတ်လုပ်ကိုင်ပါတယ်။ သူနဲ့ကျွန်တော် ပထမဦးဆုံးအကြိမ် တွေ့ဆုံပြီးနောက် ဘတ်စ်မတ်ခ်မြို့က ပြန်တဲ့အခါကို ကျွန်တော်ပြန်ပြီး အမှတ်ရ မိပါတယ်။ အဲဒီတုန်းက ကျွန်တော် နောက်ကျနေပါတယ်။ အချိန် သိပ်မရ ပါဘူး။ နောက်တစ်နေ့ မနက်မှာ ကျွန်တော် ရှီကာဂိုမြို့မှာ ရောက်နေရမှာ ဖြစ်ပါတယ်။ ကျွန်တော် စီးရမယ့် လေယာဉ်ခရီးကလည်း အဲဒီညမှာ နောက်ဆုံး လေယာဉ်ခရီးစဉ် ဖြစ်နေပါတယ်။ ဒါပေမယ့် ဘတ်စ်က အဲဒီ လေယာဉ်အမီရောက်အောင် လုပ်ပေးပါတယ်။ ကျွန်တော်တည်းခိုတဲ့ဟိုတယ် ကိုသွားပြီး ကျွန်တော့်အိတ်တွေကို ယူပြီး လေဆိပ်ကို ကြိုပို့ထားလိုက်ပါ တယ်။ ဘတ်စ်မတ်ခ်လို မြို့ကြီးတစ်မြို့က မြို့ဝန်တစ်ဦးဆီက အဲဒီလို စိတ် ကျေနပ်အောင် ကူညီထောက်ပံ့မှုမျိုး ရလိမ့်မယ်လို့ မျှော်လင့်နိုင်ကြမှာ မဟုတ်ပါဘူး။ အဲဒီလို ဆက်ဆံဆောင်ရွက်မှုမျိုးလည်း ဘယ်သူ့ဆီကမှ ရလိမ့်မယ် လို့လည်း မျှော်လင့်ကြမှာလည်း မဟုတ်ပါဘူး။

ဘတ်စ်မတ်ခ်မြို့က ကျွန်တော် ထွက်ခွာခါနီးမှာ ဘတ်စ် နောက်ဆုံးပြောလိုက်တဲ့ စကားကတော့ "ကျွန်တော် အသက်တစ်ရာကျော် ရှည်အောင် နေချင်ပါတယ်ဗျာ။ ဒါမှ ကျွန်တော့်နာမည်ကို ခင်ဗျားက ကြေညာပေးနိုင်မှာဖြစ်တယ်။"

သူက အဲဒီလိုပြောတာဟာ အကြောင်းရှိပါတယ်။ အဲဒီအချိန် တုန်းက ကျွန်တော်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ သက်တော်ရှည်ရာပြည့်ပုဂ္ဂိုလ် တွေကို နာမည်ဖော်ပြီး ရာပြည့်မွေးနေ့မှာ ကြေညာပေးနေလို့ပဲဖြစ်ပါတယ်။



အဲဒါကို သူရည်ညွှန်းပြီး ပြောတာပဲဖြစ်ပါတယ်။

ကောင်းပါပြီ ဘတ်စ်ရယ်။ အဲဒီအခါကျရင် အဲဒီလို ကြေညာနိုင် ပြီး ကျွန်တော် ဂုဏ်ယူနိုင်ပါလိမ့်မယ်လို့ ထင်ပါတယ်ဗျာ။ ဒါပေမယ်လို့ ဒီစာအုပ်မှာလည်း ခင်ဗျားရဲ့နာမည်ကို ကျွန်တော် ဖော်ပြနိုင်ပြီပဲဗျာ။

နောက်အနှစ် သုံးဆယ်အတွင်းမှာ ကျွန်တော်ဘယ်ရောက်နေမလဲ ဆိုတာ ဘယ်သူပြောနိုင်မှာလဲဗျာ။



## မြင့်မြတ်တဲ့ တလီးဒိုးမြို့
## ဒေါ်နာ အိုဝင်းစ်
## တလီးဒိုး၊ အိုဟိုင်းယိုး

ဒေါ်နာ အိုဝင်းစ်ဆိုသူ အမျိုးသမီးဟာ တလီးဒိုးမြို့ရဲ့မြို့တော်ဝန် ဖြစ်လာသူ အိမ်ရှင်မတစ်ဦး ဖြစ်ပါတယ်။ သူမဟာ သူမရဲ့မြို့အတွက် အထူးပင် ဂုဏ်ယူလေ့ရှိပါတယ်။ ကျွန်တော် အဲဒီကို အလည်ရောက်တုန်းက သိခဲ့ရတဲ့ မြို့သူမြို့သားတွေ ဂုဏ်ယူသလိုပါပဲ။ တလီးဒိုးမြို့ကို မကောင်း ပြောမိရင် သူမက ပထမဦးဆုံး ကာကွယ်ပြောမှာ သေချာပါတယ်။

"တလီးဒိုးမြို့နဲ့ ပတ်သက်လို့ လူတွေ သိထားတာကတော့ မက်ဒ်ဟဲန်းစ်နဲ့ အမ် အေ အက်စ် အိတ်ချ် မက်ရှ်တို့ပဲဖြစ်တယ်" လို့သူမက ပြောပါတယ်။ သူမ ရည်ညွှန်းပြောဆိုလိုတာကတော့ တလီးဒိုးမြို့ရဲ့ ဘောစ် ဘောလုံးအသင်းနဲ့ စာတ်ဆောင်တစ်ဦးရဲ့ ဇာတိမြို့အဖြစ် တလီးဒိုးမြို့ကို ဖော်ပြထားတဲ့ မက်ရှ် ဟာသဇာတ်ကားတို့ပဲ ဖြစ်ပါတယ်။

လူတွေက တလီးဒိုးမြို့နဲ့ ပတ်သက်လို့ ဒီလောက်ပဲ သိထားကြတယ်။

"ဒါကို ကျွန်မ ပြောင်းပစ်လိုက်ရမယ်"လို့ အမျိုးသမီးမြို့တော်ဝန် ဒေါ်နာ အိုဝင်းစ်က ဆိုပါတယ်။

သူမ တကယ်ပဲ လုပ်ဆောင်နိုင်ပါတယ်။

သီချင်းရေးဆရာတစ်ဦးဟာ တလီးဒိုးမြို့အကြောင်းနဲ့ ပတ်သက် ပြီးတော့ အမှားမှားအယွင်းယွင်း သီချင်းရေးစပ်မိပါတယ်။ အဲဒီသီချင်းက တော့ "အိုဟိုင်းယိုးပြည်နယ်၊ တလီးဒိုးမြို့ စနေနေ့ည" ဆိုတဲ့သီချင်းပါပဲ။ ဂျွန် ဒဲန်ဗါး ဆိုတဲ့ ဓါတ်ပြားထဲမှာ ပါပါတယ်။

အဲဒီကိစ္စနဲ့ ပတ်သက်လို့ကတော့ ဒေါ်နာ အိုဝင်းစ်ကို လွှဲထား လိုက်စမ်းပါ။ အကြောင်းသိရမှာပေါ့။

အဲဒီကိစ္စနဲ့ပတ်သက်လို့ ဒေါ်နာ အိုဝင်းစ်က ပြန်ပြောပြပါတယ်။

"ကျွန်မတို့ သူ့ကို (သီချင်းရေးဆရာကို) တလီးဒိုးကို ဖိတ်ခေါ် လိုက်ပြီး သူ့အမြင်တွေကို ပြောင်းအောင် ကြိုးစားနိုင်းခဲ့ပါတယ်။ သူဟာ

ကျွန်မတို့မြို့အကြောင်းကို နားလည်လာတယ်ထင်ပါတယ်။ သူက ကျွန်မတို့အတွက် သီချင်းတစ်ပုဒ် ရေးပေးခဲ့ပါတယ်။ ဒီမှာ ရှိနေတုန်း သူ့အဲဒီသီချင်းကို ဆိုပြခဲ့ပါတယ်။"

ဒေါ်နန်နာ အိုဝင်းစ်ဟာ လူမျိုးပေါင်းစုံ ရောနှောနေပြီး လူဦးရေ သုံးသိန်းခွဲလောက်ရှိတဲ့ တလီးဒိုးမြို့ရဲ့ အကြိမ် ၅၀ မြောက်မြို့ဝန်ဖြစ်ပါတယ်။ ဒါတင် မကသေးပါဘူး။ ဒေါ်နန်နာဟာ ပထမဦးဆုံး အရွေးချယ်ခံရတဲ့ အမျိုးသမီးမြို့တော်ဝန်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဒီမိုကရက်တစ်ပါတီ အင်အားကောင်းတဲ့ အဲဒီမြို့မှာ ၁၆ နှစ်အတွင်း ပထမဦးဆုံး အရွေးခံရတဲ့ ရီပတ်ဘလီကင်ပါတီဝင်ဖြစ်ပါတယ်။

ဒါက ဒေါ်နန်နာ အိုဝင်းစ်နဲ့ပတ်သက်တဲ့ အခြေခံအကြောင်းပါပဲ။ အရေးကြီးတဲ့ အပိုင်းကတော့ သူ့တာဝန်နဲ့ လုပ်ဆောင်မှု အပိုင်းပဲ ဖြစ်ပါတယ်။ အဲဒါကတော့ မြို့ကို ပြန်လည်ထူထောင်တာပဲ ဖြစ်တာပါ။

ဒေါ်နန်နာ အိုဝင်းစ်ဟာ မြို့နယ်ကောင်စီရုံးမှာ ခြောက်နှစ်ကြာ အလုပ်လုပ်ခဲ့ပါတယ်။ ၁၉၈၃ ခုနှစ်ကျမှ မြို့တော်ဝန် ဖြစ်လာတာပါ။ မြို့တော်ဝန်ရုံးမှာ သူမ စတင်ရုံးထိုင်တော့ မြို့ဟာ အခြေအနေ အတော်ဆိုးနေပါပြီ။ အခြေအနေဟာ တစ်နှစ်လောက်ကြာပြီ၊ နိမ့်ကျနေတာ။ တလီးဒိုးမြို့ဟာ မြို့ရဲ့ သမိုင်းမှာ မကြုံဖူးတဲ့ အမြင့်မားဆုံး အလုပ်လက်မဲ့ အခြေအနေကို ရင်ဆိုင်နေရပါတယ်။ မြို့ရဲ့ ပန်းခြံတွေဟာလည်း ယိုယွင်းပျက်စီးနေတယ်။ အမှိုက်သိမ်းတဲ့အလုပ်ဟာလည်း တစ်ပတ်ခြား တစ်ခါပဲ ရှိပါတယ်။ ဒေါ်နန်နာ အိုဝင်းစ်ဟာ မြို့တော်ကောင်စီမှာ အကောက်ခွန် ဥပဒေသစ်ကို ရအောင် တင်လိုက်ပါတယ်။ မွတ်ကာသီကာနဲ့ အနိုင်ရပြီး အဲဒီ ဥပဒေ အတည်ဖြစ်သွားပါတယ်။ အဲဒီဥပဒေအရ အခွန်တော်တွေ တိုးရပြီး အရင်းအနှီးတိုးတက်မှု၊ အထွေထွေ ရန်ပုံငွေ၊ ရဲနှင့် မီးသတ်လုပ်ငန်း ပြုပြင်မှုတို့အတွက် တိုးတက်မှာ ဖြစ်ပါတယ်။ အဲဒီလိုနဲ့ တလီးဒိုးမြို့ဟာ ယိုင်နေရာကနေပြီး ပြန်မတ်လာပါတယ်။

"အချိန်တိုတို အတွင်းမှာပဲ အခွန်တော်ငွေ ဒေါ်လာတွေ ထိထိရောက်ရောက် အသုံးချနိုင်တာကို တကယ်ပဲ တွေ့ရပါတယ်" လို့ အမျိုးသမီးမြို့တော်ဝန် ဒေါ်နန်နာ အိုဝင်းစ်က ပြောပြပါတယ်။



"မှောင်မိုက်နေပြီး ကျဆင်းယိုယွင်းနေတဲ့ ဒေသဟာ လှုပ်ရှားတက်ကြွတဲ့အခြေအနေကိုရောက်လာတာကို တွေ့ရပါတယ်။ ပြောင်းလဲလာပုံကတော့ တကယ်ကို မယုံနိုင်စရာပါပဲ။ ကျွန်မတို့ရဲ့ ပန်းခြံတွေဟာ လှပနေတယ်။ မြို့ဟာလည်း သန့်ရှင်းနေတယ်။ အလုပ်အသစ်တွေလည်း ပေါ်လာပါတယ်။ ကျွန်မတို့တကယ်ပဲ အလုပ်ဖြစ်နေပါပြီ"

ဒါပေမယ့် ဒေါ်နန်နာ အိုဝင်းစ်ရဲ့ မြို့တော်ဝန်သက်တမ်း ပထမပတ် ပြီးခါစမှာ မြို့ရဲ့ ဘဏ္ဍာရေး အခြေအနေဟာ ဆောက်ခြေကပြီး ထိခိုက် ပျက်စီးလာပါတယ်။ တလီးဒိုးမြို့ဟာ နောက်ပြန်လိမ့်နေပါပြီ။ ၁၉၈၅ ခုနှစ်တုန်းက အိုဟိုင်းယိုးပြည်နယ်မှာ ငွေစုငွေချေး လုပ်ငန်းတွေ အကြီးအကျယ် ပျက်စီး သွားတာကို သတိရကောင်း ရပါလိမ့်မယ်။ မသိရင်လည်း ထားပါတော့။ ဒါပေမယ့် ဒေါ်နန်နာ အိုဝင်းစ်ရဲ့ ခုက္ခနဲ့ ပြဿနာကိုတော့ မှန်းဆ ကြည့်နိုင်ပါလိမ့်မယ်။ တလီးဒိုးမြို့ဟာ ဒေါ်လာငွေပေါင်း ၁၉.၂ သန်းလောက် ဆုံးရှုံးသွားပါတယ်။

"လူထုထဲမှာ ဘယ်လို ဆူပူလှုပ်ရှားနေမယ်ဆိုတာကို မှန်းကြည့်လို့ရမယ် မဟုတ်ပါဘူး။ ကျွန်မကို စက်ဖြုတ်ပစ်ချင်တဲ့ လူတွေချည်းလိုလို ဖြစ်နေတော့တာပါပဲ"

အဲဒီလို အခြေအနေဆိုးနေပေမယ့် ဒေါ်နန်နာ အိုဝင်းစ်က ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းခဲ့တယ်။ ဆုံးရှုံးမှုတွေ ဖြစ်တဲ့အတွက် တာဝန်ရှိသူတွေကို ရာထူးကနေ နုတ်ထွက်ခိုင်းခဲ့တယ်။ ဒါ့အပြင် ပြဋ္ဌာန်းထားတဲ့ ယာယီအခွန်ကို ဆက်လက် ပေးဆောင်ဖို့ မဲဆန္ဒရှင်တွေကို တောင်းဆိုလိုက်ပါတယ်။ ဒါထက် ပိုတာက သူမကို နောက်တစ်ကြိမ် မဲပေးပြီး ရွေးချယ်ဖို့ကိုပါ ဒေါ်နန်နာ အိုဝင်းစ်က တောင်းဆိုလိုက်တာပဲ ဖြစ်ပါတယ်။

"အဲဒါ ဘယ်လောက်ကြောင်တယ်ဆိုတာ သိရဲ့လား၊ မြို့နေလူထုရဲ့ အခွန်ဒေါ်လာငွေ ၁၉ သန်းကျော် ဆုံးရှုံးနေတာတောင် အဲဒီအခွန်ကို ဆက်ပေးဖို့ပြောရတာ ဘယ်လောက် အစိုပ္ပါယ်မဲ့ပါသလဲရှင်။ စဉ်းစားသာကြည့်ပါတော့။ ဒါပေမယ့် သူတို့က ကျွန်မ တောင်းဆိုချက်တွေကို လက်ခံ



လိုက်တယ်ရှင့်၊ ကျွန်မကို နောက်တစ်ကြိမ် ကြိုးစားခွင့်ပေးလိုက်ပါတယ်။ အဲဒီနှစ်က အခွန်ထုတ်ပြန်ချက်တွေ မှန်သမျှကို ကျွန်မတို့ ခွင့်ပြုဆုံးဖြတ်အတည်ပြုခဲ့ပါတယ်။ ဒီနိုင်ငံမှာ ဘယ်မြို့မှ ဒီလို မဖြစ်ပါဘူး"

"ဒါတွေဟာ ဒီမြို့ကလူတွေ သဘောထားကောင်းတယ်ဆိုတာကို ပြနေတာပဲ။ ကျွန်မက သူတို့ရဲ့ မဲဆန္ဒတွေကို ယုံကြည်မှုအနေနဲ့ ယူတာမဟုတ်ပါဘူး။ သူတို့သဘောတူညီ ခွင့်ပြုချက်အနေနဲ့ ယူတာလည်း မဟုတ်ပါဘူး။ သူတို့ဟာ သူတို့မြို့ကို သူတို့ချစ်တော့ ဘယ်ကိုမှ လှည့်စရာ မရှိတော့ဘူးဆိုတာကို လက်ခံပြီး သူတို့မဲဆန္ဒကို ခံယူတာဖြစ်ပါတယ်။ သူတို့က ကျွန်မကို ဆက်ပြီး အလုပ်ခန့်တဲ့သဘောက ဒီလိုပါ။ 'ကောင်းပြီ၊ နောက်တစ်နှစ် ထပ်လုပ်ပါ။ ကျွန်တော်တို့ ခင်ဗျားကို စောင့်ကြည့်နေမယ်' ဆိုတဲ့ သဘောပါပဲ" တဲ့။

အဲဒီလို ဒေါ်နန်နာ အိုဝင်းစ်က ပြောပြပါတယ်။

သဘောကောင်းတဲ့ တလီးဒိုးမြို့သူမြို့သားတွေဟာ အခုအထိ သူမကို စောင့်ကြည့်နေဆဲပါပဲ။ အခုတော့ သူတို့ဟာ တအံ့တသြနဲ့ ကြည့်နေကြတာဖြစ်ပါတယ်။ တစ်နှစ် မရှိတရှိအချိန်အတွင်းမှာ ဆုံးရှုံးသွားတဲ့ ငွေသားတွေ အနက်က ဒေါ်လာ ၁၃ သန်းဟာ မြို့ရဲ့ ဘဏ္ဍာတိုက်ထဲကို ပြန်ရောက်လာပါတော့တယ်။

သမီးသုံးယောက် အမေဖြစ်တဲ့ တလီးဒိုး အိမ်ရှင်မတစ်ဦးအဖို့ မြို့နယ်ရုံးကို ဦးစီးကွပ်ကဲဖို့ဆိုတာဟာ ဖြစ်နိုင်စရာ မရှိပါဘူး။ ဒါပေမယ့် ဒေါ်နန်နာ အိုဝင်းစ်အဖို့ကတော့ မမျှော်လင့်ဘဲ တကယ်ဖြစ်လာတာပါပဲ။ "ဒါဟာ ကျွန်မ စီမံကိန်းချထားတာ မဟုတ်ပါဘူး။ မရည်ရွယ်ပါဘူး" လို့ သူမက ဆိုပါတယ်။

မိမိရဲ့ ဒေသဆိုင်ရာ နိုင်ငံရေးလောကမှာ သူမ ပထမဦးဆုံးအကြိမ် ဝင်ရောက်လာခဲ့တာကတော့ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေး တက်ရောက်နေရာက ဖြစ်တာပါပဲ။ "အဲဒီလို အစည်းအဝေး တက်ခဲ့တာဟာ ကျွန်မကလေးတွေရဲ့ ပညာရေးအပေါ် ကြောင့်ကြမှုထားတယ်ဆိုတာကို ပြဖို့ပါပဲ"

အဲဒီအချိန်က အခုအထိ သူမဟာ ဘဝရေးမှာ အလျင်အမြန်



မြှတ်သန်းလာခဲ့ရပါတယ်။ လွယ်တဲ့အလုပ်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် အဲဒါကို သူမက ဘာနဲ့မှ လဲနိုင်မယ် မဟုတ်ပါဘူး။ ဒါ့အပြင် တလီးဒိုးကလူငယ်တွေ သူမကို ထောက်ခံအားပေးပုံကို ထောက်လိုက်ရင် သူတို့ကလည်း သူမကို မြို့တော်ဝန်အဖြစ်က တခြားသူနဲ့ အစားထိုး လဲနိုင်မယ် မဟုတ်ပါဘူး။

အဲဒီမြို့မှာ နောက်ဆုံးအကြိမ် ရောက်ရှိခဲ့တုန်းက သူမနဲ့ ရင်းရင်းနှီးနှီးပြောဆိုခွင့်ကို ရခဲ့ပါတယ်။ သူမရဲ့ အတွေးအမြင်ကို ကျွန်တော်အထူးပဲ လေးစားမိပါတယ်။

သူမက ဒီလို ပြောပြပါတယ်။

"ကျွန်မက မျိုးချစ်စိတ် ပြင်းထန်တဲ့သူပါပဲ။ ကျွန်မက အမေရိကန်ရည်မှန်းချက်ကို ယုံကြည်ပါတယ်။ အဲဒီ အမေရိကန်မျှော်မှန်းချက်ရဲ့ တစ်စိတ်တစ်ပိုင်းဆိုတာကတော့ ဘယ်သူမဆိုက ဘာမဆို ထင်ထားတာထက်ပိုပြီး ဖြစ်နိုင်တယ်ဆိုတာပါပဲ။ ဘယ်သူကမှ ကျွန်မဟာ မြို့တော်ဝန်ဖြစ်လာလိမ့်မယ်လို့ မထင်ကြပါဘူး။ ဒါတောင် ကျွန်မ မြို့တော်ဝန် ဖြစ်အောင်ကို ဖြစ်လာပါတယ်။ လူတွေက ကျွန်မကိုပြောလေ့ရှိပါတယ်။ ခင်ဗျားဟာ အလွန်သဘောကောင်းတဲ့ အမျိုးသမီးပါပဲ။ ဒါပေမယ့် မြို့တော်ဝန်အရွေးခံရမှာ မဟုတ်ပါဘူးလို့ ပြောကြပါတယ်။ ကျွန်မဟာ လူထုကြားမှာ မယုံကြည်နိုင်လောက်အောင် ရိုးမှမ်း အားပေးခံရပါတယ်။ ကျွန်မဘဝမှာလည်း ဒီလိုပါပဲ။ အဲဒါ ကျွန်မပြောတဲ့ အမေရိကန် မျှော်မှန်းချက်ပါပဲ"

ဒါတွေကို ကျွန်တော် လက်ခံပါတယ်။

---

## ဘတ်ဖလိုးမြို့သို့ သွားရောက်ခြင်း

ဂျိမ်းစ် ဒီ ကရစ်ဖင်
ဘတ်ဖလိုးမြို့၊ နယူးယောက်

ဘတ်ဖလိုးမြို့ရဲ့ သက်တမ်းသုံးပတ်ရ မြို့တော်ဝန် ဂျင်းမ်မီ ဂရစ်ဖင်နဲ့ ပတ်သက်လို့ ကျွန်တော် အမြင်မှားမိခဲ့ရပါတယ်။ ဒါပေမယ့် သူကတော့ မှန်မှန်ကန်ကန် လုပ်ဆောင်ခဲ့ပါတယ်။ ကျွန်တော်ဟာ နိုင်ငံ ရုပ်မြင်သံကြားမှာ သူ့မြို့နဲ့ပတ်သက်လို့ အတော်မနိပ်တာတွေကို ပြောခဲ့မိဖူးပါတယ်။ အဲဒီမြို့က ဆီးနှင်းတွေနဲ့ အေးတဲ့အကြောင်းတို့ပဲဖြစ်တယ်။

ဒါကြောင့်မို့ အဲဒီ ဘတ်ဖလိုးမြို့ကို ကျွန်တော် အမှုက်ဖြေရှင်းထွက်ခဲ့ပါတယ်။ မြို့ဝန်ရုံးရှေ့ လမ်းမှာ ဆီးနှင်းခဲတွေကို ဂေါ်ပြားနဲ့ ကော်ထုတ်ပေးဖို့ သွားခဲ့ရခြင်းပါပဲ။

ဘတ်ဖလိုမြို့ကလေးမှာ အပူပိုင်းဒေသမှာလို အပူလှိုင်းမျိုး မရှိပေမယ့် ဂေါ်ပြားနဲ့ ကော်ထုတ်ရမယ့် ဆီးနှင်းခဲ တွေကိုလည်း မတွေ့ခဲ့ရပါဘူး။ ဒါပေမယ့် မြို့တော်ဝန် ဂျင်းမ်မီ ဂရစ်ဖင်က တစ်နည်းတဖုံ ပြချင်လို့ထင်ပါရဲ့။ အနီးအနား နှင်းလျှောစီးစခန်းက နှင်းအဆုပ်အခဲတွေကို ထရပ်ကားတစ်စီးတိုက်မှာယူပြီး သူ့ရုံးရှေ့လမ်းမှာ ဖြန့်ကြဲထားပါတယ်။ အဲဒါကို မြို့တော်ဝန် ဂရစ်ဖင်နဲ့ ကျွန်တော်တို့ဟာ ပခုံးချင်းယှဉ်ပြီးတော့ ဂေါ်ပြားတွေနဲ့ကော်ထုတ်ရှင်းလင်းကြရပါတယ်။ ဘတ်ဖလိုးမြို့မှာရှိတဲ့ သတင်းစာဆရာတွေရဲ့ မျက်စိရှေ့မှာပေါ့။ မြို့တော်ဝန် ဂရစ်ဖင်ဟာ အဲဒီလို ဆန်းဆန်းပြားပြား ကြံကြံဖန်ဖန် စီမံပြီး ကျွန်တော့်ကို ကြိုဆိုပြီးတဲ့နောက်မှာ ကျွန်တော်တို့နှစ်ယောက်ဟာ မိတ်ဆွေတွေ ဖြစ်လာပါတော့တယ်။

ဘတ်ဖလိုးမြို့ရဲ့ သမိုင်းတစ်လျှောက်မှာ သက်တမ်း သုံးနှစ်ဆက်တိုက် မြို့တော်ဝန်အဖြစ် အရွေးခံရတဲ့ ဂရစ်ဖင်ဟာ တင်းမာပြတ်သားပြီး ရေးဆန်တဲ့ ခေါင်းဆောင်အဖြစ် ကျော်စောပါတယ်။ သူဟာ မြို့နယ်က ဒီမိုကရက်တစ်တွေ၊ ရီပတ်ဗလီကင်တွေ၊ ကွန်စားဗေတစ်စတဲ့ ပါတီတွေရဲ့



ထောက်ခံမှုနဲ့ မြို့တော်ဝန်ဖြစ်နေတာပါ။ သူဟာ ဒီမိုကရက်တစ်ပါတီဝင်ဖြစ်ပေမယ့် သူ့ပါတီရဲ့ ထောက်ခံ အသိအမှတ်ပြုမှု မပါဘဲ အရွေးခံရတာဖြစ်တယ်။ "ဒီမြို့က သတင်းစာတွေက ကျွန်တော့်ကို 'ရီပါဗလီကရက်'လို့ ခေါ်တယ်" လို့ဆိုပြီး ဂျင်းမ်မီ ဂရစ်ဖင်က ဖွင့်ဟပြောပါတယ်။ "ကျွန်တော်ဟာ ပါတီထက် လူထုကို ပိုပြီး ကိုယ်စားပြုဖို့ ကြိုးစားပါတယ်။ နိုင်ငံရေးနဲ့ ပိုပြီး ရောယှက်ရင် လုပ်ဆောင်မှုမှာ ထိရောက်မှု နည်းပါတယ်" လို့ ပြောပါသေးတယ်။

ဘတ်ဖလိုးမြို့ကို မရောက်ဖူးသူတွေကို ပြောပြရမယ်ဆိုရင် အဲဒီမြို့ဟာ လှပတဲ့ မြို့ကလေးပါပဲ။ လူဦးရေ ၃၄၀,၀၀၀ ခန့်ရှိပါတယ်။ သာယာလှပတဲ့ ရေစပ်နေရာတွေရှိပြီး သန့်ရှင်းလန်းဆန်းတဲ့ တောင်ပေါ်လေလည်း ရှိပါတယ်။ နိုင်ငံရဲ့ ဂျုံစက်တွေရှိရာ အရေးပါတဲ့ဒေသဖြစ်ပြီး အလုပ်သမားလူတန်းစားတွေ အနေများတဲ့မြို့လည်း ဖြစ်တယ်။ ဒါပေမယ့် အခြေအနေ တဖြည်းဖြည်း ပြောင်းလဲတော့မှာပါ။

ဘတ်ဖလိုးမြို့နဲ့ပတ်သက်လို့ အပြစ်ပြောမယ်၊ ရှုတ်ချမယ်ဆိုရင် မြို့တော်ဝန် ဂရစ်ဖင်က ခံနေမှာ မဟုတ်ပါဘူး။ သူက ဒီလို ပြောပါတယ်။

"ရွှန်နီ ကာစင်(တယ်လီဗေးရှင်းလောကတွင် နာမည်ကြီး ဟူရှိုလ်) ဆိုတဲ့သူဟာ အကြီးကျယ်ဆုံး ပုတ်ခတ်သူပါပဲ။ ဒါပေမယ့် အဲဒါတွေကို ကျွန်တော် အားလုံး ကိုင်တွယ်နိုင်ပါတယ်။ အဲဒါမျိုး ကြားလိုက်တဲ့အခါမှာဖြစ်စေ၊ မကောင်းရေးတာကို ဖတ်မိတဲ့အခါမှာဖြစ်စေ၊ အဲဒီ လူတွေဆီကို ကျွန်တော်အမြဲ စာရေးအကြောင်းကြားလေ့ရှိပါတယ်။ သူတို့ကို ဖိတ်ကြားလေ့ရှိပါတယ်။ အလည်အပတ်လာဖို့ပါပဲ။ ကျွန်တော်တို့မြို့ဟာ သာယာလှပတဲ့အကြောင်း သိရအောင်ပါ။ အဲဒီလို လုပ်လိုက်တာနဲ့ သူတို့ ငြိမ်သွားတော့တာပါပဲ" (ဟုတ်ပါတယ်၊ ဒါ ကျွန်တော်အသိပါ။)

အားကစားဝါသနာပါတဲ့ ဂျင်းမ်မီ ဂရစ်ဖင်ဟာ မြို့နယ်မှာ ဘော့စ်ဘောလုံးကစားခြင်းကို အားပေးခဲ့ပါတယ်။ ပွဲကြည့် ပရိသတ် ၄၅,၀၀၀ ဆန့်တဲ့ အားကစားရုံကြီး ဆောက်ဖို့ကိုလည်း အားထုတ်ကြိုးစားခဲ့ပါတယ်။

ဂျင်းမ်မီ ဂရစ်ဖင်ဟာ မြို့နယ်အရာရှိအဖြစ် အသက်ငယ်ငယ်ကပဲ



တာဝန်ထမ်းဆောင်ခဲ့တယ်။ သူဟာ မြို့နယ်စု ကောင်စီဝင်အဖြစ် သက်တမ်းနှစ်ဆက် လုပ်ခဲ့တယ်။ အသက် ၃၂ နှစ်ကစပြီး တာဝန်ယူခဲ့တာဖြစ်ပါတယ်။ စောစောပိုင်းက သူဟာ အလုပ်တာဝန်ထမ်းဆောင်ရင်း မိခင်နဲ့အတူ နေထိုင်ခဲ့တယ်။ သူအိမ်ထောင်ကျပြီး အိမ်ခွဲထွက်တော့ သူ့အသက်က ၃၉ နှစ်ရှိပြီ။

ကောင်စီဝင်လူကြီးအဖြစ်က နေပြီးတော့ ဂျင်းမ်မီဟာ ၁၉၆၇ ခုနှစ်မှာ နယူးယောက်ပြည်နယ်၊ ဆယ်နိတ်ကို ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့တယ်။ နယူးယောက်မြို့တောင်ပိုင်းနဲ့ "အီရားရီး ကောင်တီ" ဒေသအတွက် ကိုယ်စားလှယ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့ပါတယ်။

၁၉၇၇ ခုနှစ်မှာ ဂျင်းမ်မီ ဂရစ်ဖင်ဟာ မြို့တော်ဝန်အဖြစ် အရွေးခံရတယ်။ သူဟာ မတိုးတက်ဘဲနေတဲ့မြို့ကို တိုးတက်လာအောင် လုပ်ခဲ့တယ်။ သူတာဝန်ယူပြီး ရုံးထိုင်တဲ့အချိန်မှာ မြို့ရဲ့ ရေစပ်နေရာဟာ မျက်စိပေါ်းမွေးစူးစရာ ဖြစ်နေခဲ့ပါတယ်။ နွံ့နှံ့တွေနဲ့၊ ဘီယာဘူးခွံအလွှတ်တွေနဲ့ ညစ်ပတ်ရှုတ်ပွနေတာပဲ။ ဒါကို သူက နေချင့်စဖွယ်နေရာ၊ အပန်းဖြေရာရေစပ်ကမ်းနားအဖြစ် ပြောင်းလဲပေးလိုက်ပါတယ်။

ဒါတင်မကသေးပါဘူး။ ပျက်စီးကျဆင်းနေတဲ့ မြို့လယ်ကောင်နေရာကိုလည်း ဖွံ့ဖြိုးတိုးတက်စည်ပင်လာအောင် လုပ်ဆောင်နိုင်ခဲ့ပြန်တယ်။ ဟိုတယ်တွေ ဆောက်လုပ်ဖြစ်လာအောင်၊ ဂိုလ်ခုံးမ်နဲ့ လီဘာတီနော့ဝေါး ဘဏ်ဌာနအဆောက်အအုံတွေကိုလည်း ဆောက်ဖြစ်လာအောင် သူစွမ်းဆောင်နိုင်ခဲ့သေးတယ်။ မြို့နယ်အတွက် ဒေါ်လာ ၁၉ သန်း လိုငွေကိုလည်း ဂျင်းမ်မီ ဂရစ်ဖင်က သုံးနှစ်အတွင်းမှာ ပြည့်လာအောင် လုပ်နိုင်ပြန်သေးတယ်။ သူတာဝန်ယူနေစဉ် အချိန်တစ်လျှောက်မှာဆိုရင် အပိုငွေ ရအောင်လည်း စွမ်းဆောင်နိုင်ခဲ့ပါတယ်။

"မြို့တော်ဝန်အနေနဲ့ ကျွန်တော် ပြဿနာချက်တွေ အတော်များများ လုပ်ပါတယ်။ ကျွန်တော်ဟာ အမြဲ ဘယ်မှန်နိုင်မှာလဲ။ မှားနေရင် ကျွန်တော့်အမှားကို ပြင်ခွင့်ရဖို့ အမြဲမျှော်လင့်ပါတယ်။ တကယ်လို့ မှန်ရင်တော့ကံစွပ်လို့ မှန်တာပဲလို့ ပြောရမှာပေါ့ဗျာ" လို့ မြို့တော်ဝန် ဂျင်းမ်မီ ဂရစ်ဖင်က ပြောပြပါတယ်။



"ဒါပေမယ့် ကျွန်တော် မှားမှားမှန်မှန် ဒီမှာက သတင်းထောက်တွေနဲ့ ကျွန်တော်ကတော့ အမြဲပဲ တိုက်ခိုက်နေရတာပဲ။ ငြင်းခုံနေရတာပါပဲ" လို့လည်း သူက ပြောပါသေးတယ်။ အဲဒီလို သတင်းစာနဲ့ ထိပ်တိုက်တွေ့ရတာမျိုးကတော့ မြို့တော်ဝန်တွေအတွက် ဖြစ်နေကျ မဆန်းတာပါပဲ။

ဂျင်းမ်မီ ဂရစ်ဖင်ဟာ သူ့မြို့မှာ အရေးပါသူဖြစ်ပေမယ်လို့ သူဟာ သဘောကောင်းပြီး အောက်ခြေမလွတ်သူတစ်ယောက်ဖြစ်ပါတယ်။ လူတွေနဲ့ ဝင်ဆံ့သူလည်း ဖြစ်ပါတယ်။ မြို့တော်ဝန် မဖြစ်မီ၊ မြို့နယ်တာဝန်တွေ မယူမီက သူဟာ ဂျုံစက်တွေမှာ အလုပ်လုပ်တုန်းက ဘတ်ဖလိုးကရိန်းမီးရထားလမ်း အင်ဂျင်နီယာ လုပ်တုန်းက အပေါင်းအသင်းတွေနဲ့ လည်ပင်းဖက်သွားလာ ပျော်ရွှင်နေလျက်ပါပဲ။

"ဒီကောင်တွေနဲ့တွဲပြီးတော့ တစ်ခွက်နှစ်ခွက်လောက်တော့ ချလိုက်ချင်သေးတယ်ဗျာ။ ဒါပေမယ့် မြို့တော်ဝန်ဆိုတာ မလွတ်လပ်ဘူးဗျ" လို့ သူက ရင်ဖွင့်လိုက်ပါတယ်။

ဒီလို မြို့တော်ဝန်မျိုးနဲ့ တွေ့ခွင့်ရတာ ကျွန်တော် ကံကောင်းတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ကြီးနဲ့ တူပါတယ်။ သူဟာ ကိုယ်လုံးကိုယ်ထည် ကြီးကြီးမားမားနဲ့ ဖြိုးဖြိုးကြီး နေတတ်သူပါ။ အသက် ခုနစ်ဆယ်အရွယ် ရှိပြီးတော့ ခေါင်ခေါင်မြည် နေတာပါပဲ။ လူဝီဟာ မူလက ဘောလုံးဝါသနာအိုး ဘောလုံးသမားဖြစ်မေ မယ်လို့ နောက်ပိုင်းမှာ သူဟာ ဓါက်သီးဘက်ကို လှည့်သွားခဲ့တယ်။ သူဟာ အားကစားကို တစ်သက်ပတ်လုံး စိတ်ဝင်စားနေပြီး စိတ်ဓါတ်နဲ့ ကိုယ်ခန္ဓာဟာ လန်းဆန်းနုပျိုနေပါတယ်။

လူဝီ တူလီယိုဟာ မြို့တော်ဝန်ဖြစ်လာဖို့ အချိန်အတော်ကြာဖြတ်သန်း ကြိုးစားခဲ့ရတယ်။ သူက သူ့အမေကို ဒီလိုပြောလေ့ရှိပါတယ်။ "တစ်နေ့တော့ ဒီ အီရားရီးမြို့မှာ ကျွန်တော် မြို့တော်ဝန်ဖြစ်မှာဗျ" တဲ့။ လူဝီက ဆက်ပြောပြန် ပါသေးတယ်။ "အဲဒါ အမှန်ပဲဗျာ။ အကြောင်းတစ်ခုခုကြောင့်ဖြစ်မှာပေါ့ဗျာ။ ကျွန်တော် မြို့တော်ဝန်ဖြစ်လာရမယ်လို့ ထင်နေခဲ့တယ်ဗျ။ အဲဒါ ငယ်ငယ် တုန်းကပဲဗျ။ ကျွန်တော် စိတ်မကောင်းတာက ကျွန်တော့် အမေဟာ ကျွန်တော် မြို့တော်ဝန် ဖြစ်တာကို မြင်မသွားရရှာဘူးဗျာ။ အဲဒါကို ကျွန်တော် ယူကျုံးမရ အမြဲပဲ ဖြစ်ရပါတယ်ဗျာ။"

လူဝီရဲ့အမေဟာ သူမြို့တော်ဝန် အရွေးမခံရခင်မှာ ကွယ်လွန်ခဲ့တာ ဖြစ်ပါတယ်။ သူ့အမေကတော့ မနှစ်ကမှ ဆုံးသွားတာပါ။ အသက် ၉၂ နှစ် အထိ နေသွားပါတယ်။ အနှစ်နှစ်ဆယ်လောက် သူ့သား မြို့တော်ဝန် အဖြစ်နဲ့ အောင်မြင်နေတာကို ကြည့်[...]သွားရပါတယ်။

တကယ်လို့ ဒီဓ[...]သူ့မိဘနှစ်ပါးဟာ လူဝီ တူလီယိုကို တွေ့မြင်ရမယ်ဆိုရင် ဂုဏ်ယူ[...] အမှန်ပါပဲ။ သူဟာ အီရားရီးမြို့အတွက် အတော်များများ လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ပါပြီ။ နောက်လည်း ဆက်ပြီး အကျိုးပြုသွားဦးမှာ ဖြစ်ပါတယ်။

သူ နောက်ထပ် မြို့တော်ဝန်သက်တမ်း ခြောက်ကြိမ် မရဘူးလို့ ဘယ်သူ ပြောနိုင်မှာလဲ။

တကယ်လို့ အဲဒီလို မြို့တော်ဝန် ဆက်ပြီး ဖြစ်နေပြန်ရင်လည်း ကျွန်တော်တော့ မအံ့သြတော့ပါဘူးဗျာ။

အခုဆိုရင် ကျွန်တော်ဟာ အမေရိကမှာ ထင်ရှားတဲ့



မြို့တော်ဝန် လေးယောက်အကြောင်းကို တင်ပြလို့ ပြီးပါပြီ။

ဒါပေမယ့် ဒီမှာ မပါသေးတဲ့ နောက်ထပ် မြို့တော်ဝန်နှစ်ယောက် အကြောင်းကိုလည်း နည်းနည်းတော့ ပြောချင်ပါသေးတယ်။ ပြောခွင့်ပြု စေလိုပါတယ်။

ကျွန်တော် အလုပ်ကိစ္စနဲ့ ခရီးထွက်နေတုန်းက ကျွန်တော်ဟာ နယူးယောက်မြို့တော်ဝန် အက်ဒ် ကော့ချ်နဲ့ အတော်ကြာကြာ စကားပြောဖူးပါတယ်။ ဒီနေရာမှာနိုင်ငံရေးအကြောင်းကိုမပြောချင်ပါဘူး။ ကော့ချ်အကြောင်းလောက် ပါပဲ။ မြို့တော်ဝန် အက်ဒ် ကော့ချ်ဟာ သပ်သပ်ရပ်ရပ် ဖျတ်ဖျတ်လတ်လတ်နဲ့ စိတ်ထဲမှာရှိတာကို ဒိုးဒိုးဒေါက်ဒေါက် ပြောရတတ်တဲ့လူပါပဲ။ သူ့အကြောင်း ကို တစ်ခါတစ်ရံ သတင်းစာမှာ ဖတ်လိုက်ရပါတယ်။ သူဟာ မြို့အကျိုးကို ဆောင်တဲ့နေရာမှာ အများကြီး ကြိုးစားတတ်ပါတယ်။ သူဟာ တော်တဲ့ မြို့တော်ဝန်တစ်ဦးပါပဲ။

နောက်တစ်ယောက်ကတော့ တက္ကဆက်ပြည်နယ်၊ ဆန် အန်တိုးနီးယိုး မြို့က မြို့တော်ဝန် ဟင်နရီ စစ္စနဲရိုးစ် ဖြစ်ပါတယ်။ သူ့အကြောင်းကို နောင်တော့ ပိုပြီး သိလာကြမှာ ဖြစ်ပါတယ်။ သူဟာ ဥပဓိရုပ်ကောင်းတဲ့ လူငယ်တစ်ဦးပါပဲ။ သူဟာ ရုပ်မြင်သံကြားမှာလည်း ပါဝင် သရုပ်ဆောင် လေ့ရှိပါတယ်။ တစ်ခါက သူဟာ ဆန်တာ ကလော့စ်လို ဝတ်ဆင်ပြီး ဆန်အန်တိုးနီးယိုးမြစ်ထဲကို ခုန်ဆင်းပြပြီး နိုင်ငံတော် ရုပ်မြင်သံကြား အစီအစဉ်မှာ ပါဝင်သရုပ်ဆောင်ခဲ့ဖူးတယ်။ ဒီလို လူမျိုးကို ဘယ်သူက သဘောမကျဘဲ ရှိပါ့မလဲ။ သူဟာ သူ့မြို့အတွက် အတော်ကလေး အကျိုးဆောင်ခဲ့ပါတယ်။ မြို့တော်ဝန်ကောင်း တစ်ဦး၊ အလားအလာ ကောင်းတဲ့ လူငယ်မြို့တော်ဝန် တစ်ဦးပါပဲ။



## ၁၃။ ရာပြည့် ရာကျော်တို့ရဲ့အဖွဲ့

တစ်ယောက်သောသူက ပြောဖူးပါတယ်။ အသက်အရွယ်ဆိုတာ ဟာ စိတ်ပေါ်မှာ တည်တာပါတဲ့။ စိတ်ကို ရှင်းရှင်းထား၊ ဘာမှ ကိစ္စမရှိပါ ဘူးတဲ့။

အဲဒီလို ပြောတာကို ကျွန်တော် အမြဲအမှတ်ရနေပါတယ်။ အခု ဒီစာကို ထိုင်ပြီးရေးနေတုန်းမှာတောင်မှ အဲဒါကို ကျွန်တော်ပြန်ပြီး သတိရနေ ပါသေးတယ်။

ကျွန်တော် ကောန်ကော့ဒ် လေယာဉ်ပျံနဲ့ ခရီးသွားတုန်းကပေါ့။ ကောန်ကော့ဒ် လေယာဉ်ပျံပေါ်မှာ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သန်းပြီး လန်ဒန်က နယူးယောက်ကို ပျံနေတုန်းကပေါ့။ လေယာဉ်အမှုထမ်းတွေက ပြောကြတယ်။ အဲဒီခရီးဟာ ကြာလှရင် သုံးနာရီခွဲလောက်ပါပဲလို့။ ကျွန်တော့် ရှေ့က ထိုင်ခုံမှာ ထိုင်နေတဲ့ အဘွားကြီးတစ်ယောက်ကို သတိပြုမိပါတယ်။ သူမဟာ ခရီးစဉ်တစ်လျှောက်မှာ စားဖို့သောက်ဖို့ကိုပဲ အာရုံစိုက်နေပုံ ရတယ်။ သူမ လေယာဉ်လက်မှတ် အခကြေးငွေက ဒေါ်လာ ငါးထောင် ကျပါတယ်။ သူမ စားသောက်နေပုံက ဒေါ်လာငါးထောင်မက တန်နေပုံပါပဲ။

သူမကို ကျွန်တော် လေဆိပ်မှာတုန်းကတည်းက သတိပြုမိခဲ့ပါ တယ်။ လန်ဒန်မြို့ ဟီသရိုးလေဆိပ်မှ ကောန်ကော့ဒ် လေယာဉ် ခရီးသည်တွေ အတွက် ခမ်းခမ်းနားနား အပန်းဖြေနေခန်းမှာ သူမဟာ ဘူဖေးလို့ခေါ်တဲ့ ကိုယ်ကြိုက်ရာ ယူစားနိုင်တဲ့ စားပွဲကို လေးကြိမ်သွားပြီး စားသောက်စရာတွေကို ယူစားတာ တွေ့ရပါတယ်။ ဒါ့အပြင် ချောကလက် လေးငါးချောင်းကိုလည်း သူမရဲ့ ပိုက်ဆံအိတ်ထဲကို ထည့်ယူထားတာကိုလည်း တွေ့ရပါတယ်။ အခု ဒီလေယာဉ်ပျံ ပေါ်မှာလည်း သူမဟာ ကျွေးသမျှကို မြည်းစမ်းကြည့်ပြီးပါပြီ။ နောက်ပြီးတော့ သူမဟာ ဂျင်နဲ့ တော်နစ် အရက်ကို ဒုတိယအကြိမ် သောက်ပြီးနောက် ဘရန်ဒီကိုလည်း သောက်ဖို့ အဆင်သင့်ပါပဲ။ စားသောက်ပြီးတော့ ဆေးပြင်းလိပ် တစ်လိပ်ကို လေယာဉ်မောင်ဆီက



တောင်းယူလိုက်ပါသေးတယ်။ ဒါပေမယ့် မီးညှိ မသောက်ဘဲ ပိုက်ဆံအိတ် ထဲကို ထည့်လိုက်ပါတယ်။ နောက်မှ သောက်ဖို့ ဖြစ်မှာပေါ့လေ။

ကျွန်တော်က အနားကဖြတ်သွားတဲ့ လေယာဉ်မယ်တစ်ဦးကို မေးပြီး "ဒီအမျိုးသမီးကြီးက အံ့သြစရာပဲ၊ ယုံနိုင်စရာလည်း မရှိဘူး၊ သူ့ အသက် ဘယ်လောက်ရှိပြီလဲ" လို့ မေးလိုက်မိပါတယ်။ ကျွန်တော့်အထင် တော့ သူမ သွားလာ လှုပ်ရှားတာကိုကြည့်ပြီး အသက်ခြောက်ဆယ်ငါး၊ ဒါမှမဟုတ် ခုနစ်ဆယ်၊ အလွန်ဆုံး ခုနစ်ဆယ်ငါးလို့ ထင်မိပါတယ်။

လေယာဉ်မယ်က "သူ ကိုးဆယ်သုံးနှစ်ရှိပါပြီ" လို့ ပြန်ပြောပါ တယ်။

ကိုးဆယ်သုံးနှစ်တဲ့လား။ ပထမတော့ ကျွန်တော် မယုံနိုင်ပါဘူး။ အကြောင်းကတော့ သူမမှာ သူ့အသက်အရွယ် တစ်ဝက်ရှိသူတွေရဲ့ စိတ်ဓာတ် နဲ့ သွားလာလှုပ်ရှားပုံမျိုး ရှိနေလို့ပါပဲ။ ဒါပေမယ့် စဉ်းစားကြည့်လိုက်တော့ ကျွန်တော် တကယ်ပဲ အံ့သြမိပါတယ်။ ကျွန်တော့်နိုင်ငံက သက်ကြီးရွယ်အို တွေအကြောင်းကို မယုံနိုင်စရာ ကြားလာရတော့ နဂိုက မယုံကြည်တာတွေ ပျောက်သွားပြီး အံ့သြ နှစ်သက်မိရပါတော့တယ်။ ဒီနိုင်ငံမှာ ရုပ်ရှင် မဆိုထားနဲ့၊ ရုပ်သေဓါတ်ပုံတွေတောင်မှ မပေါ်သေးတဲ့ အချိန်အခါက မွေးဖွားခဲ့တဲ့ အခုရာကျော် သက်ကြီးပုဂ္ဂိုလ်တွေဆီက ကျွန်တော်တို့ သိမှတ် စရာတွေ အများကြီးရမှာ ဖြစ်ပါတယ်။

ကျွန်တော်ဟာ အလွန်ကံကောင်းစွာနဲ့ပဲ အသက်ရာပြည့်ရာကျော် အဘိုးတွေ၊ အဘွားတွေကို သူတို့အသက်တစ်ရာပြည့် မွေးနေ့မှာ နှုတ်ခွန်း ဆက်သ တွေ့ဆုံခွင့် ရခဲ့ပါတယ်။ အမေရိကန်နိုင်ငံမှာ ရာကျော်သက်ရှိ ပုဂ္ဂိုလ် အရေအတွက်ဟာ အလျင်အမြန် တိုးပွားလာလျက်ရှိပါတယ်။

အခုအခါမှာ အမေရိကမှာ ရာကျော်ပုဂ္ဂိုလ်အရေအတွက် ၄၀,၀၀၀ (လေးသောင်း) ခန့်ရှိပြီး သက္ကရာဇ် ၂၀၀၀ မှာဆိုရင် ၁၀၀,၀၀၀ (တစ်သိန်း) လောက် ရှိပါလိမ့်မယ်။

လူတွေဟာ အရင်ကထက် အသက်ပိုရှည်လာကြတယ်။ အဲဒီလို ဖြစ်လာလို့ ဒီနိုင်ငံမှာ လူမှုရေးဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်လာနေပါတယ်။

ဖြေဖွေးဖြူ
ရီဘာ ကယ်လီ
ရေချစ်တော၊ မီနီဆိုးတား

ရီဘာ ကယ်လီ အမည်ရှိတဲ့ အဘွားကြီးဟာ အသက် ၁၀၄ နှစ် ရှိပါပြီ။ ကျွန်တော့်ထက် ခွန်အားတွေပိုရှိပြီး ကျွန်တော့်ထက် နှစ် ၅၀ လောက် ကြီးပါတယ်။ လမ်းလျှောက်တော့ ကြိမ်လုံးကိုင်ပြီး လျှောက်ပါတယ်။

သူမနဲ့ကျွန်တော် ပထမဦးဆုံး တွေ့တာကတော့ ကယ်လီဖိုးနီးယား ပြည်နယ် မာရင်ကောင်တီမြို့နယ်စုမှာ သူမ နေတုန်းကပေါ့။ အဲဒီတုန်းက ကျွန်တော်က အလုပ်ကိစ္စနဲ့ အဲဒီမှာ ရောက်နေတာပါ။ အဲဒီလို ပထမဦးဆုံး အကြိမ် တွေ့ပြီးနောက် သူမကို အတော်ကြာကြာ မတွေ့ရပါဘူး။ ရီဘာ ကယ်လီဟာ မင်နီဆိုးတားပြည်နယ်ကို ပြောင်းသွားတော့မှ ထပ်တွေ့ရပါ တယ်။ ကယ်လီဖိုးနီးယားရဲ့ အပူဒဏ်ကိုကြောက်လို့ ပြောင်းသွားတဲ့ သဘော ပါပဲ။ "ကျွန်မဟာ ဟိုမှာဆိုရင် ညှိုးနွမ်းနေတဲ့ နှင်းဆီပန်းလိုပါပဲ" လို့ သူမက ပြောပါတယ်။ ဒါ့အပြင် သူက "ဒီကို ပြောင်းလာတော့ ဟိုတုန်းက ခင်မင်ခဲ့တဲ့ ရှောမောလှပ သဘောကောင်းတဲ့ သူတွေနဲ့ ခွဲခဲ့ရတယ်။ စိတ်မကောင်းစရာပါပဲ။ ဒီက လူတွေလည်း ကောင်းကြပါတယ်။ ဒါပေမယ့် ကျွန်မအဖို့တော့ သူတို့ဟာ ဒုတိယတန်းစားပါပဲတဲ့။ ဘာပဲဖြစ်ဖြစ် ကျွန်မ စိတ်အေးချမ်းနေတာကတော့ အမှန်ပါပဲ" လို့ ပြောပြပါတယ်။

ရီဘာ ကယ်လီဟာ အခုဆိုရင် မဲန်နာလို့ ခေါ်တဲ့ လူအိုရုံမှာ နေပါတယ်။ အဲဒီ လူအိုရုံဟာ ဘက်သနီ ဆမာရီတန်ဆေးရုံရဲ့ တစ်စိတ် တစ်ပိုင်းဖြစ်ပါတယ်။ အဲဒီနေရာနဲ့ ပတ်သက်လို့ ရီဘာ ကယ်လီပြောတာ ကတော့ "ဒီနေရာမှာ သက်ကြီးတွေကို သေမင်းလက်က ပြန်လုယူထားတာ ဖြစ်တယ်။ ဆေးရုံအတော်များများနဲ့ လူအိုရုံတွေဟာ မီးဖိုချောင်လို၊ အရက် ဆိုင်လို ဖြစ်နေတတ်တယ်။ ဒီနေရာကတော့ အဲဒီလို မဟုတ်ဘူး။ ဒီလူအိုရုံ၊ ဒီဆေးရုံဟာ ၆၅ နှစ်ရှိပြီ။ ဒါပေမယ့် မကြာခင်ကမှ ဆောက်ပြီးသလို သစ်နေတာပါပဲ"



နောက်ဆုံးတစ်ကြိမ် သူမနဲ့တွေ့တုန်းက ရီဘာ ကယ်လီဟာ လက်တစ်ဖက်မှာ စီးကရက်၊ တစ်ဖက်မှာ ဆော်ဒွန်းအရက်ခွက်ကို ကိုင် လျက်သား တွေ့ရပါတယ်။ မဲန်နာဆိုတဲ့ လူအိုရုံမှာ ရီဘာ ကယ်လီကို ဖြေဖွေးဖြူလို့ ချစ်စနိုး ခေါ်ကြပါတယ်။ အဲဒီလို ခေါ်တာကတော့ သူမဟာ မျှားရီးမျှားယား လှုပ်လှုပ်ရှားရှား နေတတ်ပြီးတော့ တွေ့သမျှကို လိမ္မာစွာနဲ့ အနိုင်ယူနိုင်လို့ ထင်ပါတယ်။

ရီဘာ ကယ်လီဟာ သမ္မတ ရော်နယ် ရေဂင်ကိုတောင် သတင်းစာ ကော်လံရေးဆရာတွေ၊ နိုင်ငံရေးဝေဖန်ဆန်းစစ်သူတွေထက် ပိုထိရောက်အောင် ဝေဖန်ပြပါတယ်။ "ရေဂင်ဟာ သိပ်ပြီးတော့ စာတ်ဆန်တယ်။ နောက်ပြီးတော့ သူဟာ မစဉ်းစားဘူး။ ဒါပေမယ့် မှတ်ဉာဏ်ကောင်းတယ်။ သူ့တွေးတော စဉ်းစားဖို့ကောင်းတယ်။ သူ့မှာ နှစ်ခုရှိနေတယ်။ တစ်ခုက မှတ်ဉာဏ် ကောင်းခြင်းနဲ့ နောက်တစ်ခုက စဉ်းစား တွေးတောခြင်းပါပဲ။ သူ့ခေါင်းထဲမှာ အဲဒါတွေ ရောထွေးနေတယ်" ဒီလို သူမက ပြောပြပါတယ်။

သူမဟာ မြို့နယ်သတင်းစာကို နေ့တိုင်း ဖတ်ပါတယ်။ အားလုံး ထက် သာချင်လို့ **ဝေါလ်စထရိဂျာနယ်** ကိုလည်း ဖတ်တယ်။ **ဗောဂ်** ဆိုတဲ့ စာစောင်ကိုလည်း ဖတ်ပါတယ်။ သူမဟာ ဂျော့ချ် ဝီးလ်စ်ရဲ့ ဆောင်းပါးကို အမြဲပဲ ဖတ်တယ်။ ဒါပေမယ့် သူ့အာဘော်ကို သူမ အမြဲတမ်း သဘောတူ တာ မဟုတ်ပါဘူး။

အသက်ရှည်ခြင်းနဲ့ ပတ်သက်လို့ ရီဘာ ကယ်လီရဲ့ လျှို့ဝှက်ချက် ကတော့ ရိုးဆန်ပေမယ့် အလွန် ယထာဘူတကျပါတယ်။

အသက်ရှည်ခြင်းနဲ့ ပတ်သက်လို့ သူမက ဒီလို ပြောပြပါတယ်။

"အစားအစာကို ရိုးရိုးကလေးစားပါ။

တတ်နိုင်သလောက် လမ်းလျှောက်ပါ။"

သူ့စကားက ရိုးရိုးရှင်းရှင်းကလေးပဲ။ ဒါပေမယ့် သိပ်မှန်တယ်။

"ဒါ့အပြင် ညလုံးပေါက် အိပ်မပျော်ရင် နေ့ခင်းမှာ တစ်မှေးနှစ်မှေး အိပ်လိုက်ပါ။ ဒီလို အိပ်တာဟာ ကလေးပေါက်စတွေ အတွက် အားပြည့် ကြီးထွားသလိုပါပဲ။ နို့သက်ကြီးရွယ်အိုတွေအတွက်လည်း ဒီသဘောပဲပေါ့။"



သူမဟာ ဆေးလိပ်လည်းသောက်တယ်။ အရက်လည်းသောက် တယ်။ ဒါပေမယ့် အသက်တစ်ရာပြည့်တော့ အတော်လျှော့လိုက်ပါတယ်။ "ကျွန်မကိုယ်ကျွန်မ ဂရုစိုက်ရမယ်လို့ ဆရာဝန်က ပြောပါတယ်"လို့ ရီဘာ ကယ်လီက ပြောပြပါတယ်။

ရီဘာ ကယ်လီဟာ မစ်ဇူးရီးပြည်နယ်၊ လဲန်မားမြို့မှာ မွေးဖွားခဲ့ပါ တယ်။ (ဟယ်ရီ ထရူးမင်းဟာ သူမရဲ့ အမေလယ်တောမှာ မွေးဖွားခဲ့တယ်။) သူမရဲ့ ရှည်လျားတဲ့ သက်တမ်း တစ်လျှောက်မှာ ရီဘာ ကယ်လီဟာ ဒေသ အနံ့မှာ နေထိုင်ခဲ့တယ်။ သူမဟာ မဲဟာတ်တန် မြို့လယ်ခေါင် အဲန်ဘီစီ အသံလွှင့်ဌာနနဲ့ မနီးမဝေးမှာ ဒုတိယကမ္ဘာစစ်ကြီးပြီးခါစက နေခဲ့တယ်။

ဆံပင်တွေ ဖွေးဖွေးလှုပ်နေတဲ့ ဒီအဖွားကြီးဟာ သူမရဲ့ သက် တမ်းမှာ အင်ဂျင်စက် နှစ်လုံးတပ် လေယာဉ်ဟာ ထင်ရှားတဲ့ စက်မှုတိုးတက် မှုလို့ မှတ်ယူပါတယ်။ "ပျံသန်းဖို့ ဆိုတာ ဘယ်လောက်လွယ်တယ်ဆိုတာ ကျွန်မ မယုံနိုင်လောက်အောင်ပါပဲ" လို့ သူမက ပြန်လည်တမ်းတ သတိရပြီး တော့ ပြောပါတယ်။ "အဲဒီအချိန်က စပြီးတော့ နောက်ပေါ်လာတာတွေ၊ ဆန်းပြားတဲ့ ဂျက်လေယာဉ်ကြီးတွေ အဲဒါတွေအားလုံးဟာ အလွယ်ကလေး တွေပါပဲ။ နှမ်းဖြူးသလိုပါပဲ" သူမက အဲဒီလိုဆိုလိုက်ပါတယ်။

ဘဝမှာ သူမအဖို့ အပျော်မွေ့ဆုံးကတော့ သဘာဝ မိခင်ကြီးဆီမှာ ရှိပါတယ်။

"ပန်းတွေရယ်၊ သစ်ပင်တွေရယ်၊ အဲဒါတွေဟာ ကျွန်မအတွက် ပါပဲ။ အဲဒါကျေမဘာပေါပဲရှင်" လို့ သူမက ဖွင့်ဟပြောကြားပါတယ်။

"ကျွန်မဟာ ပန်းခြံတွေ စိမ်းနေတာကို သိပ်ချစ်တာပဲ။ ပန်းတွေမွေး နေတာကိုလည်း အသည်းစွဲတာပဲ၊ ဂျူလိုင်လဟာ ကျွန်မ အတွက်တော့ အနှစ်သက်ဆုံးပဲ။ အကြောင်းကတော့ အဲဒီအခါမှာ ပန်းတွေနဲ့ ဝေနေလို့ပါပဲ" လို့ သူမက ပြောပါသေးတယ်။ ဒါပေမယ့် နွေကုန်ရင်တော့ ရီဘာ ကယ်လီ ဟာ သူမရဲ့ အချစ်တော်အပင်တွေ၊ ပန်းတွေအတွက် ပူပန်တော့တာပါပဲ။ ဆောင်း တွင်းမှာ ရှင်မှ ရှင်ပါ့မလားလို့ပဲပေါ့။ (ဟိုမှာ ဆောင်းတွင်းနှင်းအလိပ်လိုက် ကျပြီးတော့ အလွန်အေးပါတယ်။)



၁၉၈၂ ခုနှစ်၊ အောက်တိုဘာလမှာ ယုံနိုင်ရင် ယုံတော့၊ ရီဘာ ကယ်လီ ကို ပုလိပ်က ဖမ်းပါတယ်။ ရပ်ကွက် အရက်ဆိုင်ရှေ့ခန်းက အပင် ကလေးတွေကို ခိုးမှုနဲ့ မသင်္ကာလို့ ဖမ်းတာပဲ ဖြစ်တယ်။ တကယ်တော့အမှု ဖြစ်အောင် ဖမ်းတာမျိုးတော့ မဟုတ်ပါဘူး။ မေးမြန်းတဲ့ သဘောပါ။ အဲဒီ အပင်ကလေးတွေကို အိမ်ကို ယူသွားတာဟာ အိမ်မှာ ထိန်းသိမ်းထားတဲ့ သဘောပါ၊ နွေဦးကျရင် ပြန်စိုက်နိုင်ဖို့ပါလို့ သူမကပြောတဲ့အခါ ပုလိပ်က တောင်းပန်ပြီး ပြန်လွှတ်လိုက်ပါတယ်။

အဲဒီအကြောင်းကို သတင်းစာတွေက ရေးပြီးတော့ ရီဘာ ကယ်လီ ကို "ပန်းမာလာ သခင်မ" လို့ ဂုဏ်ပြု ကင်ပွန်းတပ်လိုက်ပါတယ်။ အဲဒီက တင် သူမကို မြို့နေလူထုက လေးစားပြီး ဂရုတစိုက်နဲ့ သူမမွေးနေ့တွေကို မြို့နယ်အနေနဲ့ ဂုဏ်ပြုကျင်းပကြပါတယ်။

ရီဘာ ကယ်လီ ဟာ အသက်ကြီးလာတာနဲ့အမျှ တင့်တယ်လှပ ခဲ့ညားပါတယ်။ သူမ အဲဒီလို အသက်ရှည်ရှည်နေရတာဟာ ပန်းတွေကို နမ်းဖို့၊ ပန်းပင်တွေစိုက်ဖို့ ဘဝတစ်လျှောက်မှာ အချိန်တွေ ယူခဲ့တာကြောင့်ပဲ ဖြစ်မှာပဲလို့ ကျွန်တော်မှတ်ထင် စံစားမိလိုက်ပါတယ်။

---

မှာ နေရာတိုင်းမှာပါပဲလေ။ လူတွေဟာ အတွေးအမြင်တွေကို တနယ်ခင်းတွေဆီက အသင့်စီစဥ်ပြီး ရယူနေကြပါတယ်။ ဒါမှမဟုတ် တစ်နေရာရာဆီက ရယူနေကြတယ်။ ကိုယ်ပိုင် အတွေးအမြင်တွေ မရှိကြတော့ဘူး။ အဲဒါဟာ အလွန် ဘေးအန္တရာယ်ကြီးပါတယ်။ လူတွေဟာ မစဉ်းစား မတွေးတောကြတော့ဘူး။ အရာရာတိုင်းကို ရှုထောင့်အမျိုးမျိုးက ကြည့်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် လူတော်တော်များများဟာ တစ်ဖက်ကပဲ ကြည့်ကြတော့တယ်။ ထိုးထွင်းလေ့လာ စဉ်းစားဖို့ ဂရုမစိုက်ကြတော့ဘူး။

"ဘယ်အကြောင်းအရာပဲဖြစ်ဖြစ် ဘက်နှစ်ဖက် ရှိစမြဲပါပဲ။ ဒါပေမယ့် လူတွေဟာ အဲဒီလို မစဉ်းစားကြတော့ဘူး။ မလေ့လာ၊ မကြည့်ရှုကြတော့ဘူး" လို့ အယ်ဒီက ရှင်းပြလိုက်ပါတယ်။

သူဟာ ကျွန်တော့်အိမ်နီးချင်း ချစ်မိတ်ဆွေကြီးဖြစ်ပါတယ်။ သူ့လို အိမ်နီးချင်းမျိုးရရင် လူတိုင်းဟာ ကျွန်တော့်လို ကံကောင်းမှာဖြစ်ပါတယ်။



## ဒီကေးတားမြို့က နာယက ရှေ့နေကြီး
**သောမတ်စ် ဒဗလျူ ဆင်မြူရယ်လ်စ်**
**ဒီကေးတား၊ အီလီနွိုင်း**

ကျွန်တော်တို့ဟာ သောမတ်စ် ဒဗလျူ ဆင်မြူရယ်လ်စ်လိုပဲ သက်ရှည် ကျန်းမာပြီး သာယာပြည့်စုံတဲ့ ဘဝမျိုးနဲ့ နေသင့်ပါတယ်။ ဆင်မြူရယ်လ်စ်ဟာ အီလီနွိုင်းပြည်နယ် ဒီကေးတားမြို့မှာ အသက်အကြီးဆုံး ရှေ့နေကြီးဖြစ်ပါတယ်။ သူဟာ လူကြီးလူကောင်းတစ်ယောက်၊ ပညာရှင်တစ်ယောက်လည်း ဖြစ်ပါတယ်။

အသက်တစ်ရာပြည့်မှာတောင်မှ သူဟာ ဆင်မြူရယ်လ်စ် ဥပဒေရေးရာဌာန လို့ သူ့အမည်ပါတဲ့ လုပ်ငန်းမှာ ဥပဒေအတိုင်ပင်ခံအဖြစ် အလုပ်လုပ်နေဆဲဖြစ်ပါတယ်။ သူဟာ အဲဒီဌာနရဲ့ တွဲဖက်အစုဝင်တွေရယ်၊ လက်ထောက်တွေရယ်နဲ့ တစ်ပတ်တစ်ခါ အစည်းအဝေးမှာ တွေ့ဆုံနေကျဖြစ်ပါတယ်။

"ကျွန်တော်ထင်သလောက်တော့ မသွက်တော့ဘူးဗျ။ ဒါပေမယ့် ကျွန်တော်တစ်ယောက်သာ ဥပဒေကို နားလည်တယ်လို့ ထင်နေကြတဲ့ အမှုသည်ဟောင်းတွေ ရှိနေသဗျ" ဆင်မြူရယ်လ်စ်က အဲဒီလို ဆိုပါတယ်။

အဲဒီလူတွေ ထင်နေကြတာ မှန်ကောင်းမှန်မှာပေါ့။ ဥပဒေဟာ ပြောင်းလဲနေပါတယ်။ ဆင်မြူရယ်လ်စ် ဥပဒေဘွဲ့ ရတဲ့အချိန် လွန်ခဲ့တဲ့ အနှစ် ခုနစ်ဆယ်လောက်ကစပြီး သိသိသာသာကြီး ပြောင်းလဲလာခဲ့ပါတယ်။ အဲဒါနဲ့အတူ ဆင်မြူရယ်လ်စ်ဟာလည်း ပြုပြင်ပြောင်းလဲနေရပါတယ်။

ဆင်မြူရယ်လ်စ်ဟာ အမေရိကန်ရှေ့နေများအဖွဲ့ဖြစ်တဲ့ ဘားကောင်စီဝင်၊ အမေရိကန် တရားရေးအဖွဲ့ဝင်၊ အမေရိကန် ရှေ့နေများကောလိပ်အဖွဲ့ဝင်နဲ့ အီလီနွိုင်းတက္ကသိုလ် နာယက အဖွဲ့ဝင်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် သူဟာ သူ့ဘဝနဲ့ သူ့အလုပ်အကြောင်းကို ရေးထားတဲ့ ရှေ့နေအလုပ် စာအုပ်ကို ရေးသားသူလည်းဖြစ်ပါတယ်။ အလွန်ကောင်းတဲ့ စာအုပ်ပါပဲ။ ကျွန်တော့်အိမ် စာကြည့်တိုက်မှာ အဲဒီစာအုပ်ကို ကျကျနန ထားပါတယ်။

"ကနေ့မှာဆိုရင် ဘယ်လုပ်ငန်းမဆို အခွန်ကြေးမပါဘဲ ဥပဒေနဲ့ မပတ်သက်



တဲ့အလုပ်ဆိုတာ မရှိသလောက်ပါဘဲ။ ဟိုတုန်းက ဒီလို မဟုတ်ပေါင်ဗျာ" လို့ သူက ပြောပြပါတယ်။

သက်တော်ရှည် ရှေ့နေကြီး ဆင်မြူရယ်လ်စ်ကို အေးချမ်းရိုးစင်းတဲ့ ခေတ်နဲ့ နေရာဒေသမှာ မွေးဖွားခဲ့ပါတယ်။ အီလီနွိုင်းမြစ်ရဲ့ အရှေ့ဘက် ၁၂ မိုင်အကွာမှာ ရှိတဲ့ ကာရိုလ်တင်မြို့ကလေးမှာ ဖွားမြင်ခဲ့တာဖြစ်ပါတယ်။ သူဟာ အိမ်ရာဆောက်လုပ်ရေးသမားတစ်ဦးရဲ့ သားဖြစ်ပါတယ်။ ယနေ့လို အပြောင်းအလဲမြန်တဲ့ ခေတ်ကနေ နောက်ပြန်ပြီး နှစ်တစ်ရာလောက်ကြာတဲ့နှစ်မှာ ဆင်မြူရယ်လ်စ်ဟာ ကြီးပြင်းခဲ့ရပါတယ်။ ကလေးဘဝက အကြောင်းကို ဆင်မြူရယ်လ်စ် ပြောပြခဲ့တာမှာ စိတ်ဝင်စားစရာ အကောင်းဆုံးကတော့ "ညနေခင်း ခုနစ်နာရီ ရထား"ပဲ ဖြစ်တယ်။ သူငယ်စဉ်က သူတို့မြို့ကလေးဆီကို ညနေ ခုနစ်နာရီကျရင် စိန့်လူးဝစ့်မြို့က အဲဒီရထား ရောက်နေကျ ဖြစ်တယ်။ "မြို့လူဦးရေ တစ်ဝက်လောက်ဟာ အဲဒီရထား ဝင်လာတာကို လာကြည့်ကြတယ်" လို့ သူက ပြောပြပါတယ်။

အခမ်းအနားရှိတဲ့ နေ့မှာဆိုရင် မြို့ရဲ့ ပြည်တွင်းစစ် စစ်ပြန်စစ်မှုထမ်းဟောင်းတွေဟာ ဟောင်းနွမ်းမှေးမှိန်နေတဲ့ စစ်ဝတ်စုံအပြာတွေကို ဝတ်ဆင်ပြီး အလံတွေကိုင်ပြီး မြို့လယ်ရင်ပြင်ကို ဖြတ်ပြီး ချီတက်ကြပါတယ်။ ဘင်ခရာအဖွဲ့လည်း ပါတာပေါ့။ အဲဒီလို ဆင်မြူရယ်လ်စ်က သူငယ်စဉ်က အကြောင်းကို ပြောပြတော့ ကျွန်တော့်အဖို့ အဲဒီအချိန်၊ အဲဒီနေ့တွေဟာ သမိုင်းစာအုပ်ထဲမှာပါတဲ့ တစ်စိတ်တစ်ပိုင်းလို့ ထင်မိ ခံစားမိပါတယ်။ ဒါပေမယ့် ကိုယ်တွေ့ကြုံခဲ့ရတဲ့ ဆင်မြူရယ်လ်စ် အဖို့ကတော့ ကြည်နူးစရာကောင်းတဲ့ ကလေးဘဝက တမ်းတသတိရစရာတွေပဲပေါ့။

ဆင်မြူရယ်လ်စ်ဟာ ကလေးဘဝက အကြောင်းတွေကို ပြောပြရတာကို ကြည်နူးနေတတ်ပါတယ်။

"ကျွန်တော် ကလေးဘဝက တစ်နေ့လုံးမှာ ဖိနပ်မပါ၊ ခြေဗလာနဲ့ လျှောက်သွားနေတာတွေ၊ မြို့တောင်ဘက် ချောင်းကလေးထဲမှာ ရေကူးနေတာတွေ၊ ဆီးနှင်းခဲတွေရှိတဲ့ တောင်ကုန်းလျှောတွေမှာ လျှောချဆော့ကစားခဲ့တာတွေ၊ ခိုတွေကို တစ်တောင့်ထိုးသေနတ်နဲ့ ပစ်ခဲ့တာတွေ၊ မြို့ထဲက



ရေခဲလှည်းနောက်မြီးမှာ ခိုစီးခဲ့တာတွေ၊ အဲဒါတွေကို သတိရနေပါတယ်။ အဲဒီလို သာယာလှပတဲ့ နေ့ရက်တွေဟာကြာခဲ့ပါပြီ။ အခုတော့ ကွယ်ပျောက်သွားပါပြီ။ အဘိုးကြီးတစ်ယောက်ရဲ့ မှတ်ဉာဏ်မှာပဲ၊ အိပ်မက်ထဲမှာပဲ ကျန်ပါတော့တယ်ဗျာ" လို့ ဆင်မြူရယ်လ်စ်က ပြောပြပါတယ်။

ဆင်မြူရယ်လ်စ်က လျှပ်စစ်ဓာတ် အသုံးတွင်ကျယ်လာပုံ၊ တယ်လီဖုန်း၊ ရေဒီယို၊ မော်တော်ကား၊ တယ်လီဗေးရှင်းနဲ့ အခု ကွန်ပျူတာ အဲဒီလို တိုးတက်ပြောင်းလဲလာတာတွေကို ညွှန်ပြပြီးတော့ "အဲဒီခေတ်က အခုအထိ အတော့်ကို ပြောင်းလဲလာနေတာပါပဲဗျာ"လို့ဆိုပါတယ်။ သူက ဆက်လက်ပြီးတော့ "သိပ္ပံပညာရဲ့ အံ့ဩစရာ တိုးတက်မှုတွေကို ကျွန်တော် လေးစားအထင်ကြီးမိပါတယ်" လို့ ပြောပါတယ်။ သူက ကင်ဆာရောဂါ၊ ဆီးချိုရောဂါ၊ အဆစ်အမြစ်ရောင်အနာ စတဲ့ ရောဂါတွေအတွက် ဆေးတွေ၊ အိတ်ခ်ျစ်လို့ခေါ်တဲ့ ခုခံအား ကျဆင်းကူးစက်ရောဂါအတွက် ဆေးဝါးပေါ်ပေါက်လာတာတွေကို မကြာခင် တွေ့ကြရမှာပါလို့ သူက ကြိုတင်ဟောကိန်းထုတ်ပါတယ်။

သူ့ခြေလှမ်းတွေဟာ မကြာသေးမီ နှစ်များမှာကစပြီး နှေးကွေးလာပါတယ်။ သူလမ်းလျှောက်တဲ့အခါ လက်ကိုင်တုတ် ကိုင်ပါတယ်။ ဘီးတပ် ကုလားထိုင်လည်း ရှိတယ်။ ဒါပေမယ့် သုံးခဲလှပါတယ်။ ဆင်မြူရယ်လ်စ်ဟာ ဗဟုသုတ အလွန်လိုလားတောင့်တသူဖြစ်တယ်။ အသက် ကိုးဆယ် ပြည့်ပြီးခါစကဆိုရင် သူဟာ မီလီကင်တက္ကသိုလ်မှာ ဒဿနဗေဒ ဘာသာရေးနဲ့ ဂီတသမိုင်းနဲ့ လေ့လာမှုဘာသာရပ်တွေကို တက်ရောက်သင်ယူခဲ့တယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်အတွင်းကဆိုရင် သူဟာ ရက်သတ္တ တစ်ပတ်မှာ စာနှစ်အုပ်လောက်ကို ဖတ်ခဲ့တယ်။ "ကျွန်တော် အားလုံးကိုဖတ်တယ်၊ ရသ၊ သမိုင်း၊ ဒဿနစာပေတွေနဲ့ ဝေါလ်စထရိဂျာနယ် သတင်းစာကို နေ့တိုင်းဖတ်ပါတယ်" လို့ ဆင်မြူရယ်လ်စ်က ပြောပြပါတယ်။ မကြာသေးမီက မြို့နယ်သတင်းစာက သတင်းထောက်တစ်ယောက်ကို သူစာများများ ဖတ်တဲ့အကြောင်း၊ အဲဒီအခါမှာ သူက နည်းနည်းကလေးသာ သိသေးတာပဲ လို့ သိရကြောင်း၊ ထုတ်ဖော်ပြောကြားပါတယ်။ သူ့လို အောင်မြင်ကြီးမား

ပြောကြားလိုက်ပါတယ်။

အောင်မြင် ဖြစ်ထွန်းမှုတွေနဲ့ ရှည်ကြာစွာ နေခဲ့တဲ့ ဘဝမှာ ဆင်မြူရယ်လ်စ်ဟာ သူ့ဇနီးနဲ့ ကာလကြာမြင့်စွာ ပေါင်းဖက်နေရတာကို ဂုဏ်အယူဆုံးပါပဲ။ သူ့ဇနီး ပေါလင်းဟာ သူတို့လက်ထပ်ပြီး နှစ် ၆၀ ကျော်အကြာ ၁၉၇၃ ခုနှစ်မှာ ကွယ်လွန်သွားခဲ့ပါတယ်။ သူတို့ဇနီးမောင်နှံမှာ သားနှစ်ယောက် ဖွားမြင်ခဲ့ပါတယ်။ တစ်ယောက်က ဝီလျံ၊ အငြိမ်းစား လေယာဉ်မှူးဖြစ်တယ်။ ကယ်လီဖိုးနီးယားပြည်နယ် မဲန်လိုပတ်မြို့မှာ နေတယ်။ နောက်တစ်ယောက်က ဒီကေးတားမြို့ရဲ့ ဆရာဝန်တစ်ဦးဖြစ်ပါတယ်။ သောမတ်စ်လို့ ခေါ်ပါတယ်။

"ဘဝနိဂုံးချုပ်ခါနီး အခုအခါမှာဆိုရင် ကျွန်တော် အထူးသဘောပေါက်မိတာကတော့ အမှန်တရားနဲ့ ရိုးသားဖြောင့်မတ်မှုတွေဟာ ဘဝမှာ စိတ်မှန်ပြီး ကြာရှည်ခံတဲ့ ကျေနပ်ငြိမ်းချမ်းမှုတို့ကို ပေးနိုင်တယ်ဆိုတာပါပဲ။ နောက်ပြီးတော့ စည်းစိမ်နဲ့ ကျော်စောမှုကို မဆိုလိုပါဘူး။ တကယ့် အောင်မြင်မှုကို ဆိုချင်တာပါ။ အဲဒီလို ဘဝမှာ အောင်မြင်မှုဆိုတာဟာ သိကျွမ်းသူတွေရဲ့ ရိုသေလေးစားမှုနဲ့ မေတ္တာကို ခံယူရတဲ့သူ အတွက်သာ ဖြစ်ပါတယ်" လို့ သက်တော်ရှည် ရှေ့နေကြီး ဆင်မြူရယ်လ်စ်က မှတ်သားဖွယ် ပြောကြားလိုက်ပါတယ်။ အဲဒါကို ကျွန်တော် သဘောကျ ထောက်ခံလိုက်ပါတယ်။



## ပြီးတော့ မော်ဒ် ဖစ်ရှားပါပဲ

**မော်ဒ် ဖစ်ရှား**

**ဂလက်စတုံး၊ အော်ရီဂွန်**

မော်ဒ် ဖစ်ရှားအမည်ရှိတဲ့ အဘွားအိုဟာ ကျွန်တော် တွေ့နေကျ အလွန်ချစ်ခင်စရာကောင်းတဲ့ သက်ကြီးရွယ်အိုထဲက တစ်ယောက်ပါပဲ။ ကျွန်တော်ဟာ မော်ဒ် ဖစ်ရှားလို သတ္တိမျိုးနဲ့ ကြံ့ခိုင်တဲ့ ဘဝမှာ အောင်မြင်တဲ့ ပုဂ္ဂိုလ်မျိုးရဲ့ ဘဝဇာတ်လမ်းတွေကို စုဆောင်းနေပါတယ်။ သူမရဲ့ ဘဝဇာတ်လမ်းဟာ အဲဒီ သတ္တိရှိလှတဲ့ ဘဝတွေကို ကိုယ်စားအပြုဆုံးလို့ ဆိုနိုင်ပါတယ်။

သိပ်မကြာသေးခင်က မော်ဒ်ရဲ့သမီးက သူ့အမေရဲ့ ၁၀၁ နှစ်ပြည့် မွေးနေ့ကို ရုပ်မြင်သံကြားက လွှင့်ထုတ်ဆုတောင်းပေးဖို့ စာရေးခဲ့ပါတယ်။ ကျွန်တော် ဝမ်းမြောက်ဝမ်းသာနဲ့ လုပ်ဆောင်လိုတဲ့ အလုပ်ပဲ ဖြစ်ပါတယ်။ ဒီအဘွားအိုကြီးရဲ့ နုပျိုတဲ့စိတ်ဓာတ်နဲ့ စွမ်းအားတွေကို ကျွန်တော်အထင်ကြီးလွန်းလို့ ဒီနေရာမှာ စာဖတ်သူအတွက်ကော သူ့အကြောင်းကို တင်ပြမယ်လို့ ကျွန်တော် ဆုံးဖြတ်ထားပါတယ်။ သူမဟာ အေးဆေးတည်ငြိမ်တဲ့ အမျိုးသမီးကြီး ဖြစ်ပါတယ်။

မော်ဒ် ဖစ်ရှားဆိုတဲ့ အဲဒီအမျိုးသမီးကြီးဟာ "အက"ကို အတော် နှံ့မင်နှစ်သက်ပါတယ်။ "ကနေခြင်း" ဟာ သူမရဲ့ သက်ကြီးပိုင်းဘဝမှာ သူမကို ပေါ့ပါးလန်းဆန်းပြီး နေပျော်တိုင်ပျော်ဖြစ်စေတယ်လို့ သူမက ကျွန်တော့်ကို ပြောဖူးပါတယ်။

"ဘာမှ သံသယဖြစ်စရာ မရှိပါဘူး။ ကခြင်း ဟာ နုပျိုစေတာ အမှန်ပါပဲ။ ကလိုက်ရင် လူဟာ နီးနီးကြားကြား ရှိနေပြီး သွက်လက်လျှပ်ရှားမှု ပိုမိုလာစေပါတယ်။ လူတွေဟာ ကသင့်ပါတယ်။ ကျွန်မကတော့ အမြဲလိုပဲ ကနေတာပဲ။ မကနိုင်ရင် လှုပ်ကုလားထိုင်ပေါ်မှာ ထိုင်နေပြီး ဘာမှ မလုပ်တော့ပါဘူး။ ကျွန်မ အသက်ရှင်နေသရွေ့ 'က' နေမှာပါပဲ" လို့ သူမက ပြောပြပါတယ်။ မော်ဒ် ဖစ်ရှားဟာ မြို့ရဲ့ အသက်အရွယ် ကြီးသူတို့ရဲ့အက



ခန်းမကြီးမှာ စနေနေ့ညတိုင်း ကပါတယ်။ တခြားအချိန်တွေမှာဆိုရင်လည်း တေးဂီတလည်းရှိမယ်၊ တွဲကမယ့်အဖော်လည်း ရှိမယ်၊ ကရမယ့်နေရာလည်း ရှိမယ်ဆိုရင် ကလိုက်တော့တာပါပဲ။ သူမဟာ အိမ်မှုကိစ္စတွေ လုပ်နေတုန်းမှာတောင်မှ အိမ်ထဲမှာ ကရင်းနဲ့လှုပ်ရှားနေပါတယ်။ ကြမ်းပေါ်မှာ ကော်ဇော တွေ ခင်းတဲ့အချိန်အထိ ဆိုပါတော့။ "ကော်ဇောပေါ်မှာ ကလို့ မကောင်းဘူး" လို့ သူမက ပြောပြပါတယ်။

မော်ဒ်ဟာ အသက်အရွယ် ရင့်နေပေမယ်လို့ အင်အား မကျသေးပါဘူး။ အဝေးပြောတယ်လီဖုန်းနဲ့ စကားပြောတဲ့အခါမှာတောင် သူမပြောပုံဆိုပုံနဲ့ အသံဟာ စူးရှထက်မြက်တာကို တွေ့ရပါတယ်။ သူမနဲ့ တယ်လီဖုန်း ပြောရတာဟာ အတော်ပဲ ကောင်းပါတယ်။ ကျွန်တော်နဲ့ လေပေးဖြောင့်ပါတယ်။ ဒါပေမယ်လို့ သူမပြောတာကို အတော်လိုက်ယူရပါတယ်။

ရှည်လျားတဲ့ သက်တမ်းတစ်လျှောက်မှာ မော်ဒ် ရခဲ့တဲ့ သင်ခန်းစာကတော့ ရိုးရိုးကလေးပါပဲ။ "အလွန်အမင်း ဘယ်တော့မှ မစားပါနဲ့။ ပြီးတော့ မနာလိုဝန်တိုမှု၊ နမြောတွန့်တိုမှု ဘယ်အခါမှ မထားပါနဲ့" လို့ သူမက ပြောပြပါတယ်။ ကျွန်တော်အနှစ်သက်ဆုံး အဖြေတစ်ခုပါပဲ။ "ဒါတွေအပြင် ကိုယ့်ကိုယ်ကိုယ် အားကိုးရမှာဖြစ်တယ်"လို့လည်း ဆိုပါသေးတယ်။ တစ်သက်တာ မှတ်သားရမယ့် စကားတွေပါပဲ။

သူမဟာ အနောက်မြောက်ဒေသ ပစိဖိတ်သမုဒ္ဒရာဘက်မှာ အနေများခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ပေါ့တ်လဲန်မြို့ မှာ တိုက်ခန်းနဲ့ နေပါတယ်။ သူမဟာ သားသမီးတွေ၊ မြေးတွေရဲ့ အလိုဆန္ဒနဲ့ အကြံအစည်တွေနဲ့ ဆန့်ကျင်ပြီးတော့ နေတာဖြစ်တယ်။ တခြားနည်းလည်း မရှိဖြစ်နေပါတယ်။

"ကျွန်မကိုယ်ကျွန်မ အိုတယ်လို့ မထင်ပါဘူး။ နေမကောင်းလည်း မဖြစ်ပါဘူး။ မမောမပန်းပါဘူး။ ဘာကြောင့် ကျွန်မ တစ်ယောက်တည်း မနေရမှာလဲ" လို့ သူမက ပြောပါတယ်။

မော်ဒ်မှာ ရှိနေတဲ့ပြဿနာကတော့ မျက်စိမှုံတာပါပဲ။ မျက်စိမှုန်တာ စာမဖတ်နိုင်အောင်ပါပဲ။ သူမဟာ လက်ကိုင်တုတ်ကိုင်ပြီး လမ်းလျှောက်



ရပါတယ်။ အဲဒီလို အခက်အခဲကလေးတွေ ရှိတာကလွဲလို့ သူမဟာ နေလို့ ထိုင်လို့ကောင်းပါတယ်။ သူမဟာ အချက်အပြုတ်လုပ်လေ့ရှိပေမယ့် အခုတော့ အချက်အပြုတ် မလုပ်တော့ပါဘူး။ ဒါပေမယ့် သူမအတွက်ကတော့ အဆင်ပြေနေတာပါပဲ။

မော်ဒ်ဟာ သူမရဲ့ ၉၉ နှစ်မြောက်မွေးနေ့မှာ မြို့က သတင်းထောက်တစ်ယောက်ကို သူမ အသက် ၂၉ နှစ်ကလိုပဲ နေထိုင်ကောင်းတယ်လို့ ပြောလိုက်ပါတယ်။ "ဒါပေမယ့်လို့ အခုတော့ အဲဒီလောက် ကောင်းတယ်လို့ မထင်တော့ဘူး။ အသက် ၁၀၁ လို့တော့လည်း မထင်မိဘူးလို့ ပြောရမှာပါပဲ" လို့ သူမက ဝန်ခံပြောကြားပါတယ်။

မော်ဒ် ဖစ်ရှားဟာ အားကစားဝါသနာပါတယ်။ ဘတ်စကက်ဘောကို ဝါသနာပါလှပါတယ်။ ပေါ့တ်လဲန်မြို့ကအသင်း ကစားတာကို ရေဒီယိုမှာ နားထောင်လေ့ရှိပါတယ်။ ဘေ့စ်ဘောလုံး ကစားပွဲကိုလည်း ရေဒီယိုက တစ်ဆင့် နှစ်ပေါင်းများစွာ နားထောင်လေ့ရှိပါတယ်။ သူမ ရေဒီယို ဖွင့်တဲ့အခါ အကျယ်ကြီးဖွင့်ပြီး နားထောင်တတ်ပါတယ်။ သူမအဖို့ ရေဒီယိုဟာ အဖော်ဖြစ်အောင်လို့ရယ်၊ မျက်စိမှုန်လို့ သတင်းစာမဖတ်နိုင်တာကို အစားထိုးဖို့ရယ်၊ အဲဒါကြောင့် ရေဒီယိုကို အသံကျယ်ကျယ် အစွမ်းကုန်ဖွင့်တာလို့ သူ့သားသမီးတွေက ပြောပြပါတယ်။

မော်ဒ် ဖစ်ရှားဟာ သားသမီး ခြောက်ယောက်ရဲ့ အမေဖြစ်ပြီး မြေး ၄၀ လောက်ရဲ့ အဘွားဖြစ်ပါတယ်။ ဒါ့အပြင် မြစ် ခြောက်ယောက်ရဲ့ ဘေးလည်း ဖြစ်ပါတယ်။ သူမဟာ အဲဒီလို မိသားစု ဆွေမျိုးကြီးကြီးရဲ့ သက်ကြီးရွယ်အို လူကြီးသူမ ဖြစ်နေပေမယ်လို့ သူမရဲ့ သားသမီးတွေ၊ အဲဒီသားသမီးတွေရဲ့ သားတွေ၊ သမီးတွေ၊ ကလေးတွေကို တွေ့ချင်တိုင်း မတွေ့ရပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီနိုင်ငံမှာ တခြား မိသားစုတွေလိုပဲ သားသမီးတွေ၊ ဆွေမျိုးတွေဟာ နိုင်ငံအနှံ့ ပြန့်ကျဲနေလို့ပါပဲ။ အဲဒါဟာ သူမအဖို့ ဝမ်းနည်းစရာအကောင်းဆုံး ဖြစ်နေတော့တာပါပဲ။

မော်ဒ် ဖစ်ရှားကို ကြည့်ရတာက သူမဟာ နောက်နှစ်များစွာ နေဦးမယ့်ပုံပါပဲ။ နောက်ဆုံး သူမနဲ့ စကားပြောခဲ့စဉ်က သူမဟာ နောက်ထပ်

အကပြိုင်ပွဲတစ်ခု ဝင်ဦးမယ်လို့ သိခဲ့ရပါတယ်။ သူမဟာ တွဲကခဲ့တဲ့ အဖော်တွေကို ခင်မင်ပါတယ်။ သူတို့ကလည်း သူမကို ခင်မင်ကြပါတယ်။ "သူတို့က နှစ်တိုင်း ကျွန်မ မွေးနေ့ပွဲကျင်းပပေးမယ်လို့ ကတိပေးကြပါတယ်" လို့ မော်ဒ်က ပြောပြပါတယ်။

သူမကို ကျွန်တော် အထူးပဲ ခင်မင်လေးစားပါတယ်။ သူမလိုပဲ အသက်ရာကျော်ရှည်သူတွေကိုလည်း လေးစားခင်မင်မိပါတယ်။ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။

• • •

အခုဆိုရင် ရာကျော် ပုဂ္ဂိုလ်တို့အကြောင်းကို သိရသမျှ တင်ပြပြီးပါပြီ။ အဲဒီလို သက်ကြီးရွယ်အိုတွေနဲ့ တွေ့တဲ့အခါတွေမှာ ကျွန်တော်က မေးခွန်းနှစ်ခုကို မေးကြည့်လေ့ရှိပါတယ်။

ပထမမေးခွန်းကတော့ သူတို့ရဲ့ ရှည်လျားတဲ့ ဘဝသက်တမ်းမှာ ဘယ်ဖွံ့ဖြိုးတိုးတက်မှုက သူတို့ရဲ့ နေ့စဉ်ဘဝမှာ ဘာတွေ ထူးခြားမှု ဖြစ်စေပါသလဲ ဆိုတာပါပဲ။

အဲဒီမေးခွန်းတွေနဲ့ပတ်သက်လို့ သက်ကြီးပုဂ္ဂိုလ်တွေက ဖြေလေ့ရှိတာကတော့ "လျှပ်စစ်ဓမ်းအား" ဟာ သူတို့တွေ့ကြုံခဲ့ရတဲ့ ပြောင်းလဲထူးခြားမှုပါပဲဆိုတာဖြစ်ပါတယ်။ အဲဒီအဖြေကို အများဆုံး ပေးကြပါတယ်။ အဲဒီလိုပဲ မော်တော်ကား တီထွင်နိုင်မှု၊ တယ်လီဖုန်း၊ လေယာဉ်ပျံနဲ့ တယ်လီဗေးရှင်းတွေကိုလည်း ပြောင်းလဲမှု၊ တိုးတက်မှုအနေနဲ့ ဖြေကြပါသေးတယ်။

(ဒီနေ့ အသက် ကိုးဆယ်၊ တစ်ရာ၊ ရာကျော်ရှိနေတဲ့ သူတွေဟာ သူတို့ငယ်စဉ်က လျှပ်စစ်မာတ်၊ မော်တော်ကား၊ လေယာဉ်ပျံ၊ တယ်လီဖုန်း၊ တယ်လီဗေးရှင်းတွေ မပေါ်ပေါက်သေးပါဘူး။ သူတို့ ကြီးပြင်းလာမှသာ ရှည်လျားတဲ့ သူတို့သက်တမ်းတစ်လျှောက်မှာ ပေါ်ပေါက်လာတာဖြစ်ပါတယ်။ အဲဒီလို ခေတ်အဆက်ဆက် တိုးတက်ဖွံ့ဖြိုးပြောင်းလဲလာမှုဟာ



သူတို့ရဲ့ နေ့စဉ်ဘဝမှာ ပြောင်းလဲမှုတွေကို အနည်းနဲ့အများ ဆိုသလို ဖြစ်စေမှာ အမှန်ပါပဲ။ စဉ်းစားကြည့်ရင် သဘောပေါက်နိုင်မှာပဲ။)

အဲဒီလို အဖြေပေးတာတွေထဲမှာ ကျွန်တော် သဘောအကျဆုံးကတော့ မစ်ဇူးရီးပြည်နယ်၊ ဂျော့ပလင်မြို့က အသက်ရာပြည့်အဘွားရဲ့ စကားပါပဲ။

သူမက "အရင်ကဆိုရင် ကျွန်မတို့ စာတိုက်ကို အဝေးကြီး သွားရတယ်။ ပထမတော့ တစ်လတစ်ကြိမ်၊ နောက်တော့ တစ်ပတ်တစ်ခါ၊ နှစ်ခါလောက် သွားရတယ်။ ကိုယ့်အတွက် စာလာမလာကို သွားကြည့်ရတာပါပဲ။ ဟော အခုတော့ စာကို အိမ်အရောက် လာပို့နေကြပါပြီ။ ကျွန်မတော့ မယုံနိုင်လောက်အောင်ပါပဲ။ ကျွန်မရဲ့ စာတိုက်ပုံးကလေးထဲကို စာတွေ လာထည့် ပေးကြပါတယ်။ နေ့တိုင်းပါပဲ။ အဲဒါဟာ အသေးအဖွဲကလေးပါပဲ။ ဒါပေမယ့် အဲဒါကြောင့် အကြီးအကျယ် ပြောင်းလဲမှုတွေ ဖြစ်လာတယ်လို့ ဆိုချင်ပါတယ်"

အဲဒီအဘွားကြီးက အဲဒီလို ပြောပြရင်းနဲ့ သူတို့မြို့ကို စာပို့လုပ်ငန်း ရောက်လာတဲ့အတွက် သူမ ဘဝဟာ တစ်မျိုးတစ်မုံ ပြောင်းလဲလာပါတယ်လို့ ပြောပြတာပါပဲ။

အခု ဒုတိယမေးခွန်းကို ပြောပြပါမယ်။ သက်ကြီးရွယ်အိုတွေနဲ့ ပတ်သက်လို့ ကျွန်တော်မေးလေ့ရှိတဲ့ မေးခွန်းတစ်ခုကတော့ သူတို့ရဲ့ ဘဝဒဿနနဲ့ အသက်ရှည်ခြင်းရဲ့ လျှို့ဝှက်ချက်များအကြောင်း ဖြစ်ပါတယ်။ လူတိုင်းဟာလည်း အဲဒီ သက်ကြီးရွယ်အိုတွေလို ဘယ်လိုများ အသက်ရှည်အောင် နေနိုင်ကြပါလိမ့်လို့ သိချင်ကြမယ်ထင်ပါတယ်။

အဲဒါကြောင့်မို့လို့ လူမှုရေးသိပ္ပံကို စိတ်ဝင်စားတဲ့ အနေနဲ့ ဟောဒီ အကြောင်းပြ အဖြေ ၁၀ ခုကို တင်ပြလိုက်ပါတယ်။

လူတွေ အသက်ရှည်ရတာဟာ ---

၁။ သူတို့ရဲ့ ဘဝတစ်လျှောက်မှာ စီးကရက်တစ်လိပ်ကိုတောင် မသောက်ဖူးပါဘူး။

၂။ သူတို့ဟာ နေ့တိုင်း စီးကရက်တစ်ဘူးကျ သောက်ကြပါတယ်။



၃။ ချာ့ချ် (ဘုရားရှိခိုးကျောင်း)ကို မှန်မှန်သွားကြပါတယ်။

၄။ ချာ့ချ်ကို မရောက်ဖူးကြပါဘူး။

၅။ အကြော်အလှော်တွေကို ရှောင်တယ်။

၆။ အကြော်အလှော်တွေကိုသာ စားကြတယ်။

၇။ ကျန်းမာရေးလေ့ကျင့်ခန်းကို မှန်မှန်လုပ်တယ်။

၈။ ကြွက်သားတင်းအောင်တောင် မလှုပ်ရှားပါဘူး။

၉။ ကြမ်းတမ်းပင်ပန်းတဲ့ဘဝမှာ နေကြရတယ်။

၁၀။ သက်သောင့်သက်သာ ဧည်းစိမ်ရှိတဲ့ဘဝမှာ နေကြရတယ်။

အဲဒီအချက်တွေကို သုတေသီတွေကလည်း တွေ့တယ်ဆိုတာ သိရပါတယ်။ ကျွန်တော့်လေ့လာမှုနဲ့ အတော်ကလေး နီးစပ်တယ်ဆိုတာကို တွေ့ရပါတယ်။

ကျွန်တော် သတိပြုမိတဲ့အချက်တစ်ခုကတော့ "အသက်ရှည်တယ်" ဆိုတာဟာ မိသားစု မျိုးရိုးလိုက်တယ် ဆိုတာပါပဲ။

ကျွန်တော် တွေ့ဖူးသမျှမှာ အသက် ၁၁၀ ရှိတဲ့ အဘွားအိုကြီး တစ်ယောက်မှာဆိုရင် သူမက ချက်ပြုတ်ပေးတာကို စားဖို့အဆင်သင့်ရှိနေတဲ့ အသက် ၉၀ အရွယ် သားရှိနေတာကို တွေ့ရခြင်းပါပဲ။ (စောစောက ပြောပြခဲ့တဲ့ သက်တော်ရှည် ရေ့နေကြီး ဆင်မြူရယ်လ်စ်ကို ပြန်ကြည့်ပါ။ သူ့မိဘနဲ့ ညီမဟာ အသက် ၉၀ ကျော် နေရတယ်ဆိုတာကို သတိပြုပါ။)

အခု တင်ပြခဲ့တဲ့အချက်ဟာ သာမန်အချက်ပါ။ တကယ့်အချက်ကတော့ တစ်နည်းဆိုရရင် ရာကျော်ပုဂ္ဂိုလ်တွေတိုင်းမှာရှိတဲ့ ဝိသေသလက္ခဏာကတော့ "မပူမပင်တတ်ဘဲ ပျော်ပျော်နေတတ်ခြင်း" ပဲ ဖြစ်ပါတယ်။

သူတို့ဟာ တစ်နေ့ကို တစ်နေ့စာပဲ နေကြတယ်။ မနေ့ကနဲ့ မနက်ဖြန်ကို မစဉ်းစားကြဘူး။ ခြေတစ်လှမ်းလှမ်းပြီးမှ တစ်လှမ်းသွားကြတယ်။ ဘဝကို ရှိတဲ့အတိုင်း လက်ခံကြတယ်။ (ရောင့်ရဲတဲ့သဘောပေါ့။)

အတိုချုပ်ဆိုရရင် ---

ကျွန်တော်တို့နိုင်ငံရဲ့ မြင့်မြတ်တဲ့

သက်ကြီးရွယ်အိုတွေမှာ



"အေးချမ်းတဲ့သဘာဝ" ရှိနေပါတယ်။

သူတို့ဟာ သူတို့ထိန်းချုပ်လုပ်ဆောင်လို့ ရတာတွေကိုသာ ပြုလုပ်ကြတယ်။ သူတို့မတတ်နိုင်တာတွေအတွက် အိပ်ရေးပျက် မခံကြပါဘူး။ (သောက ဗျာပါဒတွေ မရှိဘူး၊ ဥပက္ခာပြုတယ်ဆိုတဲ့ သဘောပါပဲ။)

ကျွန်တော် တွေ့ဆုံခဲ့ရဖူးတဲ့ သက်ကြီးရွယ်အိုအတော်များများဟာ အမေရိကန်သမ္မတ အေဗရာဟင် လင်းကင်းလက်ထက်က မွေးဖွားလာခဲ့တဲ့ သူတွေဖြစ်ပါတယ်။ အဲဒီတော့ သက်ကြီးရွယ်အိုတွေနဲ့ ပတ်သက်လို့ လင်းကင်းက ဘာများ ပြောဖူးတာ ရှိသလဲလို့ စူးစမ်းလေ့လာကြည့်လိုက်တဲ့အခါမှာ သူပြောဆိုခဲ့ဖူးတယ်ဆိုတာကို တွေ့ရပါတယ်။

သူက ဒီလို ဆိုပါတယ်။

"လူတွေရဲ့အကြောင်းကို စမ်းသပ်ချက်ဟာ သူတို့လူမျိုးကိုသူတို့ ဘယ်လိုဆက်ဆံသဘောထားတယ်ဆိုတာကို စစ်ဆေးကြည့်ခြင်းပါပဲ"

"ကလေးတွေကို ချစ်တယ်၊ ယုယတယ်ဆိုတာ လွယ်ပါတယ်။ အာဏာရှင်တွေတောင် ကလေးတွေကို ချစ်ပြတတ်ကြသေးတာပဲ"

"ဒါပေမယ်လို့ သက်ကြီးရွယ်အိုတွေ၊ ခိုကိုးရာမဲ့တဲ့ သက်ကြီးရွယ်အိုတွေ၊ အိုမင်းမစွမ်းဖြစ်ပြီး ရောဂါခံစားနေရတဲ့ လူကြီးတွေကို ချစ်ခင်မြတ်နိုးပြီး ပြုစုလုပ်ကျွေးခြင်းကတော့ လူမျိုးတစ်မျိုး၊ ယဉ်ကျေးမှုတစ်ခုရဲ့ ရွှေတွင်းကြီးပါပဲ"

အဲဒီ ရွှေတွင်းကြီးကို အခု ကျွန်တော် ဖော်ထုတ်ညွှန်းပြပြီး ဖြစ်ပါတယ်။

F18

လည်း ရှိပါတယ်။ နားထောင်ချင်စရာကောင်းတဲ့ ဇာတ်လမ်းတွေပါပဲ။ အဲဒီအထဲမှာ တစ်ချို့ဟာ ရယ်စရာ အကောင်းဆုံးတွေ ဖြစ်နေတတ်ပါတယ်။ ဒါပေမယ့် အဲဒီလို ရယ်စရာအကောင်းဆုံး ဇာတ်လမ်းတွေဟာ တကယ်ဖြစ်ရပ်တွေ ဖြစ်နေတတ်ပါတယ်။ စောစောကပြောတဲ့ ပုံပြင်ကလေးကို ကျွန်တော် သဘောကျပါတယ်။ ရယ်စရာကောင်းလို့ချည်းပဲ မဟုတ်ပါဘူး။ တစ်ခါတစ်ရံ အဲဒီပုံပြင်ကို ပြောပြရင် မရယ်ကြပါဘူး။ ဒါပေမယ့် အဲဒီပုံပြင်ကလေးက သက်ကြီးရွယ်အိုတွေနဲ့ ပတ်သက်လို့ နက်ရှိုင်းတဲ့ အမှန်တရားကို ဖေါ်ပြနေလို့ပါပဲ။ ဒီနိုင်ငံမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းပစ္စည်း (သက်ကြီးရွယ်အိုတွေပေါ့ဗျာ) တွေနဲ့ ပတ်သက်လို့ ထူးထူးခြားခြား ရှားရှားပါးပါး သိမြင်နားလည်စေတာလို့ပဲ ဖြစ်ပါတယ်။

လူတစ်ယောက်က အသက် ၉၅ နှစ်ရှိတဲ့ သူကြီးဒေါ်တစ်ယောက်ရဲ့အကြောင်းကို ကျွန်တော့်ဆီကို စာရေးပြောပြဖူးပါတယ်။ အဲဒီ ကြီးဒေါ်ဟာ တစ်နေ့တစ်နေ့မှာ ဂျင်အရက် လေးဆောင်စ ကနေပြီး ခြောက်ဆောင်စအထိ သောက်လေ့ရှိပါတယ်။ သူ့ဆရာဝန်က ဂျင်အရက်ဖြတ်ပါတော့လို့ ပြောတဲ့အထိပါပဲ။ သူမက ဆရာဝန့်စကားကိုနားထောင်ပါတယ်။ အခုတော့ အဲဒီ ကြီးဒေါ်က (ဂျင်အရက်ကို မသောက်ဘဲ) ဘရဲန်ဒီအရက်ကို သောက်နေပါတယ်။ ဒီလိုအကြောင်း ဇာတ်လမ်းမျိုးလည်း ရှိပါတယ်။ နောက်ထပ်တစ်ယောက် အကြောင်းကိုလည်း ပြောပြပါဦးမယ်။ အယ်ဒီ စထရီသာဆိုတဲ့ ကျွန်တော်အလွန်ခင်တဲ့ အသက် ၉၂ နှစ်ရှိတဲ့ အဘိုးကြီးတစ်ယောက်ရှိတယ်။ သူဟာ တစ်ယောက်တည်း နေထိုင်ပြီး ယာခင်းလည်း စိုက်ပါတယ်။ ကျွန်တော်က သူ့ကို ဘယ်တော့ အငြိမ်းစားယူမလဲ၊ အနားယူမလဲလို့ အမြဲပဲ မေးနေမိပါတယ်။ အဲဒီအခါ သူက ဒီလို ပြန်မေးပါတယ်။ "ဘာအတွက် အငြိမ်းစားယူရမှာလဲ" တဲ့။ ဘဝကိုမြင်တဲ့ သူ့အမြင်ဟာ အေးချမ်းလန်းဆန်းခြင်းသာမက သက်ဝင်လှုပ်ရှားတက်ကြွစေခြင်းပဲ ဖြစ်ပါတယ်။ သူ စွဲစွဲမြဲမြဲပြောလေ့ရှိတဲ့ လက်သုံးစကားကတော့ "အိုမင်းခြင်းထက် ယိုယွင်းခြင်းက ပိုမြန်တတ်တယ်" ဆိုတာပါပဲ။ ဒီသက်ကြီးရွယ်အိုတွေဟာ ကျွန်တော် နှစ်သက် ချစ်ခင်တဲ့ လူကြီးမျိုးတွေ ဖြစ်ပါတယ်။



သူတို့ဟာ ဘဝမှာ သူတို့နှစ်သက်သလို နေချင်သလို နေကြသူတွေပါပဲ။ နေကြပါစေ။

မကြာသေးခင်က ရုပ်ရည်သန့်ပြန့်တဲ့ အဘွားကြီးတစ်ယောက်နဲ့ ကျွန်တော် တွေ့ခဲ့ရပါတယ်။ သူမရဲ့ ရုပ်ရည်အတွက် မာန်တက်ဝင့်ဝါနေတတ်တဲ့ မိန်းမမျိုးပါပဲ။ ကျွန်တော်နဲ့ မိတ်ဆက်ပြီးတဲ့နောက် ကျွန်တော့်ကို အနားဆီကိုကပ်ပြီး ရှက်ရွံ့ဟန်နဲ့ ကြည့်ပြီးတော့ "ဝီးလ်လဒ် ကျွန်မအသက် ဘယ်လောက်ရှိပြီထင်သလဲ" လို့ မေးပါတယ်။ အလွန်ပဲ အခြေရကျပ်တဲ့ မေးခွန်းပဲပေါ့။ အဲဒီမိန်းမကြီးဟာ အသက် ၁၀၃ နှစ် ရှိနေပါပြီ။ ဒါပေမယ့် ကျွန်တော်က လိမ္မာပါးနပ်စွာနဲ့ပဲ အသက် ခုနစ်ဆယ်လောက်ပဲထင်ရပါတယ်လို့ ပြန်ဖြေလိုက်ရပါတယ်။ သေချာပြီ၊ ပိုင်ပြီဆိုပြီး ခုနစ်ဆယ်လောက်လို့ လျှော့လျှော့ပေါ့ပေါ့ ပြောလိုက်တာပါပဲ။ အဲဒီအခါ သူမက မကျေမနပ်နဲ့ ဆံပင်ကို လက်နဲ့သပ်လိုက်ပြီး "အို...လူအတော်များများက ကျွန်မဟာ အသက် ၆၀ ကနေ တစ်ရက်မှ မစွန်းသေးဘူးလို့ ပြောကြတာပဲ" လို့ ပြန်ပြောပါတယ်။ ကောင်းရောဗျာ။

အခု ပြောခဲ့တာတွေက ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့ကြုံခဲ့ သိခဲ့တာတွေပါပဲ။ တစ်ဆင့်စကား ကြားရတာလည်း ရှိပါတယ်။

အဲဒါက ဒီအလုပ်မှာ ကျွန်တော် မရောက်ခင် နှစ်အတော်ကြာကပါ။ အဲဒါကို ကျွန်တော့်ကို ပြန်ပြောပြကြပါတယ်။ အခု ကျွန်တော်က တစ်ဆင့်ပြန်ပြီး ဖောက်သည်ချပါ့မယ်။

ဖြစ်ပုံက ဒီလိုပါ။ ၁၉၆၀ ပြည့်နှစ်တွေ တုန်းကပေါ့။ ကျန်းမာရေးဌာနက စီးကရက်အန္တရာယ်နဲ့ ပတ်သက်လို့ သတိပေးချက်တွေ ထုတ်ပြန်ခဲ့တယ်။ စီးကရက်ဘူးတွေမှာ သတိပေး စာတန်းတွေကို ရိုက်နှိပ် ဖော်ပြစေခဲ့တယ်။ စီးကရက်ဟာ အန္တရာယ်ရှိတယ်ဆိုတဲ့ စာကြောင်းကလေးကို ဆိုပြနိုင်းတာပဲ။ အဲဒီအခါမှာ အဲန်ဘီစီ ရုပ်မြင်သံကြားဌာနက တစ်ယောက်က အဲဒါနဲ့ပတ်သက်လို့ စိတ်ကူးတစ်ခုရခဲ့တယ်။ သက်ကြီးတစ်ယောက်ယောက်က တစ်သက်လုံး ဆေးလိပ်သောက်လာခဲ့သူပေါ့။ အဲဒီ တစ်ယောက်ယောက်ကို ရှာပြီးတော့ ဆေးလိပ်သောက်ပေမယ်လို့ အသက်ရှည်နေပါတယ်ဆိုတဲ့



အကြောင်း ရုပ်မြင်သံကြားမှာ အင်တာဗျူး တွေ့ဆုံမေးမြန်းခန်းနဲ့ ဘက်က ရှေ့နေလိုက်ပြမယ်ဆိုတဲ့ အကြံဉာဏ်ပါပဲ။ ဒီလိုနဲ့ တစ်ယောက်က တောင်ပိုင်းက အသက် တစ်ရာပြည့်ပြီး တစ်သက်လုံး ဆေးလိပ်သောက်ခဲ့တဲ့ အဘိုးကြီးတစ်ယောက်ကို ရှာတွေ့လို့ လေယာဉ်ပျံနဲ့ ခေါ်ခဲ့တယ်။ အဲန်ဘီစီ ရုပ်မြင်သံကြားဌာနကိုရောက်တော့ နောက်တစ်နေ့ ရုပ်မြင်သံကြား အစီအစဉ်မှာ ထည့်သွင်းဖော်ပြလိုက်တယ်။ နောက်ဆုံးတော့ ရုပ်မြင်သံကြား ထုတ်လုပ်သူ တာဝန်ခံနဲ့ အဲဒီအဘိုးကြီး တွေ့ပါလေရော။ တာဝန်ခံက အဲဒီ အစီအစဉ်ကို ရှင်းပြတယ်။ အဲဒီအခါမှာ အဘိုးကြီးက ခေါင်းတယမ်းယမ်းနဲ့ မဖြစ်နိုင်ကြောင်းပြောတယ်။ သူက ပြောတာက "ငါ မနက် ခုနစ်နာရီမှာ အိပ်ရာက ထပြီးတော့ အသက် ၁၂ နှစ်ကတည်းက တစ်နေ့ကို စီးကရက် နှစ်ဘူး သောက်တယ်လို့ ရုပ်မြင်သံကြား ပရိသတ်ကို ပြောပြရမယ်ပေါ့၊ အဲဒီလိုပဲ မဟုတ်လား---" တဲ့။

သူက ဒီလိုပြောတော့ ထုတ်လုပ်ရေးတာဝန်ခံက "ဟုတ်တာပေါ့၊ ဒီအတိုင်းပဲပေါ့၊ ဒါအမှန်ပဲ မဟုတ်လား"လို့ ပြန်ပြောလိုက်တယ်။ အဘိုးကြီးက "ဒါပေါ့၊ ဒါအမှန်ပဲလေ၊ ဒါပေမယ့် ပြဿနာက ငါအဲဒီလို ဆေးလိပ်သောက်တာ နေ့တိုင်း အစောဆုံးဆိုရရင် ဆယ့်တစ်နာရီခွဲလောက်အထိ မပြတ်ချောင်းဆိုးနေတာပဲ" လို့ ပြန်ပြောလိုက်တယ်။ ကျွန်တော် မရယ်ဘဲ မနေနိုင်တော့ပါဘူး။

ကျွန်တော်ဟာ အဲဒီ သက်ကြီးရွယ်အိုတွေနဲ့ ကြုံတွေ့ရတဲ့အတွက် ဝမ်းသာရုံသာမက အံ့ဩလည်း အံ့ဩမိရပါတယ်။ အခု ကျွန်တော် စီးလိုက်ပါလာတဲ့ ကောန်ကော့ဒ်လေယာဉ်ပျံပေါ်မှာ ကျွန်တော့်ရှေ့ထိုင်ခုံက အမျိုးသမီးကြီးကိုကြည့်နေမိတယ်။ သူမဟာ အစားအသောက်တွေကို မြိန်မြိန်ယှက်ယှက်နဲ့ အများအပြားစားတာကို သတိထားမိပါတယ်။

ဒီလို တက်ကြွလန်းဆန်းပြီး အသက်ရှည်ကျန်းမာလှတဲ့ ကျွန်တော့်နိုင်ငံက သက်ကြီးရွယ်အိုတွေကို တွေ့ရတော့ ကျွန်တော် ဝမ်းသာအားရဖြစ်မိပါတယ်။

အခုဒီနိဒါန်းကို ကျွန်တော် ဒီဆုတောင်းကလေးနဲ့ နိဂုံးချုပ်ပါရစေ။



"သင်တို့အားလုံး အသက်ရာပြည့် နေနိုင်ကြပါစေ၊ အဲဒီအခါမှာ ဈေးနှုန်းဆုတောင်းသံကို ကျွန်တော့်အသံနဲ့ အကျယ်လောင်ဆုံး ကြားနိုင်ကြပါစေ"

သွားပြီး တွေ့သမျှလူတွေနဲ့ အသိမိတ်ဆွေ ဖွဲ့ရတာပေါ့။ ကျွန်တော် အဲဒီလို နေရာအနှံ့ သွားပြီး မိတ်ဖွဲ့ရတဲ့ အကျိုးကတော့ အမေရိကန်နိုင်ငံမှာ အကောင်းဆုံး အဖိုးတန်ပစ္စည်းဟာ တခြား မဟုတ်ဘူး။ အမေရိကန်ပြည်ထောင်စုသားတွေပဲ ဆိုတဲ့ အယူအဆကို ပိုမိုခိုင်မာအောင် တင်ပြနိုင်တဲ့ အချက်ပါပဲ။

ဒီနိုင်ငံကြီးဟာ ခင်ဗျားတို့၊ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းတွေ စုပေါင်းတည်ဆောက်ထားတဲ့နိုင်ငံကြီးဖြစ်ပါတယ်။ကျွန်တော်တို့တစ်တွေဟာ အိမ်နီးချင်းစိတ်ဓာတ်နဲ့ အတူနေပြီး အတူတကွ ဆောင်ရွက်စရာတွေ ဆောင်ရွက်ရတာ ထူးခြားတဲ့ ဂုဏ်တစ်ရပ်ပါပဲ။ ဒီစာအုပ်ထဲမှာ ကျွန်တော် စုဆောင်း ဖော်ပြထားတဲ့ အတ္ထုပ္ပတ္တိကလေးတွေ၊ ဓာတ်ဆောင်တွေဟာ ကျွန်တော့် အိမ်နီးချင်းတွေပါပဲ။ ကျွန်တော်ဟာ သူတို့အကြောင်းကို နှစ်ပေါင်းများစွာ စုံစမ်းရှာဖွေ စုဆောင်းခဲ့တာမို့ သူတို့နဲ့ ရင်းနှီးပြီး ကျွန်တော်တို့ရဲ့ ကမ္ဘာကြီးမှာ အလှမ်းကွာကွာ နေကြတဲ့နေရာမျိုး မဟုတ်တော့ဘဲ ဟိုဘက်အိမ်၊ ဒီဘက်အိမ်က လူတွေလို ဖြစ်နေတဲ့ အိမ်နီးနားချင်းတွေ ဖြစ်လာပါတယ်။ ကျွန်တော့် ခရီးစဉ်မျိုးလို နိုင်ငံတစ်ဝန်းမှာ လျှောက်သွားနေတဲ့ ခရီးစဉ်ဟာ တကယ်တော့ ဟိုမနိုင်၊ ဒီမနိုင် ဖြစ်စရာပေပေါ့။ ဒါပေမယ့် ဒီလို မဟုတ်ပါဘူး။ ကျွန်တော် တွေ့ဆုံ မိတ်ဖွဲ့ခဲ့တဲ့လူတွေဟာ သူစိမ်းအဖြစ်က နေပြီး မိတ်ရင်းဆွေရင်းတွေ ဖြစ်နေကြပါတယ်။ ကျွန်တော် သွားလေရာမှာ တွေ့သမျှပုဂ္ဂိုလ်တွေဟာ မိတ်ရင်းဆွေရင်းတွေ ဖြစ်ကုန်ကြတာချည်းပါပဲ။ ဒီလိုဖြစ်ကြတော့ တစ်ဦးနဲ့တစ်ဦး သံယောဇဉ်ဖြစ်ပြီး နေကြလို့ ဆက်ဆံမှုမှာ ပြေလည်ပါတယ်။ ကျွန်တော်ဟာ လေယာဉ်ပျံစောင့်ရင်း တစ်နာရီလောက် အချိန်ကလေးမှာပဲ အနီးအနားကလူတွေနဲ့ စကားလက်ဆုံ ကျရလို့ တစ်ရပ်တခြား ရောက်နေတယ်လို့ မထင်ရတော့ဘူး။ ကိုယ့်အိမ်မှာနေရင်း အိမ်နီးချင်းတို့နဲ့ ပြောရဆိုရသလို ရင်းရင်းနှီးနှီး ဖြစ်ခဲ့ပါတယ်။ အဲဒီလို ဖြစ်ရတာဟာလည်း တွေ့ရသူတွေဟာ လူကောင်းသူကောင်းတွေဖြစ်တယ်။ ခင်ဗျားတို့ ဒီ စာအုပ်ထဲ ဖတ်ခဲ့ရတဲ့ လူတွေလိုပါပဲ။

အမေရိကန်နိုင်ငံကြီးဟာ အင်မတန်ကောင်းတဲ့ အိမ်နီးချင်းများရဲ့



## ၁၄။ အဲဒီအတွေးကလေးကို ထိန်းထားကြပါ

ကဲ ကြည့်ကြပေတော့။ ကျွန်တော့်ရဲ့ အမေရိကန်အိမ်နီးချင်းဒေသကိုဖြတ်ပြီး ခပ်သွက်သွက်ကလေး သွားစမ်းပါ။ ဒီအနေဟာ သိပ်မဆိုးလှပါဘူး။ နေထိုင်ဖို့၊ အလုပ်လုပ်ဖို့၊ ကောင်းတဲ့နေရာပါ။ အဲဒီလိုပဲ ကျွန်တော် ဆိုချင်ပါတယ်။ ကျွန်တော်တော့ ဒီနေရာမှာပဲ အခြေချ အမြစ်တွယ်နေပါပြီ။ အဲဒီလို နေရတာပဲ ကျွန်တော့်အဖို့ ဝက်အလှအပပြိုင်ပွဲမှာဆုရတဲ့ ဝက်ကြီးလို ပျော်နေတာပါပဲ။

ကျွန်တော်တော့ ဒီအနေမျိုးကလွဲပြီး တခြား အနေအထိုင်မျိုးကို မလိုလားပါဘူး။ ဒီပြင်နေရာမှာလည်း မနေချင်၊ ဒီပြင်ခေတ်အခါမှာလည်း မနေချင်ပါဘူး။ ဒါနဲ့ ပြောရဦးမယ်။ တစ်ခါတလေတော့ ရှေးခေတ်ဟောင်းကို အောက်မေ့မိပါတယ်။ ရှေးခေတ်မှာတော့ ယခုခေတ်ထက်ပိုပြီး ရိုးရိုးရှင်းရှင်းရှိတယ်။ ပြီးတော့ အဲဒီတုန်းကဆိုရင် ကိုယ့်ကိစ္စကိုယ့်အရေးကိုချည်း အာရုံထားကြတာ မဟုတ်ဘူး။ တခြားလူရဲ့ ကိစ္စကိုလည်း ကိုယ့်ကိစ္စလိုပဲ သဘောထားပြီး ကူညီဆောင်ရွက်ကြတယ်။ ဟိုခေတ်တုန်းကဆိုရင် လမ်းမှာတွေ့ရင် လှမ်းနှုတ်ဆက်ကြတယ်။ ခြံနီးချင်းနဲ့ ခြံတစ်ဖက်ဆီကနေပြီး အာလာပသလ္လာပ ပြောကြဆိုကြတာလေးတွေ အခုခေတ်မှာ မရှိတော့ လွမ်းမိပါတယ်။ အဲဒီလို ပြောကြဆိုကြတဲ့အခါမှာ မြို့ထဲက ကောလာဟလသတင်းအတိုအစကလေးတွေ ဖလှယ်ကြတယ်။ အခုခေတ်မှာတော့ အားလုံးဟာ မြန်မြန်ဆန်ဆန်ချည်းပဲ။ သတင်းဆိုလည်း မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူနဲ့ ရကြတယ်။ အခုခေတ်မှာတော့ လူတွေဟာ ကိုယ်ရေးကိုယ်တာကိစ္စတွေကို သူများနဲ့ မသက်ဆိုင်ဘူးဆိုတဲ့ သဘောထားနဲ့ သိုသိုသိပ်သိပ်ပဲ။ ကျွန်တော့်လို နေရာတကာ ဝင်ပါချင်တဲ့ "မောင်ပါရာ" အဖို့တော့ ခက်တာပေါ့။ အပေါင်းအသင်းနဲ့ ဝိုင်းဝန်းကူညီ ဆောင်ရွက်ချင်ပေမယ့် အခွင့်မသာလှတော့ဘူး။ ဒါကြောင့်မို့လည်း ကျွန်တော်ဟာ ဒီနိုင်ငံကြီးအနှံ့ လျှောက်



ဒေသကြီးဖြစ်ပါတယ်။ ကျွန်တော်ဟာ ဘယ်တော့မှ အမေရိကန်နိုင်ငံက ထွက်ခွာသွားရမယ်ဆိုတဲ့ အဖြစ်မျိုး မကြုံတွေ့ပါစေနဲ့လို့ ဆုတောင်းပါတယ်။ ကျွန်တော်ဟာ ဓာတ်ပြားကွဲကြီးလို အပ်ကြောင်းထပ်အောင် ပြန်ပြောပါဦးမယ်--- တကယ်ပြောတာပါ။ အမေရိကန်တွေဟာ ကျွန်တော့် အိမ်နီးနားချင်း မိတ်ရင်း ဆွေရင်းတွေ ဖြစ်ပါတယ်။

ကြုံတဲ့အခါ ဝင်လာခဲ့ကြပါ။ ဒီနား၊ ဟိုနားမှာပဲ ခင်ဗျားတို့နဲ့ တွေ့ကြ ဆုံကြသေးတာပေါ့။ ကျေးဇူးပါပဲဗျာ။ ။